# ပုဗ္ဗဏှ် သမ္မတကျင့်ဝဋ်

မုဒ္ဒ၏

# သမထကျင့်စဉ်

ဒဂုန်ထွန်း
(ဓမ္မကထိက)

ဝိဇ္ဇာယစာအုပ်တိုက်
အမှတ် ၄၂ (အေ) အောင်မင်္ဂလာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ပထမအကြိမ်

အုပ်ရေ ၂၅၀၀

၁၉၇၇-ခု ဒီဇင်ဘာလ

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၁၀၀၇၇)

ထုတ်ဝေသူ

ဒေါ်မိမိကြီး ဝိဇယစာအုပ်တိုက် (မြ ၀၁၂၃၀)
အမှတ်(၄၂)အေ၊ အောင်မင်္ဂလာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမောင်ကလေး သောကြာစာပုံနှိပ်တိုက် (၀၁၇၂၁)
အမှတ် ၄၉- ဩဘာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဤကျမ်းငယ်ဖြင့် ကျွန်ုပ်၏ဥပဇ္ဈာယ် ဆရာ
သခင် ကျေး ဇူး ရှင် ဖြစ်တော်မူသော ပဲခူး
မင်းကျောင်းဆရာတော်ဘုရားကြီးနှင့် ဤကျမ်း
ကို ကြည့်ကြပ် တည်းဖြတ် သုတ်သင်ပေးတော်မူ
သော ဦးသြဘာသာဘိဝံသ ဖျာပုံတိုက်ဆစ်
ဆရာတော် ဘုရားကြီး တို့အား အဘိဝန္ဒိတဗ္ဗ
အလွန်ရှိသေစွာ ရှိခိုးပါ၏။

ဓဂုန်ထွန်း၊ (ဓမ္မကထိက)

ဖျာပုံမြို့ မြန်မာစာပေ ကြီးပွားရေး အသင်းကြီး၏ ပဌမ ဥက္ကဋ္ဌ
ဆဋ္ဌသံဂီတိ ဝိဓာယကနှင့် ဝိသောဓက ပဋိဝိသောဓက
မြန်မာပါဠိအဘိဓာန်ကျမ်းပြု

**အရှင် ဩဘာသာဘိဝံသ ဆရာတော်ဘုရားကြီး၏**

# ဩဝါဒကထာ

ဤကျမ်းသည် တန်ခိုးဣဒ္ဓိကို ဦးစားပေး ရေးထားသော ကျမ်းဖြစ်ကြောင်း ‘နမောတဿ’ အောက်၌ ‘သမထကမ္မဋ္ဌာန်း သမာဓိအဖွင့်’ ဟု ရေးတပ်ထားခြင်းအားဖြင့် ထင်ရှား သိနိုင်သည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ လောကီအဘိညာဉ်တန်ခိုးများနှင့် ပတ်သက်၍ ယုံမှားနေကြသော ခေတ်လူငယ်များတို့အပြင် အမျိုးကောင်းသား သုတေသီများတို့ ကြည့်ရှုလေ့လာ စမ်းသပ်အားထုတ်ထိုက်သောကျမ်း ဖြစ်သည်။

ဤကျမ်းပြု ဆရာသည် ပါဠိ အဋ္ဌကထာ ဋီကာ စသည့် များစွာသော ကျမ်းတို့ကို ကိုးကား၍ ရေးသားထားသည့် ကျမ်းဖြစ်သောကြောင့် သမာဓိ တည်ဆောက်ရေး လုပ်ငန်း အတွက် စနစ်တကျ ပြသော ကျမ်းတကျမ်း ဖြစ်ပေသည်။

ဤကျမ်းသည် သမာဓိတည်ဆောက်ရေးနှင့် ၎င်းအကျိုးဖြစ်သော တန်ခိုးတို့ကို သီးသန့်ထုတ်နှုတ်ပြသောကျမ်း ဖြစ်လင့်ကစား ဗုဒ္ဓရှင်မြတ်ကြီး၏ ဒေသနာတော်၌ အကျုံးဝင်သဖြင့် ဤကျမ်းပြုဆရာသည်သာသနာ့အကျိုးဘာသာ့အကျိုးတို့ကို ရည်စူးလျက်ကြိုးစားအားထုတ်၍ ရေးသားထားသည့်ကျမ်းဖြစ်သောကြောင့်ဗုဒ္ဓဘာသာဝင်သူတော်သီတို့နှင့်စာလျာကာယောဂီတို့သတိသမ္ပဇဉ် ဉာဏ်ယှဉ်လျက် ကြည့်ရှုမှတ်သား လေ့လာ ပွားများအားထုတ်ထိုက်သောကျမ်း ဖြစ်ပေသတည်း။

(ပုံ) ဩဘာသာဘိဝံသ

ဆရာတော် ဦးဩဘာသာဘိဝံသ
ဖျာပုံတိုက်သစ်၊ ရန်ကုန်မြို့။

# မာတိကာ

တန်ခိုးဟူသည်မှာ သိပ္ပံနည်းကျ ဝါဒဖြစ်သလော
လောကီတန်ခိုးရှစ်ပါးသရုပ်
အရဟတ္တဖိုလ်သမာဓိ
သမာဓိအဖွင့်
သမာဓိဟူသောစာအဓိပ္ပါယ်
ပဋိပဒါအကျင့်လေးမျိုး
ကမ္မဋ္ဌာန်းလေးဆယ်
အသုဘဆယ်မျိုး
ဗြဟ္မဝိဟာရလေးမျိုး
ဝဝတ္ထာန်ကသိုဏ်း
ကမ္မဋ္ဌာန်းဆရာ၏အင်္ဂါ ခုနစ်ပါး
စရိုက်ခြောက်ပါး
ကသိုဏ်းဝန် ပြုလုပ်နည်း
သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးမျိုး
မေတ္တာဘာဝနာ
ပထဝီကသိုဏ်း
ကမ္မဋ္ဌာန်းအားမထုတ်မီ ကြိုတင်စီစဉ်ခြင်း
ရတနာသုံးပါးဂုဏ်ကိုနှလုံးသွင်းပုံ
ကသိုဏ်းကိုစတင်စီးဖြန်းခြင်း
ဥဂ္ဂဟနိမိတ်ပေါ်အောင်အားထုတ်ပုံ
အပ္ပနာကောသလ္လဉာဏ်ဆယ်ပါး

| | | |
|---|---|---|
| စိတ်ကိုရွှင်စေသည့်အခါ ရွှင်စေခြင်း | .... | ၇၄ |
| စိတ်ကိုလျစ်လျူရှုသင့်သောအခါ ရှုရခြင်း | .... | ၇၅ |
| စိတ်တည်ကြည်သောပုဂ္ဂိုလ်အားမှီဝဲခြင်း | .... | ၇၆ |
| အာပေါကသိုဏ်း | .... | ၇၉ |
| တေဇောကသိုဏ်း | .... | ၈၁ |
| ဝါယောကသိုဏ်း | .... | ၈၂ |
| နီလကသိုဏ်း | .... | ၈၃ |
| ပီတကသိုဏ်း | .... | ၈၄ |
| လောဟိတကသိုဏ်း | .... | ၈၅ |
| သြဒါတကသိုဏ်း | .... | ၈၆ |
| အာလောက ကသိုဏ်း | .... | ၈၇ |
| အာကာသကသိုဏ်း | .... | ၈၈ |
| ကသိုဏ်း၏တန်ခိုးသတ္တိများ | .... | ၈၉ |
| တန်ခိုးမရထိုက်သူများ | .... | ၉၂ |
| ပရိကမ္မနိမိတ် | .... | ၉၉ |
| ဥဂ္ဂဟနိမိတ် | .... | ၁၀၀ |
| နိမိတ်နှစ်ပါးနှင့် ရနိုင်သောကမ္မဋ္ဌာန်းများ | .... | ၁၀၁ |
| နိမိတ်သုံးပါးအကျဉ်းမှတ်ရန် | .... | ၁၀၃ |
| နိမိတ်ကိုပွားခြင်း | .... | ၁၀၄ |
| နိမိတ်ကိုချဲ့ရမည့်ကာလ | .... | ၁၀၅ |
| နိမိတ်ချဲ့ပွားပုံ | .... | ၁၀၆ |
| ဣဒ္ဓိဝိဓတန်ခိုးအဖွင့် | .... | ၁၀၉ |
| တန်ခိုးဟူသည်အဘယ်နည်း | .... | ၁၁၀ |

တန်ခိုးဖြစ်ခြင်းအကြောင်းတရားများ .... ၁၁၄
အဓိဋ္ဌာန်ဣဒ္ဓိတန်ခိုးဟူသည်မှာ .... ၁၂၆
ဉာဏဝိပ္ဖာရဣဒ္ဓိတန်ခိုးဟူသည်မှာ .... ၁၂၇
သမာဓိဝိပ္ဖာရတန်ခိုးဟူသည်မှာ .... ၁၂၉
အရိယာဣဒ္ဓိတန်ခိုး ဟူသည်မှာ .... ၁၃၁
ကမ္မဝိပါကဇဣဒ္ဓိတန်ခိုးဟူသည်မှာ .... ၁၃၂
ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဟူသည်မှာ .... ၁၃၄
တန်ခိုးဘာကြောင့်ညွှန်ပြသနည်း .... ၁၃၆
စိတ်ကိုဆုံးမနိုင်သော အခြင်းအရာ(၁၄)ပါး .... ၁၃၈
အဓိဋ္ဌာတန်ခိုးအဖွင့် .... ၁၇၀
အများကိုအနည်းဖြစ်အောင်ဖန်ဆင်းပုံ .... ၁၇၃
မြေလျှိုးနိုင်အောင်ဖန်ဆင်းပုံ .... ၁၈၁
ရေပေါ်သွားခြင်း မိုးပျံခြင်းကိုဖန်ဆင်းပုံ .... ၁၈၃
နေလတို့ကို လက်ဖြင့်သုံးသပ်နိုင်အောင်ဖန်ဆင်းပုံ .... ၁၈၅
တန်ခိုးဖြင့်ပြဟ္မာပြည်တိုင်အောင်သွားနိုင်ပုံ .... ၁၈၆
နိမ္မိတရုပ်၏ သဘောတရားများ .... ၁၈၈
တန်ခိုး(၁၄)မျိုးသရုပ်ခွဲပုံ .... ၁၈၉
ဝိကုဗ္ဗနအဖွင့် .... ၁၉၁
မနောမယိဒ္ဓိတန်ခိုးအဖွင့် .... ၁၉၄
ဗုဒ္ဓ၏သမထတန်ခိုးများ .... ၁၉၇


စသည်တို့အပြင် သမထကျင့်စဉ်နှင့်စပ်လျဉ်း၍ သမာဓိ
တည်ဆောက်ရေးအတွက် သိဖွယ်မှတ်ဖွယ်ရာစုံလင်စွာပါရှိသည်။

# မဟာနိဒါန်း

## တန်ခိုးဟူသည်မှာ သိပ္ပံနည်းကျ ဝါဒဖြစ်သလော

တန်ခိုးဟူသည်မှာ စိတ်ကူးယဉ်သက်သက်မဟုတ်။ အလွန်တိကျ၍ အကြောင်းတရား ခိုင်လုံသော ဝိဇ္ဇာပညာရပ်ဖြစ်ပါသည်။ သိပ္ပံနည်းဖြင့် အတွင်းပိုင်းကျကျစူးစမ်း၍ မရနိုင်စေကာမူ စနစ်တကျလေ့လာနိုင်သူ မရှိသေး၍သာ ခေတ်အမြင်တွင် တန်ခိုးသည် မှုန်ဝါးဝါးဖြစ်နေခဲ့ရသည်။

လောက၌ မည်သည့်အရာမျှ အကြောင်းတရားမရှိဘဲဖြစ်ပေါ်လာနိုင်ခြင်းမရှိ။ ထို့အတူတန်ခိုးသည်လည်း လောကသုံးပါးအတွင်း၌ သင်္ခါရတရားမျှသာ ဖြစ်သောကြောင့် အကြောင်းတရားကင်း၍ မဖြစ်ပေါ်လာနိုင်။ ထို့ကြောင့် တန်ခိုးဟူသည် အလွန်ခိုင်လုံသော အကြောင်းတရားများအပေါ်၌ အခြေစိုက်၍ဖြစ်ပေါ်လာရသည်။

တန်ခိုးဟူသည် မိုးပေါ်မှ အလိုလိုကျသော အရာမဟုတ်။ မိုးကျရွှေကိုယ်မဟုတ်ကြောင်းကို ကြိုတင် သိထားရန်လိုသည်။ မိမိကိုယ်တိုင် စနစ်တကျ လက်တွေ့လုပ်ယူမှသာ ရရှိနိုင်သော (ဝါ)တတ်မြောက်နိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်သည်။ တန်ခိုးကို အလွန်သဘာဝကျ၍ လက်တွေ့ဝိဇ္ဇာပညာရပ်ဟု ခေါ်ဆိုထိုက်သည်။

ယနေ့သိပ္ပံ စာပေနယ်တွင် နေရာယူထားသော ဆိုက်ကော်လော်ဂျီ(PSYCHOLOGY) ဟူသော စိတ်ပညာရပ်သည် ဗုဒ္ဓညွှန်ပြသော စိတ်ပညာရပ်နှင့် အလွန်ကွာခြားနေစေကာမူ သဘောအားဖြင့် အကျုံးဝင်သည်ဟုယူဆနိုင်သည်။

ဆိုက်ကော်လော်ဂျီပညာရပ်သည် မည်မျှပင် သိပ္ပံနည်းကျလင့်ကစား ဗုဒ္ဓ၏ ကျမ်းဂန်တို့၌ညွှန်ပြသော လောကီစိတ်ပညာနှင့် တွက်ချက်ကြည့်လျှင် သူငယ်တန်း အဆင့်မျှသာ ရှိသေးကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆိုက်ကော်လော်ဂျီပညာရပ်သည် လူသားတို့၏ သာမည ဖြစ်ပျက်တတ်သော စိတ်သဘောမျှကိုသာ လေ့လာနိုင်သော အဆင့်တွင်ရှိသေးသည်။

တနည်းအားဖြင့် လူသားတို့၏ စိတ်စေတသိက်အပြင်ပိုင်းမျှလောက်ကိုသာ လေ့လာနိုင်သော အဆင့်တွင်ရှိနေသည်။ သို့သော် ဆိုက်ကော်လော်ဂျီပညာရပ်သည် လူသားတို့အား အလွန်ကြီးမားသော အကျိုးကျေးဇူးတို့ကို မချဖြစ်ထွန်းစေနိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်၍ အထူးလေးစားထိုက်သည်။

နောင်တခေတ်ဆန်းချိန်တွင် ယင်းပညာကို အခြေခံလျက် လူသားတို့အားလုံး မေတ္တာဓာတ်ထွန်းကားလာနိုင်ရန် အလားအလာရှိနေသည်ဟုယူဆနိုင်သည်။ ယနေ့စက်မှုသိပ္ပံရုပ်ပညာရပ်ပိုင်းမှာ အလွန်ကြီးမားသော အရှိန်အဟုန်ဖြင့် တိုးတက်နေသည်။ သို့သော်နာမ်ပိုင်းဆိုင်ရာ စိတ်ပညာရပ်ပိုင်းတွင်မူအရှိန်အဟုန်ကြီးမားစွာဖြင့် တရှိန်ထိုးကျဆင်းလျက် ရှိနေသည်ကို ဒိဋ္ဌတွေ့မြင်နိုင်သည်။

လောက၌ မည်သည့်ပညာရပ်မဆို အကြောင်းအကျိုးဆက်စပ်၍ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာမကယုတ္တိကြီးသုံးရပ်ဖြင့် ရှင်းလင်းတင်ပြနိုင်လျှင် လက်တွေ့ကျသည်၊ သိပ္ပံနည်းကျသည်ဟု ခေါ်ဆိုရမည်သာတည်း။

ယင်းသို့ အကြောင်းအကျိုးဆက်စပ်၍ ယုတ္တိကြီးသုံးရပ်ဖြင့်ပိုင်းခြားရှင်းလင်းတင်ပြနိုင်လျှင်(ဝါ) ယုတ္တိကြီးသုံးရပ်ဖြင့် စူးစမ်းထောက်လှမ်း၍ရနိုင်လျှင်မိမိဉာဏ်မှီသည်ဖြစ်စေ မမှီသည်ဖြစ်စေ အသိအမှတ်ပြုထိုက်သည်။ အတတ်ပညာရပ်တခုကိုမိမိဉာဏ်မမှီ၍ဖြင့် အသိအမှတ် မပြုနိုင်ဟုဆိုလျှင် လောကတွင် မိမိဉာဏ်ဖြင့် ထောက်လှမ်း၍ မမှီနိုင်သော ဝိဇ္ဇာပညာရပ်များ မရေမတွက်နိုင်အောင်ရှိနေသည်။

အဘက်ပညာဟူသည်လူအများစိတ်မဝင်စား၍ကွယ်ပျောက်သွားရလင့်ကစား၊ မှေးမှိန်သွားရလင့်ကစား အတတ်ပညာသည် အတတ်ပညာပင်ဖြစ်၏။ လောက၌ အတတ်ပညာအချို့သည် အကြောင်းအမျိုးမျိုးကြောင့် မှေးမှိန် ပျောက်ကွယ်သွား[illegible]ပြီးနောက် ရုတ်တရက် ပြန်လည် ဆန်းသစ်[illegible]သော အခါ ဝိဇ္ဇာနည်း သိပ္ပံနည်းမကျသော အတတ်ဟူ၍ ထင်မသေးထိုက်။ မိမိကိုယ်တိုင် လက်တွေ့ကျကျ လေ့လာစူးစမ်းထိုက်သည်။

လောက၌ အတတ်ပညာဟူသမျှတို့၏ အခြေခံကြီးလေးရပ်မှာ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဉာဏ်တို့ဖြစ်သည်။ မည်သည့်သိပ္ပံဝိဇ္ဇာပညာရပ်မဆို ယင်းအခြေခံ အကြောင်းတရားကြီး လေးရပ်အပေါ်၌ တည်ဆောက်ထားရကြောင်းကို မည်သူမျှငြင်းကွယ်

နိုင်မည်မဟုတ်။ အခြေခံအကြောင်းတရားကြီးလေးရပ်မပါလျှင် (ဝါ)မညီညွတ်လျှင် မည်သည့်အတတ်ပညာမျှဖြစ်ပေါ်လာရန် အကြောင်းမရှိ။

ယင်းအခြေခံကြီး လေးရပ်နှင့် ကင်း၍ဖြစ်နိုင်သောအတတ်ပညာဟူ၍ လောက၌မရှိ။ မည်သည့်ဝိဇ္ဇာ၊ သိပ္ပံအတတ်ပညာမဆို ယင်းအခြေခံအကြောင်းတရားကြီးလေးရပ်အပေါ်၌သာ အခြေစိုက်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်ဟူသမျှ ယင်းအကြောင်းကြီးလေးရပ်အပေါ်၌ အခြေစိုက်ထားရသောကြောင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်အဝင်ဖြစ်သော စိတ်ပညာနှင့် စိတ်တန်ခိုးတို့ကိုအကြောင်းတရားမခိုင်လုံဟု အလျှင်းမဆိုထိုက်တော့ချေ။

စိတ်တန်ခိုးအထိ အကြောင်းအကျိုးဆက်စပ်ယူပုံမှာ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဉာဏ်တည်းဟူသော အခြေခံကြီးလေးရပ်သည် ပညာတည်းဟူသောအကျိုးတရားကိုဖြစ်ပေါ်စေရန်အကြောင်းတရားဖြစ်သည်။

တဖန်စိတ်ပညာသည် အကြောင်းတရားဖြစ်၍ စိတ်တန်ခိုးသည် အကျိုးတရားဖြစ်သည်။ စိတ်တန်ခိုးဟူသည် အကြောင်းတရားကင်း၍ ဖြစ်ပေါ်နိုင်ခြင်းမရှိ။ ထို့ကြောင့်ဗုဒ္ဓက....

"အကြောင်း တရားကြောင့် အကျိုးတရား ဖြစ်ရ၏။ အကြောင်းကိုမှီ၍ အကျိုးတရားဖြစ်၏။ အကြောင်းမရှိလျှင် အကျိုးလည်းမရှိ။ အကြောင်းချုပ်လျှင် အကျိုးလည်းချုပ်၏" ဟုညွှန်ပြတော်မူသည်။

ထို့ကြောင့်(ဣဒ္ဒိ) တန်ခိုးဟူသည်မှာ အကျိုးတရားဖြစ်၍ (ပါဒ)ဟူသည်မှာ အကြောင်းတရားဖြစ်သည်၊ အကြောင်းကြောင့် အကျိုးဖြစ်ရသည်ဟူသော ဗုဒ္ဓဒေသနာတော်ကိုဤနေရာ၌ နက်နက်နဲနဲနှလုံးသွင်းရန်လိုသည်။

အကြောင်းဟူသည်မှာလည်း တခုတည်းမဟုတ်သလို အကျိုးဟူသည်မှာလည်း တခုတည်းမဟုတ်။ အကြောင်းတရားအများကြောင့် အကျိုးတရားအများဖြစ်ရသည်။ ထို့ကြောင့်ဗုဒ္ဓက အကျိုးနှင့်အကြောင်းတရားတို့ကိုတွဲ၍ ဣဒ္ဓိပါဒ (ဣဒ္ဓိပါဒ်) ဟုညွှန်ပြတော်မူသည်။

ဣဒ္ဓိဟူသည်မှာ ပြည့်စုံခြင်း၊ ပြီးစီးခြင်း အဓိပ္ပါယ်ဖြစ်၍၊ ပါဒဟူသည်မှာ အကြောင်းတရားဖြစ်သည်၊ ထို့ကြောင့်ဣဒ္ဓိပါဒ်ဟူသည်မှာ စိတ်အလိုအတိုင်း ပြီးစီး ပြည့်စုံ စေနိုင်သော အခြေခံအကြောင်းတရားဖြစ်သည်။

စိတ်၏အလိုအတိုင်း ပြီးပြည့်စုံစေနိုင်ခြင်းကို ရှေ့ဦးမြန်မာပညာရှိကြီးတို့က 'တန်ခိုး'ဟူ၍ ဝေါဟာရဖွင့်သည်။ထို့ကြောင့် တန်ခိုးဟူသည် အလွန်ခိုင်လုံသော အကြောင်းတရားကြီးလေးရပ်တို့ကိုမှီ၍ ဖြစ်ပေါ်လာရသောကြောင့် စိတ်ကူးယဉ် သက်သက်မဟုတ်။ မိုးကျရွှေကိုယ် မဟုတ်၊ အလွန်လက်တွေ့ကျသော ဝိဇ္ဇာပညာရပ်ဖြစ်သည်။

ဗုဒ္ဓကတန်ခိုး၏ အခြေခံအကြောင်းကြီးလေးရပ်(ဝါ)တန်ခိုးဖြစ်ပေါ်ရန် အခြေခံကြီး လေးရပ်ကိုတိကျစွာ ညွှန်ပြတော်မူသည်။ တန်းခိုးကိုယင်းအခြေခံကြီးလေးရပ်နှင့်အညီ မိမိကိုယ်

တိုင်လက်တွေ့ကျင့်ကြံအားထုတ်ယူမှသာလျှင် ရနိုင်သော လက်တွေ့ကျ ပဓာနလုပ်ငန်းရပ်ကြီးဖြစ်သည်။

## အဘယ့်ကြောင့်လူအများနှင့်တန်ခိုးအလှမ်းဝေးရသနည်း

တန်ခိုးသည် လောကီပညာရပ်ဟူသမျှတွင်မည်သည့်အတတ်ပညာနှင့်မျှ မယှဉ်နိုင်အောင် အထွဋ်အထိပ် ဝိဇ္ဇာပညာရပ်ဖြစ်သည်။ တန်ခိုးကို ဘူမိ၊ ပါဒိ၊ ပဒ၊ မူလ တည်းဟူသော အကြောင်းတရားကြီးလေးရပ်နှင့်အညီ ကျင့်ကြံအားထုတ်လျှင် ရနိုင်သည်မှန်သော်လည်း၊ လောကီဝိဇ္ဇာအတတ်တွင် အလွန်သိမ်မွေ့နက်နဲသော သဘောကြောင့် လူတရာလျှင်တယောက် လူတထောင်လျှင် တယောက် ဖြစ်မြောက်နိုင်ခဲ့သည်။ ယုတ်စွအဆုံး လူ့ဘသိန်းတွင်တယောက်ဖြစ်နိုင်ခဲသည်။

အဘယ့်ကြောင့်နည်း။

လူတသိန်းတွင်တယောက် ကာမစ္ဆန္ဒစသည့်နီဝရဏ ငါးပါးတို့ကို ပယ်ခွါနိုင်ရန် ခဲယဉ်းသောကြောင့်ဖြစ်သည်။ ကာမစ္ဆန္ဒစသည့်နီဝရဏ တရားတို့ကို ပယ်ခွါနိုင်မှသာလျှင် တန်ခိုးကိုရရှိနိုင်ကြောင်း ဗုဒ္ဓဒေသနာတော်၌ ညွှန်ပြထားသည်။

ထို့ကြောင့်တန်ခိုးဟူသော လောကီဝိဇ္ဇာ ပညာရပ်သည် လူအများနှင့် သမုဒ္ဒရာခြားသကဲ့သို့ဝေးကွာသွားရခြင်းဖြစ်သည်။

စိတ်ပညာနှင့် တန်ခိုးတို့ကို လောဘ၊ ဒေါ စိတ်ဖြင့်လေ့လာ၍မရနိုင်ပါ။ လောဘ၊ ဒေါသစိတ် ကင်းသက်မှသာလျှင် လေ့လာနိုင်သည်။

"ငါဘုရားဆုကိုတောင် ပန်နိုင်တဲ့ အာဇာနည်းယောကျ်ားဘဲ အရိုးကျေကျေ အရေခန်းခန်း ဘုရားသခင်ဗုဒ္ဓရှင်မြတ်ကြီး ညွှန်ပြဆုံးမတော်မူတဲ့အတိုင်း တသွေမတိမ်းကျင့်ကြံအားထုတ်မည်"ဟုကြုံးဝါးနိုင်သော သတ္တိရှိသူဆိုလျှင် လောကီတန်ခိုးကိုမရနိုင်ရန်အကြောင်းမရှိ။

သို့သော် တန်ခိုးဟူသော ဝိဇ္ဇာပညာရပ်သည် အတိတ်အကြောင်းတရားနှင့် ယခုဘဝအကြောင်းတရားတို့ပေါင်းယှဉ်ဆက်စပ်ပြီးမှသာလျှင် ဖြစ်လာနိုင်ကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ကြီးက....

"ရှေးအကြောင်းနှင့် ယခုဘဝအဘိညာဉ်၏ အခြေခံစျာန်ဟူသော အကြောင်းရှိလတ်သော် ထိုထိုသော အရာ၌ပင်သက်သေ ထိုက်သည်၏အဖြစ် (အဘိညာဉ်စျာန်တန်ခိုး) သို့ရောက်ရ၏" ဟု အင်္ဂုတ္တိုရ်ပါဠိတော် ဂါဝိဥပမာသုတ်၌ညွှန်ပြတော်မူသည်။

ပရမတ္ထသရုပဘေဒနိကျမ်း ကမ္မဋ္ဌာန်းပိုင်းအဖွင့်၌ ဝိသုဒ္ဓိမဂ်လာ 'သမတံ ဝီရိယသောဝ" အစရှိသော ဂါထာများကိုကိုးကားလျက်....

"ဤသမထအရာသည် ဝိပဿနာမဂ်ဖိုလ်တို့ကဲ့သို့ပါရမီအထူးကိုငဲ့သည်မဟုတ်။ တိဟိတ်မှန်က သမာဓိနှင့်ညီမျှသော ဝီရိယသာလိုရင်းဖြစ်သည်"ဟု လောကီသမထတည်ဆောက်ရာ၌တိုက်တွန်း အားပေးတော်မူသည်။

## စိတ်ပညာနှင့် စိတ်တန်ခိုး

ဗုဒ္ဓကျမ်းဂန်တို့၌ ညွှန်ပြသော စိတ်ပညာနှင့် ဆိုက်ကော်လော်ဂျီခေါ် စိတ်ပညာတို့လုံးဝအသွင်မတူနိုင်။ အဘယ့်ကြောင့်နည်း။ ဗုဒ္ဓဒေသနာတော်အရ ညွှန်ပြသော စိတ်ပညာအတတ်ဟူသည်ကား၊ နိဝရဏခေါ် စိတ်တန်ခိုး၏ အညစ်အကြေးများ ကင်းစင်သော စျာန်စိတ်များဖြစ်ပေါ်လာစေရန် (ဝါ) စျာန်ရလာစေရန် လေ့လာသင်ကြားပွားများမှုတည်းဟူသော သမထကမ္မဋ္ဌာန်းကိုခေါ်သည်။

စိတ်တန်ခိုးဟူသည်မှာ စျာန်ရလာသောအခါ စျာန်နှင့်အတူးယှဉ်၍ဖြစ်သော အဘိညာဉ်ကိုခေါ်သည်။ တနည်းကား အဘိညာဉ်စိတ်ပင်တည်း။

ဆိုက်ကော်လော်ဂျီခေါ် စိတ်ပညာရပ်မှတပါး ဗုဒ္ဓဒေသနာတော်၌ ညွှန်ပြထားသော တန်ခိုးဖြစ်ပေါ်ရန် စိတ်ပညာကိုကား လောဘ၊ ဒေါသဟူသော ကိလေသာအညစ်အကြေးတို့ဖြင့် လေ့လာဆည်းပူး၍မရနိုင်။

အနောက်တိုင်း စိတ်ပညာ(ဝါ)ကမ္ဘာသုံးစိတ်ပညာရပ်နှင့် ဗုဒ္ဓဒေသနာတော်၌ ညွှန်ပြထားသော စိတ်ပညာရပ်တို့ကွာခြားပုံကို အထက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ လောဘ၊ ဒေါသတရားတို့ကိုပယ်နိုင်မှသာလျှင် ဗုဒ္ဓညွှန်ပြသော စိတ်ပညာကို လေ့လာနိုင်သည်။ ကာမစ္ဆန္ဒစသည့် နိဝရဏတို့ကိုပယ်ခွာနိုင်မှသာလျှင် စိတ်တန်ခိုးဖြစ်ပေါ်လာနိုင်သည်။

ဗုဒ္ဓညွှန်ပြသော စိတ်ပညာနှင့် စိတ်တန်ခိုးတို့ကို ကိလေသာ အညစ်အကြေးတို့ ကင်းစင်မှသာလျှင် ဖြစ်နိုင်တတ်မြောက်နိုင်ကြောင်းကို....

"သောစေ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေဋ္ဌိတေ အာနေဉ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သောအနေက ဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတွာ ဗဟုဓာဟောတိ...."

ဟူ၍ သီလက္ခန်ပါဠိတော် သာမညဖလသုတ် ပဋိသမ္ဘိဒါ မဂ်ပါဠိတော်ဣဒ္ဓိဝိဓဉာဏနိဒ္ဒေသတို့၌ ညွှန်ပြတော်မူသည်မှာ

"ထိုပုဂ္ဂိုလ်သည် စိတ်တည်ကြည်ပြီးသော်၊ စျာန်မဂ်ဖိုလ်ကို ပိတ်ဆို့တတ်သော နီဝရဏတရားတို့ ကင်းစင်ပြီးသော်၊စင်ကြယ်သောကြောင့် ဉာဏ်အလင်းရရှိပြီးသော်၊ ရာဂစသော ကိလေသာတို့ကင်း၍ စိတ်၏နူးညံ့သိမ်မွေ့သော အဖြစ်သို့ ရောက်ပြီးသော်၊ စိတ်ခိုင်ခံ့ပြီးသော်၊ မတုန်လှုပ်ခြင်းသို့ရောက်ပြီးသော်၊ တန်ခိုးဖန်ဆင်းရန်အတွက် ဣဒ္ဓိဝိဓအဘိညာဉ်အလို့ငှာ စိတ်ကို ရှေ့ရှုဆောင်၏။ ရှေ့ရှုညွှတ်စေ၏။ ထိုပုဂ္ဂိုလ်သည် အထူးထူး အပြားပြား တန်ခိုးဖန်ဆင်းခြင်းကို ခံစား၏။ တယောက်တည်း ဖြစ်လျက် အရာအထောင် အသောင်းမကဖန်ဆင်းခြင်းကိုပြနိုင်သည်သာတည်း"ဟု ညွှန်ပြတော်မူသည်။

ဗုဒ္ဓ၏ညွှန်ပြချက်ကို ထောက်ရှုခြင်း အားဖြင့် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာ အညစ်အကြေးတို့

ကင်းစင်မှသာလျှင် အဘိညာဉ်စျာန်တန်ခိုးကို ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့အပြင် လောကီစျာန်တန်ခိုးတို့သည်ပုထုဇဉ်တို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက်သာလွန်ကြောင်းကို....

"သာဓုမေ ဘန္တေ အယျော မဟာကော ဥတ္တရိ မနုဿဓမ္မာ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတိ"

ဟူ၍ မဟာဝဂ်ပါဠိတော် စိတ္တသံယုတ် စတုတ္ထသုတ်၌ စိတ္တသူကြွယ်က "အရှင်ဘုရား၊ ကျွန်ုပ်တောင်းပန်ပါ၏။ အရှင်မဟာကထေရ်သည် လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော တန်ခိုးပြာဋိဟာကို ကျွန်ုပ်အားပြတော်မူပါလော့"ဟု စသဖြင့် လျှောက်ထားကြောင်း ညွှန်ပြတော်မူသည်။

ယင်းသို့ညွှန်ပြတော်မူချက်ကို ထောက်ရှု၍ လောကီစျာန်အဘိညာဉ်တရားတို့သည် ပုထုဇဉ်တို့၏ ကုသိုလ်တရားဆယ်ပါးထက်လွန်မြတ်ကြောင်းကို ထင်ထင်ရှားရှား သိရပြန်သည်။ ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ ကောဝဋ္ဌသုတ် ...

"ဥတ္တရိ မနုဿဓမ္မာတိ မနုဿာနံ ဓမ္မတော ဒသကုသလသင်္ခါတတော ဝါ မနုဿဓမ္မတော ဥတ္တရိ"

ဟုဖွင့်ပြသည်။ လောကီကုသိုလ်တရားတို့တွင်လောကီကုသိုလ်ချင်းတူသော်လည်း ပုထုဇဉ်တို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးတည်းဟူသော မဟာကုသိုလ်ထက် လောကီအဘိညာဉ်စျာန်တန်ခိုးက ပို၍ထူးမြတ်၏။ ထို့ကြောင့် ယင်းကိုမဟာဂ္ဂုတ်ကုသိုလ်စိတ်ဟုခေါ်သည်။

ဗုဒ္ဓ၏ အဘိဓမ္မာ ဒေသနာတော်၌ လောကီကုသိုလ်စိတ် ၁၇-ခုရှိကြောင်း ညွှန်ပြထားသည်။ ယင်းတို့မှာ ကာမာဝစရ ကုသိုလ်စိတ်ရှစ်ခု၊ ရူပါဝစရကုသိုလ်စိတ်ငါးခုနှင့် အရူပါဝစရ စိတ်လေးခု၊ ပေါင်း လောကီကုသိုလ်စိတ် ၁၇-ခုရှိသည်။

ကာမာဝစရ မဟာကုသိုလ်စိတ်ရှစ်ခုတို့သည်(ဝါ) ကုသိုလ် ကမ္မပထတရား ဆယ်ပါးတို့သည် အများအားဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တည်းဟူသော ကာမဂုဏ် အာရုံငါးပါးတို့၌ သာယာသောစိတ်ဖြင့် တပ်၍ဖြစ်ရသည်။ ရူပါဝစရကုသိုလ်စိတ်ငါးခုနှင့် အရူပါဝစရကုသိုလ်စိတ် လေးခု တို့မှာကား....

"ရူပါဝစရ ကုသိုလ်ဟူသည်ကား အဘယ်နည်း။ ထိုယော ဂီသည် ကာမစ္ဆန္ဒစသည့် နီဝရဏတရားတို့မှ ကင်းဆိတ်၍သာစ လျှင်၊ အကုသိုလ်တရားအပေါင်းတို့မှ ကင်းဝေး၍ သာလျှင် ဝိတက် ဝိစာရနှင့်တကွ နီဝရဏတို့ကင်းဆိတ်ခြင်းကြောင့် ဖြစ် သော ပီတိ သုခရှိသော ပဌမစျာန်နှင့် ပြည့်စုံ၍နေ၏။ ပ။ စတုတ္ထစျာန်နှင့် ပြည့်စုံ၍နေ၏"

"အရူပါဝစရကုသိုလ်ဟူသည်မှာ အဘယ်နည်း။ထိုယောဂီ သည် ရူပါဝစရစျာန်ကသိုဏ်း အားလုံးကိုစက်ဆုပ်ငြီးငွေ့ခြင်း ကြောင့်အဆင်း၊ အသံစသောသညာငါးပါးတို့ချုပ်ခြင်းကြောင့် သုခ၊ ဒုက္ခဝေဒနာတို့ကို ပယ်ခွာ၍ အာရုပ္ပစျာန် လေးပါးတို့ နှင့် ပြည့်စုံ၍နေရ၏၊ ဤသို့နေခြင်းသည် အရူ ပါဝစရကုသိုလ် ဖြစ်ကြောင်းတည်း" ဟူ၍ အဘိဓမ္မာဝိဘင်းပါဠိ၌ ညွှန်ပြတော် မူသည်။

ကာမရူပ အရူပတို့သည် လောကီကုသိုလ် စိတ်ချင်းတူသော်လည်း ဤနေရာ၌ ထူးထူးခြားခြား ကွဲပြားသွားလေသည်။ ကာမာဝစရကုသိုလ် ဆယ်ပါးတို့သည် ကာမဂုဏ်၏ အာရုံငါးပါးတို့ကိုမှီ၍ ဖြစ်ရသည်။ ရူပ၊ အရူပကုသိုလ်တို့သည် ကာမစ္ဆန္ဒကိလေသာတရားတို့ကိုပယ်၍ ဘာဝနာစိတ်ကိုမှီ၍ ဖြစ်ရသည်။ ထို့ကြောင့် မဟဂ္ဂုတ်ကုသိုလ်ဟုခေါ်သည်။

ကာမာဝစရနှင့် မဟဂ္ဂုတ်ကုသိုလ်တို့ ခြားနားရသည်မှာ ကာမအာရုံနှင့် ကာမအာရုံကိုပယ်၍ဖြစ်သော ဘာဝနာစိတ်တို့ကြောင့် ခြားနား သွားရခြင်းဖြစ်သည်။ တနည်းအားဖြင့် ကာမာဝစရ ကုသိုလ်သည် ကာမဂုဏ်များတို့ကို အာရုံပြု၍ ဖြစ်ရသည်။ မဟဂ္ဂုတ်ကုသိုလ်သည် ဘာဝနာစိတ်ကို အာရုံပြု၍ဖြစ်ရသည်။

ကာမနှင့် ဘာဝနာအာရုံနှစ်ပါးစုံတို့ ခြားနားလေသောကြောင့် မဟဂ္ဂုတ်ကုသိုလ်ကိုးပါးတို့သည် ကာမာဝစရကုသိုလ်တည်းဟူသော ကုသလကမ္မပထတရားဆယ်ပါးတို့ထက်လွန်မြတ်ရခြင်းဖြစ်သည်။ တနည်းအားဖြင့်ပကတိကာမာဝစရ စိတ်တို့ထက် ဘာဝနာအစွမ်းကြောင့်ဖြစ်ရသော ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဇောတို့သည် အားရှိလွန်မြတ်ကြကုန်၏။ ထို့ကြောင့် မဟဂ္ဂုတ်ကုသိုလ်တည်းဟူသော လောကီတန်ခိုးသည် ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်ရခြင်းဖြစ်သည်။

ထို့ကြောင့် တန်ခိုးကို အထင်အမြင်သေး၍ မဖြစ်ချေ။ တန်ခိုးဟူသည်မှာ ခပ်သိမ်းသော ဘုရားရှင်တို့နှင့် အရိယာအရှင်မြတ်တို့၏ ဥစ္စာရတနာဖြစ်သည်။ ဗုဒ္ဓကလောကီကုသိုလ်

အပေါင်း၌တွင် အဘိညာဉ်စျာန်တန်ခိုးတို့ကို ထူးသောကုသိုလ်အဖြစ်နှင့် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ ညွှန်ပြတော်မူသည်။

ထို့အပြင် သူ့အသက်သတ်ခြင်း အစရှိသော အကုသိုလ်ငါးပါးတို့ကို ပယ်ရန် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများအားထုတ်သင့်ကြောင်း အင်္ဂုတ္တရပါဠိတော် ဣဒ္ဓိပါဒဝဂ်၌ ညွှန်ပြတော်မူသည်။ ယင်းပါဠိတော် စေတသော ဝိနိဗန္ဓသုတ်၌ ကာမဂုဏ်အာရုံငါးပါးဟူသော တပ်စွန်းမှုရာဂကိုပယ်ရန်ဣဒ္ဓိပါဒ်ကြီးလေးပါးတို့ကိုပွားများသင့်ကြောင်းညွှန်ပြတော်မူသည်။

ဗုဒ္ဓရှင်မြတ်ကြီး ကိုယ်တိုင်တန်ခိုး၏ အခြေခံဣဒ္ဓိပါဒ်ကြီးလေးရပ်တို့ကို တည်ရာကဲ့သို့ ယာဉ်ကဲ့သို့ပြုတော်မူခဲ့ပုံကို....

"ချစ်သား အာနန္ဒာ ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများထားပြီး ဖြစ်၏။ လေ့ကျင့်ထားပြီး ဖြစ်၏။ ယာဉ်ကဲ့သို့ပြုထားပြီးဖြစ်၏။ အာနန္ဒာငါဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် အလွန်ဖြစ်စေတည်နေနိုင်ပေ၏"ဟု မိန့်တော်မူ၏။

အင်္ဂုတ္တရပါဠိတော် အဋ္ဌကနိပါတ် ဘူမိစာလသုတ်၌ ဗုဒ္ဓသည် အသင်္ခတဓာတု မဟာပရိနိဗ္ဗာန်ပြုလိုတော်မမူသေး၍ အာနန္ဒာထေရ်ကို စကားရိပ်ပေး၍ မိန့်တော်မူချက်တွင် တန်ခိုး၏အခြေခံဣဒ္ဓိပါဒ်ကြီးလေးရပ်တို့ကို အလွန်ပွားများထားပါက ယာဉ်ကဲ့သို့ပြုထားပါက ဝသီငါးရပ်ဖြင့် လေ့ကျက် ထားပါက လောကီ အဘိညာဉ်စျာန်တန်ခိုးဖြင့် ဤကမ္ဘာကြီးတည်သရွေ့ သို့မဟုတ်ထိုထက် အလွန်အသက်တည်နေနိုင်ပုံကို လေ့လာတွေ့ရှိရသည်။

ယင်းကဲ့သို့ ကမ္ဘာပတ်လုံး သို့မဟုတ် ဗုဒ္ဓရှင်မြတ်ကြီး အလို ရှိသမျှတည်နေနိုင်သည်မှာ လောကီအဘိညာဉ်တန်ခိုး၏ အစွမ်း သာလျှင်ဖြစ်သည်။ အချို့ရုပ်ဝါဒသမားတို့က ဗုဒ္ဓ၏တန်ခိုးနှင့် ပတ်သက်၍ သံသယရှိကြသည်။ အချို့က တွေဝေလျက် ရှိကြ သည်။

ဗုဒ္ဓဂုဏ်တော်ကိုးပါးတွင် ပါဝင်သော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် တော်ဟူသည်မှာ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါး ပါးတို့ဖြင့် ပြည့်စုံသောဂုဏ်ကိုဆိုလိုသည်။ ယင်းဝိဇ္ဇာသုံးပါး ဟူသည်မှာ ပု၊ ဒိ၊ အာ-ဟူသော ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခု ဉာဏ်၊ အာသဝက္ခယဉာဏ်တည်းဟူသော အဘိညာဉ်သုံးပါး ကိုဆိုလိုသည်။

ရှေ့အဘိညာဉ်နှစ်ပါးမှာ လောကီအဘိညာဉ် တန်ခိုးဖြစ်၍ နောက်အဘိညာဉ်မှာ လောကုတ္တရာအဘိညာဉ်ဖြစ်သည်။ ဝိဇ္ဇာ ရှစ်ပါးဟူသည်မှာ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေ နိဝါသ၊ မနောမယိဒ္ဓိ၊ ဣဒ္ဓိဝိဓတည်းဟူသော ဉာဏ်တော် ခြောက်ပါးတို့သည် လောကီအဘိညာဉ် တန်ခိုးများဖြစ်သည်။

စရဏ ၁၅-ပါးတွင် ပါဝင်သော ရူပါဝစရစျာန်လေးပါး သည် လောကီတန်ခိုးရရှိရန် အခြေခံအကျင့်မြတ် တရားဖြစ် သည်။ ယင်းစရဏ ၁၅-ပါးတွင် လောကီတန်ခိုး၏ အခြေခံ စျာန်လေးရပ်ပါဝင်ပုံကို....

"သီလ်္ကန်ဘောဇ၊ သာသဗ၊ ဝိညာဟိနှင့်သြ၊
ရူပါဝစရ၊ စတုတ္ထ၊ စျာန်မှလေးခုရော၊
စရဏအပြား၊ တဆယ့်ငါး၊ မှတ်သားအစဉ်ပြော"

ဟူ၍ ဝိသုဒ္ဓိမဂ် မြန်မာပြန်ဆရာတော် ရေးစပ်တော်မူသည်။

တဖန်ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်သည်ပင်လျှင် ဗုဒ္ဓ၏အတုမရှိ လောကီတန်ခိုးရှစ်ပါးဖြစ်သည်။

## လောကီတန်ခိုးရှစ်ပါးသရုပ်မှာ

(၁) အဏိမာ—ကိုယ်တော်ကိုအဏုမြူအနေသေးငယ်အောင်ပြုနိုင်ခြင်း။
(၂) လဃိမာ—ကောင်းကင်၌ ခြေဖြင့်သွားနိုင်ရန် ပေါ့ပါးအောင်ပြုနိုင်ခြင်း။
(၃) ပတ္တိ—လိုရာဒေသကိုရောက်နိုင်ခြင်း။
(၄) ပါကမ္မ၊ အဓိဋ္ဌာန်အစွမ်းဖြင့် လိုအပ်သောအမှုကိုပြီးမြောက်အောင်ပြုနိုင်ခြင်း။
(၅) မဟိမာ—စကြဝဠာကို ကိုယ်ဖြင့်ဖုံးကွယ်အောင် ပြုနိုင်ခြင်း။
(၆) ဤသိတာ—မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း။
(၇) ဝသိတာ—ရေ,မီးအစုံ ဖန်ဆင်းရာ၌ အလိုရှိတော်မူတိုင်း ရနိုင်သော အလွန်လျင်မြန်သော ဝသီတော်ရှိခြင်း။
(၈) ယတ္ထကာမာ ဝသာယိတာ—အရာရာပြုလိုတိုင်း၌အလိုစွမ်းဖြင့် ပြီးစေနိုင်ခြင်း။

ထို့အပြင် ဗုဒ္ဓသည် တန်ခိုးပြာဋိဟာကြီး သုံးပါး စိုးပိုင်တော်မူကြောင်းကို....

(၁) ဣဒ္ဓိပါဋိဟာရိယတန်ခိုးအကြီးဆုံးနတ်ပြဟ္မာတို့ထက် ပိုမိုလွန်ကဲသော တန်ခိုးတော်အရှင်ဖြစ်စွမ်းနိုင်ခြင်း (ဣဒ္ဓိဝိဓအဘိညာဉ်)။

(၂) အာဒေသနာပါဋိဟာရိယ-သတ္တဝါတို့၏ ကြံစည်စိတ်ကူးဆင်ခြင်မှုဟူသမျှတို့ကိုထုတ်ဖော်ပြောကြားတော်မူနိုင်ခြင်း။

(၃) အနုသာသနပါဋိဟာရိယ- ဤသို့ကျင့်၊ ဤသို့ကြံစည်ဖြင့် ဟောကြားဆုံးမကာ သတ္တဝါတို့၏ စိတ်ဓာတ်ကို ချွန်မင်ဖိုလ်တိုင်အောင် ညွတ်တိမ်းလာစေနိုင်စွမ်းရှိခြင်း။

ယင်းပြာဋိဟာသုံးပါးသည် ဂုဏ်တော်ကိုးပါး အဝင်ဖြစ်သည် ဟူ၍ သုတေသန သရုပ်ပြအဘိဓာန်ဆရာတော်က ဖွင့်ပြတော်မူသည်။

ဗုဒ္ဓရှင်မြတ်တို့နှင့်သာ သက်ဆိုင်သော ဗုဒ္ဓရှင်မြတ်တို့၏ဥစ္စာ ရတနာသာလျှင်ဖြစ်သော အသာဓာရဏ ဉာဏ်တော်ခြောက်ပါးတွင် ယမကပါဋိဟာရိကဉာဏ်တော်သည်(ဝါ) ရေမီးအစုံကိုပြတော်မူနိုင်သော ယမိုက်ပြာဋိဟာ တန်ခိုးတော်သည်လောကီအဘိညာဉ်ငါးပါးအပါအဝင် အတုမရှိဣဒ္ဓိဝိဓတန်ခိုးတော်ပင်ဖြစ်သည်။

ဗုဒ္ဓသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့နှင့် အကြွင်းမရှိပြည့်စုံသောကြောင့် တန်ခိုးရှင်ဖြစ်တော်မူသည်။ ဣဿရိယ ဘုန်းတော်ရှစ်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် တန်ခိုးရှင်ဖြစ်တော်မူသည်ကို လုံးဝယုံမှား၊သံသယမရှိသင့်။

တန်ခိုးဟူသည် လောကီတရားမျှသာဖြစ်သည်။ လောကီသမာဓိဟူသော သမထယာနိကကို တည်ဆောက်၍ရရှိခြင်းသည် လောကီသမထကို ထူထောင်ခြင်းသည် လောကီအဘိညာဉ်စျာန်တန်ခိုးတည်းဟူသောအကျိုးတရားတို့ကိုရရှိနိုင်သည်။

သမထဘာဝနာကို အားထုတ်ရာ၌ တန်ခိုးဖြစ်ပေါ်နိုင်ရန် အခြေခံ အကြောင်းတရားမှာ ဣဒ္ဓိပါဒ်ကြီး လေးရပ်သာဖြစ်သည်။ ရှင်မဟာမောဂ္ဂလာန်ထေရ် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမနှိပ်ကွပ်ရာတွင် အလွန်တန်ခိုးကြီးသည့်အတွက် ဗုဒ္ဓက "ချစ်သားမောဂ္ဂလာန် ဤနဂါးသည် တန်ခိုးကြီးလှ၏။ ဣဒ္ဓိပါဒ်ကိုနှလုံးသွင်းလော့"ဟု သတိပေးတော်မူရ၏။

ထိုအခါ ရှင်မောဂ္ဂလာန်ထေရ်က....

"အရှင်ဘုရား၊ တပည့်တော်သည် စင်စစ်ဣဒ္ဓိပါဒ်လေးပါးကို ပွားစေအပ်ကုန်ပြီ။ အကြိမ်များစွာ လေ့လာအပ်ကုန်ပြီ။ ကောင်းစွာအားထုတ်အပ်ကုန်ပြီ ယာဉ်ကဲ့သို့ ပြုလုပ်အပ်ကုန်ပြီ၊ လေ့ကျင့်အပ်ကုန်ပြီ။ တပည့်တော်သည် ဤနဂါးတကောင်ကို မဆိုထားဘိ ဤနဂါးနှင့် တန်းတူကုန်သောနဂါးပေါင်း အရာအထောင်တို့ကိုသော်လည်း ဆုံးမနိုင်စွမ်းပါ၏"ဟု လျှောက်ထား၏။

ဤနေရာ၌ ဗုဒ္ဓကသတိပေးတော်မူချက်နှင့် မောဂ္ဂလာန်ထေရ်၏ လျှောက်တင်ချက်တို့ကို လေ့လာကြည့်ခြင်းအားဖြင့် တန်ခိုး၏ အခြေခံဖြစ်သောဣဒ္ဓိပါဒ်ကြီးလေးပါးသည် "အရေးကြုံကသက်လုံကောင်းစေ"ဟူသော ဆောင်ပုဒ်အရ မည်မျှထိရောက်ကြောင်းကို ထင်ရှားစွာ သိမြင်နိုင်သည်။

ရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်သည် ဗုဒ္ဓရှင်မြတ်ကြီးကလွဲလျှင် ဈာန်ဝင်စားသော နေရာ၌ အလွန်လျင်မြန်သော ခိပ္ပနိသန္တိပုဂ္ဂိုလ်ထူးဖြစ်သည့်အလျောက် အဘိညာဉ်ပါဒကစတုတ္ထဈာန်ကို မျက်စိတမှိတ်အတွင်း ဝင်စားလိုက်၏။ နဂါးက မှုတ်ထုတ်လိုက်သော နှာခေါင်းလေသည် မထေရ်မြတ်၏ မွေးညှင်းတပင်ကိုမျှလှုပ်ရှားခြင်းမပြုနိုင်။

ဤဗုဒ္ဓသာသနာတော်၌ ဈာန်အဘိညာဉ် တန်ခိုးတို့သည် အများ၏ အားထားမှီခိုရာလက်နက်ဖြစ်ပုံကို အောက်ပါသာဓကများဖြင့် သိရပြန်သည်။

သရက်ကုန်း၌ သီတင်းသုံးနေသော မဟာရောဟဏဂုတ္တမထေရ် နာမကျန်း၍ပြုစုနေသော နဂါးမင်းကို ချီသုတ်ဖမ်းယူရန် ကောင်းကင်မှ ပျံလာသော ဂဠုန်ကို တန်ခိုးရှင်ရဟန်းသုံးသောင်းအလယ်၌ ရှစ်ဝါမျှသာရသေးသော အရှင်ဗုဒ္ဓိရက္ခိတထေရ်က တောင်ကြီးတတောင် လျင်မြန်စွာဖန်ဆင်း၍ ကာကွယ်လိုက်၏။

ထိုအခါ မဟာထေရ်က "ငါ့ရှင်တို့ ဗုဒ္ဓရက္ခိတသာ မရှိခဲ့လျှင် ငါတို့အားလုံးကဲ့ရဲ့ခံကြရကုန်လတံ့၊ရဟန်းလက်ကိုင်ဈာန်အဘိညာဉ်လက်နက် သံချေးမတက်ကြစေနှင့်"ဟု မိန့်၏။ ယင်းသို့မိန့်ဆိုချက်ကြောင့် ရဟန်းသုံးသောင်း အားလုံးပင် လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော ခိပ္ပနိသန္တိချည်းဖြစ်ကုန်၏ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ပြသည်။

လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော ပုဂ္ဂိုလ်ဖြစ်သည့်တိုင် အများ၏ အားကိုးအားထားဖြစ်ရန် အလွန်ခဲယဉ်းပုံကို....

"လျင်မြန်စွာ အာရုံကိုရှုနိုင်၊ လျင်မြန်စွာ ချဉ်ဝင်စားနိုင် သည့်တိုင် လူအများ၏ အားကိုးအားထားဖြစ်ရန် ဝန်လေး၏။ ခဲယဉ်းလှ၏၊ တန်ခိုးရှင် တထောင်တွင် တယောက်တလေမျှ သာ စွမ်းနိုင်၏။ စေတီယတောင်ကို အမှီပြု၍ သီဟိုဠ်တကျွန်း လုံး ဆီမီးထွန်းပွဲကြီးပြုလုပ်သောအခါ မာရ်နတ်က မီးကျီးမိုး ကြီး ရွာချလိုက်၏။ ထိုအခါမထေရ်တပါးက ကောင်းကင်း၌ မြေကြီးသဏ္ဌာန်ဖန်ဆင်း၍ ကာကွယ်ပေးလိုက်သဖြင့် လူအများ ၏ အားကိုးရာဖြစ်သွား၏" ဟူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ဖွင့်ပြ သည်။

ဗုဒ္ဓကဏ္ဍသည် ပါဒ်ကြီး လေးပါးကို တန်ခိုးဖြစ်ပေါ်ရန်အလှန် ခိုင်လုံသော အကြောင်းရင်းခံဖြစ်ကြောင်း ညွှန်ပြတော်မူသည်။ သို့သော် အတိတ်ကြောင်းနှင့် ပစ္စုပ္ပန်အကြောင်း နှစ်ရပ်ပေါင်း၍ စုံ သက်စပ်မိမှသာလျှင် တန်ခိုးဖြစ်ပေါ်ရနိုင်ကြောင်း ထပ်ဆင့် ညွှန်ပြတော်မူသည်။

လောကီချာန်ကိုးမျိုးစလုံး ကဏ္ဍပါဒ်ကြီး လေးရပ်ပေါ်၌ တည်ဆောက်ထားရသလို လောကီအဘိညာဉ်တန်ခိုး ငါးမျိုး စလုံး ယင်းကဏ္ဍပါဒ်ကြီး လေးရပ်အပေါ် ၌အခြေတည် စိုက်ထားရသည်။ ဗုဒ္ဓက လောကီချာန်ကိုးမျိုး (ဝါ) လောကီ သမာပတ်ရှစ်ပါးကို ကုသိုလ်သမာပတ်ဟု ညွှန်ပြတော်မူသည်။

ယင်းသမာပတ် ရှစ်ရပ်တွင် စတုတ္ထရူပ သမာပတ်သည် အဘိညာဉ်တန်ခိုးတို့ကို ဖြစ်ပေါ်စေရန် အဆင့်ဖြစ်၍ ပါဒက ချာန်(ဝါ) အဘိညာဉ်ပါဒကချာန်ဟုခေါ်သည်။ ယင်းချာန် သမာပတ်တို့နှင့် ပတ်သက်၍အဘိဓမ္မာဝိဘင်းပါဠိတော်၊သံယုတ်

ပါဠိတော်၊ ဒီဃနိကာယ် သီလက္ခန်ပါဠိတော်၊ အင်္ဂုတ္တရပါဠိတော်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့၌ အကျယ်ညွှန်ပြတော်မူသည်။

တန်ခိုးဟူသည်မှာ လောကီပညာရပ်ပင်ဖြစ်သည့်တိုင်သာမထကမ္မဋ္ဌာန်း တည်းဟူသော စိတ်ပညာကိုအခြေခံလျက်ကာမစ္ဆန္ဒနီဝရဏငါးပါးတို့ကို (ဝါ)ကိလေသာ ကာမဂုဏ်အာရုံငါးပါးတို့ကိုခွာချလျက် စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ဉာဏ်ဟူသော ဣဒ္ဓိပါဒ်ကြီး လေးရပ်အပေါ် အခြေစိုက်လျက် နေ့ညမနား ကြိုးစားအားထုတ်ယူမှသာ (ဇတိတ်နှင့်ပစ္စုပ္ပန်အကြောင်းနှစ်ရပ်ဆက်စပ်မိရန်လိုသည်) ရနိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်သည့်အတွက် လူတိုင်းနှင့် ကင်းဝေးသွားရခြင်းဖြစ်သည်။

ထို့ကြောင့် လောကီပညာရပ်ချင်း တူသည့်တိုင် တန်ခိုးတည်းဟူသော ဝိဇ္ဇာပညာရပ်ကို လူတထောင်၊ လူတသောင်း၊ လူတသိန်းတွင် တယောက်ဟူ ဟူ၍လောက် ထွန်းပေါက်နိုင်ရန် အလွန်ခဲယဉ်းသည်။ ဗုဒ္ဓမဟာပရိနိဗ္ဗာန်ပြုပြီး အနှစ်တထောင်ကျော်မှသာ စတင်ထွန်းကားလာခဲ့သော အိန္ဒိယပြည်ဆာဒူးအချို့(သာခု)လောကီတန်ခိုးအမျိုးမျိုးကို ရရှိကြသည်ဟုကြားရဘူးသည်။

သို့သော်ဆာဒူးကြီးအချို့ရရှိသော တန်ခိုးသည် ဗုဒ္ဓဒေသနာတော်မှ ညွှန်ကြားပြသသော နည်းဖြင့် ရရှိခြင်းမဟုတ်။ ယောဂါဝစရနည်းဖြင့် နေကသိုဏ်း၊ လကသိုဏ်း စသည်တို့ကိုရှု၍ သို့မဟုတ် အမှတ်တခုခုကို နှလုံးသွင်းလျက် ရရှိကြသော

တန်ခိုးများဖြစ်ကြောင်း အိန္ဒိယပြည်မှကြွလာသော အရှင်သူမြတ်တပါးထံမှကြားသိရသည်။

ဆာဒူးအချို့လောကီတန်ခိုးကို ယင်းသို့ရရှိစွမ်းနိုင်သည့်တိုင် ဗုဒ္ဓဒေသနာတော်မှ ညွှန်ပြသော နည်းတို့ဖြင့် စနစ်တကျရရှိခြင်းမဟုတ်၍ လောကီအဘိညာဉ်ငါးပါးလုံးကို မဆိုထားဘိ၊ ဣဒ္ဓိဝိဓအဘိညာဉ် တမျိုးတည်းကိုပင် အပြည့်အဝမရနိုင်ကြောင်း အရှင်သူမြတ်က မိန့်ကြားသွားသည်။

ယင်းသို့ကသိုဏ်းရှု၍ရရှိသော တန်ခိုးသည်လည်း အခိုက်အတန့်မျှသာဖြစ်ကြောင်း၊ အများအားဖြင့် မန္တာန်၊ဆေးဝါး၊ ပယောဂနည်းတို့ဖြင့် ရရှိသော တန်ခိုးများသာဖြစ်ကြောင်းဖြင့် အရှင်သူမြတ်ထံမှ ကြားသိရသည်။

ဂန္ဓာရီကျမ်းထွက် အင်းအိုင်၊ ဆေးဝါး၊ မန္တာန်၊ မန္တရားတည်းဟူသော ပယောဂနည်းတို့ဖြင့်လည်း လောကီတန်ခိုးကို ရရှိနိုင်သည်။ ယင်းသို့ရရှိနိုင်ကြောင်းကို....

"ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပေတွာ ပဝဟာယံ ဂစ္ဆန္တိ၊ အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေန္တိ။ ပ ။ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေန္တိ"ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ညွှန်ပြတော်မူသည်မှာ....

"ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီစသောမန္တာန်ကိုစိပ်လျက်ကောင်းကင်ခရီးဖြင့်သွားကုန်၏။ ဂန္ဓာရီအတတ်ဖြင့် ကောင်းကင်၌ဆင်ကိုလည်းပြကုန်၏။ စစ်သေနင်္ဂဗျူဟာ အတတ်တို့ကိုလည်းပြကုန်၏"ဟုညွှန်ပြတော်မူသည်။

ယင်းအတတ်ကို တန်ခိုးဆယ်မျိုးခွဲရာတွင် ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဟုညွှန်ပြတော်မူသည်။

သည်ကိုရည်၍....

ဝိဇ္ဇာဓိုရ်ရတို့ ထိုထိုမန္တာန်၊ ဆေးစွမ်းအန်ဖြင့်၊ မိုးပျံနိုင်လျှင်၊ ဆင်မြင်းရုပ်ပုံ၊ စစ်တက်ပုံပြ၊ ဝိဇ္ဇာမျှတည်း။

ဟုရေးစပ်တော်မူသည်။

အထက်ပါ သာဓကများကို ထောက်ရှုခြင်းဖြင့် အင်း၊အိုင်၊ ဆေးဝါး၊ မန္တာန်၊ မန္တရားတို့ဖြင့်လည်း တန်ခိုးရရှိနိုင်ကြောင်း သိရသည်၊ ယင်းအတတ်ကို ဂန္ဓာရီအတတ်ဟုခေါ်၍ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဖြစ်သည်။

ထို့ကြောင့်ဟိန္ဒူဆာဒူးကြီး အချို့ရရှိကြသော တန်ခိုးသည် အများအားဖြင့် အင်း၊ ဆေးဝါး၊ မန္တာန်စသော ပယောဂနည်း၊ နေ-လ ကသိုဏ်းစသောနည်းတို့ဖြင့် ရရှိသော တန်ခိုးများသာဖြစ်ကြောင်းသိရသည်။ ဗုဒ္ဓဒေသနာတော်နည်းဖြင့် ကျင့်ကြံအားထုတ်သော ဆာဒူးများမရှိသည် မဟုတ်။ အများအပြားပင်ရှိကြသည်။

သို့သော်ဗုဒ္ဓနည်းသည် အလွန်ခက်ခဲသိမ်မွေ့ လွန်းသောကြောင့် ဒေသနာတော်နည်းမှ ခွဲထွက်၍ အင်း၊ ဆေးဝါး၊ မန္တာန်စသော ပယောဂနည်း၊ နေ-လကသိုဏ်းစသောနည်းတို့ဖြင့် ရရှိသော တန်ခိုးများသာဖြစ်ကြောင်းသိရသည်။ ဗုဒ္ဓဒေသနာတော်နည်းဖြင့် ကျင့်ကြံအားထုတ်သော ဆာဒူးများမရှိသည်မဟုတ်။ အများအပြားပင်ရှိကြသည်။

သို့သော်ဗုဒ္ဓနည်းသည် အလွန်ခက်ခဲ သိမ်မွေ့သောကြောင့် ဒေသနာတော်နည်းမှ ခွဲထွက်၍ အင်း၊ ဆေးဝါး၊ မန္တာန် စသည့် ပယောဂနည်းတို့ဖြင့် တန်ခိုးရရှိရန် ဖြတ်လမ်းသို့ လိုက်သွားကြခြင်းဖြစ်သည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဟိန္ဒူဆရာဒူးကြီးတဦး ပြောပြ၍ သိရှိရသည်မှာ လူသူမနီး တောကြီးထဲတွင် တမျိုးသော မန္တာန်ကိုစိပ်၍ ယောဂီအကျင့်ကိုကျင့်နေလျှင်နှစ်ပေါင်းရာ၊ ထောင်ချီ၍ တည်နေနိုင်သည်ဟုဆိုသည်။

ထို့အပြင် ယောဂ အကျင့်ကို ကျင့်သူတိုင်း မန္တာန်လွတ်ခြင်းမရှိကြောင်း၊ မန္တာန်နှင့် အကျင့်နှစ်ရပ်ပေါင်း၍ စိတ္တသမာဓိကိုရရှိလာကြောင်း၊ စိတ္တသမာဓိ အားကောင်းလာသည်နှင့် အမျှ မိမိ၏စိတ်အလိုအတိုင်း ဖြစ်စေနိုင်ကြောင်းဖြင့် ထပ်မံသိရှိရပြန်သည်။

ဆရာဒူးကြီး၏ အဆိုပြုချက်သည် အိန္ဒိယမှကြွလာသောအရှင်သူမြတ်ထံမှကြားရချက်နှင့် ကိုက်နေသည်ကို တွေ့ရသည်။ ထို့အပြင်ပဋ္ဌသမ္ဘိဒါမဂ်ပါဠိတော်ညွှန်ပြချက်နှင့်လည်း တထပ်ဖြစ်နေပြန်သည်။

အထက်ပါ သာဓကများကို ထောက်ရှု၍ ဆရာဒူးကြီးများ အချို့ရရှိကြသော တန်ခိုးမှာ အများအားဖြင့် ဝိဇ္ဇာမယိဒ္ဓိ တန်ခိုးသာ ဖြစ်နိုင်စရာရှိသည်။ ဗုဒ္ဓဒေသနာတော်မှ ညွှန်ပြသောနည်းဖြင့် ရရှိကြသည် မဟုတ်သောကြောင့် သူတို့ရရှိသော တန်ခိုးကိုစျာန်အဘိညာဉ် တန်ခိုးဟုမခေါ်ဆိုနိုင်။

ဈာန်အဘိညာဉ် တန်ခိုးကို ဗုဒ္ဓမပွင့်မီ ဆရာရသေ့မြတ်တို့ ရရှိကြတည်။ ဗုဒ္ဓ၏လောကီဆရာများဖြစ်ကြသော အာဠာရ ရသေ့၊ ဥဒကရသေ့နှင့် သုဒ္ဓေါဒနမင်းကြီး၏ ဆရာဖြစ်သော ကာလဒေဝီလရသေ့တို့သည် လောကီအဘိညာဉ် ငါးပါးစလုံး ကိုရရှိကြသည်။

ယင်းဆရာရသေ့မြတ်သည် ဗုဒ္ဓအား လောကီသမထတန်ခိုး တို့ကို သင်ကြားပေးသော ရှေ့ဦး လောကီဆရာများဖြစ်ကြ သည်။ ယင်းဆရာရသေ့မြတ်တို့သည် ဗုဒ္ဓအလိုရှိတော်မူသော လောကုတ္တရာအတတ်ပညာကိုသင်ကြားပေးနိုင်စွမ်းခြင်းအလျှင်း မရှိ။ လောကီအတတ်ပညာတွင်ကား မဟာဂ္ဂုတ်ကုသိုလ်တည်းဟူ သော သမာပတ်ရှစ်ပါးကုန်အထိ သင်ကြား ပေးနိုင်စွမ်းရှိကြ သည်။

တန်ခိုးအရာတွင် ဗုဒ္ဓဒေသနာတော်နည်း(၀၇) သမထကမ္မ ဋ္ဌာန်း၏အစွမ်းဖြင့် ရရှိသောဈာန် အဘိညာဉ် တန်ခိုးသာလျှင် လောကတွင် အထွဋ်အထိပ် အမြင့်မားဆုံးဖြစ်သည်။ အလွန် စနစ်ဘကျခဲ့ရှိသော တန်ခိုးဖြစ်၍ အခြားသော လောကီဝိဇ္ဇာ မယိဒ္ဓိစသည့်တန်ခိုးတို့က မယှဉ်နိုင်ခြင်းဖြစ်သည်။

လောကီတန်ခိုးတွင် ဈာန်အဘိညာဉ်တန်ခိုးသည် ရခဲသည့် အလျောက် ခိုင်မြဲစိတ်ချရသည်။ အခြားသော လောကီတန်ခိုး တို့သည် ဝသီဘောင်ငါးရပ်ဖြင့် စိတ်ကိုလေ့လာ၍ရခြင်းမဟုတ် အများအားဖြင့် ဂန္ဓာရီအတတ်၊ ယောဂအတတ်တို့ဖြင့်ရသော တန်ခိုးများဖြစ်၍ ရာနှုန်းပြည့်စိတ်မချရဟုဆိုနိုင်သည်။

## အများပြည်သူတို့ သတိပြုဘွယ်

ယနေ့ မျက်မှောက်၌ တဘက်မှသိပ္ပံပညာများ တရှိန်ထိုးတိုးတက်နေလင့်ကစား မြန်မာအမျိုးသားတို့သည် အများအားဖြင့် အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တာန်၊ မန္တရား၊ လုပ်ထုံး၊ လုပ်နည်း၊ အင်္ဂလိယတ်တည်းဟူသော ဂန္ဓာရီအတတ်တို့ဖြင့် ထွက်ရပ်ပေါက်ခြင်း၊ တန်ခိုးရှိခြင်းစသည်တို့ကို မိမိတို့ကိုယ်တိုင် လေ့လာခြင်း၊ စူးစမ်းခြင်းမရှိဘဲ အရမ်းကာရောလက်ခံယုံကြည်နေကြသဖြင့် ဒုက္ခမရောက်သင့်ဘဲ ဒုက္ခရောက်ကြရသည်မှာလည်း မရေတွက်နိုင်။

ယခုအခါတွင် မိမိကိုယ်ကို ထွက်ရပ်ပေါက်ပြီဖြစ်၍ အထက်အမိန့်ဖြင့် မှ စရန်လာသည်ဟူသော လူလိမ်လူညာများကိုအထူးသတိထားရန်လိုသည်။

မြန်မာတို့သည် ဘယ်အထိရိုးသား၊ သနည်းဆိုသော် တန်ခိုးရှိသည်။ ကြေး၊ ခဲတို့ကို ရွှေဖြစ်အောင်ဖန်ဆင်း နိုင်သည်ဟုဆိုလျှင်အရမ်းကာရောယုံကြည်လွယ်ကြသည်။ ထိုပုဂ္ဂိုလ်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ သိဒ္ဓိမြောက်ပုဂ္ဂိုလ်ဖြစ်သည် အသက်ငါးရာ၊ တထောင်ရှိသည်ဟုဆိုလျှင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်စူးစမ်းခြင်းမရှိဘဲ ရက်ရက်ရောရော ယုံကြည်ပစ်လိုက်ကြသည်။

ယင်းသို့ယုံကြည်ရခြင်း ကိုပင် ဟုတ်လှပြီဟု အထင်ရောက်နေတတ်ကြသည်။ ယင်းသို့အရမ်းကာရော ယုံလွယ်တတ်သူများရှိနေသောကြောင့်လူလိမ်လူညာများ အကွက်ဆိုက်နေခြင်းဖြစ်သည်။

ယင်းသို့ယုံကြည်လွယ်သော ရိုးသားသည့် အများပြည်သူတို့အားအပြစ်တင်၍မဖြစ်။ တာဝန်ရှိသူတို့နှင့် အသိဉာဏ်ပညာရှင်တို့က အများပြည်သူတို့အကျိုးကို လိုလားသောအားဖြင့် အသိပညာပေးဟောပြောသင့်သည်။

လူဟူသည်မှာ အထူးအဆန်းဟူသမျှကို စိတ်ဝင်စားတတ်သည့်အလျောက် ကိုယ်ပိုင်အသိဉာဏ်ကို အသုံးမချတတ်လျှင် ယင်းအထူးအဆန်းများနောက်သို့ အလိုက်မှားသွားတတ်သည်။ ထို့ကြောင့် ယင်းသို့ ယုံလွယ်သူများ မကြာခဏဒုက္ခရောက်ကြသည်။

ခေတ်စီးခေတ်နှင်းဟူသော စကားတို့မှာလည်း ယုတ္တိမတန်သေချာစွာ စစ်ဆေးသင့်သည်။ အချို့ခေတ်အောင်သည်။ဖိုလ်ဝင်သည်ဟူ၍ လာလိုက်ချေသေးသည်။ အချို့ပုဂ္ဂိုလ်တို့သည် မိမိနှင့် အခြားသူတို့၏ရှေ့ဘဝ၊ နောက်ဘဝတို့ကို မြင်နိုင်သည်။ ထိုသူသည် ဘယ်ဘဝက လာသည်။ ရှေ့ကိုဘယ်ဘဝရောက်မည် စသဖြင့်အတတ်ပင်ပြောဟောလိုက်ကြသေး၏။

ကျွန်ုပ်ချဉ်းကပ်၍ မေးမြန်းကြည့်ရာ မနောဓာတ်ပေါက်၍ ယင်းသို့ အဘတ်ဟောပြောနိုင်ခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းသို့မနောဓာတ်ပေါက်ခြင်းကို မနောမယိဒ္ဓိတန်ခိုးဖြစ်သည်ဟု အဆိုပြုကြသည်။ ဤနေရာ၌ သေချာစွာဆန်းစစ်ကြည့်ရန်လိုလာသည်။

ရှေ့ဘဝ နောက်ဘဝတို့ကို မြင်နိုင်သည်။ သိနိုင်သည်ဟူသော တန်ခိုးမှာ သာမညတန်ခိုးမဟုတ်၊ အလွန်ကြီးမားသော

တန်ခိုးဖြစ်၏။ ယင်းတန်ခိုးအမျိုးအစားတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ကြိုတင်သိရှိထားရန်လိုသည်။

ကွယ်လွန်ခဲ့ပြီးသော မိမိ၏အတိတ်ဘဝ၊ သူတပါးတို့၏ အတိတ်ဘဝတို့ကို ပိုင်းခြား၍ သိမြင်နိုင်သော တန်ခိုးဟူသည်မှာ လောကီအဘိညာဉ်ငါးပါးအဝင်ဖြစ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြစ်၍ ရှေ့လာမည့် မိမိနှင့်သူတပါးတို့၏ အနာဂတ်ဘဝဖြစ်စဉ်ကို သိမြင်နိုင်သည်ဟူသော တန်ခိုးသည် ဒိဗ္ဗစက္ခုအဘိညာဉ်၏ အခြေအရံဖြစ်သော အနာဂတံသအဘိညာဉ်သာတည်း။

သူတပါး၏ စိတ်အကြံကိုပိုင်းခြား၍ သိနိုင်သော တန်ခိုးမှာ ပရစိတ္တဝိဇာနနတည်းဟူသော စေတောပရိယာယ အဘိညာဉ်သာဖြစ်နိုင်သည်။ ယင်းလောကီအဘိညာဉ်တန်ခိုးတို့ကို ရရှိနိုင်ရန်မှာ ပြောသလောက်လွယ်ကူသော အလုပ်မဟုတ်။

လောကီသမထ ကမ္မဋ္ဌာန်းတို့ကို အပ္ပနာတိုင်အောင် အဆင့်ဆင့်အားထုတ်ပြီးနောက် စတုတ္ထစျာန် သမာပတ်အထိဝင်စားနိုင်သူဖြစ်မှသာလျှင် စေတောပရိယာယ အဘိညာဉ်တန်ခိုးဖြင့် သူတပါး၏ စိတ်ကိုပိုင်းခြား၍ အဟုတ်တကယ်သိနိုင်သည်။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် မိမိနှင့်သူတပါးတို့၏ အတိတ်ဘဝ အစဉ်အဆက်တို့ကို ပိုင်းခြား၍ အဟုတ်တကယ် သိနိုင်သည်။

အနာဂတံသ အဘိညာဉ်ဖြင့် မိမိနှင့် သူတပါးတို့၏ လာဆဲလာလတံ့သော အနာဂတ်ဘဝတို့ကိုလည်း ပိုင်းခြား၍အဟုတ်တကယ်သိနိုင်သည်။ သူတပါးတို့၏ စိတ်အကြံကိုပိုင်းခြား၍သိ

နိုင်သည်မှာ မနောမယိဒ္ဓိတန်ခိုးမဟုတ်၊ ပရစိတ္တဝိဇာနနခေါ် စေတောပရိယာယ အဘိညာဉ်သာဖြစ်ကြောင်း မြဲမြဲနှလုံးသွင်းထားရန်လိုသည်။

မနောခတ်ပေါက်၍ မနောမယိဒ္ဓိ တန်ခိုးဟုခေါ်ခြင်း မဟုတ်၊ သူတပါးတို့၏ စိတ်ကိုသိနိုင်သောကြောင့် မနောမယိဒ္ဓိ တန်ခိုးဟုခေါ်ခြင်းလည်းမဟုတ်၊ မနောမယိဒ္ဓိ တန်ခိုးဟူသည် မှာ တန်ခိုးရှင်နှင့် အသွင်သဏ္ဌာန်တူသော ရုပ်ပွားကိုခွဲထုတ် ဖန်ဆင်းပြခြင်းသာလျှင် မနောမယိဒ္ဓိတန်ခိုးဖြစ်သည်။

ထို့ကြောင့်....

"မနောမယံ၊ စိတ်တန်ခိုးဖြင့် ပြီးသောကိုယ်ကို၊ ကာတု ကာမောပန၊ ပြုလိုသောတန်ခိုးရှင်သည်ကား။ ပါဒကဇ္ဈာန တော၊ ပါဒကဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ကာယံ မိမိ၏ကရဇ ကာယကို ရှေးဦးစွာဆင်ခြင်၍။ အယံကာယော၊ ဤကိုယ်သည်၊ သုသိရော၊ အခေါင်းရှိသည်။ ဟောတု၊ ဖြစ်စေသတည်း...." ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖွင့်ပြထားသည်။

တန်ခိုးရှင်နှင့် အသွင်တူသော ကိုယ်တခုကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မိမိ၏ခန္ဓာကိုယ်အတွင်းမှ ထွင်းဖေါက်ပေါ်ထွက် လာပုံကို ဖန်ဆင်းပြခြင်းသည် စိတ်ဖြင့်ပြီးသော မနောမယိဒ္ဓိ တန်ခိုးမည်၏။ မနောပေါက်သည်ဟူသော စကားများကိုများ စွာ ဆန်းစစ်ရန်လိုသည်။ ယခုခေတ်၌ မနောပေါက်သည်။ အကြားအမြင်ပေါက်သည်ဆိုသော စကားတို့ကို တွင်တွင်သုံး နေကြသည်။ ယုံသူတို့ကလည်း လှုပ်လှုပ်ခြင်း လက်ခံယုံကြည် နေကြသည်။

ယင်းစကားတို့သည် လောကီအဘိညာဉ်ငါးပါးနှင့်သက်ဆိုင်နေသည်ကို အထူးသတိပြုမိရန်လိုသည်။ သူတပါးတို့၏ စိတ်အကြံကိုသိမြင်နိုင်သည်။ အကြားအမြင်ပေါက်သည်ဆိုခြင်းမှာ လောက၌ အခက်ဆုံးအလုပ်ဖြစ်၏။

လောကီစျာန်သမာပတ်ရှစ်ရပ်တွင် စတုတ္ထသမာပတ်အထိဝင်စားနိုင်သူ စျာနလာဘီတန်ခိုးရှင်ဖြစ်မှသာလျှင် သူတပါးတို့၏စိတ်ကိုသိနိုင်သည်ဟူ၍ တထစ်ချမှတ်ထားရန်လိုသည်။

လောက၌ ဘုရားရဟန္တာတို့နှင့် စျာနလာဘီ တန်ခိုးရှင်တို့မှတပါး၊ အသိအမြင်အကြားပေါက်မြောက်နိုင်သူမရှိဟူ၍ ကြိုတင်သိထားရန်လိုသည်။ စျာနလာဘီတန်ခိုးရှင်ပင်လျှင် စျာန်ကိုဝင်စားပြီးမှသာ သိနိုင်သည်။ မြင်နိုင်သည်။ ကြားနိုင်သည်။ ပကတိစိတ်ဖြင့် သိနိုင်မြင်နိုင်ကြားနိုင်ခြင်းမရှိ။ ဆိုလိုသည်မှာ စျာနဝီထိစျာန်စိတ်ဖြင့်သာ ပိုင်းခြား၍ သိနိုင်မြင်နိုင်ကြားနိုင်သည်။

အထက်ပါအတိုင်း ဗုဒ္ဓဒေသနာတော်အရ အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ သာဓကယုတ္တိတို့ဖြင့် ကြိုတင်သိရှိ နှလုံးသွင်းမှသာလျှင် အလွန်ရိုးသားသော လုပ်သားပြည်သူ အပေါင်းတို့သည် ဂိုဏ်းကိုဘမ်းပြ၍ လှည့်စားနေကြသော လူလိမ်လူညာတို့၏ စက်ကွင်းထောင်ချောက်အတွင်းမှ လွတ်ကင်းနိုင်မည်ဖြစ်ပေသည်။

တန်ခိုးဟူသည်မှာ လောကီပညာရပ်ဟုဆိုရသည့်တိုင်အလွန်စင်ကြယ်သော သီလနှင့်ပြည့်စုံမှသာလျှင် ဖြစ်နိုင်ရနိုင်ကြောင်းကို—

"ရဟန်းတို့၊ သီလရှိသောသူ စိတ်တောင့်တခြင်းသည်အထူး စင်ကြယ်ခြင်းကြောင့် တောင့်တတိုင်းပြည့်စုံရ၏...."

ဟု အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်တို့၌ ညွှန်ပြတော်မူသည်။

ထို့ကြောင့် လောကီတန်ခိုးဟူသော အဘိညာဉ်ငါးပါးကိုတတ်မြောက်ရရှိလိုလျှင် အဓိကအားဖြင့်အထူးစင်ကြယ်သော သီလနှင့် ပြည့်စုံရန်လိုသည်။

တန်ခိုးဟူသည်မှာ မိုးကျရွှေကိုမဟုတ်၊ အလိုလိုလည်းမရနိုင်၊ မိမိပြုခဲ့သော ရှေ့အတိတ်အကြောင်းအရာနှင့် ယခုပစ္စုပ္ပန် အကြောင်းအရာတို့ပေါင်းဆုံမိမှသာလျှင်ဖြစ်ပေါ်လာနိုင်သည်။

သို့သော် အတိတ်နှင့်ပစ္စုပ္ပန်အကြောင်းနှစ်ရပ်တို့ ဆက်စပ်ရန်မှာ မိမိအပေါ်၌သာ တည်နေသည်။ မိမိကိုယ်တိုင်ကိုယ်ကျ အားထုတ်ယူမှသာရနိုင်သော ပဓာန လုပ်ငန်းကြီး ဖြစ်သည်။ တန်ခိုးဟူသည် စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ဉာဏ်တည်းဟူသောအခြေခံ အကြောင်းတရားကြီး လေးရပ်အပေါ်၌သာ တည်ရှိနေကြောင်း ဗုဒ္ဓကအတိအကျညွှန်ပြတော်မူသည်။

ထို့ကြောင့်ဗုဒ္ဓက....

"ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒလွန်ကဲသော သမာဓိ၊ မြတ်သောလုံ့လနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွား၏ စိတ်လွန်ကဲသော သမာဓိ၊ ပညာလွန်ကဲသော သမာဓိ၊ ဝီရိယလွန်ကဲသော သမာဓိ၊ မြတ်သောလုံ့လနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွား၏။ ဤတန်ခိုးဖြစ်ကြောင်း၊ ဣဒ္ဓိပါဒ်ကြီးလေးပါးတို့သည်။ တန်ခိုးအဘိညာဉ်ရခြင်းငှာ၊ ပ။ တန်ခိုး၌ရှု့ရှုခြင်း

ကင်း၍ ရဲရင့်ခြင်းအကျိုးငှာဖြစ်ကုန်၏....”ဟု ညွှန်ပြတော်မူသည်။

ယင်းကွဒ္ဒိပါဒ်ကြီး လေးရပ်အပေါ်၌ အခြေစိုက်ထားရသည်မှာ တန်ခိုးမျှသာမဟုတ်၊ ခပ်သိမ်းသော လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတရားတို့သည် ယင်းအကြောင်းတရားတို့အပေါ်၌ အမှီပြု၍သာလျှင် ဖြစ်ပေါ်လာရသည်။

ထို့အတူတန်ခိုးဟူသည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာခြင်းမရှိ၊ အလွန်ခိုင်လုံသော ခိုင်မြဲသောကွဒ္ဒိပါဒ်ကြီးလေးရပ်အပေါ်၌ အခြေစိုက်လျက်ဖြစ်ပေါ် လာရသောကြောင့် မည်မျှအထိခိုင်လုံ၍ မည်မျှအထိသိပ္ပံနည်းကျသော ဝိဇ္ဇာပညာရပ်ဖြစ်ကြောင်း ဤကျမ်းကိုလေးခေါက်ထက်မနည်း လေ့လာဖတ်ရှုပြီးနောက် ပညာရှင် အမျိုးကောင်းသားတို့သည် မိမိတို့၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ဆုံးဖြတ်ကြစေကုန်။

ဤကျမ်း၌ အတိမ်းအစောင်း အမှားအယွင်းတို့ကို တွေ့ရှိပါက ပညာရှင်တို့အနေဖြင့် ပြစ်တင်စောခြင်းမရှိဘဲ မှန်ကန်သော သတိဖြင့် ပြုပြင်နှလုံးသွင်းစေလိုသည့်အပြင် ခိုင်လုံသော အထောက်အထား ဒေသနာအာဂမတို့ဖြင့် ဖြူစင်သောမေတ္တာဓာတ်ရှေ့သွား၍ပြုလျက် သွန်သင်ညွှန်ပြပဲ့ပြင်နိုင်ကြပါစေကုန်။

ဒဂုန်ထွန်း

# မှီငြမ်းကိုးကားသောကျမ်းများ

## ပါဠိတော်များ

၁။ ဓမ္မသင်္ဂဏီပါဠိတော်။
၂။ ဝိဘင်္ဂပါဠိတော်၊
၃။ သီလက္ခန္ဓပါဠိတော်။
၄။ သံယုတ္တမဟာဝါပါဠိတော်။
၅။ အင်္ဂုတ္တရပါဠိတော်။
၆။ မူလပဏ္ဏာသပါဠိတော်။
၇။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

## ပါဠိတော်အဖွင့်ကျမ်းများ

၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။
၂။ အဋ္ဌသာလိနီအဋ္ဌကထာ။
၃။ သီလက္ခန်အဋ္ဌကထာ။
၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။
၅။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။
၆။ မူလပဏ္ဏာသအဋ္ဌကထာ။
၇။ အင်္ဂုတ္တရအဋ္ဌကထာ။
၈။ အဘိဓမ္မာဝတာရပုရာဏဋီကာ။
၉။ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပ)တွဲ။
၁၀။ ပရမတ္ထသရူပဘေဒနီကျမ်း(ပ—ဒု)တွဲ။
၁၁။ ဋီကာကျော်(၃-ကျမ်း)တွဲ။
၁၂။ သုတေသနသရုပ်ပြအဘိဓာန်(ဆရာတော်ဦးသြဘာသ)

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အရဟတ္တဖိုလ်သမာဓိ

ဥဒယ ကာမဂုဏ်ကိုလိုလားသော ကာမစ္ဆန္ဒ၊ နှလုံးမသာယာမှု ဒေါမနဿ၊ ထိုင်းမှိုင်းမှု ထိန၊ နောင်တဖန် ပူပန်မှု ကုက္ကုစ္စ၊ ပြင်းစွာ တွေဝေမှု အဝိဇ္ဇာတို့ကို ဖျက်ဆီးတတ်သော လျစ်လျူရှုမှု(စတုတ္ထစျာန်ဥပေက္ခာ)ကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်းရှိသော တရားကိုကြံစည်မှုဓမ္မဝိတက်လျှင် ရှေ့သွားရှိသော တရားကို ထွက်မြောက်မှု အရဟတ္တဖိုလ် ဝိမောက္ခဟူ၍ဆိုအပ်၏။

ဥဒယမာဏဝပုစ္ဆာ

ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိသောသူသည် အိပ်ခြင်းကိုများစွာမပြုရာ၊ နိုးကြားမှုဝီရိယကိုမှီဝဲရာ၏။ ပျင်းရိမှုကိုရင်း၊ လှည့်ပတ်မှုမာယာကိုရင်း၊ ရယ်ရွှင်မှုကိုရင်း၊ မြူးထူးပျော်ရွှင်မှုကိုရင်း၊ မေထုန်အကျ ့ယုတ်ကိုရင်း၊ အသုံးအဆောင်နှင့်တကွ ခန္ဓာကိုယ်ကိုတန်းဆာဆင်မှုကိုရင်၊ ပယ်စွန့်ရာ၏။

တုဝဋ္ဋကသုတ်

ရဟန်းတို့ အိပ်ခြင်းမှ ထကြကုန်လော့၊ ကမ္မဋ္ဌာန်းအားထုတ်ရန် ထိုင်နေကြကုန်လော့၊ သင်တို့အား အိပ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကိလေသာနှိပ်စက် အခံခက်၍ ရောဂါမြားစူးဝင်ကုန်သည်ဖြစ်၍ ဖေါက်ပြန်ကုန်သော သင်တို့အား အိပ်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

ရဟန်းတို့ အိပ်ခြင်း၌မွေ့ ထကြွကုန်လော့၊ ကမ္မဋ္ဌာန်းအား ထုတ်ရန် ထိုင်နေကြကုန်လော့၊ နိဗ္ဗာန်အကျိုးငှာ ပြင်းပြင်း ထန်ထန်ကျင့်ကြကုန်လော့၊ သေမင်းသည် မေ့လျော့နေသော သင်တို့ကိုသိ၍ မိမိအလိုသို့ လိုက်စေသည်ကို ပြုကာ မတွေဝေ စေလင့်။

ဥဋ္ဌာနသုတ်

ငါဘုရားကို ချစ်မြတ်နိုးသော သူတို့သည် စျာန်ဝင်စား ကုန်၏။ ကာမကိုစွန့်လွှတ်ကုန်ပြီးသော ပညာရှိတို့၏ ကြွေး ကြော်သံကိုကြားရသောကြောင့် ရှက်မှုဟိရိကိုရင်း၊ ယုံကြည်မှု သဒ္ဓါကိုရင်း အတိုင်းထက်အလွန်ပြုရာ၏။

နာလကသုတ်

# သမထကမ္မဋ္ဌာန်း

## သမာဓိအဖွင့်

**ကမ္မဋ္ဌာန်း ၂—မျိုး**

ဗုဒ္ဓရှင်မြတ်ကြီး၏ ဒေသနာတော်၌ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ဟူ၍နှစ်မျိုးရှိသည်။ ဤကျမ်း၌ သမထကမ္မဋ္ဌာန်းတရားကိုသာလျှင် ဖွင့်ပြမည်။

**ကမ္မဋ္ဌာန်းဟူသောအဓိပ္ပါယ်**

ကမ္မဋ္ဌာန်းဟူသည်မှ အလုပ်သာလျှင် တည်ရာဖြစ်၏။ ထို့ကြောင့်(ကမ္မဋ္ဌာန)ကမ္မဋ္ဌာန်းမည်၏။ တနည်းအားဖြင့် ဘာဝနာလုပ်ငန်း၏တည်ရာဖြစ်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းမည်၏။ထို့ကြောင့်ကမ္မဋ္ဌာန်းဟုခေါ်သည်။

**သမထဟူသောအဓိပ္ပါယ်**

ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ တည်းဟူသော (ငါးပါး) ဆန့်ကျင်ဘက်နီဝရဏ တရားတို့ကို ငြိမ်းအေးစေတတ်၏။ ထို့ကြောင့် **သမထမည်၏**။

သမာဓိဟူသောအဓိပ္ပါယ်

စိတ်နှင့်ယှဉ်တတ် စေတသိက်တရားတို့ကို ကသိုဏ်းစသည့် တခုတည်းသော အာရုံ၌ မပေါက်မပြန့် အညီအညွတ်ထား ခြင်းသည် သမာဓိမည်၏။ တနည်းအားဖြင့် ကသိုဏ်းစသည့် အာရုံတခုခု၌ စိတ်ကို တပ္ပိုင်နက် စုစည်း၍ ထားသောကြောင့် တည်ငြိမ်သော စိတ်ဖြစ်ပေါ်လာသည်။ ယင်းတည်ငြိမ်မှုကို သမာဓိဟုခေါ်သည်။

မည်သည့်အာရုံ၌မဆို စိတ်အစဉ်စူးစိုက်နေသောကြောင့်ဖြစ် ပေါ်လာသော စိတ်တည်ငြိမ်မှုကို သမာဓိဟုခေါ်သည်။ သို့ သော် ကောင်းသောအာရုံ၊ မကောင်းသော အာရုံဟူ၍ရှိရာ ကောင်းသော အာရုံ၌ စူးစိုက်၍ဖြစ်ပေါ်လာသော တည်ငြိမ် မှုကိုသာလျှင် (မှန်ကန်သော တည်ငြိမ်မှုဖြစ်၍) အလိုရှိအပ် သည်။

သမာဓိ၏လက္ခဏာရသဂုဏ်

သမာဓိသည် သမ္ပယုတ်(စေတသိက်)တို့ကို အာရုံအမျိုးမျိုး သို့ မပျံ့လွင့်စေခြင်း လက္ခဏာရှိသည်။ အာရုံအမျိုးမျိုးတို့ပျံ့ လွင့်စေတတ်သော ဥဒ္ဓစ္စကိုဖျက်ဆီးခြင်းကိစ္စ (ရသ) ရှိသည်။ ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်စွမ်းသော အစွမ်းသတ္တိနှင့်ပြည့်စုံသော ဂုဏ် ရှိသည်။ မတုန်မလှုပ်သောအားဖြင့်ဉာဏ်၌ရှေ့ရှုထင်ခြင်းရှိသည်။ သုခသည် သမာဓိ၏နီးစွာသော အကြောင်းရှိသည်။

သမာဓိအပြားကို အဘိဓမ္မာ အဋ္ဌကထာတို့၌ များစွာဖြင့် ပြထားသည်။ သို့သော် သမာဓိသည် 'အဝိက္ခေပလက္ခဏာ' သာမညအားဖြင့် တပါးတည်းသာဖြစ်သည်။

မှတ်ချက်။ အဝိက္ခေပလက္ခဏာဟူသည်မှာ မပျံ့လွင့်ခြင်း။ သမ္ပယုတ်တရားတို့ကို မပျံ့လွင့်စေခြင်းသဘောဖြစ်သည်။

ဝိသေသလက္ခဏာကို လိုက်၍ခွဲလျှင် ဥပစာသမာဓိ၊ အပ္ပနာသမာဓိ၊ လောကီသမာဓိ၊ လောကုတ္တရာသမာဓိ၊ ပရိတ္တသမာဓိ၊ မဟဂ္ဂသမာဓိ၊ အပ္ပမာဏသမာဓိဟူ၍ များစွာရှိသည်၊ လိုရင်းအားဖြင့် လောကီသမာဓိ၊ လောကုတ္တရာသမာဓိဟူ၍ နှစ်ပါးသာတည်း။

ဤသမထကမ္မဋ္ဌာန်း၌ လောကီသမာဓိသာ လိုရင်းဖြစ်သည်။ သမထဘာဝနာ ဝိပဿနာ ဘာဝနာဟူ၍နှစ်ပါး၊ သမထယာနိက၊ ဝိပဿနာယာနိကဟူ၍ နှစ်ပါးရှိရာတွင် ဤကျမ်း၌သမထဘာဝနာ၊ သမထယာနိကသာလိုရင်းဖြစ်သည်။

သုဒ္ဓဝိပဿနာယာနိက ဖြစ်သော အလွန်စင်ကြယ်သည့် လောကဝိမုတ္တိလမ်းစဉ်ကြီးနှင့် လောကီမျှသာဖြစ်သော ဤသမထယာနိကလမ်းတို့ကို မရောမယှက်မိစေရန် အထူးသတိပြုရန်လိုသည်။ ဤကျမ်းသည် လောကီတန်ခိုးသက်သက်ကို သီးသန့်ထုတ်နုတ်၍ပြသလိုသောကြောင့် သမထကမ္မဋ္ဌာန်းကိုသာ အဓိကရည်ညွှန်းသည်။

သမထကမ္မဋ္ဌာန်းသည် သမာဓိတည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး သက်သက်ဖြစ်သည်။ ဤနေရာ၌ လောကီနှင့် လောကုတ္တရာသမာဓိတည်ဆောက်ပုံချင်း ကွဲထွက်သွားပုံကို နှလုံးသွင်းထားရန်လိုသည်။

သမထဘာဝနာဟူသည်မှာ သမာဓိအလုပ်သက်သက် ဖြစ်သည်။ ဝိပဿနာ ဘာဝနာသည် သတိအလုပ်သက်သက်ဖြစ်

သည်။ လောကီသမာဓိ တည်ဆောက်ရေးလုပ်ငန်း၌ သမထကမ္မဋ္ဌာန်းကြီးလေးဆယ်လုံး ပဓာနအရင်းခံဖြစ်သည်။

လောကုတ္တရာ သမာဓိတည်ဆောက်ရေး၌ သတိပဋ္ဌာန်တရားလေးပါးသည် ပဓာနအရင်းခံဖြစ်သည်။ တရားကိုယ်အားဖြင့် လောကုတ္တရာစိတ်ရှစ်ခု၌ရှိသောသတိ စေတသိက်တခုသာတည်း။ ထို့ကြောင့် သမထကမ္မဋ္ဌာန်းသည် သမာဓိတည်ဆောက်ရေးလုပ်ငန်းသက်သက်၊ ဝိပဿနာကမ္မဋ္ဌာန်းသည် သတိတည်ဆောက်ရေး လုပ်ငန်းသက်သက်ဖြစ်သည်။ သို့သော်သတိသည်လုပ်ငန်းနှစ်ရပ်စလုံး၌ယှဉ်သည်။

ထို့ကြောင့်သမထနှင့် ဝိပဿနာတို့ကို ဤနေရာ၌ကွဲပြားအောင် ခွဲခြားနှလုံးသွင်းထားရန်လိုသည်။ သို့မှသာ ကမ္မဋ္ဌာန်းနှစ်ရပ်တို့ထွေးရောယှက်တင်မရှိဘဲ လက်တွေ့ လုပ်ဆောင်ရာ၌ လွယ်ကူစေနိုင်သည်။

သမာဓိတည်ဆောက်ရေးဖြစ်သော သမထကမ္မဋ္ဌာန်းတို့ကို အကျယ်ဖွင့်ပြသည်မှာ လောကီစျာန် တန်ခိုးတို့ကို အတိတ်အကြောင်းရှိပါက စနစ်တကျကျင့်သုံးရရှိစေနိုင်ရန်နှင့် ဗုဒ္ဓနှင့် အရိယာသာဝကတို့၏ အံ့မခန်းသော လောကီအဘိညာဉ်တန်ခိုးအမျိုးမျိုးတို့ကို သိရှိစေနိုင်ရန်ဖြစ်သည်။ လေးဆယ်သော သမထကမ္မဋ္ဌာန်းကိုစီးဖြန်းကြိုးကုတ်အားထုတ်ရခြင်း၏ အကျိုးအာနိသင်ငါးပါးရှိကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌....

ရဟန္တာအရှင်မြတ်တို့၏ အပ္ပနာ သမာဓိသည် မျက်မှောက်ခန္ဓာ၌ ဒိဋ္ဌဓမ္မသုခဝိဟာရ ချမ်းသာစွာနေရခြင်းအကျိုးပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ဥပစာသမာဓိ၊ အပ္ပနာသမာဓိသည်

ဝိပဿနာအကျိုး၊ ကာမသုဂတိဘဝဖြစ်မှုဟူသော ဝအကျိုးလောကီ အဘိညာဉ်တန်ခိုးကြီး ငါးမျိုးကို ရခြင်းဟူသောအကျိုး၊ နိရောဓသမာပတ်ကိုရခြင်း၊ ရောက်ခြင်းဟူသော အကျိုးတရားငါးပါး တို့ကိုဖြစ်စေနိုင်သည်၊

ထို့ကြောင့်များသော အကျိုးရှိသော ကိလေသာအညစ် အကြေးတို့ကို ဆေးကြောသုတ်သင်ကြောင်းဖြစ်သော သမာဓိ ဘာဝနာကို အားထုတ်ခြင်း၌ ပညာရှိကလျာဏအမျိုးကောင်း သားတို့သည် မမေ့မလျော့ရာဟူ၍မိန့်သည်။

ထို့ကြောင့် သမထကမ္မဋ္ဌာန်းသည် လောကီပင်ဖြစ်လင့်က စား လောကုတ္တရာ၏ နီးစွာသော အကြောင်းရှိသည်။ ထို့အ ပြင် ဤသမထဘာဝနာကြောင့် ရရှိလာသော အဘိညာဉ် တန်ခိုးသည် လောကုတ္တရာဝိပဿနာမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့မှလွဲ လျှင် လောကီ၌ ထူးမြတ်သော ဉာဏ်ဖြစ်ကြောင်းကို....

ဗုဒ္ဓရှင်မြတ်ကြီးက....

"ထိုပုဂ္ဂိုလ်သည် ထူးမြတ်သောဉာဏ်ဖြင့် မျက်မှောက်ပြု အပ်၊ ပွားစေအပ်၊ ထင်စွာပြုအပ်သောတရားကို ထူးမြတ် သောဉာဏ်ဖြင့် မျက်မှောက်ပြုရန် အဓိဋ္ဌာန်စိတ်ကို ရှေ့ရှု ညွတ်စေ၏။ အဘိညာဉ်ရရန် အကြောင်းရှိခဲ့သော် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့၌ ပြုထိုက်သော အဖြစ်သို့ရောက်ရ၏"ဟုညွှန်ပြတော်မူသည်။

ထို့ကြောင့်အဘိညာဉ်တန်ခိုးကို ရရှိလိုသော ယောဂီသည် ဤသမထကမ္မဋ္ဌာန်း သမာဓိတည်ဆောက်ရေး လုပ်ငန်းကြီးကို ရှိသေစွာလေ့လာ ကြိုးကုတ်အားထုတ်ထိုက်သည်။

ယခုအခါ ဖွင့်ပြအံ့သော သမထကမ္မဋ္ဌာန်းတို့သည် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ဆန္ဒ၊ ပညာရှိသူတို့အတွက်သာ ရည်ညွှန်းသည်။ အထူးသဖြင့် စင်ကြယ်သော သီလဖြင့်ပြည့်စုံပြီးသူကိုသာ ရည်ညွှန်းသည်။ သီလဖြင့် မပြည့်စုံသူကို မရည်ညွှန်းကြောင်း သတိချပ်ရန်လိုသည်။

## ပဋိပဒါအကျင့်လေးမျိုး

ပဋိပဒါဟူသည်မှာ အကျင့်ကိုခေါ်သည်။ ဈာန်သို့ရောက်ကြောင်းအကျင့်သည့် ဤနေရာ၌ ပဋိပဒါနှင့်အဘိညာဉ်ကွဲကွဲပြားပြားသိရန်မှာ ပထဝီကသိုဏ်းစီးဖြန်းသည်မှစ၍ နီဝရဏ၊ ဝိတက်၊ ဝိစာရစသော ဆန့်ကျင်ဘက်တရားတို့၌ ကပ်ငြိခြင်း ငြိမ်းသည်အထိ သမာဓိဘာဝနာကို ပဋိပဒါဟုခေါ်သည်။

ကပ်ငြိမှုငြိမ်းသည်မှစ၍ အပ္ပနာအထိဖြစ်သော ပညာကို အဘိညာဉ်ဟုခေါ်သည်။ တနည်းအားဖြင့် အဘိညာဉ်ဟူသည်မှာ အထူးထိုးထွင်း၍ သိသောဉာဏ်ပညာပင်ဖြစ်သည်။

ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ အသိဉာဏ်နှေးနှေးခြင်းကို ဒုက္ခပဋိပဒါဒန္ဒာဘိညာဟုခေါ်သည်။ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ အသိလျင်မြန်ခြင်းကို ဒုက္ခပဋိပဒါခိပ္ပါဘိညာဟု ခေါ်သည်။ လွယ်ကူချမ်းသာစွာ ကျင့်ရ၍ အသိနှေးနှေးခြင်းကိုသုခပဋိပဒါ ဒန္ဒာဘိညာဟုခေါ်သည်။ လွယ်ကူချမ်းသာစွာ ကျင့်ရ၍အသိလျင်မြန်ခြင်းကို သုခပဋိပဒါ ခိပ္ပာဘိညာဟုခေါ်သည်။

## ကမ္မဋ္ဌာန်လေးဆယ်

ကသိုဏ်းဆယ်ဝ၊ ဒသအသုဘာ၊ ဒသာနုဿတိ၊ လေးရှိဗြဟ္မ ကောသညာ၊ ကော၀၀ဝတ္ထာန်၊ လေးတန်အာရုပ္ပ၊သချာရကို၊ရော ကလေးဆယ်ပြည့်သတည်း။

ပရမတ္ထသရူပဘောဒနီ ၁၆၉။

အဘိဓမ္မာ၌ ကမ္မဋ္ဌာန်းကြီးလေးဆယ်ကို အောက်ပါအတိုင်း ခွဲခြားပြတော်မူသည်။

ကသိုဏ်းဆယ်မျိုး၊ အသုဘာဆယ်မျိုး၊ အနုဿတိဆယ်မျိုး၊ ဗြဟ္မဝိဟာရလေးမျိုး၊ အာရုပ္ပလေးမျိုး၊ သညာတမျိုး၊ ဓာတုဝဝတ္ထာန်တမျိုးဟူ၍ ကမ္မဋ္ဌာန်းကြီးလေးဆယ်ရှိသည်။

### ကသိုဏ်ဆယ်မျိုး

၁။ ပထဝီကသိုဏ်း .... မြေကသိုဏ်း
၂။ အာပေါကသိုဏ်း — ရေကသိုဏ်း
၃။ တေဇောကသိုဏ်း .... မီးကသိုဏ်း
၄။ ဝါယောကသိုဏ်း .... လေကသိုဏ်း
၅။ နီလကသိုဏ်း .... ညိုသောကသိုဏ်း
၆။ ပီတကသိုဏ်း .... ရွှေသောကသိုဏ်း
၇။ လောဟိတကသိုဏ်း .... နီမြန်းသော ကသိုဏ်း
၈။ ဩဒါတကသိုဏ်း .... ဖြူသောကသိုဏ်း
၉။ အာလောကကသိုဏ်း ... အလင်းရောင်ခြည်ကသိုဏ်း
၁၀။ ပရိစ္ဆိန္နာကာသကသိုဏ်း ....ကောင်းကင်ကသိုဏ်း

## အသုဘဆယ်မျိုး

၁။ ဥဒ္ဓုမာတကအကောင်ပုပ် ၂။ ဝိနီလကအကောင်ပုပ်
၃။ ဝိပုဗ္ဗကအကောင်ပုပ် ၄။ ဝိစ္ဆိဒ္ဒကအကောင်ပုပ်
၅။ ဝိက္ခာယိတကအကောင်ပုပ် ၆။ ဝိက္ခိတ္တကအကောင်ပုပ်
၇။ ဟတဝိက္ခိတ္တကအကောင်ပုပ် ၈။ လောဟိတကအကောင်ပုပ်
၉။ ပုဠုဝကအကောင်ပုပ် ၁၀။ အဋ္ဌိကအကောင်ပုပ်

## အနုဿတိဆယ်မျိုး

၁။ ဗုဒ္ဓဂုဏ်တော်ကို အဖန်တလဲလဲအောက်မေ့ခြင်း။
၂။ တရားဂုဏ်တော်ကိုအဖန်တလဲလဲအောက်မေ့ခြင်း။
၃။ သံဃာ့ဂုဏ်တော်ကိုအဖန်တလဲလဲအောက်မေ့ခြင်း။
၄။ မိမိ၏သီလဂုဏ်ကိုအဖန်တလဲလဲအောက်မေ့ခြင်း။
၅။ နတ်တို့၏သဒ္ဓါအစရှိသောဂုဏ်နှင့်တူသည့် မိမိဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်း။
၆။ သေခြင်းကို အဖန်တလဲလဲအောက်မေ့ခြင်း။
၇။ ဆံပင်စသည့်ကိုယ်အစုကိုအဖန်တလဲလဲအောက်မေ့ခြင်း
၈။ ထွက်သက်ဝင်သက်တို့ကိုအဖန်တလဲလဲအောက်မေ့ခြင်း
၉။ လှူဒါန်းခြင်း စသည့်ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်း။
၁၀။ ဒုက္ခခပ်သိမ်း အေးငြိမ်းသောနိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

## ဗြဟ္မဝိဟာရလေးမျိုး

ဗြဟ္မဝိဟာရမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ လေးမျိုးဖြစ်သည်။ ဗြဟ္မစိုရ်တရားလေးပါးဟူ၍လည်းခေါ်သည်။ သဒ္ဒါအနက်မှာ မြင့်မြတ်သော ဖြူစင်သော အကျင့်တရားလေးပါးဟုဆိုလိုသည်။

ဤတရားလေးပါးကား ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ အခါခပ်သိမ်းရှိသော တရားတည်း။ ဤစျာန်တို့ကိုပွားများ၍ မရေမတွက်နိုင်သော သတ္တဝါတို့သည် ဗြဟ္မာ့ဘုံသို့ဆိုက်ရောက်ကုန်၏။

### အရူပလေးမျိုး

၁။ အာကာသာနဉ္စာယတနစျာန်။

၂။ ဝိညာဏဉ္စာယတနစျာန်။

၃။ အာကိဉ္စညာယတနစျာန်။

၄။ နေဝသညာနာသညာယတနစျာန်။

ယင်းစျာန်လေးပါးကို အာရုပ္ပစျာန်ဟုခေါ်သည်။ ဆိုလိုသည်မှာ ရုပ်ခန္ဓာမရှိသောဘုံ၌ဖြစ်စေတတ်သော စျာန်ဟုဆိုလိုသည်။ အရူပစျာန်ဟုလည်းခေါ်နိုင်သည်။

### သညာကသိုဏ်း

မိမိစားမျိုအပ်သော အစာအာဟာရတို့၌ စက်ဆုပ်ရွံရှာဘွယ်ရာဟူသော အမှတ်သညာကို ယူ၍ ရှုရသော ကသိုဏ်းကိုခေါ်သည်။

## ဝဝတ္ထာန်ကသိုဏ်း

ခေတ်ကြီးလေးပါးကို ပိုင်းခြား၍ ရှုရသောကသိုဏ်းဖြစ်၍ ခေတ်ကသိုဏ်းဟုလည်းခေါ်သည် စတုဓာတုဝဝတ္ထာန်ဟုလည်းခေါ်သည်။ အမှန်စင်စစ် ဓာတ်ကသိုဏ်းတည်း။

## ပုဗ္ဗကာရဏ

ကမ္မဋ္ဌာန်းတရားအားထုတ်မည့် ယောဂီသည် အောက်ပါအချက်ကြီးများကို ကြိုတင်သိထားရန်လိုသည်။

ကမ္မဋ္ဌာန်းပေးမည့်ဆရာ အင်္ဂါခုနစ်ပါး ကမ္မဋ္ဌာန်းအားထုတ်မည့် ပုဂ္ဂိုလ်အင်္ဂါငါးပါး၊ စရိုက်ခြောက်ပါး ကသိုဏ်းအပြစ်လေးပါး၊ ကသိုဏ်းပြုလုပ်နည်း၊ ကသိုဏ်းပွားနည်း၊ နိမိတ်နှစ်ပါး၊ သမာဓိနှစ်ပါး၊ သပ္ပါယအသပ္ပါယခုနစ်ပါး အပ္ပနာကောသလ္လဉာဏ်ဆယ်ပါး၊အပ္ပနာအစီအရင်တို့ကိုသိထားရန်လိုသည်။

ကမ္မဋ္ဌာန်း ဘာဝနာသည် အလွန်နက်နဲ၏။ အလွန်သိမ်မွေ့၏။ အလွန်တန်ခိုးကြီး၏။ ဘုရားရဟန္တာ အစရှိသော အရိယာအရှင်မြတ်တို့၏ ဥစ္စာရတနာဖြစ်၍ အရှိအသေအမှန်အမြတ်ထား၍ အသက်ကဲ့သို့ရှိသေမြတ်နိုးထိုက်လှ၏။

သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့သည်ဘုရားရဟန္တာစသည့် အရိယာအရှင်မြတ်တို့ အစဉ်မှီဝဲအပ်သော ဥစ္စာရတနာဖြစ်၍ ပေါ့ပေါ့တန်တန် သဘောထားခြင်း၊ စားသောက်ကောင်းရုံ၊ သံသရာခရီးသွားကောင်းရုံ အားထုတ်ခြင်းမျိုး မဖြစ်သင့်။

မည်သည့်လုပ်ငန်းမဆို မလုပ်လိုက မလုပ်ဘဲနေခြင်းသည် ပို၍ကောင်း၏။ တောင်မရောက်မြောက်မရောက် မလုပ်သင့်။ ချွတ်ချော်တိမ်းစောင်းသွားခဲ့လျှင် လောကီအလုပ်ဖြစ်က မျက်မှောက်သာ အကျိုးယုတ်နိုင်သော်လည်း လောကုတ္တရာအလုပ်ဖြစ်က သံသရာတလျှောက်လုံး အကျိုးယုတ်နိုင်သည်ကို အထူးနှလုံးသွင်းထိုက်သည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ ဘာဝနာ အလုပ်စခန်းတို့သည် အလွန်သိမ်မွေ့ခက်ခဲနက်နဲသောကြောင့် သာမာန်ပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်၍ ဟောတော်မူခဲ့ခြင်းမဟုတ်။ တနည်းအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့အတွက် ဟောတော်မူခဲ့ခြင်းမဟုတ်။ အမှန်စင်စစ်ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ တိဟိတ်ကလျာဏပုထုဇဉ်မဟာအာဇာနည် သူရဲကောင်းတို့အတွက် ရန်ညွှန်းထား ခဲ့ခြင်းသာလျှင်ဖြစ်သည်။

ပကတိအားဖြင့် တိဟိတ်ပဋိသန္ဓေဖြစ်၍ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါး၌ ညွတ်နူးသောစိတ်ရှိသော ပုဂ္ဂိုလ်၊ သီလစင်ကြယ်၍ခိုင်မြဲသော ပုဂ္ဂိုလ်တို့မှသာလျှင် ဘာဝနာအလုပ်စခန်း၌ အဟုတ်တမ်းပေါက်ရောက် နိုင်မည်ဖြစ်ပေသည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ ဘာဝနာ အလုပ်စခန်းကို အားထုတ်လိုသော ယောဂီတို့သည် စင်ကြယ်သော သီလ၊ ခိုင်မြဲသော သီလရှိရမည်။ သီလဟူသည်၌ ယုတ်စွအဆုံး ငါးပါးသီလကို အသက်ထက်ဆုံး၊ ဆောက်တည်ထားသူဖြစ်ရမည်။ ယင်းသို့သော သီလရှိသူတို့မှသာလျှင် ဤကမ္မဋ္ဌာန်း၊ အလုပ်စခန်းကြီး

ကိုအားထုတ်သင့်သည်။ သို့မဟုတ်က စိတ်ဖေါက်ပြန်သွားတတ်ကြောင်းကို သိရှိထားရန်လိုသည်။

"ကသိုဏ်းအပြစ်လေးပါး"ဟူသည်မှာ အညို၊ အရွှေ၊ အနီ၊ အဖြူတည်းဟူသော အရောင်အဆင်းတို့ကိုဆိုလိုသည်။ ကသိုဏ်းအပြစ်လေးပါးသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ကသိုဏ်းကြီးလေးပါး၌သာလျှင် အများအားဖြင့်ရှိသည်။အခြားသော ကသိုဏ်းတို့၌မရှိဟူ၍မှတ်။

အဘယ့်ကြောင့်ဆိုသော် ကျန်ကသိုဏ်း ခြောက်ပါးတို့၌ အရောင်အဆင်းတို့ကိုရှုသောကြောင့်တည်း။ ယင်းအပြစ်လေးပါးသည် အဓိကအားဖြင့် ပထဝီကသိုဏ်းကို ညွှန်းရခြင်းဖြစ်သည်။

## ကမ္မဋ္ဌာန်းဆရာ၏အင်္ဂါခုနစ်ပါး

ကမ္မဋ္ဌာန်းပို့ချပေးမည့်ဆရာသည် ခိုင်မြဲစင်ကြယ်သောသီလရှိခြင်း။ လေးစားအပ်သောဂုဏ်ပညာနှင့် ပြည့်စုံခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်အင်္ဂါနှင့် ပြည့်စုံခြင်း၊ ဆုံးမသွန်သင်တတ်ခြင်း သူတပါးကဲ့ရဲ့ပြစ်တင်သည်ကို သည်းခံနိုင်စွမ်း ရှိခြင်း၊ နက်နဲသော တရားဒေသနာ ပဋိစ္စသမုပ္ပါဒ်ကို ဟောပြောနိုင်စွမ်းရှိခြင်း(၀၁)ကျမ်းဂန်တတ်ကျွမ်းခြင်းနှင့် စီးပွားမရှိသော အမှု၌ မတိုက်တွန်းတတ်ခြင်းတို့ဖြင့် ပြည့်စုံစေရမည်။

ဝိသုဒ္ဓိမဂ်၌သဒ္ဓါ၊ စာဂ၊ ဝီရိယ၊ သတိ၊ သီလ၊ သုတ၊သမာဓိပညာဟူ၍ ဆရာ့အင်္ဂါရှစ်ပါးရှိသည်။ ယင်းရှစ်ပါးနှင့်လည်း

ပြည့်စုံနေသူကိုသာလျှင် ကမ္မဋ္ဌာန်းဆရာအဖြစ် ရွေးချယ်သင့်သည်။ တင်မြှောက်သင့်သည်။

ရတနာသုံးပါးနှင့်တကွ မိမိအားထုတ်မည့် ကမ္မဋ္ဌာန်းတရားတို့၌ ထက်သန်သော ယုံကြည်မှုရှိခြင်း၊ ကိုယ်ခန္ဓာကျန်းမာအနာကင်းခြင်း၊ ဘောက်ကျစ်စဉ်းလဲသော စိတ်မရှိခြင်း၊လုံ့လကြိုးကုတ်အားထုတ်နိုင်သော သတ္တိရှိခြင်း၊ ရုပ်-နာမ်နှစ်ပါးတို့ဖြစ်ပျက်မှုကို အမှီလိုက်နိုင်စွမ်းသော ဉာဏ်ပညာရှိခြင်း စသည်တို့ဖြင့် လုံးဝပြည့်စုံနေရမည်။ သို့မှသာ ကမ္မဋ္ဌာန်းတရားကိုအားထုတ်၍ပေါက်ရောက်နိုင်သည်။

## စရိုက်ခြောက်ပါး

စရိုက်ခြောက်ပါးဟူသည် ရာဂ၊ ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက်ဟူ၍ စရိုက်ခြောက်ပါးရှိသည်။

ကမ္မဋ္ဌာန်းလေးဆယ်တွင် ယောဂီတို့၏ စရိုက်ကိုကြည့်၍ကမ္မဋ္ဌာန်းဆရာကပို့ချပေးရသည်။ အကယ်၍ ယောဂီ၌ရှိသောစရိုက်နှင့် ကမ္မဋ္ဌာန်းမကိုက်ညီက လိုရာသို့မရောက်နိုင်။

ကာယဂတာသတိနှင့် အသုဘဆယ်ပါးတည်းဟူသော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက်ရှိသူနှင့်အထူးသင့်လျော်၏။ဗြဟ္မဝိဟာရလေးပါးနှင့် အဆင်းကသိုဏ်းလေးမျိုးတည်းဟူသောကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ရှိသူနှင့် အထူးသင့်လျော်၏။

အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟစရိုက်၊ ဝိတက်စရိုက်ရှိသူတို့နှင့် အထူးသင့်လျော်၏။ သဒ္ဓါစရိုက် ရှိသူသည်ရှေ့ပိုင်း အနုဿတိကမ္မဋ္ဌာန်းခြောက်ပါးနှင့်အထူးသင့်လျော်၏။

မရဏာနုဿတိကမ္မဋ္ဌာန်း၊ ဥပသမာနုဿတိကမ္မဋ္ဌာန်း၊ စတုဓာတုဝဝတ္ထာန်၊ အာဟာရေ ပဋိကူလသညာဟူသော ကမ္မဋ္ဌာန်း လေးမျိုးတို့သည် ဗုဒ္ဓိစရိုက်ရှိသူတို့နှင့် အထူးသင့်လျော်၏။

ကြွင်းသော ကသိုဏ်းနှင့် လေးပါးသော အာရုပ္ပတို့သည် အလုံးစုံသောစရိုက်ရှိသူတို့နှင့် သင့်လျော်၏။ ကသိုဏ်းများတွင် ငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက် ရှိသူတို့နှင့် သင့်လျော်၏။

ကြီးသောကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့်အထူးသင့်လျော်၏။ ဤသို့စရိုက်အလိုက် ကမ္မဋ္ဌာန်းကို ဝေဘန်ခွဲခြားရန်လိုသည်။

ထို့ကြောင့် မေဃိယသုတ်၌ "လေးပါးသောတရားတို့ကို သီလတည်ပြီးမှသာလျှင် ပွားအပ်ကုန်၏။ ရာဂကိုပယ်ခြင်းငှာ အသုဘကမ္မဋ္ဌာန်းကိုပွား၏။ ဒေါသကိုပယ်ခြင်းငှာ မေတ္တာကို ပွားအပ်၏။ ဝိတက်ကိုဖြတ်ခြင်းငှာ အာနပါနဿတိကိုပွားအပ်၏။ မာနကိုဖြတ်ခြင်းငှာ အနိစ္စသညာကို ပွားအပ်၏"ဟု ဟောတော်မူသည်။

တဖန်ရာဟုလာသုတ်၌လည်း "အို....ချစ်သား ရာဟုလာ၊ မေတ္တာဘာဝနာကို ပွားများလော့"ဟူ၍ ရာဟုလာသာမဏေအားကမ္မဋ္ဌာန်း ခုနစ်ပါးတို့ကိုဟောတော်မူသည်။

သို့သော်စရိုက်နှင့်ကမ္မဋ္ဌာန်းကိုပုံသေကားချ တသမတ်တည်း စွဲစွဲမြဲမြဲမမှတ်ယူသင့်ကြောင်းကိုဝိသုဒ္ဓိမဂ်၌မိန့်သည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာက ယောဂီတို့၏ စရိုက်ဓလေ့ဝါသနာစသည်တို့

ကိုကြည့်ရှုလေ့လာသုံးသပ်ပြီး ထိုက်သင့်သော ကမ္မဋ္ဌာန်းကို ပို့ချပေးနိုင်ခြင်းသာလျှင် အသင့်မြတ်ဆုံးဖြစ်သည်။

**ကသိုဏ်းဝန်းပြုလုပ်နည်း**

ဖြူ၊ နီ၊ ညို၊ ရွှေ၊ လေးထွေသော ပထဝီကသိုဏ် ၏အပြစ်ဒေါသမထင်ရအောင် သိဟိုဠ်ကျွန်း ရောဝနဂင်္ဂါမြစ်ကမ်းပါး မြေကဲ့သို့ အရုဏ်ရောင်အဆင်းရှိသော မဝင်းမဝါလွန်း၊ နွန်းမြေစေး (ယခုအခါ အိုးဖုတ်သောမြေစေးမျိုး)ကို ညက်ညက်ဆင့်လျက် ရေကျင်းဖျော်ကာ ကထွာနှင့်လက်လေးသစ်ခန့်ပျဉ်ချပ်၊ သားရေ၊ အဝတ်၊ ရထာစသည်တို့၌ ဝန်းဝန်းဝိုင်းဝိုင်း သုတ်လိမ်းထားရသည်။

ထို့နောက် ယင်းကသိုဏ်းဝန်း အနားပတ်လည်၌ မဲနယ်၊ ဆေးဒါး၊ မြင်းသီလာစသည်တို့ဖြင့် သုတ်လိမ်းထားရမည်။ ၎င်းဖြင့် ကသိုဏ်းဝန်းကို ပြုလုပ်စဉ် နိမ့်မြင့်မရှိ ညီညာပြေပြစ်စွာသုတ်လိမ်းရန် အရေးကြီးသည်။ မညီမညာ ဖြစ်နေလျှင် ကသိုဏ်းနိမိတ်ကိုရခဲသည်။

ယင်းကသိုဏ်းဝန်းပြုလုပ်ထားသော အရာဝတ္ထုသည် သားရေ၊ အဝတ်စသည်ဖြစ်လျှင် စည်ကဲ့သို့ တင်းနေအောင် ကားကြက်ထားရမည်။ ဥပမာကုလားဗုံကဲ့သို့ဖြစ်သည်။

**လျှောက်ပတ်မှုမလျှောက်ပတ်မှုခုနစ်ပါး**

လျှောက်ပတ်သောအရာ၊ မလျှောက်ပတ်သောအရာ ခုနစ်ပါးဟူသည်မှာ ကျောင်းအိပ်ရာနေရာ၊ ဆွမ်းခံရာ၊ စကား၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ ဣရိယာပုတ်တို့ဖြစ်သည်။

ပဋိလောမ အပြန်အားဖြင့် ယင်းသပ္ပါယ ခုနစ်ပါးတို့ကို ယူသော် အသပ္ပါယဖြစ်၏။ ထို့ကြောင့်လျောက်ပတ်မှု ခုနစ်ပါး၊ မလျောက်ပတ်မှုခုနစ်ပါးအားဖြင့် ၁၄-ပါးဖြစ်၏။

ယင်းသပ္ပါယ ခုနစ်ပါးတို့ကို သဘောအကျဉ်းအားဖြင့် ပြရသော် စိတ်ကြည်လင်ခြင်းဖြင့် ချမ်းသာစွာ အားထုတ်ရသော ကျောင်းသည် လျောက်ပတ်သောကျောင်းဖြစ်၏။

လူ–ယောဂီတို့ဖြစ်လျှင် အိမ်၊အိပ်ရာနေရာကိုယူရမည်။

မိမိသီတင်းသုံးနေသော ကျောင်းနှင့် မနီးလွန်း မဝေးလွန်း၌ တည်ရှိရာဖြစ်ရမည်။ ဆွမ်းရလွယ်၊ ပြည့်လွယ်သောရွာဖြစ်ရမည်။ ထိုရွာသည်လျောက်ပတ်သောရွာမည်၏။ လူယောဂီဖြစ်လျှင် မိမိ၏စားသောက်ရေးအတွက် အဆင်ပြေသော အရပ်ဖြစ်ရမည်။ ယင်းအရပ်သည် လျောက်ပတ်သောအရပ်မည်၏။

"စကား"ဟူသည်၌ ဈာန်မဂ်ဖိုလ်မှဖီလာဖြစ်သောစကားတို့သည် မလျောက်ပတ်သော စကားဖြစ်သည်။ ယင်းစကားတို့သည် ရပြီ နိမိတ်ကွယ်ပျောက် တတ်၏။ လျောက်ပတ်သော စကားကိုသော်လည်း အတိုင်းအဆနှင့်ပြောသင့်၏။

'ပုဂ္ဂိုလ်'ဟူသည်မှာ မဂ်ဖိုလ်နှင့်ဖီလာကန့်လန့် စကားမျိုးကို ပြောကြားလေ့ရှိသောပုဂ္ဂိုလ်(ဝါ)တိရစ္ဆာန် (မဂ်ဖိုလ်မှဖီလာ သွားတတ်သူ)ပုဂ္ဂိုလ်တို့ကိုရှောင်ရှား၍ သီလ၊ သမာဓိ၊ပညာ တို့နှင့်ပြည့်စုံသူ၊ သီလ၊သမာဓိ၊ ပညာသိက္ခာသုံးပါးအကြောင်းနှင့်စပ်၍ ပြောလေ့ရှိသူတို့သည် လျောက်ပတ်သော ပုဂ္ဂိုလ်မည်၏။

'ဘောဇဉ်အာဟာရ'ဆိုသည်မှာ မိမိနှင့်သင့်မြတ်သော ချိုချဉ်၊ စပ်ခါး စသည့်ဘောဇဉ် (ဝါ) သမားမဖြစ်ပွားကြောင်းဘောဇဉ်သည် လျောက်ပတ်သော ဘောဇဉ်မည်၏။ 'ဥတု'သည်လည်း မိမိနှင့် သင့်လျော်သော ဥတုသည် လျောက်ပတ်သောဥတုမည်၏။

'ဣရိယာပုတ်'ဟူသည်မှာ အချို့သော ပုဂ္ဂိုလ်က စင်္ကြံသွားခြင်းနှင့် လျောက်ပတ်၏။ အချို့သောပုဂ္ဂိုလ်ကထိုင်ခြင်းနှင့် လျောက်ပတ်၏။ လျောင်း၊ ထိုင်၊ ထ၊ သွားဟူ၍ ဣရိယာပုတ်လေးပါးရှိရာတွင် မိမိနှင့်သင့်လျော်သည့် ဣရိယာပုတ်သည် လျောက်ပတ်သော ဣရိယာပုတ်မည်၏။

သို့သော် သပ္ပါယ ဖြစ်မဖြစ်ကို သုံးရက်စီ စမ်းသပ်ကြည့်ရန်လိုသည်။

**ပလိဗောဓငယ်များကိုပယ်ဖြတ်၍သာကျင့်အပ်ပုံ**

ဆံပင်၊ ခြေသည်း၊ လက်သည်း၊ မုတ်ဆိတ်ကျင်စွယ်စသည်တို့ကို ပယ်ဖြတ်ထားရမည်။ ဟောင်းနွမ်း ပေါက်ပြဲနေသော သင်္ကန်း၊ အဝတ်တို့ကို ဖာထေးထားရမည်။ နံစော်နေလျှင် လျှော်ဖွပ်ထားရမည်။ သင်္ကန်းညစ်နွမ်းသော် ဆေးပြန်ဆိုးထားရမည်။ သပိတ်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ထားရမည်။

သပိတ်သံချေးများတက်နေလျှင် အသစ်လဲလှယ်သုံးရမည်။ (ရှေးအခါက မြေသပိတ်သာ အသုံးပြုလေ့ရှိသဖြင့် ချေးများတင်နေလျှင် မီးဖုတ်ရ၏) ယခုခေတ်၌မလို။ ညောင်စောင်း

ကုတင် သို့မဟုတ်တရားထိုင်မည့် အင်းပျဉ်တို့ကို သန့်ရှင်းသုတ်သင်ထားရမည်။

မှတ်ချက်။ လူ ယောဂီပုဂ္ဂိုလ်တို့ဖြစ်က အထက်ပါ ပလိဗောဓ အားလုံး မလိုအပ်ဘဲ၊ ဆံပင်၊ ခြေသည်း၊ လက်သည်း၊မုတ်ဆိတ်ကျင်စွယ်စသည်တို့ကို လှီးဖြတ်ခြင်း၊ ဖန်ရည်စွန်းသော ယောဂီဆောင် အဝတ်ကို သန့်ရှင်းအောင် လျှော်ဖွပ်၍ဝတ်ဆင်ခြင်း၊ ကိုယ်လက် အညစ်အကြေး အနံ့အသက် မထွက်အောင် သုတ်သင်ခြင်း စသည်တို့ကိုသာ ပြုလုပ်ထားရန်လိုသည်။

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးမျိုး

မည်သည့် ဘာဝနာကမ္မဋ္ဌာန်းကိုမဆို စတင်အားမထုတ်မီ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးပါးကို စတင်စီးဖြန်းရမည်။ ယင်းသဗ္ဗတ္ထက ကမ္မဋ္ဌာန်းတို့မှာ မေတ္တာပွားခြင်း၊ မရဏဿတိပွားခြင်းနှင့် အသုဘပွားခြင်းဟူ၍ သုံးမျိုးရှိသည်။

ပလိဗောဓငယ်တို့ကို ဖြတ်တွယ်မနှောက် ဖြတ်တောက်ပယ်ရှား၍ ဆွမ်းစားပြီး(လူယောဂီဖြစ်လျှင် ထမင်းစားပြီး) ဆို့တစ်နှင့်ကယ်ညှိုးနွမ်းပင်ပန်းမှုဝေခြင်း စသည့်ဆွမ်းဆိပ်ယစ်ခြင်းတို့ကို စင်းကြံသွားခြင်း၊ ရေချိုးခြင်း၊ အတန်ငယ်ဆိုင်ငံ့ခြင်းတို့ကို ပြုလုပ်ခြင်းဖြင့်ပယ်ဖျောက်ငြိမ်းအေးစေ၍ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ကာ ကိုယ်ကိုဖြောင့်မတ်စွာထားပြီး တင်ပျဉ်ခွေထိုင်လျက်....

**မေတ္တာဘာဝနာ**

ဤကျောင်းတိုက်(အိမ်)၌ ခပ်သိမ်းသော သီတင်းသုံးဖော် သံဃာတော်တို့သည် (အိမ်၌ရှိကုန်သော မိဘဆွေမျိုး သားမယားတို့သည်) ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ ကြောင့်ကြဗျာပါဒမရှိကြကုန်သည်။ အမျက်ဒေါသဗျာပါဒ ကင်းကုန်သည်ဖြစ်ကြပါစေကုန်သတည်း။

ကျောင်းတိုက်အပိုင်းအခြားတွင်း၌ ဘည်ကုန်သော နတ်တို့သည် ချမ်းသာကိုယ်စိတ်မြဲပါစေ၊ စိုးရိမ်ခပ်သိမ်းငြိမ်းပါစေ၊ အမျက်ဒေါသကင်းကြပါစေကုန်သတည်း။

ဆွမ်းခံရွာ၌ စိုးရပိုင်းချုပ် မင်းလုပ်သသူသည် ချမ်းသာကိုယ်စိတ်မြဲပါစေ၊ စိုးရိမ်ခပ်သိမ်းငြိမ်းပါစေ၊ အမျက်ဒေါသကင်းကြပါစေကုန်သတည်း။

ဆွမ်းခံရွာ၌ ခပ်သိမ်းသော သူတို့သည် ချမ်းသာကိုယ်စိတ်မြဲပါစေ၊ စိုးရိမ်ခပ်သိမ် ငြိမ်းပါစေ၊ အမျက်ဒေါသကင်းကြပါစေကုန်သတည်း။

မှတ်ချက်။ ယောဂီတို့ဖြစ်လျှင် ကျောင်းနေရာ၌ အိမ်၊ ဇရပ်စသည် ပြောင်းလဲ၍ဆိုရမည်။ ဆွမ်းခံရွာအစား မိမိနေသော အရပ်ကို ပြောင်းလဲ၍ ရွတ်ဆိုရန်လိုသည်။

ဝန်းကျင်ပတ်ချာ ဆယ်မျက်နှာတို့၌ ကြီးငယ်ပုဂ္ဂိုလ် သတ္တဝါဟူသမျှတို့ကို ချမ်းသာကိုစိတ် မြဲပါစေ၊ စိုးရိမ်ခပ်သိမ်းငြိမ်းပါစေ၊ အနာရောဂါခပ်သိမ်း ငြိမ်းပါစေ၊ ဘေးအန္တရာယ်

ခပ်သိမ်း ငြိမ်းပါစေ အမျက်ဒေါသဗျာပါရကင်းကြပါစေ ကုန်သတည်းဟူ၍ မေတ္တာပို့ပြီးနောက်....

**မရဏသတိဘာဝနာ**

ငါ၏ခန္ဓာပျက်ကြွေ သေရခြင်းသည် ဖြစ်ချေအံ့။ မချွတ်ဧကန်အမှန်မုချငါသည် သေရချေမည်တည်းဟု ရွတ်ဆိုတပ်ထပ် မပြတ်သံဝေ တထွေဝီရိယ တက်ကြွားစေတတ်သော မရဏ သတိကိုနှလုံးသွင်းပွားများစေပြီးနောက်....

**အသုဘဘာဝနာ**

နတ်၌ဖြစ်သော အာရုံနှင့်ပင် တွေ့ကြုံလေငြားသော်လည်း လောဘအစွမ်းဖြင့် အာသာငမ်းငမ်းတုန်လှုပ်ခြင်းမရှိသော အသုဘ ဘာဝနာကို နှလုံးသွင်း၍ အထပ်ထပ်အခါခါ ပွားများ အားထုတ်စေရမည်။ ဤဖူးစီအရင်တို့ကား၊ ကမ္မဋ္ဌာန်းတို့၏ ရှေ့ဦးစွာပြုရသော အစီရင်တည်း။

## ကသိုဏ်းကြီးဆယ်ပါးအဖွင့်

**ပထဝီကသိုဏ်း**

တရားအားထုတ်မည့် ယောဂီတို့သည် ကသိုဏ်းကြီးဆယ်ပါးတွင် ပထဝီကသိုဏ်းကို စတင်အားထုတ်သင့်သည်၊ အဘယ်ကြောင့်ဆိုသော် ပထဝီကသိုဏ်းသည် နိမိတ်နှစ်ပါးထင်လွယ်သောကြောင့် အပ္ပနာသမာဓိသို့မြန်မြန်ရောက်နိုင်၏။

ဒေသနာအရလည်း အစဉ်အတိုင်း ပထဝီကသိုဏ်းကပြသွားမည်။ ယောဂီတို့သည် ဗုဒ္ဓရှင်မြတ်ကြီး၏ မျှော်မှော်ကဘ်ဘင်ရောက်နေဘိအလား ဤကျမ်းကိုလည်း ရှိသေမြတ်နိုးစွာဖတ်ရှု၍ တရားဒေသနာတော်ကို ယောနိသော မနသိကာရဖြင့် ကောင်းစွာနှလုံးသွင်းထားရန်လိုသည်။

**ကမ္မဋ္ဌာန်းအားမထုတ်မီကြိုတင်စီစဉ်ခြင်း**

အထက်တွင် ပြခဲ့သည့်အတိုင်း ပလိဗောဓငယ်များပယ်ဖြတ်ပြီးနောက် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို စတင်မစီးဖြန်းမီ အောက်ပါအဆောင်အယောင်တို့ကို ကမ္မဋ္ဌာန်း စီးဖြန်းမည့်နေရာသို့ ဆောင်ယူလာရမည်။

၁။ ပထမစီမံပြုလုပ်ထားသော ကသိုဏ်းဝန်းတခု။

၂။ တောင်ဝှေးတချောင်း။

၃။ အမြင့်တထွာနှင့် လက်လေးသစ်မြင့်သော ထိုင်ခုံတခု။

အထူးသတိပြုရန်။ ကမ္မဋ္ဌာန်းစီးဖြန်းမည့်နေရာတွင်ကျောင်းနှင့်သိပ်မလှမ်းစေရ။ ယောဂီတို့အနေဖြင့် မိမိတို့တဲ၊ အိမ်နှင့်သိပ်မလှမ်းစေရ။ ကမ္မဋ္ဌာန်းလုပ်ငန်းကို လူသူတိတ်ဆိတ်နေသော တောတောင်နေရာတို့၌သာလျှင်ပြုအပ်သည်။

ကမ္မဋ္ဌာန်းစီးဖြန်းချိန်တွင် ယောဂီတို့အနေဖြင့် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ဆင်ထားရန်လိုသည်။ အမြဲဝတ်ထားနိုင်လျှင် ဆိုဘွယ်ရာမရှိ။

အထက်ပါ အဆောင်အယောင်များကို လူသူတိတ်ဆိတ်သော ကမ္မဋ္ဌာန်းထိုင်မည့် နေရာသို့ယူဆောင်သွားရမည်။ မိမိကမ္မဋ္ဌာန်းနိမိတ်ယူမည့်နေရာသို့ ကမ္မဋ္ဌာန်းစီးဖြန်းမည့် တဲငယ်ကျောင်းငယ်နှင့် သိပ်မဝေးစေရ။

ကမ္မဋ္ဌာန်း နိမိတ်ယူမည့်နေရာနှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ပြုလုပ်၍ အမှိုက်သရိုက်များလှဲကျင်းထားရမည်။ ယင်းပုဗ္ဗကိစ္စများ ပြီးသည်နှင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသုံးပါးကို ရှေးဦးစွာ စီးဖြန်းရမည်။

မိမိယူဆောင်လာသော(အထူးစီမံပြုလုပ်ထားသည့်) တထွာလက်သေးသစ်ခန့်ရှိ အင်းပျဉ်ထက်တွင်ထိုင်၍ မိမိနှင့်ရှေ့တည့်တည့်နှစ်တောင့်ထွာ အကွာတွင် ကသိုဏ်းဝန်းကိုထားရှိရမည်။

ကိုယ်ကိုဖြောင့်မတ်စွာ ထိုင်ရမည်။ ယင်းအခန္အထားအတိုင်းမှန်ကန်စွာရှိသည်နှင့်တပြိုင်နက် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို စီးဖြန်းပြီးနောက် "ကာမဂုဏ်တို့သည် မသာယာအပ်ကုန်"ဟူ၍ ကာမဂုဏ်တို့၏ အပြစ်များကို ရှေးဦးစွာသုံးသပ်ဆင်ခြင်ရမည်။

ရတနာသုံး ပါးဂုဏ်ကို နှလုံး သွင်းပုံ

ကာမဂုဏ်တို့၏ အပြစ်များကို ရှုဆင်ခြင်ပြီးနောက် ဘုရားအစရှိသော ရတနာသုံးပါးဂုဏ်ကို မင်္ဂါ၏အခြေပါဒဖြစ်၍ သဗ္ဗဒုက္ခသမတိက္ကမအကြောင်း ဥပါယဖြစ်သော ကာမနိဿရဏနေက္ခမ္မဘွဲ့မည်ခံသော ပဌမဈာန်၌ ပြင်းထန်စွာသောအာသာသန္ဒဖြင့် အဝိပရိတ ဒေသနာရရှိရကား မြတ်စွာဘုရားသည်သမ္မာသမ္ဗုဒ္ဓစင်စစ်ဖြစ်တော်မူပါပေသည်။

ကေန္တနိယျာနိက ဖြစ်ရကား တရားတော်လည်း "သွာက္ခာတ"စင်စစ်မှန်တော်မူပါပေသည်။ ယထာနုသိဒ္ဓ ဆုံးမတော်မူသမျှကို ကျင့်သောကြောင့် အရိယာသံဃာတော်လည်း သုပ္ပဋိပန္နစင်စစ်ဖြစ်တော်မူပါပေသည်ဟု အောက်မေ့ ဆင်ခြင်ကာ ရတနာသုံးပါးဂုဏ်လျှင်အာရုံရှိသော ပီတိပါမောဇ္ဇအစွမ်းဖြင့် စိတ်ကိုထုံမွမ်း ဆီထိသည့်ဂွမ်းကဲ့သို့ ရွှင်လန်းပွင့်လင်း စေလျက် "ဤယခုငါကျင့်မည့်အကျင့်သည် ခပ်သိမ်းကုန်သော ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကအပေါင်း သူတော်ကောင်းတို့၏ သွားရာလမ်းကြောင်းလမ်းမှန် လမ်းမြတ်ကြီးဖြစ်ပေသည်"

ဤသို့ရတနာသုံးပါးဂုဏ်ကိုနှလုံးသွင်းပြီးသောအခါမိမိကိုယ်ကိုမြတ်စွာဘုရားအားလည်း၊ ကမ္မဋ္ဌာန်းဆရာအားလည်း အပ်နှင်းရန်လိုသည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤခန္ဓာအတ္တဘောကြီးကို အရှင်ဘုရားအား စွန့်လှူပါ၏" ဟုရွတ်ဆိုရမည်။

မိမိ၏ကမ္မဋ္ဌာန်းပေးသည့်ဆရာထံ၌လည်း၊....

"ဘုရားနှင့်တဂိုဏ်းတည်းဖြစ်သော အာစရိယဆရာမြတ်တို့ အရှင်မြတ်တို့အား ကျွန်ုပ်၏ ခန္ဓာအတ္တဘောကြီးကို အပ်နှင်းပါ၏"ဟုရွတ်ဆိုအပ်နှင်းစေရမည်။

**ထွက်မြောက်မှု**

ရဟန်းအဖြစ်ကိုလည်း၊ ပထမဈာန်ကိုလည်း၊ နိဗ္ဗာန်ကိုလည်း၊ ဝိပဿနာကိုလည်း၊ ခပ်သိမ်းသော ကုသိုလ်တရားတို့ကိုလည်း ထွက်မြောက်ခြင်းဟူ၍ဆိုအပ်သည်။

ဤသို့ထွက်မြောက်မှုကိုရကြောင်း ရောက်ကြောင်းအကျင့် မြတ်ပေတည်း။

ပထဝီကသိုဏ်းဘာဝနာဉ်လွန့်စွာ ရှိသေးလေးမြတ်ရွှေငွေပုလဲ မျက်ရွဲနီလာ ရတနာလောကမကာ အသက်တမျှ မြတ်နိုးအပ် သည်ဖြစ်၍....

ငါသည်စင်စစ်ဤကသိုဏ်း ဘာဝနာအကျင့်မြတ်ဖြင့်(ဝါ) အကျင့်မြတ်ကြောင့် စိတ္တဝိဝေက စသည်ဖြစ်သော ချမ်းသာ မှုတည်းဟူသော အမြိုက်အရသာသည် မကြာမြင့်မီဖြစ်ပေတော့ အံ့။ စင်စစ်ကေန် အမှန်မချွတ် ငါသည်ဤကသိုဏ်းဘာဝနာ အကျင့်မြတ်ကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ဆင်းရဲအပေါင်းမှ မကြာမီလွတ်မြောက်ရပေတော့အံ့။ ဤသို့ အားထုတ်ခြင်းကိုဖြစ်စေလျက်....

## ကသိုဏ်းကိုစတင်စီးဖြန်းခြင်း

**အစဒါသမည်**တွင် ကြေးမုံပြင်မှာ မျက်နှာရိပ်ကိုကြည့်ရှု ဆင်ခြင်သည့် ပမာညီညွတ်စွာ မဖွင့်လွန်း မပိတ်လွန်းဘဲကြည့် ၍ အာရုဏ်ဦး အရောင်အဆင်းကိုလည်း မဆင်ခြင်၊ ပထဝီ ဓာတ် ခက်ထန်ခြင်း ထဒ္ဒလက္ခဏာကိုလည်း နှလုံးမသွင်းဘဲ အဆင်းမှီရာ မြေဒြပ်နှင့် တစပ်တည်းထင်စေ၍ မြေဟူသော သသမ္ဘာရအတ္တပညတ် ပထဝီကသိုဏ်းဒြပ်၌ စိတ်ကိုထားလျက် "ပထဝီ-ပထဝီ"ဟုနှုတ်ဖြင့် မပြတ်ရွတ်လျက်သော်၎င်း၊ စိတ် ဖြင့်မှတ်လျက်သော်၎င်း၊ အဖန်ဖန်ပွားများ အားထုတ်ရ၏။

## ဥဂ္ဂဟနိမိတ်ပေါ်အောင် အားထုတ်ပုံ

မိမိ၏ ရှေ့နှစ်တောင့်ထွာအကွာတွင်ရှိသော ကသိုဏ်းဝန်းကို မမှိတ်မသုန် စူးစိုက်၍ကြည့်ရှုနေရမည်။ နှုတ်ကသော်၎င်း၊ စိတ်ကသော်၎င်း၊ အသက်ပါအတိုင်း "ပထဝီ–ပထဝီ"ဟုဆင်ခြင်နေရမည်။

ယင်းသို့ကြည့်ရှု၍ တနာရီ နှစ်နာရီခန့် ကြာသောအခါ မျက်စိကိုမှိတ်၍ကြည့်၊ ကသိုဏ်းဝန်းနိမိတ်သည် မျက်စိဖွင့်၍ကြည့်နေဘိသကဲ့သို့ မနောဒွါရိကဇောစိတ်၌ ထင်ရှားစွာဖြစ်ပေါ်နေလျှင် ဥဂ္ဂဟနိမိတ်မုချဖြစ်ပေါ်သည်မည်၏။

ယင်းသို့ဥဂ္ဂဟနိမိတ်မဖြစ်ပေါ်သေးပါက ဥဂ္ဂဟနိမိတ်မဖြစ်မခြင်း၊ ဥဂ္ဂဟနိမိတ် မထင်သမျှကာလပတ်လုံး ကသိုဏ်းဝန်းကို အနာရီခန့်စူ စိုက်ကြည့်လိုက် မျက်စိမှိတ်၍ ဆင်ခြင်လိုက်ပြုလုပ်နေရမည်။

မျက်စိကိုမှိတ်၍ ဆင်ခြင်သောအခါ မျက်စိဖွင့်၍ မြင်ရဘိသကဲ့သို့ မနောဒွါရိကဇောစိတ်၌ ထင်ရှားစွာဖြစ်ပေါ်နေလျှင် မုချဥဂ္ဂဟနိမိတ်ဖြစ်ပေါ်နေပြီဟူ၍မှတ်လေ၊

## ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာပုံ

ပထဝီကသိုဏ်းဝန်းမှ ဥဂ္ဂဟနိမိတ်ကို ရရှိသောအခါတောင်းဝေးကိုယူ၍ အနီးရှိ တဲကျောင်းယယ်ထဲသို့ ဝင်ရောက်ပြီး မိမိရ ငိထားသော ဥဂ္ဂဟနိမိတ်ကို "ပထဝီ-ပထဝီ"ဟူ၍ ပွားများမြဲ တိုင်းပါ ဘာဝနာကိုသာလျှင် ဆက်လက်၍စီးဖြန်းနေရမည်။

မလျော့ကျပတ်သော အကြောင်း (အသပ္ပါယခုနစ်ပါး) ကြောင့်(ဝါ) နှုလုံးသော တရားသမာဓိရသစ်စဖြစ်၍ ဥဂ္ဂဟ နိမိတ်ကွယ်ပျောက်ခဲ့သော် တောင်ဝှေးကိုကိုင်ကာ လှသာဘိနပ် စီး၍ ကသိုဏ်းဝန်းရှိရာသို့ သွား၍ထပ်မံပရိကံပြုရမည်။

ပရိကံပြုရမည်ဟူသည်မှာ ကသိုဏ်းဝန်းကို မျက်စိဖြင့်ရှု၍ စီးဖြန်းခြင်းသည် ပရိကမ္မနိမိတ်ယူခြင်း(ဝါ) ပရိကံပြုခြင်းပင် ဖြစ်သည်။

ယင်းသို့ပရိကံပြု၍ တနာရီ၊ နှစ်နာရီစသည်ဖြင့် ကြာသော အခါ မျက်စိမှိတ်၍ဆင်ခြင်၊ ဥဂ္ဂဟနိမိတ်ထင်သော် တဖန် တောင်ဝှေးကိုကိုင်၍ ဘိနပ်စီးကာ မိမိနေမြဲကမ္မဋ္ဌာန်းတဲငယ် သို့ပြန်၍ ဥဂ္ဂဟနိမိတ်ကိုပင် "ပထဝီ-ပထဝီ"ဟူ၍ အထပ်ထပ် အခါခါစီးဖြန်းရမည်။

ဤသို့အဖန်ဖန်ပွားများအားထုတ် စီးဖြန်းအပ်သည်ရှိသော် အကြင်အခါ ကိလေသာမှုအနည်ကျ၍ နီဝရဏငြိမ်းစဲသဖြင့် ပုလဲစစ်အနှစ်၊ ခရုသင်းပွတ်သစ်အိမ်မှထုတ်သစ်စ ကြေးမုံ တိမ် ပုံမှ ထွက်သစ်စသောလ မိုးတိမ်ညိုဝ၌ ပျံလေသောဗျိုင်းပမာ လက်ရာအရေးအကြောင်းစသော ကသိဏဒေါသနှင့်တကွ ရှေ့ ထင်လေပြီးသော ဥဂ္ဂဟနိမိတ်ကို ခွဲပေါက်၍ ထွက်လာသကဲ့သို့ ဥဂ္ဂဟနိမိတ်ထက် အဆထောင်ရာ အလွန်စင်ကြယ်စွာထင်လာ ၏။ ထိုအခါပဋိဘာဂနိမိတ်ဖြစ်၏။

ပဋိဘာဂနိမိတ်သည် ကသိဏဒေါသတည်းဟူသော အစင်း အကြောင်းမထင်၊ ပကတိကြည်လင်သော ကြေးမုံပြင်ကဲ့သို့အဆ

အရာအထောင်မှက အလင်းရောင်နှင့်တကွ အလွန်ထင်ရှား ပြတ်သားလှပေ၏။

ယင်းသို့ပဋိဘာဂနိမိတ်ကိုရခြင်းသည် ပရိကမ္မဘာဝနာ၊ ပရိကမ္မသမာဓိကို လွန်မြောက်၍ ဥပစာရဘာဝနာ၊ ဥပစာရသမာဓိသို့ရောက်ခြင်းဟူ၍မှတ်။

ယင်းပဋိဘာဂနိမိတ်နှင့် ဥပစာရသမာဓိတို့သည် လွန်စွာဖြစ်ခဲရကား ယင်းပဋိဘာဂနိမိတ်ကိုရလျှင်ရခြင်း ထိုနေရာ၌ပင်(ဝါ)တထိုင်တည်းဖြင့် ပဋိဘာဂနိမိတ်ကို တိုးပွား၊စေလျက် တိုးပွားအောင်ပြုလျက် အပ္ပနာစျာန် (ပထမစျာန်) သို့တိုင်အောင် အားထုတ်ရာ၏။

ယင်းသို့ထင်သော ပဋိဘာဂနိမိတ်သည် အဆင်းသဏ္ဌာန်မရှိ။ သဘောအားဖြင့် ဥပစာရသမာဓိကို ရရှိသောပုဂ္ဂိုလ်၌ထင်သော အခြင်းအရာမျှဖြစ်၍ သညာကြောင့်ဖြစ်သော သညာဇပေတည်း။

ပဋိဘာဂနိမိတ်ဖြစ်သည့်အချိန်မှစ၍ နီဝရဏတို့ကွာကုန်၏၊ ကိလေသာတို့ငြိမ်ဝပ်ကုန်၏။ ဥပစာရသမာဓိသည် ယခင်က ပရမ်းပတာဖြစ်ချင်တိုင်းဖြစ်ခဲ့သောစိတ်ကို ကောင်းစွာချုပ်ထိန်းနိုင်စွမ်းရှိ၏။

ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူ၍ နှစ်မျိုးရှိသည်။ ဥပစာရအခိုက်၌ နီဝရဏကိုပယ်ခြင်းဖြင့် စိတ်တည်ငြိမ်၏၊ စျာန်ကိုရသောအခိုက်၌ ထင်ရှားဖြစ်ပေါ်ခြင်းဖြင့် စိတ်တည်ငြိမ်၏။

သမာဓိနှစ်မျိုး ကွဲပြားခြားနားပုံမှာ ဥပစာရအခိုက်အတန့်၌ အင်္ဂါတို့သည် အား အစွမ်းသတ္တိမရှိ။ ထို့ကြောင့် နို့နယ်

သော ကလေးသူငယ်ကို ထူမ၍ထားရာ အဖန်ဖန် မြေပေါ် သို့လဲကျဘိသကဲ့သို့ ဥပစာရအခိုက်အတန့်၌ စိတ်သည် ရံခါ နိမိတ်ကို အာရုံပြုနိုင်၏။ ရံခါဘဝင်သို့သက်၏။

အပ္ပနာ၌ကား အင်္ဂါတို့သည် အားရှိကုန်၏။ ထို့ကြောင့် အားရှိသော ယောကျ်ားသည် တနေ့ပတ်လုံးထ၍မျပ်နိုင်ဘိသကဲ့ သို့ အပ္ပနာ သမာဓိ၌ဖြစ်သောစျာန်စိတ်သည် တကြိမ်ဘဝင် အာ လျဉ်ကိုဖြတ်၍ တညပတ်လုံး၊ တနေ့ပတ်လုံးတည်၍နေနိုင်၏။ ကုသိုလ်ဇောအစွမ်းကြောင့်ဖြစ်ရ၏။

ဥပစာရ သမာဓိနှင့်တကွဖြစ်သော ပဋိဘာဂနိမိတ်သည် အလွန်ရခဲ၏။ ထို့ကြောင့် ယင်းနိမိတ်ကိုရသော ယောဂီသည် တထိုင်တည်းဖြင့်သာလျှင် ယင်းနိမိတ်ကိုပွား၍ အပ္ပနာစျာန် ရောက်သည်အထိ အားထုတ်သင့်၏။

ယင်းသို့မှ အားမထုတ်မစွမ်းဆောင်နိုင်ပါမူ မမေ့မလျော့ စကြာမင်းလောင်း ကိုယ်ဝန်ကိုစောင့်ရှောက်ရဘိသကဲ့သို့(ဝါ) ပိုးမွေးမြူရဘိသကဲ့သို့ အတိကြီးစွာထား၍ စောင့်ရှောက်သင့်၏။

ဤသို့ စောင့်ရှောက်သောကြောင့် ယောဂီရရှိထားသော နိမိတ်သည် (ဝါ) ဥပစာရစျာန်သည် ယုတ်လျော့ခြင်းမရှိ။ အစောင့်အရှောက်မရှိပါမူ ရတိုင်းသော ဥပစာရစျာန်သည် ပျောက်ကွယ်တတ်၏။

ယင်းဥပစာရစျာန်ကို စောင့်ရှောက်ခြင်း အစီအရင်မှာ မလျောက်ပတ်သော အသပ္ပါယ ခုနစ်ပါးကိုပယ်၍ လျောက် ပတ်သော သပ္ပါယ ခုနစ်ပါးကို မှီဝဲခြင်းပင်ဖြစ်သည်။ ဆိုလို သည်မှာ သပ္ပါယခုနစ်ပါးနှင့် ညီညွတ်နေလျှင် ရပြီးသော

ဥပစာရစျာန်သည် ပျောက်ရိုး ထုံးစံ မရှိ၊ အစဉ်မြဲသည် သာတည်း။

သပ္ပါယခုနစ်ပါးနှင့် ညီညွတ်၍ ပဋိဘာဂနိမိတ်ကိုမှီဝဲခြင်း များသောအခါ အကြိမ်ကြိမ်ဝင်စားသောအခါ မကြာမြင့် မီကာလ၌ပင် အပ္ပနာစျာန်သို့ဆိုက်ရောက်၏။ ရပြီးသောပဋိ ဘာဂနိမိတ်ကို သတိကြီးစွာထား၍ အဆပ်ထပ်ပွားများအား ထုတ်သင့်သည်။

**အပ္ပနာကောသလ္လဥာဏ်ဆယ်ပါး**

ယောဂီသည် အထက်ပါနည်းအတိုင်း ကျင့်ကြံအားထုတ် သော်လည်း အပ္ပနာသမာဓိမဖြစ်သေးမူ အောက်ပါအပ္ပနာ၌ လိမ္မာကြောင်းဖြစ်သော အပ္ပနာ ကောသလ္လဆယ်ပါးကိုအား ထုတ်စီမံသင့်၏။

၁။ ဝတ္ထုတို့ကို စင်ကြယ်အောင်ပြုခြင်း။
၂။ ဣန္ဒြေတို့ကိုမျှတစေခြင်း။
၃။ နိမိတ်၌ကျွမ်းကျင်လိမ္မာခြင်း။
၄။ စိတ်ကိုချီးမြှောက်သင့်သည့်အခါ ချီးမြှောက်ခြင်း။
၅။ စိတ်ကိုနှိမ်သင့်သောအခါနှိမ်ခြင်း။
၆။ စိတ်ကိုရွှင်စေသောအခါရွှင်စေခြင်း။
၇။ စိတ်ကိုလျစ်လျူရှုအပ်သောအခါ လျစ်လျူရှုခြင်း။
၈။ စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကိုရှောင်ခြင်း။
၉။ စိတ်တည်ကြည်သောပုဂ္ဂိုလ်ကိုမှီဝဲခြင်း။
၁၀။ အပ္ပနာသမာဓိသို့စိတ်ညွတ်ခြင်း။

**ဝတ္ထုတို့ကိုစင်ကြယ်အောင်ပြုခြင်း**

ယောဂီ၏ကိုယ်အတွင်းအပြင် သန့်ရှင်းအောင်ပြုထားရမည် ဆံပင်၊ ခြေသည်း၊ လက်သည်း၊ ချွေး၊ ချေးညှော်စသည်တို့ကို သန့်ရှင်းအောင် ပြုလုပ်ခြင်းသည် ကိုယ်ခန္ဓာတွင်း သန့်ရှင်းရေး ဖြစ်သည်။

ယောဂီ၏ အဝတ်အထည် သင်္ကန်းနှင့် အနီးပတ်ဝန်းကျင် အမှိုက်သရိုက်စသည်တို့ သန့်ရှင်းအောင် ပြုလုပ်ခြင်းသည် ကိုယ်အပြင်သန့်ရှင်းရေးဖြစ်သည်။ ကိုယ်ခန္ဓာအတွင်းအပြင်မသန့်ရှင်းသော ယောဂီသည် ဉာဏ်မထင်နိုင်၊ ထင်သောဉာဏ်ဖြင့်လည်း သင်္ခါရတရားတို့ကို သုံးသပ်ခြင်းငှာမစွမ်းနိုင်။ ထို့ကြောင့်အတွင်း၊ အပြင်ဝတ္ထုတို့ကိုသန့်ရှင်းစေရမည်။

**ဣန္ဒြေတို့ကိုမျှစေခြင်း**

သဒ္ဓါအစရှိသော ဣန္ဒြေတို့ကို မျှအောင်ပြုပြင်ခြင်းသည် အကယ်၍ သဒ္ဓိန္ဒြေက အားကြီး၍ကျန်သော ဣန္ဒြေတို့က အားနည်းသည်ဖြစ်အံ့။ ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းကိစ္စကို သတိန္ဒြေသည် အာရုံသို့ကပ်၍တည်ခြင်းကိစ္စကို သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို၊ ပညိန္ဒြေသည် အာရုံ၏သဘောဖြစ်သော ကိစ္စကိုဆောင်ခြင်းငှာမတတ်နိုင်၊ တဒ္ဓိန္ဒြေသည်တရားသဘော ကိုစူးစမ်း၍ နှလုံးသွင်းအားကြီးသောကြောင့် အားကြီးရခြင်း ဖြစ်၍ ထိုတရား၌ နှလုံးသွင်းမှုကိုလျှော့ပေးခြင်းဖြင့် ဣန္ဒြေတို့ ကိုမျှအောင်ပြုလုပ်ရမည်။

## နိမိတ်၌ကျွမ်းကျင်မှု

နိမိတ္တကောသလ္လဆိုသည်မှာ ပထဝီကသိုဏ်း စသည်တို့၌မပြု ရသေးသော စိတ်၏တည်ငြိမ်မှုအကြောင်းနိမိတ်တို့ ပြုပြင်မှု၌ ကျွမ်းကျင်ခြင်း၊ ပြုပြင်ပြီးသော စိတ်တည်ငြိမ်မှု၏ အကြောင်း၊ နိမိတ်ကိုပွားခြင်း၌ ကျွမ်းကျင်ခြင်း၊ ကသိုဏ်းနိမိတ်ကိုပွားခြင်း ကြောင့် ရအပ်သော သမထနိမိတ်ကို စောင့်ခြင်း၌ ကျွမ်းကျင် ခြင်းတို့သည် နိမိတ်၌လိမ်မာခြင်း (၀၁) ကျွမ်းကျင်ခြင်းဟူ၍ ခေါ်သည်။

## စိတ်ကိုချီးမြှောက်သင့်သည့်အခါချီးမြှောက်ခြင်း

ယောဂီသည် ကမ္မဋ္ဌာန်းစီးဖြန်းသောအခါ၌ ဝီရိယလျော့ သောကြောင့် စိတ်တွန့်ဆုတ်ခြင်းဖြစ်တတ်သည်။ထိုအခါပဿဒ္ဓိ သမ္ဗောဇ္ဈင်သုံးပါးတို့ကို မပွားဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်အစရှိ သည်တို့ကို ပွားသင့်၏။ ပွားအပ်သော သမ္ဗောဇ္ဈင်သုံးပါးတို့ မှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင် တို့ကိုပွားများ အားထုတ်အပ်၏ဟူ၍ ဗုဒ္ဓရှင်ဟောင်မြတ်ဟော တော်မူပြီ။

တဖန်....

"အို....ရဟန်းတို့ လက်ဦးအစ အားထုတ်မှု အာရမ္ဘဓာတ် ဝီရိယ၊ ပျင်းရိခြင်းမှလွတ်မြောက်မှု နိက္ကမဓာတ်ဝီရိယ၊ အဖန်တ လဲလဲစွဲမြဲထားထုတ်မှု ပရက္ကမဓာတ်ဝီရိယတို့သည်ရှိကုန်၏။ထိုသုံး ပါး၌ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းကို များစွာပြုအံ့

မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ဖြစ်ခြင်းငှာ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်၏ အလွန်ဖြစ်ခြင်းငှာ၊ ပြန့်ပြောခြင်းငှာ၊ ပွားခြင်းငှာ၊ ထက်ဝန်းကျင်၌ ပြည့်စုံခြင်းငှာဖြစ်၏....”

ဟူ၍ ဗုဒ္ဓရှင်မြတ်ဟောတော်မူပြီ။

**စိတ်ကိုနှိမ်သင့်သည့်အခါနှိမ်ခြင်း**

ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီသည် အားထုတ်လွန်းသော အခါ ဝီရိယဓာတ်လွန်ကဲသည်ဖြစ်၍ စိတ်သည် မငြိမ်မသက်ဘဲ တုန်လှုပ်ပျံ့လွင့်တတ်၏။ ထိုအခါဓမ္မဝိစယသမ္ဗောဇ္ဈင်စသည်တို့ကို မပွားဘဲ ပဿဒ္ဓိသမ္ဗောဇ္ဈင်အစရှိသည်တို့ကို ပွားသင့်၏။

ထို့ကြောင့်ဗုဒ္ဓရှင်မြတ်ကြီးက....

“အို....ရဟန်းတို့ အကြင်အခါ၌ တုန်လှုပ်ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်အံ့။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကိုပွားခြင်း၏ အခါကာလပေတည်း....” ဟုဟောတော်မူသည်။

**စိတ်ကိုရွှင်စေသည့်အခါရွှင်စေခြင်း**

ကမ္မဋ္ဌာန်းစီးဖြန်းနေသော ယောဂီသည် ပညာဗျာပါရ နည်းပါးသောကြောင့်ရင်း၊ ငြိမ်သက်သော ချမ်းသာကိုမရသောကြောင့်ရင်း၊ သာယာခြင်းကင်းသောစိတ်ဖြစ်တတ်သည်။ ထိုအခါ သံဝေဂဝတ္ထုရှစ်ပါးကို ဆင်ခြင်ခြင်းဖြင့် ထိတ်လန့်စေအောင်ပြုသင့်၏။

"သံဝေဂဝတ္ထုရှစ်ပါး"ဟူသည်မှာ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ အပါယ်ဆင်းရဲဒုက္ခ၊ အတိတ်၌ဝဋ္ဋမူလျှင် အရင်းမူလရှိသောဒုက္ခ၊ အနာဂတ်၌ဝဋ္ဋမူလျှင် အရင်းမူလရှိသောဒုက္ခ၊ ပစ္စုပ္ပန်ကာလ၌ အာဟာရကိုရှာမှီးရခြင်းဒုက္ခတို့သည် သံဝေဂဝတ္ထုရှစ်ပါးဖြစ်သည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုအဖန်တလဲလဲ အောက်မေ့ခြင်းသည်လည်း စိတ်၏ကြည်လင်ရွှင်လန်းခြင်းကို ဖြစ်စေ၏။ ပီတိသမ္ဗောဇ္ဈင် တိုးပွားခြင်းသည်လည်း စိတ်ကိုရွှင်လန်းစေတတ်၏။

**စိတ်ကိုလျစ်လျူရှုသင့်သောအခါရှုရခြင်း**

ရံဖန်ရံခါ ယောဂီသည် မိမိ၏စိတ်ကိုချီးမြှင့်ခြင်း၊ နှိမ့်ချခြင်း၊ ရွှင်စေခြင်းစသည့်ကြောင့်ကြ စိုက်မှုများကို လျစ်လျူရှုရ၏။ နှစ်သက်ဝမ်းမြောက်သောစိတ်၊ သာယာသောစိတ်တို့ကိုနှလုံးမသွင်းခြင်းသည် လျစ်လျူရှုခြင်းမည်၏။ ကာလဒေသကိုလိုက်၍သာ လျစ်လျူရှုရသည်ကိုလည်း သတိပြုသင့်၏။

**စိတ်မတည်ကြည်သောပုဂ္ဂိုလ်ကိုရှောင်ကြဉ်ခြင်း**

ယောဂီသည် ဈာန်ရမှုရကြောင်း လုံ့လအားမထုတ်ဘူးသောပုဂ္ဂိုလ်(ဝါ) မဂ်ဖိုလ်လမ်းကြောင်း ကောင်းမြတ်သောအကျင့်၌ အားမထုတ်ဘူးသောပုဂ္ဂိုလ် (ဝါ) စိတ်ပျံ့လွင့်တတ်သော ပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ကြဉ်ရာ၏။

ယင်းပုဂ္ဂိုလ်တို့ကို ပေါင်းသင်းဆက်ဆံမိက မိမိ၏ရပြီးသော ဥပစာရစျာန် (ဝါ) ပဋိဘာဂနိမိတ်တို့သည် ပျက်စီးပျောက်ကွယ်တတ်သည်။

**စိတ်တည်ကြည်သောပုဂ္ဂိုလ်အားမှီဝဲခြင်း**

ယောဂီသည် အထက်ပါ ပုဂ္ဂိုလ်ဖျင်း၊ ပုဂ္ဂိုလ်မိုက်တို့ကို ရှောင်ကြဉ်၍ စျာန်ရရာရကြောင်း အားထုတ်ဘူးသောပုဂ္ဂိုလ်၊ အကျင့်သီလသမာဓိနှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ မဂ်ဖိုလ်လမ်းကြောင်း ကောင်းမြတ်သောအကျင့်၌ မပြတ်အားထုတ်နိုင်စွမ်းရှိသောပုဂ္ဂိုလ်၊ သမထဝိပဿနာတို့ကိုညွှန်ပြနိုင်စွမ်းသောပုဂ္ဂိုလ်တို့ကို အခါခပ်သိမ်းမှီဝဲဆည်းကပ်ထိုက်၏။

**သမာဓိသို့စိတ်ညွတ်ခြင်း**

စျာန်သမာဓိသို့ စိတ်ညွတ်တိမ်းခြင်းအားဖြင့် သမာဓိကိုရိုသေလေးမြတ်သောအဖြစ်တို့သည် သမာဓိသို့ စိတ်ညွတ်ခြင်းဟုဆိုလိုသည်။ ဤသို့လျှင် အပ္ပနာကောသလ္လဉာဏ်ဆယ်ပါးကို ဖြည့်ဆီးအားထုတ်ရန်လိုသည်။

အပ္ပနာကောသလ္လ ဉာဏ်ဆယ်ပါးကို ဖြည့်ဆည်းပြီးသော ယောဂီသည် ပဋိဘာဂနိမိတ်၌ အထပ်ထပ်စီးဖြန်းသော်အပ္ပနာသို့မရောက်သည်ဟူ၍မရှိ။ ရောက်တော့သည်သာတည်း။

**ပဌမစျာန်သို့ရောက်ပုံ**

ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ ရှေ့ရှု၍အားထုတ်နိုင်သော ယောဂီပုဂ္ဂိုလ်သည် အပ္ပနာရောက်ခါနီး လတ်သော်

ဘဝင်အလျဉ်ကိုဖြတ်၍ "ပထဝီ-ပထဝီ"ဟု ပွားများအားထုတ်ခြင်း၏ အစွမ်းဖြင့်ထင်သော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကို ပင်အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။

ယင်းအာရုံကိုပင် အာရုံပြု၍ လေးကြိမ်၊ ငါးကြိမ်ဇောစိတ်တို့ ဖြစ်ကုန်၏။ ယင်းဇောတို့တွင် အဆုံးဖြစ်သော ဇောစိတ်တခု သည် ရူပါဝစရဇောဖြစ်၏။ ကြွင်းသောဇောတို့ သည်ကား ကာမာဝစရဇောတို့ဖြစ်သည်။

ပကတိစိတ်တို့ထက် အလွန်အားကြီးသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ဖြစ်ကုန်၏။ ယင်းဇောတို့သည်အပ္ပနာကိုပြုပြင်တတ်သောကြောင့် ပရိကံဟူ၍ရင်း၊ ဥပစာဟူ၍ရင်း၊ ဆိုအပ်၏။ အနုလုံဟူ၍လည်းဆိုထိုက်၏။

ပရိကံ၊ အနုလုံ၊ ဥပစာဟူ၍ မှတ်အပ်သော စိတ်တို့တွင် ခပ်သိမ်းသော စိတ်တို့၏အဆုံးဖြစ်သော တတိယ၊ စတုတ္ထစိတ်တို့ ရှိသည်။ ယင်းစိတ်သည်ကား ကာမာဝစရအနွယ်ကို နှိမ်နင်းတတ်သောကြောင့် မဟဂ္ဂုတ်အနွယ်ကိုပွားစေတတ်သောကြောင့် ဂေါတြဘူဟူ၍ဆိုထိုက်၏။

ဤစိတ်သုံးပါးသည် စိတ်လေးပါးတွင် မယူအပ်သေးသည် ကိုယူသဖြင့် ပဌမစိတ်သည် ပရိကံမည်၏။ ဒုတိယစိတ်သည် ဥပစာမည်၏။ တတိယစိတ်သည် အနုလုံမည်၏။ စတုတ္ထစိတ် သည် ဂေါတြဘူမည်၏။ တနည်းကား ပဌမစိတ်သည် ဥပစာ မည်၏။ ဒုတိယစိတ်သည် အနုလောမမည်၏။ တတိယစိတ်သည် ဂေါတြဘူမည်၏။

စတုတ္ထစိတ်သည်ရင်း၊ ပဉ္စမစိတ်သည်ရင်း၊ အပ္ပနာစိတ်မည်၏။ ယင်းစကားသင့်၏။ စတုတ္ထစိတ်တို့သာလျှင် အပ္ပနာအစွမ်းကြောင့်ဖြစ်ရ၏။ လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်ဖြစ်ခြင်းသည် ခိပ္ပါဘိညာပုဂ္ဂိုလ်၊ ဒန္ဓာဘိညာပုဂ္ဂိုလ်တို့၏ အစွမ်းကြောင့်ဖြစ်ရသည်ဟူ၍မှတ်အပ်သည်။ ထို့နောက်ဇောကျဆင်းလေ၏၊ ဘဝင်၏အလှည့်သို့ဆိုက်၏။

ရှေ့ဖြစ်သောကုသိုလ်တို့သည်နောက်နောက်သောကုသိုလ်တို့အား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုတတ်၏ဟူ၍ ဟောတော်မူသောကြောင့် ခြောက်ကြိမ်၊ ခုနစ်ကြိမ်မြောက်သောဇော၌၊ အပ္ပနာသို့ရောက်၏(ဝါ)အပ္ပနာဖြစ်၏ဟူ၍ဆိုထိုက်၏။

ယင်းအယူသော်ကား အာဘိဓမ္မိက ဂေါဒတ္တမထေရ်၏ အယူတည်း။ စတုတ္ထဇော၊ ပဉ္စမဇောတို့၌ အပ္ပနာဖြစ်၏။ နောက်ဆုံးဖြစ်သော ဇောသည်လျော့ကျမည်သာဖြစ်သည်။ အကြောင်းမှာ ဘဝင်နှင့် နီးကပ်သောကြောင့်ဖြစ်သည်။

ထိုအခါမှစ၍ ယောဂီပုဂ္ဂိုလ်သည် ကာမဂုဏ်တို့မှကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ အသီးအခြားဖြစ်၍ ဝိတက် ဝိစာရနှင့်တကွ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခ အစရှိသော ပဌမစျာန်ကိုပြည့်စုံ၍နေရ၏ (ဝါ)ပဌမစျာန်သို့ဆိုက်ရောက်၏။

ဤသို့စျာန်ဖြင့် ပြည့်စုံ၍နေရသော ယောဂီသည် အင်္ဂါငါးပါးကိုပယ်၏။ အင်္ဂါငါးပါးနှင့်ပြည့်စုံ၏။ သုံးပါးသောကောင်းခြင်းရှိ၏။ ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံ၏ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်ကိုရခြင်းတည်း။

## အာပေါကသိုဏ်း

ပထဝီကသိုဏ်းများကို ပထဝီကသိုဏ်း အဖွင့်၌ ပြခဲ့သည့်အတိုင်း စီစဉ်ထားရမည်ကို အထူးနှလုံးသွင်းထားရမည်။ ယင်းကြိုတင်ပြု ဘွယ်ကိစ္စများကို မည်သည့်ကမ္မဋ္ဌာန်းတရား၌မဆို ပြုလုပ်ထိုက် သောကိစ္စဖြစ်သည်။

အာပေါကသိုဏ်း၌ အပြစ်လေးပါးကင်းသော မိုးရေကို မြေသို့မကျမီခံယူ၍ အာပေါကသိုဏ်းရှုရမည်ဟု ဝိသုဒ္ဓိမဂ်ဆရာ ကမိန့်သည်။ ဤနေရာ၌ စောဒကများတက်ဘွယ်ရာရှိနေသည်။

အမှန်စင်စစ် မိုးပေါ်မှကျသည့်ရေကိုသာ ကသိုဏ်းရှုရမည် ဟုတထစ်ချ မှတ်ယူထားရန်မလို၊ မိုးရေကဲ့သို့ကြည်လင်သော ယခုခေတ်လှော်ကား၊ ဂျိုးဖြူရေ စသည်တို့မှာ အပြစ်လေးပါး ကင်းသော ရေဟုခေါ်ထိုက်သည်။

ထိုရေများကို အာပေါကသိုဏ်းအတွက် အသုံးချနိုင်သည်။ ရဟန်းဖြစ်လျှင်သပိတ်၊ လူဝတ်ကြောင်ဖြစ်လျှင် ရေဖလား စသည် တို့၌ထည့်၍ အသုံးပြုနိုင်သည်။ ရေဖလားတွင် ရေအပြည့် (ဖလားနှုတ်ခမ်းအထိ)ထည့်၍ တိတ်ဆိတ်ငြိမ်သက်သော နေရာ တွင်....

ရေဖလားကို မိမိရှေ့တည့်တည့်တွင် ချထားပြီးနှစ်တောင့် ထွာအကွာ မိမိကြိုတင်စီမံထားသော တထွာလက်လေးသစ်ရှိ အင်းပျဉ်၌ ကိုယ်ကိုဖြောင့်မတ်စွာထိုင်၍ ရေ၏အဆင်းကိုနှလုံး မသွင်း အာပေါဓာတ်ကိုသာ နှလုံးသွင်း၍ "အာပေါ—အာ ပေါ"ဟူ၍ အဖန်တလဲလဲနှလုံးသွင်း၍ စီးဖြန်းရမည်။

တနာရီ နှစ်နာရီခန့်ကြာသောအခါ မျက်မိမှိတ်၍ ဥဂ္ဂဟ နိမိတ်ကိုထင်-မထင် သုံးသပ်ကြည့်ရမည်။ ယင်းသို့မှမထင်ရှားသေးလျှင် မျက်စိဖွင့်၍ ပရိကမ္မနိမိတ်ကို တဖန်ပြန်ယူ၍ရမည်၊ နာရီအတန်ကြာသော် တဖန်မျက်စိမှိတ်၍ ဥဂ္ဂဟနိမိတ်ကို ထင်-မထင် စမ်းသပ်ကြည့် မထင်ရှားသေးလျှင်ပြန်လုပ်။

ဤကဲ့သို့အကြိမ်များစွာ အားထုတ်နေသော်ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ ထင်ရှားလာ၏။ ဥဂ္ဂဟနိမိတ်ထင်လျှင် ယင်းနိမိတ်ကိုမှတ်၍ ပထဝီကသိုဏ်းကဲ့သို့ပင် နိမိတ်ယူရာ၌မထိုင်ရ။ တိတ်ဆိတ်ငြိမ်သက်သော ကမ္မဋ္ဌာန်းကျောင်းငယ် ထဲသို့ဝင်၍ ဥဂ္ဂဟနိမိတ်ကို ပဋိဘာဂနိမိတ်အဖြစ်သို့ ရောက်သည့် တိုင်အောင် အထပ်ထပ်စီးဖြန်းရမည်။

ပဋိဘာဂနိမိတ်သည်ကား မြဖြင့်ပြုလုပ်သော ကြေးမုံခန့်ကဲ့သို့ကြည်လင်တည်ငြိမ်ပြတ်သားစွာ ဖြစ်ပေါ်လာ၏။ယင်းပဋိဘာဂနိမိတ်ရသည်နှင့်တပြိုင်နက် ထိုင်ရာမထ ပဉ္စမဈာန်အပ္ပနာသို့တိုင်အောင် ကြိမ်ဖန်များစွာ မဟာအာဇာနည်ယောကျ်ားကောင်းတို့၏ လုံ့လဝီရိယအတိုင်းရဲရဲတောက် အားထုတ်သင့်၏။

သို့မှသာ အပ္ပနာတည်းဟူသော ပဉ္စမဈာန်သို့ရောက်၍စိတ်ချရမည်။ သမထကမ္မဋ္ဌာန်းတို့သည် အပ္ပနာသို့မရောက်သေးသမျှစိတ်မချရ။

အပ္ပနာတည်းဟူသော ပဉ္စမဈာန်သို့ရောက်သည့်တိုင် ရောင့်ရဲတင်းတိမ်၍မနေရ။ သို့မှသာမြဲသည်။ စိတ်ချရသည်။

## တေဇော ကသိုဏ်း

တေဇောကသိုဏ်းဟူသည်မှာပကတိမီး၌စီးဖြန်းခြင်းဖြစ်သည် တေဇောကသိုဏ်းစီးဖြန်းရပုံမှာ ဝိသုဒ္ဓိမဂ်ဆရာကအဆီ၊အစေး ရှိသော ထင်းကို အသုံးပြုရန်မှာသည်။ သို့သော် သင့်လျော် သောထင်းကိုယူနိုင်လည်း။

လူတိတ်ဆိတ်သောအရပ် သို့မဟုတ်ကျောင်း၏ တိတ်ဆိတ် သော ပရဝုဏ်အတွင်း တနေရာ၌ ထင်းခြောက်တို့ကို မီးထည့်၍ ပုံရမည်။ ထင်းမီးပုံရှေ့တွင် သားရေ၊ ထူထဲသောအဝတ်၊ရရာ တွင်တထွာ၊ လက်လေးသစ်ခန့် အပေါက်ဖေါက်၍ ကာရံထား ရမည်။

ယောဂီသည်ပြုပြင်စီမံထားသော အင်းပျဉ်အထက်၌ထိုင်၍ မီးပုံနှင့် နှစ်တောင့်ထွာအကွာမှာထိုင်၍ မီမိနှင့်မီးပုံအကြား တွင် ကာရံထားသော အတက်ပါအရာဝတ္ထု အပေါက်မှမြင်ရ သောမီးကိုသာ တေဇောကသိုဏ်းစီးဖြန်းရမည်။

အညိုအရွှေဖြစ်သော မီးအရောင်အဆင်းကို မဆင်ခြင်ရ။အပူ စွမ်းအင်ကို နှလုံးမသွင်းရ၊ တေဇောဟူသော ဓာတ်သဘောကို သာလျှင် "တေဇော–တေဇော" ဟူ၍ မမှိတ်မသုန်သောမျက် စိဖြင့် ကသိုဏ်းကိုစီးဖြန်းရမည်။

ယင်းသို့စီးဖြန်းသော ယောဂီသည် ဆိုအပ်ပြီးသောအစဉ် အတိုင်းသာလျှင် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ မုချဖြစ် ပေါ်ရ၏။ ဥဂ္ဂဟနိမိတ်သည် မီးလျှံပြတ်၍ပြတ်၍ ကျလာဘိ သကဲ့သို့ထင်၏။

ပဋိဘာဂနိမိတ်သည် ကောင်းကင်၌ တဲ့လဲ့ဆွဲထားရသော အလွန်နီမြန်းသည့် ကမ္ဗလာဝန်းကဲ့သို့ရင်း၊ တခဲနက်နီမြန်းသော လောဟိတတက် ပတ္တမြားဝန်းကဲ့သို့ရင်း၊ အလွန်ကြည်လင်ပြတ် သားထင်ရှားစွာဖြစ်ပေါ်လာရ၏။ ပဋိဘာဂနိမိတ်ထင်သော အခါ ထိုင်ရာမထ အပ္ပနာသို့ရောက်သည့်တိုင်အောင် မလျော့ သောလုံ့လဝီရိယတို့ဖြင့် အားထုတ်ကြိုးစားသင့်၏။

## ဝါယော ကသိုဏ်း

ဝါယောကသိုဏ်းသည် အခြားသော ကသိုဏ်းများနှင့်မတူ တမူထူးခြားသည်။ ဝါယောကသိုဏ်းကို ပထဝီကသိုဏ်းစသည် တို့ကဲ့သို့ ပကတိမျက်စိဖြင့် ပရိကံပြု၍မရ(ဝါ)မျက်စိဖြင့်ရှုလျက် ကသိုဏ်းစီးဖြန်း၍မရနိုင်။

ဝိသုဒ္ဓိမဂ်၌ သစ်ပင်၊ ဝါးပင်၊ ဆံပင်စသည်တို့၌ တိုက်ခတ် ၍လှုပ်ရှားသော နိမိတ်ကိုယူရမည်ဟု မိန့်ဆိုထားသည်။သို့သော် ဝါယောတည်းဟူသော လေဓာတ်သည် မနောဒွါရဝိညာဉ်ဖြင့် သာလျှင် စီးဖြန်းရသော ကသိုဏ်းဖြစ်၍ ပဋိဘာဂနိမိတ်တိုင် အောင်ရခဲ၏။

လွန်စွာခဲယဉ်းသော ကသိုဏ်းဖြစ်သည်။ ဝါယောကသိုဏ်း ကို ပရိကံပြုရာ၌ အတိုင်းအဆအကွာအဝေး အရပ်ဒေသဟူ၍ မဖြစ်နိုင်။ ထို့ကြောင့်တိတ်ဆိတ်သော အရပ်တွင် ထိုင်၍ သစ် ပင် ဝါးပင်တို့လှုပ်ရှားခြင်း နိမိတ်ကိုယူ၍သာ ပရိကံပြုရသည်။

သစ်ပင်၊ ဝါးပင်တို့လှုပ်ရှားခြင်း မိမိကိုယ်တိုင်တိုးဝှေ့တိုက် ခတ်လာသော လေ၏နိမိတ်တို့ကိုမှတ်၍ ဤအရပ်၌လေတို့ရှိကုန်

၏။ ဟူ၍နှလုံးသွင်းရမည်၊ ယင်းနိမိတ်တို့ကို နှလုံးသွင်း၍ "ဝါယော-ဝါယော"ဟူသော လေ၏ခေါ်သဘောကို ကြိမ်ဖန်များစွာစီးဖြန်းရ၏။

ထိုအခါ ဥဂ္ဂဟနိမိတ်သည် အခိုးအငွေ့သဘောဖြင့် တုန်လှုပ်လျက်ရှိ၏။ အာကာသ၌ ဝါယောမုန်တိုင်းအသွင်ဖြင့်လည်း ထင်တတ်၏။ ပဋိဘာဂနိမိတ်သည်ကား ငြိမ်သက်သောသဘော တုန်လှုပ်ခြင်းမရှိသော သဘောဖြင့် အာကာသ၌ လေသည် တခဲနက်စုဝေးလာဘိသကဲ့သို့ ပြတ်သားထင်ရှား၏။ အပ္ပနာ ဈာန်မှ စတုတ္ထဈာန်တိုင်အောင် ကြိုးစားရန် မမေ့မလျော့သင့်။

## နီလ ကသိုဏ်း

နီလကသိုဏ်းဟူသည်မှာညိုသောအဆင်းကို စီးဖြန်းရသော ကသိုဏ်းဖြစ်သည်၊ အင္ဂကထာ၌ ညိုသော အဆင်းရှိသည့် အောင်မဲညိုပွင့်ကို ကမ္မဋ္ဌာန်းနိမိတ်ယူ၍ စီးဖြန်းရန်မိန့်ဆိုသည်။ သို့သော်အညိုရောင်ဟူသမျှ စီးဖြန်းနိုင်သည့် ဈာန်ဟူ၍သတ်မှတ်ရမည်။

ဤကသိုဏ်းကို စီးဖြန်းလိုသော ယောဂီသည် အဝတ်၌ရင်း၊ နံရံ၌ရင်း အညိုရင့်ရောင်ဆေးဖြင့် တထွာလက်လေးသစ်အကျယ် စက်ဝန်းသဏ္ဌာန်ရေးရန်လိုသည်။ တိုက်နံရံဖြစ်လျှင် အဖြူရောင် သော်ရင်း၊ ဝါနုရောင်သော်ရင်း ခံဆေးသုတ်ထား ရှိသဖြင့် ကသိုဏ်းဝန်းနှင့် ကွဲပြားရန်ခံဆေးအထူးသုတ်ရန်မလို။

အဝတ်နှင့်အခြားသော နံရံတို့၌ဖြစ်လျှင်အညိုရောင်ကသိုဏ်းဝန်းနှင့် ထင်ရှားကွဲပြားစေရန် ခံဆေးအရင့် သုတ်ပေးရန်လိုသည်။ သို့မှသာကသိုဏ်းဝန်းထင်ရှားပေါ်လွင်မည်။

ကသိုဏ်းဝန်းနှင့်အကွာအဝေးခုံအမြင့်တို့မှာ ပထဝီကသိုဏ်းတို့၌ ဖော်ပြခဲ့သည့်အတိုင်းသာ ပြုလုပ်ရမည်။ ကသိုဏ်းဝန်းကိုမျက်စိဖြင့် ပရိကံနိမိတ်ယူ၍ မျက်စိမှိတ်ပြီး "နီလ-နီလ"ဟူ၍ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ထင်ရှားပေါ်လွင်သည့်တိုင်အောင် စီးဖြန်းရမည်။

ပဋိဘာဂနိမိတ်သည် ကောင်းကင်၌ ဣန္ဒနီလာပတ္တမြားညိုတွဲရရွဲဆွဲထားဘိသကဲ့သို့ ကြည်လင်ပြတ်သားစွာ ထင်ရှား၏။ ပဋိဘာဂနိမိတ်ထင်ရှားဖြစ်ပေါ်သည့်အချိန်မှစ၍ အပ္ပနာဈာန် စတုတ္ထဈာန်တိုင်အောင် မလျော့သော လုံ့လဝီရိယတို့ဖြင့် အားထုတ်စီးဖြန်းရမည်။

ပဋိဘာဂနိမိတ် ထင်သည်နှင့်တပြိုင်နက် အပ္ပနာဈာန်သို့ ရောက်အောင် အကယ်၍မစီးဖြန်းနိုင်အံ့၊ ယင်းအလွန်ဖြစ်ခဲ့သော နိမိတ်သည် ဧကမုဟုတ်ချင်း ကွယ်ပျောက်သွားနိုင်၏။ အထူးသတိချပ်ရန်လိုသည်။

## ပီတ ကသိုဏ်း

ပီတကသိုဏ်းဟူသည်မှာ ရွှေသောအဆင်းကိုစီးဖြန်းရသောကသိုဏ်းဖြစ်သည်။ ပါရမီသမ္ဘာရရင့်ကျက်သော ယောဂီရဟန်းတို့နိမိတ်ယူပုံကို အထူးပြရန်မလိုအပ်သဖြင့် ချန်လှပ်ထားခဲ့သည်။

ပါရမီရင့်သော ပုဂ္ဂိုလ်တို့သည် အရာဝတ္ထုတို့ကို မြင်ကာမျှဖြင့် ကမ္မဋ္ဌာန်းနိမိတ်တို့ကို လွယ်လင့်တကူရရှိနိုင်သောကြောင့် ဤကသိုဏ်းကဏ္ဍ၌ အထူးဖေါ်ပြရန်မလိုဟုယူဆမိသည်။

ဤပီတကသိုဏ်းစီးဖြန်းနည်းမှာ နီလကသိုဏ်းကဲ့သို့ပင် နံရံ၊ အဝတ်၊ သင်္ဘုပြားစသည်တို့၌ ရင့်သောရွှေရောင်အဆင်းကို (မတူသောအရောင်ခံ၍) ကသိုဏ်းဝန်းရေးသားရမည်။ထို့နောက် ပီတကသိုဏ်းဝန်း၌ ဆေးရေးထားသည်ကို နှလုံးမသွင်းဘဲ"ပီတ ပီတ"ဟူ၍ နှလုံးသွင်းပြီး နိမိတ်နှစ်ပါးထင်ရှားသည့်တိုင်အောင် စီးဖြန်းအားထုတ်ရမည်။

အပ္ပနာစျာန်မှ စတုတ္ထစျာန်တိုင်အောင် အထက်ပါနည်းများအတိုင်း မလျှော့သော လုံ့လဝီရိယဖြင့် ရောက်အောင် လေ့လာ၍ ဤကသိုဏ်းတို့ဖြင့် မအို၊ မနာ၊ မသေသောအဲဖြစ် သို့မုချရောက်လတံ့ဟူ၍ စိတ်ကိုချီးမြှောက်ပေးရမည်။

## လောဟိတ ကသိုဏ်း

လောဟိတကသိုဏ်းဟူသည်မှာ နီမြန်းသော အဆင်းကိုစီးဖြန်းရသော ကသိုဏ်းပင်ဖြစ်သည်။ ကသိုဏ်းစီရင်ပုံစီးဖြန်းပုံစသည်တို့မှာ ယခင်ပြခဲ့ပြီးသောကသိုဏ်းများအတိုင်း ပြုလုပ်ရသည်။

အဝတ်၊ နံရံစသည်တို့၌ ဆေးဖြင့်ရေးဆွဲလျှင် အချင်းတထွာလက်လေးသစ်ရှိရမည်။ ဝန်းဝန်းစက်စက်ဖြစ်ရမည်။ ယခင်ပြခဲ့သော ကသိုဏ်းအစီအရင်များနှင့် လွဲဖယ်တိမ်းစောင်းခြင်းမရှိစေရန်သတိပြုရမည်။

အထူးသဖြင့် ပထဝီကသိုဏ်း၌ အကျယ်ချဲ့ပြခဲ့သော အစီအရင်တို့သည် ကသိုဏ်းဟူသမျှ၏ အစီအရင်ဖြစ်သည်။ ဆေးရေးရာတွင် အရောင့်ရင့်ရန်လိုသည်။

သံပြားတွင် သဘော်ဆေးဖြင့် နှစ်ထပ်ရေးဆွဲထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ သံပြားမှာ ရွှေ့ပြောင်းရလွယ်သည်။ မည်သည့်နေရာတွင် ချိတ်ချိတ်ဖြစ်နိုင်သည်။

ဆေးနှစ်ထပ်သုတ်ခြင်းမှာ ကြာရှည်ခိုင်ခန့်သည်။ အရောင်မှိန်ခြင်း၊ ပြောင်းလဲခြင်း၊ ရုတ်တရက်မဖြစ်နိုင်။ ဆေးကောင်းရလျှင်သာ၍ကောင်းသည်။ မည်သည့်ကမ္မဋ္ဌာန်းမဆို စီးဖြန်းရာတွင် တိတ်ဆိတ်သော ငြိမ်သက်သောနေရာကို ရွေးချယ်ရန်မမေ့သင့်။

## ဩဒါတ ကသိုဏ်း

ဩဒါတကသိုဏ်းဟူသည်မှာ အဖြူရောင်နိမိတ်ကိုစီးဖြန်းရသော ကသိုဏ်းဖြစ်သည်။ အဖြူရောင်အဝတ်၊ ပန်းစသည်တို့၌ နိမိတ်ကိုယူနိုင်ကြောင်း အဋ္ဌကထာ၌မိန့်သည်။

သို့သော် နီလ၊ ပီတကသိုဏ်းများကဲ့သို့ သံပြား၊ သတ္တုပြား၊ တိုက်နံရံစသည်တို့၌ သဘော်ဆေးဖြင့် ကသိုဏ်းဝန်းပြုလုပ်၍ စီးဖြန်းခြင်းသည် ခေတ်နှင့်အကိုက်ညီဆုံးဖြစ်သည်။

ကသိုဏ်းနိမိတ်ယူပုံ၊ ကသိုဏ်းအစီအရင်စသည်တို့မှာ ပြဆိုပြီးခဲ့သော ကသိုဏ်းများအတိုင်းဖြစ်၍ ခြားနားခြင်းမရှိ။ အဖြူရောင်သာလျှင်ခြားနားသည်။

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီတို့အား အထူးသတိပေးတိုက်တွန်းလိုသည်မှာ ကမ္မဋ္ဌာန်းစီးဖြန်းသည့်အချိန်၌ ကိလေသာ အညစ်အကြေးစွန်းထင်သော အဝတ်များ၊ စိတ်၌သာယာတပ်မက်စေတတ်သော အကြောင်အကျား အဝတ်များကို မဝတ်ဆင်သင့်။

အလွန်ကြမ်းတမ်းသော ဖျဉ်ကြမ်း သို့မဟုတ်ပိုတ်ကြမ်းစသည်တို့ကို ယောဂီရောင်ရင့်ရင့် ညစ်ပုတ်ပုတ်အရောင် ဆိုးထားသည့်အဝတ်တို့ကိုသာလျှင် ဝတ်ဆင်သင့်သည်။ သို့သော်ယင်းအပတ်အထည်များကို သန့်ရှင်းအောင် လျှော်ဖွပ်ထားရန်လိုသည်။

အနံ့အသက်များ မရရှိစေရ။ အဝတ်အထည်တို့၌ကမ္မဋ္ဌာန်းနိမိတ်ကိုဖျက်ဆီးစေတတ်သော ရေမွှေးစသည့်အမွှေးအကြိုင်တို့လည်း ဆွတ်လိမ်းခြင်းမပြုရ။ အထူးဆင်ခြင်။

## အာလောက ကသိုဏ်း

အာလောက ဟူသည်မှာ အလင်းရောင်ကို စီးဖြန်းရသောကသိုဏ်းဖြစ်သည်။ သို့သော်အခြားကသိုဏ်းတို့နှင့် အနည်းငယ်ကွဲပြားသည်။

အာလောက ကသိုဏ်းကို အလုံခန်းတွင်တာ စီးဖြန်း၍ဖြစ်နိုင်သည်။ ဤကသိုဏ်းကိုစီးဖြန်းရန် မှောင်နေသောအခန်းတခုလိုသည်။ ယင်းအခန်းတွင် အမိုးမှသော်ငင်း၊ နံရံမှသော်ငင်း၊ တလက်မ နှစ်လက်မပတ်လည်ခန့် အပေါက်ဝိုင်းဖေါက်ထားရမည်။

ယင်းအပေါက်မှ နေရောင် လရောင်ကျရောက်သော အလင်းရောင်ကသိုဏ်းဝန်းကို စီးဖြန်းရသည်။ အဌကထာ၌ အိုးကို အပေါက်ဖေါက်၍ အထဲ၌မီးထွန်း။ ထိုအပေါက်မှထွက်သော အလင်းရောင်သည် နံရံပေါ်သို့ကျရောက်စေ။

ယင်းအရောင်ကို "ဩဘာသ-ဩဘာသ"ဟူ၍ရင်း။ "အာလောက-အာလောက"ဟူ၍ရင်း ကသိုဏ်းစီးဖြန်းရမည်ဟုမိန့်ဆိုသည်။

အိုးကိုအပေါက်ဖေါက်၍ မီးထွန်းသော အစီအရင်သည် နေရောင်လရောင်တို့ထက် အချိန်ကိုလိုသလိုရရှိနိုင်သည့်အတွက် အလင်းရောင်ကသိုဏ်းတွင် အသင့်တော်ဆုံးဟုမိန့်ဆိုသည်။

ခေတ်နှင့်အညီ အာလောက ကသိုဏ်းစီးဖြန်းလိုလျှင်ဓသတ္တာ တခုပြုလုပ်၍ အတွင်း၌ လျှပ်စစ်မီးလုံးတလုံးထွန်းလျက်အထက်ပါနည်းအတိုင်း ကသိုဏ်းနိမိတ်ယူနိုင်သည်။ ယင်းအစီအရင်မှာ အိုးထဲမီးထွန်းသည်ထက် အချိန်ကို မိမိအလိုရှိသလောက် စီးဖြန်းနိုင်သည်။

## အာကာသ ကသိုဏ်း

အာကာသ ကသိုဏ်းဟူသည်မှာ လေဟာအရပ်ကိုမှတ်၍စီးဖြန်းရသော ကသိုဏ်းဖြစ်သည်။ ဤကသိုဏ်း၌ ထူးခြားသည်မှာ လေဟာအရပ်ကိုသာ (၀၂) အပိုင်းအခြားရှိသော နေရာ၌သာ ပွားများစီးဖြန်းနိုင်သည်။

အာကာသ ကသိုဏ်းစီးဖြန်းနည်းမှာ နံရံဟွင် တထွာလက်လေးသစ်အပေါက်ဖေါက်၍ ယင်းအပေါက်၌ အာရုံစိုက်၍

"အာကာ—အာကာသ" ဟူ၍ နိမိတ်နှစ်ပါး ထင်သည် အထိ စီးဖြန်းရမည်။

ကြွင်းသော ကသိုဏ်းအစီအရင်များမှာ အထက်တွင်ပြခဲ့သော ကသိုဏ်များနည်းတူဖြစ်သည်။ ကသိုဏ်းကြီး ဆယ်ပါး အား ထုတ်သော ယောဂီတို့သည် အပ္ပနာသမာဓိသို့ မရောက်မချင်း အလွန်ထက်သော လုံ့လဝီရိယဖြင့် ကြိုးစား အားထုတ်ရန်လို သည်။

ထမင်းစားကောင်းရုံမျှ သဘောထား၍ အားမထုတ်သင့်။ ရတနာသုံးပါးကဲ့သို့ရှိသေစွာအသက်ကဲ့သို့ မြတ်နိုးစွာ၍အကျင့် ဖြင့် မအို၊ မနာ၊ မသေရာသို့ မုချရောက်အံ့ဟု နှလုံးပြု၍သာ လျှင် အားထုတ်သင့်သည်။

မရှိမနေ ပေါ့ပေါ့တန်တန် ကျော်ကောင်းကြားကောင်းရုံ အားထုတ်သော် ပဋိဘာဂနိမိတ်မဆိုထားဘိ၊ ဥဂ္ဂဟနိမိတ်ပင် မထင်နိုင်၊ အခန့်မသင့်က စိတ်ပျံ့လွင့်ချောက်ချား သွားတတ် သည် ကြပ်ကြပ်ဆင်ခြင်။

## ကသိုဏ်း၏ တန်ခိုးသတ္တိများ

ခပ်သိမ်းသော တရားတို့ကို အကြွင်းမရှိသိမြင်တော် မူပြီး သော ဗုဒ္ဓရှင်မြတ်ကြီးသည် ကသိုဏ်းကြီးဆယ်ပါးကို ဆန်းသစ် သော နည်းအထွေထွေတို့ဖြင့် အထက်ပါအတိုင်း ပိုင်းခြားစိတ် ဖြာ၍ညွှန်ပြတော်မူသည်။

ကသိုဏ်းကြီးဆယ်ပါး ရှုနည်းပွားနည်းတို့ကို ယောဂီတို့သိ ရပြီဖြစ်သည့်တိုင် ကသိုဏ်းတို့၏ကြီးမားသော အကျိုးကျေးဇူး

တို့ကိုလည်း ယောဂီတို့ သိထားရန် လိုအပ်သောကြောင့် ဖွင့်ပြပေအံ့။

"အာပေါကသိုဏ်း"သည် မြေအပြင်၌ ရေပြင်ကဲ့သို့ငုတ်လျှိုးနိုင်ခြင်း၊ မိုးရေမိုးပေါက်တို့ကို ဖြစ်စေနိုင်ခြင်း၊ ချောင်း၊မြစ်၊ သမုဒ္ဒရာတို့ကို ဖြစ်စေလိုက ဖြစ်ပေါ်စေနိုင်ခြင်း၊ မြေ၊ တော၊ တောင်၊ ပြဿာဒ် စသည်ဘို့ကို တုန်လှုပ်စေလိုက တုန်လှုပ်စေနိုင်ခြင်းတည်းဟူသော တန်ခိုးသတ္တိ အကျိုးကျေးဇူးတို့ဖြင့်ပြည့်စုံရ၏။

"တေဇောကသိုဏ်း"သည် အခိုးအငွေ့ လွှတ်ခြင်း၊ မီးလျှံ လွှတ်ခြင်း၊ မိုးကိုရွာစေနိုင်ခြင်း၊ မိမိတန်ခိုးဖြင့် သူတပါး၏ တန်ခိုးအစွမ်းသတ္တိတို့ကို ကုန်ခမ်းစေနိုင်ခြင်း၊ အလိုရှိသောအရာဝတ္ထုတို့ကို မီးလောင်စေနိုင်ခြင်း၊ မိမိအလိုရှိသမျှလောက်ကိုသာ လောင်စေလိုက လောင်ကျွမ်းစေနိုင်ခြင်း။

အမှောင်တိုက်၌ အလင်းရောင်တို့ ဖြစ်ပေါ်စေနိုင်ခြင်း၊ထူးသည်မှာ ပရိနိဗ္ဗာန်ပြုသော ကာလတေဇောဓာတ်လောင်ကျွမ်း၍ ပရိနိဗ္ဗာန်ပြုနိုင်ခြင်းတည်းဟူသော တန်ခိုးအစွမ်းသတ္တိအကျိုးကျေးဇူးတို့ဖြင့်ပြည့်စုံရ၏။

"နီလကသိုဏ်း"သည် တခဲနက်ညိုသော အဆင်းကိုဖန်ဆင်းနိုင်ခြင်း၊ အမိုက်မှောင်ကျအောင် ပြုလုပ်နိုင်ခြင်း၊ ကောင်းသောအဆင်း၊ မကောင်းသောအဆင်းရှိသော နည်းလမ်းဖြင့် အဘိဘာယတနစျာန် (နှိမ်နင်းအပ်သောအာရုံရှိသည့်စျာန်) ကို ရခြင်း၊ သုဘဝိမောက္ခ (ရူပစျာန်) ကို ရခြင်းတည်းဟူသော တန်ခိုးအစွမ်းသတ္တိတို့ဖြင့်ပြည့်စုံ၏။

"ပီတကသိုဏ်း"သည် ရွှေသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း သွပ်၊ သံ၊ ကြေး၊ ပြဒါး၊ သစ်ရွက်၊ သစ်ခေါက်စသည်တို့ကို အလိုရှိက ပကတိရွှေဖြစ်ပေါ်စေနိုင်ခြင်း၊ အဘိဘာယတန စျာန်ကို ရနိုင်ခြင်း၊ သုဘဝိမောက္ခကို ရနိုင်ခြင်းတည်း ဟူသော တန်ခိုးသတ္တိအကျိုးကျေးဇူးတို့ဖြင့် ပြည့်စုံရ၏။

"လောဟိတကသိုဏ်း"သည် ရဲရဲတောက်နီမြန်းသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ အဘိဘာယတနစျာန်ကိုရနိုင်ခြင်း၊ သုဘဝိမောက္ခကို ရနိုင်ခြင်း၊ လောဟိတင်္ဂပတ္တမြားစသည်တို့ကိုအလိုရှိက ဖြစ်စေနိုင်ခြင်းတည်းဟူသော တန်ခိုးသတ္တိအကျိုးကျေးဇူး တို့ဖြင့်ပြည့်စုံရ၏။

"ဩဒါတကသိုဏ်း"သည် တခဲနက်ဖြူသော အဆင်းကိုဖန်ဆင်းနိုင်ခြင်း၊ ထိနမိဒ္ဓကင်းဝေးအောင်ပြုနိုင်ခြင်း၊ အမိုက်တိုက်ကိုပယ်ဖျောက်နိုင်ခြင်း၊ ဒိဗ္ဗစက္ခုဖြင့် အဆင်းကိုမြင်စေရန် အလင်းရောင်ကိုပြုလုပ်နိုင်ခြင်းတည်းဟူသော တန်ခိုးသတ္တိအကျိုး ကျေးဇူးတို့ဖြင့်ပြည့်စုံရ၏။

"အာလောကကသိုဏ်း"သည် အလင်းရောင်နှင့် တကွဖြစ်သော အဆင်းကိုဖန်ဆင်းနိုင်ခြင်း၊ ထိနမိဒ္ဓကင်းဝေးအောင်ပြု လုပ်နိုင်ခြင်း၊ အမိုက်တိုက်ကို ပယ်ဖျောက်နိုင်ခြင်း၊ ဒိဗ္ဗစက္ခု ဖြင့်အဆင်းကိုမြင်စေရန် အလင်းရောင်ကိုဖန်ဆင်းနိုင်ခြင်း၊ မိမိ အလိုရှိသမျှ အပိုင်းအခြားထား၍ အလင်းရောင်ကိုဖြစ်ပေါ်စေ နိုင်ခြင်းတည်းဟူသော တန်ခိုးသတ္တိ အကျိုးကျေးဇူးတို့ဖြင့်ပြည့် စုံရ၏။

"အာကာသ ကသိုဏ်း"သည် ကာကွယ်ထားသော အရာဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင် ပြုလုပ်နိုင်ခြင်း၊ မြေကြီးတောင် စသည်တို့၌ ဟင်းလင်းအပြင် ကောင်းကင်တို့ကိုဖန်ဆင်းနိုင်ခြင်း၊ ဟင်းလင်းပွင့်သွားသောနေရာအရပ်တို့၌လျှောင်းထိုင်ရပ်သွား ဣရိယာပုတ်လေးပါးကို ပြုလုပ်နိုင်ခြင်း၊ ကာဆီးထားသောနံရံ၊ တံတိုင်း စသည်တို့၌ တဘက်မှတဘက်သို့ မငြိတွယ် လျှောက်သွားနိုင်ခြင်းတည်းဟူသော တန်ခိုးသတ္တိအကျိုးကျေးဇူးတို့ဖြင့်ပြည့်စုံရ၏။

**တန်ခိုးမရထိုက်သူများ**

တန်ခိုးမရထိုက်သူဟူ၍ ဤလောက၌ မုချရှိသည်။ရှေးအခါက နိယတမိစ္ဆာဒိဋ္ဌိကြီးတို့သည် တန်ခိုးမရှိကုန်။ အချို့ကနိယတမိစ္ဆာဒိဋ္ဌိတို့ပျောက်ရသည်ဟု အထင်ရှိကြသည်။

ဗုဒ္ဓရှင်တော်မြတ်၏ တုန့်လှုပ်ခြင်းမရှိ၊ ပကတိသော ဒေသနာမိန့်ချက်ကို နှလုံးမမူမိ၍ဖြစ်ပေမည်။ ပျောန်မင်္ဂနှင့်ပတ်သက်၍ဗုဒ္ဓရှင်မြတ်ကြီးက....

အကြင်သတ္တဝါတို့တွင် ပျောန်မင်္ဂကိုတားမြစ် တတ်သောကံနှင့်ပြည့်စုံကုန်၏။ ပျောန်မင်္ဂကို တားမြစ်တတ်သော ကိလေသာနှင့်ပြည့်စုံကုန်၏။ပျောန်မင်္ဂကိုတားမြစ်တတ်သော အကျိုးဝိပါက်နှင့် ပြည့်စုံကုန်၏။ ယုံကြည်ခြင်းသဒ္ဓါမရှိ၊ ကောင်းသောဆန္ဒကင်းကုန်၏။ ပညာမဲ့ကုန်၏။ ထိုသတ္တဝါတို့သည် ကုသိုလ်တရားတို့၌ အမြဲမဖောက်မပြန် မှန်ကန်သော သဘောရှိသည့် အရိယာမင်္ဂသို့ သက်ဝင်ခြင်းငှာမထိုက် ဟူ၍ညွှန်ပြတော်မူ၏။

"ယင်းသို့ညွှန်ပြတော်မူသော သတ္တဝါတို့တွင် တစုံတယောက်မျှ တခုသောကသိုဏ်း၌ (မည်သည့်ကသိုဏ်း၌မဆို) ဘာဝနာပွားခြင်းမပြည့်စုံနိုင်"ဟု ဟောတော်မူကြောင်း ဝိသုဒ္ဓိမဂ်၌မိန့်သည်။

ထို့ကြောင့် နိယတမိစ္ဆာဒိဋ္ဌိကြီးတို့သည် ဈာန်တန်ခိုးတို့ကို (ဝ၊)ဈာန်တရားတို့ကိုမရကုန်။ ဈာန်တရားတို့ကိုရသောတိတ္ထိတို့မှာ သာသနာပဈာနလာဘီ ရသေ့တို့ကိုဆိုလိုသည်။ အကြင်သတ္တဝါသည် ဈာန်မဂ်ကိုတားမြစ်တတ်သောကံ၊ ဈာန်မဂ်ကိုတားမြစ်တတ်သော ကိလေသာ ဈာန်မဂ်ကိုတားမြစ်တတ်သောအကျိုးဝိပါက်နှင့်ပြည့်စုံ၏။

ယင်းသို့သဘောရှိသော သတ္တဝါတို့သည် တဦးတယောက်မျှဈာန်တရားကိုင်း၊ မဂ်တရားကိုင်း၊ ပွားများအားထုတ်ခြင်းငှာမတတ်နိုင်ကုန်ဟူသော ညွှန်ပြတော်မူချက်ကို ထောက်ရှုခြင်းအားဖြင့် အဟေတုက၊ အကိရိယ၊ နတ္ထိကဖြစ်ကြသောနိယတမိစ္ဆာဒိဋ္ဌိကြီးတို့သည် အဘယ်သို့လျှင် ဈာန်တန်ခိုးနှင့်ပြည့်စုံနိုင်မည်နည်း။

ထပ်၍ရှင်းပါဦးအံ့။ ဈာန်မဂ်ဟူရာ၌ ဈာန်ဟူသည်မှာကသိုဏ်းစသည့် ပရိကံတို့ကို စီးဖြန်းလျက် အပ္ပနာတည်းဟူသောဈာန်သို့ရောက်ခြင်း၊ ရရှိခြင်းကိုဆိုလိုသည်။

မဂ်ဟူသည်မှာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်လေးပါးတို့ကိုဆိုလိုသည်။ ဖိုလ်ဟူသည်မှာလည်း ယင်းမဂ်လေးပါး၏ အကျိုးပင်ဖြစ်သည်၊ ယင်းသုံး

မျိုးကို အပေါင်းဝေါဟာရပြု၍ ဈာန်မဂ်ဖိုလ်ဟူ၍ တွဲဖက်ခေါ်ဝေါ်လေ့ရှိသည်။

မျက်မှောက်ခန္ဓာ၏ အဖြစ်၌ ဈာန်မဂ်ကို တားမြစ်တတ်သော ကံဟူသည်မှာကံ၊ ကိလေသာ၊ ဝိပါက်၊ဥပဝါဒန္တရာယ် အာဏာဝီတိက္ကမန္တရာယ်တည်းဟူသော အန္တရာယ်ကြီးငါးပါးဖြစ်သည်။

ဈာန်မဂ်ကိုတားမြစ်တတ်သောကံဟူသည်မှာပဉ္စာနန္တရိယကံနှင့်ဘိက္ခုနီမ စသူတို့၌ပြစ်မှားကျူးလွန်မိသော ကံတို့ဖြစ်သည်။ ကိလေသန္တရာယ်ဟူသည်မှာ နိယတမိစ္ဆာအယူနှင့် ဒုဂ္ဂတိ၊သုဂတိအဟိတ်၊ ဒွိဟိတ်ဝိပါက်၊ ပဏ္ဍုက်၊ တိရစ္ဆာန်၊ ဥဘတောဗျည်းတို့ဖြစ်သည်။

သောတာပန် အစရှိသော အရိယာတို့အား စွပ်စွဲ ဆဲရေးခြင်းသည်အရိယူပဝါဒန္တရာယ်မည်၏။ ကန်တော့လျှော်ပြေပျောက်၏။ လွန်ကျူးလိုသော စေတနာဖြင့် သင့်ရောက်သောအာပတ်သည် အာဏာဝီတိက္ကမန္တရာယ်မည်၏။

ယင်းအန္တရာယ်ကြီး ငါးပါးတို့သည် ဈာန်မဂ်ဖိုလ်တို့ကိုတားမြစ်ပိတ်ပင်တတ်သောဟာရားမည်ကုန်၏ဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ အလဂဒ္ဒသုတ်၌မိန့်သည်။

## ရှင်းလင်းချက်

ဥဘတောဗျည်းဟူသည်မှာ လူတကိုယ်တည်း၌ ယောကျ်ားမိန်းမအင်္ဂါဇာတ်နှစ်မျိုးလုံး ပါရှိသူကိုခေါ်သည်။ ဥဘတောဗျည်းနှစ်မျိုးရှိသည်။ ယောကျ်ားဥဘတောဗျည်း ယောကျ်ား

ပုံသဏ္ဍာန်ရှိ၍ လိင်နှစ်ခုပါသည်။ ကာမကိစ္စ၌ ယောကျ်ား အဖြစ်နှင့်လည်းပြုနိုင်သည်။ ရံခါမိန်းမအဖြစ်နှင့်လည်းခံယူနိုင်သည်။ သန္ဓေကိုပေးနိုင်စွမ်းရှိသည်။ မိန်းမသဘောဖြင့် ခံယူသောအခါ သန္ဓေကိုမယူနိုင်။

မိန်းမဥဘတောဗျည်း မိန်းမပုံသဏ္ဍာန်ရှိ၍ မေထုံမှု၌မိန်းမကဲ့သို့ခံယူနိုင်လျက် ပဋိသန္ဓေကိုပါယူနိုင်သည်။ ရံခါယောကျ်ားကဲ့သို့သွားနိုင်သည်။ သို့သော် ပဋိသန္ဓေကိုတော့ မပေးနိုင်။ အကျယ်ကိုဝိနည်းပါရာဇိကာဏ်အဋ္ဌကထာ၌ရှု—

(သုတေသနသရုပ်ပြအဘိဓာန် ဂ၃-)

ပဏ္ဍုက်ဟူသည်မှာ ယောကျ်ားမပီသသူ၊ယောကျ်ားကောင်း ယောကျ်ားမြတ်အင်္ဂါနှင့်မညီညွတ်သူ၊ အသွင်ချွတ်ယွင်းသူများကို ပဏ္ဍုက်ဟူ၍ခေါ်သည်။ ယင်းပဏ္ဍုက်ငါးမျိုးရှိသည်။

၁။ 'အာသိတ္တပဏ္ဍုပ်' သူတပါး၏ သုက်သွေးကိုပါးစပ်ဖြင့်ရှင်း၊ ဝဋ္ဋမင်ဖြင့်ရှင်း၊ စုပ်ယူမျိုသွင်းရမှ မေထုန်ကိုပြုနိုင်သောသူ (ဥပမာပန်းစုပ်ကုလားများကဲ့သို့) အချို့ပန်းသေနေသောသူ။

၂။ 'ဥဿုယပဏ္ဍုက်' သူတပါးတို့ သွားလာပေါင်းဖော်နေသော မေထုန်မှုကို ချောင်းမြောင်းကြည့်ရှုရလျှင် မိမိ၏ကိလေသာငြိမ်းသောပဏ္ဍုက်၊ သို့မဟုတ်ယင်းသို့ချောင်းကြည့်ရမှကိလေသာစိတ်ဖြစ်ပေါ်လာရသောသူ။

၃။ 'ဩပက္ကမိပဏ္ဍုက်' သင်းကွပ်ဟက်ပစ်ထား၍ ဝေ့းစေ့မရှိသူကိုခေါ်သည်။

၄။ 'ပက္ခပစ္စုက်' လဆန်း၊ လဆုတ်တရက်၌ ဆာမကို မအောင့်အီး၊ သည်းမခံနိုင်ဘဲ အထူးပိုက် သောင်းကျန်းလျက် မေထုန်ပြုရမှ ကျေနပ်နိုင်သူ။

၅။ 'နပုံသကပစ္စုက်' မိန်းမအင်္ဂါ၊ ယောကျ်ားအင်္ဂါနှစ်မျိုးစလုံး အထင်အရှားမရှိသူ၊ သို့မဟုတ် မိန်းမကယောကျ်ား စိတ်ပေါက်နေသူ။ ယောကျ်ားကမိန်းမစိတ် ပေါက်နေသူတို့ကို နပုံသကပစ္စုက်ဟူ၍ခေါ်သည်။ မိန်းမလျာ၊ ယောကျ်ားလျာ တို့ဖြစ်သည်။

ယင်းပစ္စုက်ငါးယောက်ကို ရဟန်းပြုမပေးရဟူ၍ ဝိနည်းတော်၌ ပညတ်တော်မူသည်။

ထို့ကြောင့် အထက်ပါဥဘတောဗျည်းနှင့် ပစ္စုက်တို့ကို ဈာန်မဂ်ကိုတားမြစ်တတ်သော ကိလေသာနှင့် ပြည့်စုံသူများဟူ၍ ဗုဒ္ဓရှင်မြတ် ညွှန်ပြတော်မူသည်။ ထိုအထဲကွင် နိယတမိစ္ဆာဒိဋ္ဌိသုံးမျိုးလည်းအကျုံးဝင်သည်။

ဈာန်မဂ်ကို တားမြစ်တတ်သော အကျိုးဝိပါက်နှင့်ပြည့်စုံသူဟူသည်မှာ အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ နေရသော ပုဂ္ဂိုလ်တို့ကိုခေါ်သည်။ ယင်းပုဂ္ဂိုလ်တို့သည်ဘ ဝနာကမ္မဋ္ဌာန်းတို့၌ အပ္ပနာတိုင်အောင် ဈာန်သမာဓိကိုမရနိုင်။ ရနိုင်ရန် အကြောင်းမရှိ။ အကြောင်းမှာ ဟိတ်အားနည်းသောကြောင့်ဖြစ်သည်။

ယုံကြည်မှုသဒ္ဓါတရားမရှိခြင်းဟူသည်မှာ ဘုရားအစရှိသော ရတနာသုံးပါးတို့၌ ယုံကြည်မှုကင်းသူ၊ နည်းသူတို့ကိုဆိုလိုခြင်း

ဖြစ်သည်။ သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း၊ ဘာဝနာတို့၌လည်း ယုံကြည်မှုမရှိ ပျင်းရိသူများလည်း အကျုံးဝင်သည်။

ဆန္ဒကင်းခြင်း ဟူသည်မှာ သမထ၊ ဝိပဿနာ၊ ဘာဝနာ အလုပ်စခန်းတို့၌ အားထုတ်လိုသော စိတ်ဆန္ဒမရှိသူတို့ကိုဆိုလိုခြင်းဖြစ်သည်။ ဝီရိယကိုယုတ်၍အားထုတ်ရသော ကောင်းမှုဘာဝနာတို့၌ ဆန္ဒလုံးဝမရှိသူများပင်ဖြစ်သည်။

ပညာမဲ့ခြင်းဆိုသည်မှာ လောကီပညာ၊ လောကုတ္တရာပညာတို့ကင်းကုန်သောသူ(ဝါ) လောကီလောကုတ်ပညာနှစ်ရပ်စလုံးမရှိသူ၊ နက်နဲသောပညာတို့၌ စိတ်မဝင်စားသူ၊ နက်နက်နဲနဲကြံဆရသော အတတ်ပညာတို့၌ စိတ်မဝင်စားသူ၊ ဉာဏ်နည်းသူတို့ကိုဆိုလိုခြင်းဖြစ်သည်။

ဗုဒ္ဓရှင်မြတ် ညွှန်ကြားတော်မူသော အထက်ပါ အချက်ကြီး (ဝါ) အင်္ဂါကြီးခြောက်ပါးနှင့် ပြည့်စုံသူတို့သည်။ သို့တည်းမဟုတ် တပါးပါးနှင့် ပြည့်စုံသူတို့သည် တစုံတယောက်မျှ စျာန်မဂ်ဖိုလ်တရားများကို မရနိုင်သူဖြစ်သည်။

ထို့ကြောင့်....

"ကံ ကိလေသာ၊ ဝိပါက၊ ဝါဒတိက္ကမာ
နှောင့်ရှားအမှတ်ရှိ မဂ်ဖိုလ်များ၊ ငါးတန်အန္တရာ..."

ဟု အဂ္ဂကျောင်းဆရာတော်ကြီးဘုရား မိန့်တော်မူသည်။

ထိုသတ္တဝါတို့သည် မည်သည့် သမထ ဝိပဿနာကမ္မဋ္ဌာန်းမဆို အပ္ပနာ သမာဓိသို့ ရောက်သည့်တိုင်အောင် အားထုတ်၍မရနိုင်။ ယင်းအန္တရာယ်ကြီးငါးပါးသည်အကျိုးမဲ့ကိုပြုတတ်သည်။

ထို့ကြောင့် ဒွိဟိတ်ပဋိသန္ဓေပင်ဖြစ်သော်လည်း ကလျာဏ ယောဂီဖြစ်လိုသူတို့သည် ဤအန္တရာယ်ကြီးငါးပါးကို အတတ်နိုင်ဆုံး ရှောင်ရှား၍ သူတော်ကောင်းတရားကို နာကြားခြင်း သူတော်ကောင်း ပညာရှိတို့နှင့်သာ ပေါင်းဖော်ခြင်း၊ မရှင်းလင်းသောတရားဒေသနာတို့ကို သူတော်ကောင်းပညာရှိတို့ထံ၌ မေးမြန်းဆွေးနွေးခြင်းဖြင့် ဝီရိယ၊ စိတ္တ၊ ဆန္ဒ၊ ပညာတို့ကိုပွားများစေ၍ ဘုရားရဟန္တာ အရှင်မြတ်တို့၏ ဥစ္စာရတနာဖြစ်သော သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း ဘာဝနာတို့၌ မပြတ်ကျိုးကုတ်အားထုတ်သင့်လှပေသတည်း။

ဤတွင်ကသိုဏ်းကြီးဆယ်ပါးအဖွင့်ပြီး၏

* *
*

## ပကိဏ္ဏက ကဏ္ဍ

**ကသိုဏ်းနိမိတ်နှစ်ပါးအကျယ်ဖွင့်ဆိုချက်များ**

ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း ၂၂-မျိုးရှိသည်။

ယင်း ၂၂-မျိုးတို့မှာ....

| | |
|---|---|
| ကသိုဏ်းကြီး | ၁၀-ပါး |
| အသုဘကမ္မဋ္ဌာန်း | ၁၀-ပါး |
| ကာယဂတာသတိ | ၁-ပါး |
| အနာပါနဿတိ | ၁-ပါး |
| ပေါင်း.... | ၂၂-ပါး |

ပဋိဘာဂနိမိတ်မရနိုင်သော ကမ္မဋ္ဌာန်းတို့မှာ ၁၈—ပါးရှိသည်။

ယင်းကမ္မဋ္ဌာန်းတို့မှာ....

| | |
|---|---|
| အနုဿတိ | ၈-ပါး |
| အပ္ပမညာ | ၄-ပါး |
| အာဟာရေပဋိကူလသညာ | ၁-ပါး |
| စတုဓာတုဝဝတ္ထာန် | ၁-ပါး |
| အာရုပ္ပကမ္မဋ္ဌာန်း | ၄-ပါး |
| ပေါင်း.... | ၁၈—ပါး |

**ပရိကမ္မနိမိတ်**

ဘာဝနာ စတင်အားထုတ်သူ ယောဂီ၏ စတင်စီးဖြန်းရသောအာရုံသည်ပရိကမ္မနိမိတ်ဖြစ်သည်။ ကမ္မဋ္ဌာန်းစတင်စီးဖြန်းသည့်အခါ အာရုံပြုရသော ပထဝီကသိုဏ်းဝန်း စသည်တို့ကိုပင် ပရိကမ္မနိမိတ်ဟု ခေါ်သည်။

တနည်းအားဖြင့် မျက်စိဖြင့်သော်၎င်း၊ မနောဒွါရိကစိတ်ဖြင့်သော်၎င်း၊ စတင်စီးဖြန်းရသော အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်သည်။

ပရိကမ္မ-ပရိကမ္မဘာဝနာ။ နိမိတ္တ—အကြောင်း၊ အာရုံ။ ပရိ ရှေးဦးစွာ ကမ္မ၊ ပြုခြင်း။ ပရိကမ္မ ရှေးဦးစွာ ပြုလုပ်စီမံခြင်း (ဝါ) ရှေးဦးစွာပြုလုပ်ရသောအမှု။

**ဥဂ္ဂဟနိမိတ်**

ကသိုဏ်းနိမိတ်ကို ပကတိမျက်စိဖြင့် ကြည့်၍မြင်တွေ့နေရဘိသကဲ့သို့ မျက်စိမှိတ်၍ အာရုံပြုသောအခါ ထင်ထင်ရှားရှားဖြစ်ပေါ်လာသော နိမိတ်ကိုပင် ဥဂ္ဂဟနိမိတ်ဟုခေါ်သည်။

(ဥဂ္ဂဟ စိတ်၌ယူခြင်း+နိမိတ္တ= အကြောင်း၊ အာရုံ။ စိတ်၌ထင်ရှားစွာယူနိုင်သောအာရုံ၊ အကြောင်းတရား)။

**ပဋိဘာဂနိမိတ်**

ပရိကံပြု၍ စီးဖြန်းထားသော ကသိုဏ်းနိမိတ်ကို မျက်စိမှိတ်၍ရှုသောအခါ ဥဂ္ဂဟနိမိတ်ထင်သည်ထက် လွန်၍ အလင်းရောင်နှင့်တကွ အလွန်ကြည်လင် ပြတ်သားစွာဖြစ်ပေါ်လာရသော နိမိတ်ကို ပဋိဘာဂနိမိတ်ဟုခေါ်သည်။ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်နှစ်ပါးတို့ခြားနားချက်မှာ ဥဂ္ဂဟနိမိတ်သည်မျက်စိဖွင့်၍ ရှုနေဘိသကဲ့သို့ ထင်ရှားပြတ်သားသော်လည်း အစင်းအကြောင်းတို့ဖြင့် အပြစ်မလွတ်အလင်းရောင်နှင့်တကွ ဖြစ်ပေါ်ခြင်းမရှိ။ ပဋိဘာဂနိမိတ်သည်ကား အာရုံအလွန်ထင်ရှားပြတ်သားသည့်အပြင် အရေးအစင်းအကြောင်း ဟူသောကသိုဏ်းအပြစ်တို့လည်းမထင်။ အလင်းရောင်နှင့်တကွ ကြေးမုံပြင်ကဲ့သို့ အလွန်ကြည်လင်ပြတ်သားစွာ ဖြစ်ပေါ်နေသည်။

မှတ်ချက်။ ပဋိဘာဂနိမိတ်သည် ဥဂ္ဂဟနိမိတ်၏ မြင့်မြတ်ထူးခြားသော အဆင့်ပင်ဖြစ်သည်။ ပဋိဘာဂနိမိတ်ဖြစ်ပေါ်ရခြင်းသည် အမှန်စင်စစ် ဥဂ္ဂဟနိမိတ်၌အခြေစိုက်သည်။

## ပရိကမ္မ ဥဂ္ဂဟနိမိတ်နှစ်ပါးနှင့်ရနိုင်သောကမ္မဋ္ဌာန်းများ

ယင်းနိမိတ်နှစ်ပါးကို ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ ရနိုင်သည်။ သို့သော် အချို့သောကမ္မဋ္ဌာန်းတို့၌ ပရိကမ္မနှင့် ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်သည့်အခိုက်အတန့်ကို အတိအကျ ကန့်သတ်၍ရသည်။ အချို့ကမ္မဋ္ဌာန်း၌ ပရိယာယ်အားဖြင့်သာ ခွဲခြား၍ရသည်။

သာဓကဆောင်အံ့။

ပထဝီကသိုဏ်းဝန်းကို "ပထဝီ-ပထဝီ"ဟု နှုတ်ဖြင့်ရွတ်ဆို၍ ၎င်း၊ မျက်စိဖြင့်စူးစိုက်ကြည့်၍၎င်း ပွားများအားထုတ်နေဆဲ အခါ၌ ယင်းပထဝီကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်ဟုခေါ်သည်။

ထို့နောက် ပထဝီကသိုဏ်းဝန်းအနီးမှ အခြားသင့်တော်ရာသို့ ထွက်ခွာသွားပြီးနောက် မျက်စိမှိတ်၍ စီးဖြန်းသည့်အခါ ပကတိ မျက်စိဖြင့် (ပရိကံပြုသကဲ့သို့) တွေ့မြင်နေရဘိသကဲ့သို့ စိတ်အာ ရုံ၌ ထင်ရှားစွာဖြစ်ပေါ်လာ၏။ ယင်းသို့စိတ်အာရုံ၌ ထင်ရှား ဖြစ်ပေါ်လာသော ပထဝီကသိုဏ်းဝန်းသည် ဥဂ္ဂဟနိမိတ်အစစ် တည်း။

ပဋိဘာဂနိမိတ်ရနိုင်သော ကမ္မဋ္ဌာန်း ၂၂-ပါး၌ ပရိကမ္မ နိမိတ် ဥဂ္ဂဟနိမိတ်နှစ်ပါးလုံး မုချရနိုင်သည်။

## ပဋိဘာဂနိမိတ်မရနိုင်သောကမ္မဋ္ဌာန်းများ

ပဋိဘာဂနိမိတ်မရနိုင်သော ဗုဒ္ဓါနုဿတိစသည့် ကမ္မဋ္ဌာန်း တို့၌ စီးဖြန်းစအခါကပင် စိတ်ဖြင့်မှန်း၍ စီးဖြန်းရခြင်းဖြစ်၍ ပကတိမျက်စိဖြင့် ပရိကမ္မနိမိတ်ကို မယူနိုင်။ ထို့ကြောင့်မည်

သည့်အခိုက်အတန့်ကို ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်ဟူ၍ တိကျစွာခွဲခြား၍မရနိုင်။

ဂုဏ်တော်စသည့် အာရုံများ စိတ်ထဲ၌ ကောင်းစွာမထင်မီ အာရုံပြုရသောအာရုံကို ပရိကမ္မနိမိတ်၊ စိတ်ထဲ၌ကောင်းစွာထင်ရှားလာသည့်အခါ ပြုအပ်သောအာရုံကို ဥဂ္ဂဟနိမိတ်ဟူ၍ ပရိယာယ်အားဖြင့်သာ ခွဲခြား၍ ရနိုင်သည်။ အတိအကျခွဲခြား၍မရနိုင်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ၁၀-ပါး၌ ဥဂ္ဂဟနိမိတ်ကို အခြေပြုရသည်။ သို့သော်ပဋိဘာဂနိမိတ်မရနိုင်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမျိုး၌ စီးဖြန်းခါစ အခါ၌လည်းဘုရားဂုဏ်ကိုအာရုံပြုရသည်။ အသားကျသည့်အခါ၌လည်း ဘုရားဂုဏ်ပင်ဖြစ်၍ တမျိုးတဖုံအာရုံအတုထင်လာဘွယ်ရာမရှိ။ ပကတိဘုရားဂုဏ်စသော အာရုံများသာလျှင် ထင်ရှားစွာဖြစ်ပေါ်လာရသည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိ စသည့်အနုဿတိရှစ်ပါး၊ အာဟာရေပဋိကူလသညာတပါး၊ စတုဓာတုဝဝတ္ထာန်တပါး၊ ဗြဟ္မဝိဟာရလေးပါး၊ အာရုပ္ပလေးပါးတည်းဟူသော ကမ္မဋ္ဌာန်း ၁၈ ပါးတို့၌ ပဋိဘာဂနိမိတ်မရနိုင်။

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိတပါး၊အာနာပါနဿတိဟူသော ကမ္မဋ္ဌာန်း ၂၂-ပါးတို့၌ နိမိတ်သုံးပါးစလုံးရနိုင်သည်။

ကသိုဏ်းစသည့် ကမ္မဋ္ဌာန်း ၂၂-ပါး၌ အဘယ့်ကြောင့် ပဋိဘာဂနိမိတ်ကို ရနိုင်သနည်းဆိုသော် ကမ္မဋ္ဌာန်း ၂၂-ပါး

တွင် ရှေ့ပိုင်း၌ ပရမတ်နိမိတ်ဖြစ်၍ နောက်ပိုင်း၌ အလားတူ ပညတ်နိမိတ်ဖြစ်သော နိမိတ်နှစ်ပါးကို ရနိုင်သောကြောင့် ယင်းကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို ရနိုင်ခြင်းဖြစ်သည်။

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ၁၀ ပါး၌ အဘယ့်ကြောင့် ပဋိဘာဂနိမိတ်ကို မရနိုင်သနည်းဆိုသော် ယင်းကမ္မဋ္ဌာန်းများ တွင် ဗြဟ္မဝိဟာရလေးပါး၊ ပထမာရုပ္ပ တတိယာရုပ္ပဟူသော ကမ္မဋ္ဌာန်းခြောက်ပါး၌ ပညတ်နိမိတ်ကိုသာ ရနိုင်သည်။

အနုဿတိရှစ်ပါး၊ ကာယဂတာ၊ စတုဓာတုဝဝတ္ထာန်၊ ဒုတိယာရုပ္ပ၊ စတုတ္ထာရုပ္ပဟူသော ကမ္မဋ္ဌာန်း ၁၂-ပါး၌ ရှေ့နောက် နှစ်ရပ်စလုံး ပရမတ်နိမိတ်ကိုသာ ရနိုင်သည်။ နိမိတ်အစုံသီးခြား မရနိုင်။ မဖြစ်ပေါ်လာနိုင်သောကြောင့် ဗုဒ္ဓါနုဿတိစသည့် ကမ္မဋ္ဌာန်း ၁၀-ပါး၌ ပဋိဘာဂနိမိတ်ကို မရနိုင်ခြင်းဖြစ်သည်။

## နိမိတ်သုံးပါးအကျဉ်းမှတ်ရန်

ကမ္မဋ္ဌာန်း စတင်စီးဖြန်းသည့်အခါ အာရုံပြုရသည့် ပထဝီ ကသိုဏ်းဝန်းစသော အာရုံများသည် ပရိကမ္မနိမိတ်မည်၏။ ယင်းအာရုံများမှာ မျက်စိဖြင့်တိုက်ရိုက် မြင်နေရသည့် နိမိတ် များဖြစ်သည်။

မျက်စိဖြင့် စီးဖြန်းထားသော ပရိကမ္မနိမိတ်(ပရိကံ)ကိုမျက် စိမှိတ်၍ ဆင်ခြင်သောအခါ ပကတိမျက်စိဖြင့် တွေ့မြင်နေရသကဲ့သို့ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ပေါ်လာသည့် (ပထဝီကသိုဏ်းဝန်းစသော) အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။ မနောဒွါရဖြင့်ယူရသောကြောင့် ဥဂ္ဂဟနိမိတ်ဟုခေါ်သည်။

ပရိကံနိမိတ်ဖြစ်သော မူလကသိုဏ်းဝန်းကို အခြေခံပြီး မနောဒွါရဖြင့် ယူထားသော ဥဂ္ဂဟနိမိတ်နှင့် ထပ်တူထပ်မျှ ဖြစ်သည့် ပြတ်ပြတ်သားသား ထင်ထင်ရှားရှား အလင်းရောင်နှင့်တကွ အလွန်ကြည်လင် တောက်ပစွာ ဖြစ်ပေါ်လာသော အာရုံ (ကသိုဏ်းဝန်း)သည် ပဋိဘာဂနိမိတ်မည်၏။ မျက်စိဖြင့်ရှုရသော ပရိကမ္မနိမိတ်အရင်းခံသည့်ဥဂ္ဂဟနိမိတ်နှင့်တူသောကြောင့် ယင်းအာရုံကို ပဋိဘာဂနိမိတ်ဟုခေါ်သည်။

(ပဋိဘာဂ = အတူ၊ အထု)

**နိမိတ်ကိုပွားခြင်း**

ဘာဝနာဟူသည်မှာ ပွားခြင်း၊ ပွားများခြင်းပင်ဖြစ်၏။ သမထကိုပွားလျှင် သမထဘာဝနာမည်၏။ ဝိပဿနာကိုပွားလျှင် ဝိပဿနာဘာဝနာမည်၏။

အခြေခံသဘောအားဖြင့် ကမ္မဋ္ဌာန်းလေးဆယ်၊ ဝိပဿနာဆယ်ပါး၊ မည်သည့်အရာကို ပွားပွား ဘာဝနာဖြစ်သည်။ ဆိုလိုသည်မှာ ပွားများအောင် အားထုတ်မှသာ ဘာဝနာဟုခေါ်နိုင်သည်။ ပွားများလာအောင် အားထုတ်ခြင်း မရှိလျှင် ဘာဝနာဟုမခေါ်ဆိုနိုင်။

သာဓကထပ်ရှားစေအံ့။

**ပဋိဘာဂနိမိတ်ကိုချဲ့ခြင်း**

ပဋိဘာဂနိမိတ်ကိုသာချဲ့၍ ရနိုင်သည်။ အခြားနိမိတ်တို့ကို ချဲ့၍မရနိုင်၊ မချဲ့ထိုက်၊ နိမိတ်ကိုချဲ့သည်ဟူသည်မှာလည်းနိမိတ်ကိုပွားအောင်(ဝါ) ပွားများလာအောင် ပြုလုပ်ခြင်းပင်ဖြစ်

သည်။ သမာဓိ(ဝါ)သမထနိမိတ်ကို ပွားများလာအောင် အားထုတ်နေခြင်းကို သမထ ဘာဝနာဟုခေါ်သည်။

ပဋိဘာဂနိမိတ်ကိုရသည်နှင့် တပြိုင်နက် ဥပစာရသမာဓိသို့ ရောက်သည်။ ယင်းပဋိဘာဂနိမိတ်ခိုင်မြဲ၍ ဥပစာရသမာဓိကို တဆင့်ထက်တဆင့် ရင့်သန်လာအောင် ပွားများအားထုတ်ရသည်။ ဤ၌သမာဓိနှင့်ညီမျှသောဝီရိယအဆင့်သာလိုရင်းတည်း။

ယင်းဥပစာရ သမာဓိနှင့် ပဋိဘာဂနိမိတ်ကို ရရန်အလွန်ခဲယဉ်း၍ ယောဂီတို့သည် စိတ်ထက်သန် အားကောင်းအောင် သမာဓိဘာဝနာပြန့်ပြောမျှားပြားလာအောင် ရပြီးသောပဋိဘာဂနိမိတ်ကို တဖြည်းဖြည်းချဲ့ကာချဲ့ကာပွားများရသည်။

**နိမိတ်ကိုချဲ့ရမည့်ကာလ**

အပ္ပနာသို့ရောက်၍ ဈာန်ကိုရပြီးသောအခါနှင့် ဈာန်ကိုမရမီပဋိဘာဂနိမိတ်ကိုရသည့် ဥပစာရသို့ဆိုက်ရောက်သော အခါတို့၌ နိမိတ်ကိုချဲ့၍ချဲ့၍ပွားရမည်။

**မချဲ့ကောင်းသောနိမိတ်**

ပဋိဘာဂနိမိတ်ကို မရမီ ဥဂ္ဂဟနိမိတ်ကို မပွားရ(ဝါ)မချဲ့ရ အကယ်၍ နိမိတ်ကိုချဲ့ပွားခဲ့လျှင် ဥဂ္ဂဟနိမိတ်ကြီး၍ ပွား၍လိုက်လာတတ်သည်။ ထိုအခါသမာဓိအား မကောင်းသေးသောကြောင့် စိတ်နိုင်အောင် မထိန်းနိုင်သဖြင့် နိမိတ်ပြန့်ကျဲကာ ကွဲ၍ပျက်စီးသွားတတ်သည်။

ထို့ကြောင့် ဥဂ္ဂဟနိမိတ်ကိုကြီးပွားအောင်နှလုံးမသွင်းရ၊ ချဲ့၍မပွားရ။ ပဋိဘာဂနိမိတ်ရပြီးမှသော်၎င်း၊ ဈာန်ရပြီးမှ

သော်ငြင်း၊ ပဋိဘာဂနိမိတ်ကိုသာလျှင် တဖြည်းဖြည်းချဲ့၍ချဲ့၍ ပွားရမည်။

**နိမိတ်ချဲ့ပွားပုံ**

နိမိတ်ကိုချဲ့၍ပွားပုံမှာ မိမိယူထားသော ပရိကမ္မနိမိတ် (အချင်းတထွာလက်လေးသစ်)ကို အခြေခံ၍ စိတ်အာရုံဖြင့် "ကြီးစေ-ကြီးစေ"ဟုနှလုံးသွင်းလျှင် စိတ်ထင်တိုင်း ပဋိဘာဂနိမိတ်ကသိုဏ်းဝန်းသည် မူလအရွယ်မှ တဖြည်းဖြည်းကြီးလာသည်။

**အထူးသတိပြုရန်မှာ**

မူလကသိုဏ်းဝန်းကို တရှိန်ထိုးမကြီးထွားစေရ။ ပွားစေရမည့် နည်းလမ်းအမှန်မှာ လက်တသစ်၊ နှစ်သစ်၊ သုံးသစ်၊ လေးသစ်၊ ရှစ်သစ်မှတတောင်၊ နှစ်တောင်၊ တလံ၊ နှစ်လံ၊ စသည်ဖြင့် တဖြည်းဖြည်းတိုး၍တိုး၍ စကြာဝဠာ ပြည့်သည့် အထိဖြစ်စေ၊ ထိုထက်ကျော်လွန်၍ဖြစ်စေ၊ တစတစချဲ့၍ချဲ့၍ သာပွားများစေရမည်။

ထိုအခါ ပဋိဘာဂနိမိတ်သည် မိမိအလိုရှိသလောက် စိတ်ထက်သန်သည့်နှင့်အမျှ ပဋိဘာဂနိမိတ်ကြီး၍ ကြီး၍လာသည်။ ကျယ်၍ကျယ်၍လာသည်။ ယင်းပဋိဘာဂနိမိတ်ကို မိမိအလိုရှိသလို သုံးဆောင်ခံစားနိုင်သည်။

**မချဲ့ရသောနည်း**

နိမိတ်ကိုချဲ့၍ ပွားသောအခါ အပိုင်းအခြားအကန့်အသတ်မရှိသော....

၁။ ပတ္တဝစုနန်နည်း။
၂။ ပုဝဝစုနနည်း။
၃။ ဘတ္တဝစုနနည်း။
၄။ လတာဝစုနနည်း။
၅။ ဒုဿဝစုနနည်း။

ဟူသော အထက်ပါနည်းတို့ဖြင့် ပဋိဘာဂ ကသိုဏ်းနိမိတ်ကိုမပွားရ။ အဘယ့်ကြောင့်ဆိုသော် အထက်ပါနည်းတို့သည် အပိုင်းအခြား အမှတ်မရှိသော သဘော၌သက်ဝင်သောကြောင့် ဖြစ်သည်။

ပတ္တဝစုနနည်းဟူသည်မှာ....

အိုးလုပ်သူသည် သပိတ်အိုးခွက်တို့ကို ပြုလုပ်သောအခါ ရှေ့ဦးစွာမည်သည့်အရွယ်အစား ပြုလုပ်မည်ဟု အပိုင်းအခြား အကန့်အသတ်မထားဘဲ ပြုလုပ်ခြင်းမျိုးဖြစ်သည်။ (ပတ္တ-သပိတ် အိုး၊ ခွက်)။

ပူဝဝစုနနည်းဟူသည်မှာ....

မုန့်လုပ်သူသည် ရှေးဦးစွာ မည်သည့်အရွယ်အစား ပြုလုပ်မည်ဟုရှေးဦးစွာ ကန့်သတ်ပိုင်းခြားထားခြင်းမရှိဘဲ ပြုလုပ်ခြင်းမျိုးဖြစ်သည်။

ဘတ္တဝစုနနည်းဟူသည်မှာ....

ထမင်းခူးသူသည် ပန်းကန်၊ လူဦးရေတို့ကို မည်၍မည်မျှဟူ၍ ကန့်သတ်ချက်မထားဘဲ ခူးခပ်ခြင်းမျိုးဖြစ်သည်။

လတာဝစ္စနနည်းဟူသည်မှာ....

သစ်ပင်ခြုံနွယ်တို့ကိုရှည်အောင် ကျယ်ပြန့်အောင် ပြုလုပ်သူသည် နွယ်ကိုမည်၍မည်မျှရှည်ရမည်ဟု ရှေးဦးစွာပိုင်းခြားကန့်သတ်ချက်မထားဘဲ ပြုလုပ်ခြင်းဖြစ်သည်။

ဒုဿဝစ္စနနည်းဟူသည်မှာ....

ယက္ကန်းယက်သူသည် ပုဆိုးအဝတ်အထည်တို့ကို မည်၍မည်မျှရှည်အောင် ယက်လုပ်မည်ဟူသော ရှေးဦးစွာပိုင်းခြားမထားဘဲ ရှည်ချင်သမျှရှည်အောင် ယက်လုပ်ခြင်းမျိုးဖြစ်သည်။

အထက်ပါနည်းတို့နှင့် အလားတူစွာ ရှေးဦးစွာပိုင်းခြားကန့်သတ်ချက်မထားဘဲ ပဋိဘာဂနိမိတ်ကို ပွားချဲ့ခြင်းမပြုလုပ်ရ။ ဤကား ဥပဒေသတည်း။

ချဲ့၍ပွားရသောနည်း

ကသိုဏ်း ပဋိဘာဂနိမိတ်ကိုချဲ့၍ ပွားရသောနည်း နှစ်မျိုးရှိသည်။ ကဿကပစ္စနနှင့် သီမာဗန္ဓနနည်းတို့ဖြစ်သည်။

ကဿဝစ္စနနည်းဟူသည်မှာ....

လယ်ထွန်ယောက်ျားသည် ရှေးဦးစွာ ထွန်မည့်အရာကိုပိုင်းခြားသတ်မှတ်၍ ထွန်ခြင်းမျိုးကို ကဿဝစ္စနနည်းဟူ၍ခေါ်သည်။

(ကဿက—လယ်သမား)

သီမာဗန္ဓနနည်းဟူသည်မှာ...

သိမ်သမုတ်သော ရဟန်းတို့သည် ရှေးဦးစွာ ကျောက်တိုင်

စသည်တို့ကို ပိုင်းခြားသတ်မှတ်ပြီးနောက်မှ သိမ်သမုတ်ခြင်းကံ သိမာဗန္ဓနနည်းဟုခေါ်သည်။

အထက်ပါနည်းအတိုင်း ကသိုဏ်းဝန်း စသည့်နိမိတ်တို့ကို စိတ်ဖြင့်ပိုင်းခြားသတ်မှတ်ထားပြီးမှ ယင်းသို့ပိုင်းခြားထားသည့်အတိုင်း တဆင့်တက်၍ ပဋိဘာဂနိမိတ်ကို ချဲ့ကာချဲ့ကာပွားစေရသည်။

* * *

## ဣဒ္ဓိဝိဓ အဘိညာဉ်
## ဣဒ္ဓိဝိဓ တန်ခိုး အဖွင့်

**တန်ခိုးမည်ပုံ**

ဣဇ္ဈတိ နိပ္ပဇ္ဇတိ ပဋိလဗ္ဘတိ စာတိ ဣဒ္ဓိ၊ ဥပါယ ဘာဝေန ဝါ ဣဇ္ဈတိ သမ္ပဇ္ဇတီတိ ဣဒ္ဓိ၊ ဣဇ္ဈန္တိ ဝါ ကတ္တာ ဣဒ္ဓါ ဝုဒ္ဓါ ဥက္ကံသဂတာ ဟောန္တိ ဧတာယာတိ ဣဒ္ဓိ။

သမ္မောဟဝိနောဒနီအဋ္ဌကထာ

ဣဇ္ဈတိ၊ ပြည့်စုံ၏။ နိပ္ပဇ္ဇတိ ပြီး၏။ ပဋိလဗ္ဘတိစ၊ ရလည်း ရ၏။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ တန်ခိုးမည်၏။ ဝါ၊ တနည်းကား။ ဥပါယဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ ဣဇ္ဈတိ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ တန်ခိုး

မည်၏။ (ဝါ)တနည်းကား။ တေဘယ၊ ဤသဘောဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဝုဍ္ဍိံ ဝိရူဠှိံ ဝေပုလ္လံ ဥက္ကံသဂတာ ဟောန္တိ၊ ကြီးပွားတိုးတက်အလွန်အကဲသို့ရောက်ကုန်၏။ ဣတိ၊ ထို့ကြောင့် ဣဒ္ဓိ၊ တန်ခိုးမည်၏။

ဆိုလိုသည်မှာ စိတ်အလိုတိုင်း ပြည့်စုံခြင်း ပြီးမြောက်ခြင်း တို့ကြောင့် ဣဒ္ဓိမည်၏။ (ဝါ)တန်ခိုးမည်၏။ စိတ်အလိုအတိုင်း ဖြစ်ရန်(ဝါ)ဖြစ်စေရန် အကြောင်းတရားတို့ ခိုင်လုံပြည့်စုံခြင်း ကြောင့် ဣဒ္ဓိ(တန်ခိုး)ဟူ၍ခေါ်သည်။

တနည်းအားဖြင့် သတ္တဝါတို့သည် ဤသဘောတရားတို့ဖြင့် ကြီးပွားတိုးတက်ကုန်၏။ သတ္တဝါတို့ တိုးတက်ကြီးပွားကြောင်း ဖြစ်သော ထိုသဘောတရားသည် တန်ခိုးဣဒ္ဓိမည်၏။ တန်ခိုး ဣဒ္ဓိဟူသည်ကား ကြီးပွားတိုးတက်ခြင်း၏ အကြောင်းတရား တည်း။

## တန်ခိုးဟူသည်အဘယ်နည်း

ယခုခေတ်လူငယ်တို့ကား၊ တန်ခိုးကို အယုံအကြည်မရှိ။ တန်ခိုးဟူသည်မှာ စိတ်ကူးယဉ်သက်သက်ဟု ထင်မှတ်နေကြသည်။ တန်ခိုးဟူသည်မှာ ယနေ့ အလွန်တိုးတက်နေသော သိပ္ပံခေတ် တွင် တန်ခိုးဟူသည် အံ့ဖွယ်ကျခဲ့ပြီဟူ၍ ထင်မြင်ယူဆနေ ကြ၏။

ယနေ့သိပ္ပံမျက်မှောက်ခေတ်၌ တန်ခိုးသည်လက်တွေ့မပြနိုင် သော၊ ယုတ္တိမရှိသော၊ သဘာဝမကျသော၊ လောကဓာတ် သိပ္ပံနည်းမကျသော၊ စိတ်ကူးယဉ်သူတို့က တီထွင်ခဲ့သော စိတ်

ကူးယဉ်ဝါဒမျှသာဖြစ်သည်ဟူ၍ အသေအလဲ စွဲစွဲမြဲမြဲယုံကြည်လက်ခံထားကြသည်။

ခပ်သိမ်းသော သင်္ခါရတရားတို့ကို အကြွင်းမရှိ ထိုးဖေါက်သိမြင်နိုင်စွမ်း ရှိတော်မူသော သုံးလောကအတုလ ဘဂဝါဗုဒ္ဓရှင်တော်မြတ်ကြီးကိုယ်တိုင် မဟာသဗ္ဗညုတဉာဏ်မြတ်ဖြင့် ပိုင်းခြားစိတ်ဖြာ၍ အကြောင်းအကျိုးတို့နှင့်တကွ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပတ်သက်၍ ဒီဃနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ် ခုဒ္ဒကနိကာယ်၊ အဘိဓမ္မာဝိဘင်းပါဠိတော်တို့၌ ညွှန်ပြတော်မူသည်။

ဣဒ္ဓိပါဒ်တန်ခိုးဟူသည် ယုတ္တိမတန်သော သဘာဝမကျသောလက်တွေ့မဆန်သောအတတ်ပညာမျိုးမဟုတ်။ အကြောင်းယုတ္တိများစွာရှိသော အလွန်ခိုင်လုံသော အလွန်လက်တွေ့ကျသော သိပ္ပံနည်းကျ သဘာဝဝိဇ္ဇာပညာရပ်ကြီးဖြစ်သည်။

တန်ခိုးဣဒ္ဓိပါဒ်သည် မျက်မှောက်လောကခေတ်သိပ္ပံပညာထက် အဆပေါင်း မရေမတွက်နိုင်အောင် တိကျပြတ်သားသဘာဝတရား၏ အနှစ်သာရတရပ်ဖြစ်သည်။ တန်ခိုးဣဒ္ဓိပါဒ်သည် သဘာဝယုတ္တိ၊ သာဓကယုတ္တိ၊ အာဂမယုတ္တိဟူသောတွေ့ဆုံမှုသိပ္ပံ၊ လောကခေတ်သိပ္ပံနည်း အထွေထွေတို့ဖြင့်မှတ်ကျောက်တင်ခံနိုင်သော ဝိဇ္ဇာပညာရပ်ကြီးဖြစ်သည်။

လောက၌ မည်သည့်အရာမျှ အကြောင်းတရားကင်း၍ဖြစ်ခြင်းမရှိ။ ပျက်ခြင်း၌လည်း အကြောင်းတရားကင်း၍ ပျက်တတ်သောတရားဟူ၍မရှိ။ ပစ္စုပ္ပန်မျက်မှောက်ခန္ဓာ၌ပင် စိတ်

စေတသိက်တို့ ချုပ်ခြင်းသည်လည်း အကြောင်းတရားကင်း၍ ချုပ်သည်ဟူ၍မရှိ။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော သံသရာစက်ဝန်းကြီးပျက်သဉ်း ချုပ်ငြိမ်းသွားရခြင်းသည်လည်း အကြောင်းတရားကင်း၍ ချုပ်ငြိမ်းသွားရသည်ဟူ၍မရှိ။

ထို့အတူ တန်ခိုးဣဒ္ဓိပါဒ်သည်လည်း အကြောင်းတရားကင်း၍ ဖြစ်ခြင်းမရှိ။ အမှန်စင်စစ် တန်ခိုးဣဒ္ဓိပါဒ်ဟူသည်မှာ ပြီးစီးခြင်း၊ ပြည့်စုံခြင်း၏ အကြောင်းတရားသာလျှင် ဖြစ်သည်။

ယခုနေ့မျက်မှောက်ခေတ် တန်ခိုးဟူသည်မှာ အလိုလိုဖြစ်ပေါ်လာရသော သဘောဟုယူဆနေကြသောကြောင့် စိတ်ကူးယဉ်ဝါဒဘက်သို့ တိမ်းစောင်းသွားရခြင်းဖြစ်သည်။ တန်ခိုးဟူသည်မှာ အကြောင်းတရားကင်း၍ အလိုအလျောက်ဖြစ်ပေါ်လာရသော သယံဇာတပစ္စည်းလည်းမဟုတ်။ ထာဝရတန်ခိုးရှင်ထံမှ လက်ဝေခံ၍ရနိုင်သော အမွေခံပစ္စည်းလည်းမဟုတ်။

တန်ခိုးဣဒ္ဓိပါဒ်ဖြစ်ရာ၌လည်း အကြောင်းတရားကင်း၍ဖြစ်လာရသည်မဟုတ်။ အလွန်ခိုင်လုံပြည့်ဝသော အကြောင်းတရားတို့ကြောင့် တန်ခိုးဟူသော အကျိုးတရားများ မုချဖြစ်ပေါ်လာရသည်။

လောက၌ အကြောင်းတရားရှိက အကျိုးတရား ရှိရမည်ဖြစ်၏။ အကြောင်းတရားမရှိကအကျိုးတရားလည်း မရှိ။အကြောင်းတရားချုပ်က အကျိုးတရားလည်း မုချချုပ်ရ၏။ ဤကား အတုလဘဂဝါ မုဒ္ဓမြတ်စွာ၏ တရားအနှစ်သာရအစစ်ပင်တည်း။

တနည်းအားဖြင့် အကြောင်းကြောင့် အကျိုးဖြစ်သည်ဟူသော ဗုဒ္ဓ၏အဘိဓမ္မာသည် ခပ်သိမ်းသောတရားတို့၏ဦးခိုက်ရာလည်းဖြစ်၏။ မှီခိုရာလည်းဖြစ်၏။ သင်္ခါရတရားတို့၏ အခြေစိုက်ရာလည်းဖြစ်၏။ ခပ်သိမ်းသောဒုက္ခတရားတို့ကို ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းကိုသိရန် တရားလည်းမည်၏။

ထို့ကြောင့် အကြောင်းအကျိုးဆက်စပ်သော တရားသည် သာလျှင် ဗုဒ္ဓရှင်မြတ်ကြီး၏ အလိုတော်ကျ ပဓာနဖြစ်သော တရားအနှစ်အမြုတေစင်စစ်ကြီးဖြစ်ပေသတည်း။

ဗုဒ္ဓရှင်မြတ်ကြီးသည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ဒေသနာတော်ကြီးသုံးရပ်ကို ကြောင်းကျိုးတရား၌အခြေစိုက်၍ဟောတော်မူရသည်။ ခပ်သိမ်းသော ဒုက္ခတို့၏ချုပ်ရာ အသင်္ခတဓာတ် မြတ်နိဗ္ဗာန်ရပ်သို့ ရောက်ကြောင်းကိုလည်း ကြောင်းကျိုးတရားပင် အခြေစိုက်၍ ဟောတော်မူရသည်။

ထို့ကြောင့် ကြောင်းကျိုးတရားကိုသိမှသာလျှင် လောကီလောကုတ် နှစ်ဖြာသော အကျိုးကိုမယုတ်စေဘဲ မျက်မှောက်ခန္ဓာ၌ က မသုခ၊ စိတ္တသုခနှင့် ပြည့်စုံသော စိတ်၏အလိုဆန္ဒအတိုင်း အရာခပ်သိမ်းဖြစ်စေနိုင်ကြောင်းကို လောကီတို့သိထားရန် များစွာလိုအပ်သည်။

အချုပ်အားဖြင့် ဗုဒ္ဓ၏တရားအနှစ် မဟာသစ္စာ ကြောင်းကျိုးတရားသာ ဖြစ်သည်။ ဓကမောင် ... ဝိဇ္ဇာ၊တဏှာ တည်းဟူသော ဝဋ်မြစ် နှစ်ပါးကြောင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ တည်းဟူသော ဒုက္ခဆင်းရဲမှု အကျိုးတရားတို့ မကွဲမကွာဖြစ်ပေါ်လာချေ၏။ ထို့ကြောင့်ခန္ဓာ

အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဒုက္ခသံသရာစက်ကြီး မရပ်မနား တလည်လည်ပတ်နေခြင်းဖြစ်သည်။

အဝိဇ္ဇာတဏှာတည်းဟူသော သမုဒယအကြောင်းတရားတို့ အကြွင်းမရှိချုပ်ငြိမ်းခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဥပါယာသတည်းဟူသော ဒုက္ခဆင်းရဲမှုအကျိုးတရားစုတို့ အကြွင်းမရှိချုပ်ငြိမ်းရ၏။ အရိယ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကြောင်းတရားတို့ကြောင့် ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့၏ အကြွင်းမရှိချုပ်ငြိမ်းရာ နိရောဓဟူသော အကျိုးတရားမှုချဖြစ်ပေါ်လာရ၏။

ဤကား အလွန်ခိုင်မြဲသော ဗုဒ္ဓ၏အကြောင်းနှင့် အကျိုးဆက်စပ်ပုံတရားအစစ် ဓမ္မအာနုစ်သာရတည်း။

ဗုဒ္ဓကအကြောင်းကြောင့် အကျိုးဖြစ်ရသည်ကို တိတိကျကျဆုံးဖြတ်ညွှန်ပြတော်မူသောကြောင့် လောက၌ မည်သည့်အရာမျှ အကြောင်းတရားကင်း၍ ဖြစ်ခြင်းမရှိရကား တန်ခိုးဟူသည်မှာလည်း အလွန်ခိုင်လုံသော များသောအကြောင်းတရားတို့ကြောင့်ဖြစ်ပေါ် လာရသည်ဟူသောအချက် ကျွန်ုပ်တို့မလွဲမသွေ လက်ခံရမည်ဖြစ်ပေသည်။

**တန်ခိုးဖြစ်ခြင်းအကြောင်းတရားများ**

ယနေ့သိပ္ပံထွန်းကားသောခေတ်၌ တန်ခိုးဟူသည်မှာ မဖြစ်နိုင်သောအရာ၊ အခြေအမြစ်မရှိသော၊ အကြောင်းတရား မခိုင်လုံသောအရာ၊ သဘာဝယုတ္တိမကျသော အရာဟူ၍ တထစ်ချယူ

ဆထားကြသည့်ပြင် စိတ်ကူးယဉ်မှုအတတ်ဟုလည်း အကြွင်းမဲ့ လက်ခံထားကြသည်။

ဗုဒ္ဓ၏အဘိဓမ္မာကို သိပ္ပံ (သိပ္ပံပညာဟူသည်မှာ လောကဓာတ်ပညာမဟုတ်) ရှုထောင့်မှ လေ့လာနေကြသော သုတေသီတို့ကလည်း ဗုဒ္ဓသည် တန်ခိုးရှင်မဟုတ်။ အမှန်စင်စစ် လောကုတ္တရာပညာရှင် (ဝါ) နိဗ္ဗာန်ရောက်ကြောင်းတရားကို အကြွင်းမဲ့ပိုင်ဆိုင်သော ပုဂ္ဂိုလ်ထူးကြီးသာတည်းဟု လက်ခံထားကြ၏။

သူတို့သည် ဗုဒ္ဓတန်ခိုးရှင်ဖြစ်သည် ဟူသောအချက်ကိုလုံးဝဘဝင်ကျသူများမဟုတ် အမှန်အားဖြင့် သူတို့သည် ဗုဒ္ဓရှင်မြတ်အကြွင်းမဲ့ပိုင်ဆိုင်ထားသော အဘိညာဉ်ခြောက်ပါး၌ တွေဝေနေကြသူများသာဖြစ်သည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ ခမည်းတော်နှင့်တကွ ဆွေတော် မျိုးတော်အပေါင်းတို့၏ မာန်မာနကို နှိမ်နင်းသောအခါ ပြတော်မူသော ရေ၊ မီး၊ အစုံ ယမိုက်ပြာဋိဟာ တန်ခိုးတော်၊ တိတ္ထိတို့၏ မာန်ကိုနှိမ်နင်းရန် သာဝတ္ထိပြည်၌ ပြတော်မူသော ရေ၊ မီး အစုံယမိုက်ပြာဋိဟာ တန်ခိုးတော်တို့သည် အလွန်ထူးဆန်းအံ့မခန်းဖြစ်၍ ရှုမြင်ရသူတို့၏ ဘဝင်၌ပီတိလှိုက်၍တက်ကုန်၏။

ထို့ကြောင့်....

"နတ်လူများမှောက်၊ ထွန်းတောက်ပြာဋိဟာ၊ ခြောက်ဖြာရောင်လွှတ်၊ ပြမည်တက်ဟု၊ မိန့်မြွက်စကား၊ တိတ္ထိများတို့ကြားလေကုန်လျှင်" ဟူ၍ရင်း။

"မခရိမင်းပြေလေ၊ ထွားထွားကြေကာ၊ အောင်မြေချက်မ၊
ပလ္လင်ရသည်၊ လောကထွတ်ချာ၊ ဘုန်းမြတ်စွာလျှင်၊ ရတနာ
ရောင်ချက်၊ စင်းကြန်ထက်တွင်၊ ပြိုးပြက်ညီးညီး၊ ရေမီးအစုံ၊
ထွန်းတုံပြာဋိဟာ၊ ရောင်ခြောက်ဖြာကို၊ စကြာဝဠာတိုက်လုံး၊
ပိတ်ဖုံးမဲလျှင်း၊ လင်းစေတုံထ၊ တန်ခိုးပြမှ...."

ဟူ၍ရင်း၊ ပြာဋိဟာခန်းပျို့၌ ရေးစပ်တော်မူသည်။ ဤယမိုက်ပြာဋိဟာသည် ဗုဒ္ဓမြတ်စွာတို့သာလျှင် ပိုင်ဆိုင်နိုင်ခွင့်ရှိသော တန်ခိုးတော်ဖြစ်သည်။ ယင်းယမိုက်ပြာဋိဟာကိုထောက်ရှု၍ ဗုဒ္ဓဟူသမျှ တန်ခိုးရှင်ချည်းဖြစ်ကြောင်းကို သိနိုင်သည်။

အချို့သူတို့က တန်ခိုးဟူသည်မှာ အလိုလိုဖြစ်ပေါ်လာရသော အရာဟူ၍ထင်မြင်နေကြသည်။ အချို့သူတို့က တန်ခိုးဟူသည်မှာ ဖြစ်နိုင်စရာကောင်းသောအရာမဟုတ်ဟုယုံကြည်ထားကြသည်။

ဗုဒ္ဓရှင်မြတ်ကြီးက ခပ်သိမ်းသော သင်္ခါရတရားတို့သည် အလွန်ခိုင်လုံသော အကြောင်းတရားတို့ကြောင့် ဖြစ်ပျက်ကုန်၏။ လောကသုံးပါး၌ အလွန်ခိုင်လုံသော အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ပေါ်လာကြရ၏။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရ၏။ အကြောင်းတရားမရှိလျှင် အကျိုးတရားလည်းမရှိ။ အကြောင်းချုပ်လျှင်အကျိုးလည်းချုပ်ရ၏ဟူ၍ ပြက်ပြက်သားသား တိတိကျကျညွှန်ပြတော်မူသည်။

ဗုဒ္ဓရှင်မြတ်ကြီးက ခပ်သိမ်းသော အကျိုးတရားတို့သည် အလွန်ခိုင်လုံသော အကြောင်းတရားများကြောင့် ဖြစ်ပေါ်ရကြောင်းကို ခိုင်လုံစွာညွှန်ပြထားသောကြောင့် လောက၌မည်

သည့်အကျိုးတရားမျှ အကြောင်းတရား ကင်း၍မဖြစ်နိုင်ပုံကို ကျွန်ုပ်တို့သိရှိလာရသည်။

ထို့ကြောင့် တန်ခိုးဟူသည်မှာလည်း သူ့အလိုလိုဖြစ်ပေါ်လာရသော အရာမဟုတ်။ အလွန်ခိုင်လုံသောအကြောင်းတရားများကိုမှီ၍ ဖြစ်ပေါ်လာရသော အကျိုးတရားများသာဖြစ်သည်။ ထို့ကြောင့်တန်ခိုးဟူသည်မှာ မလုပ်ဘဲမရနိုင် ကြိုးစားအားထုတ်၍ အလုပ်လုပ်ယူမှသာ ရနိုင်သောအရာဖြစ်ကြောင်းကိုမကြာမီထင်ရှားပေအံ့။

တန်ခိုးဟူသည်မှာအလွန်တိကျပြတ်သားသိပ္ပံနည်းကျသော HIGHEST WILL POWER စိတ်အစွမ်းသတ္တိ၏အမြင့်မားဆုံးသောပန်းတိုင်သို့ရောက်ရှိသွားပါကအသမ္ဘိန္နသဘောသို့ဆိုက်၍ မိမိကံကုန်၍သေရခြင်းမှတပါး မည်သူမျှဘေးအန္တရာယ်မပြုနိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်ရှိသွားရသည်။

တန်ခိုးဖြစ်ပေါ်ရန်(ဝါ) တန်ခိုးရှင်ဖြစ်လာရန်မှာ အခြေခံ အကြောင်းတရားကြီး လေးပါးရှိသည်။ ယင်းအခြေခံအကြောင်းတရားကြီးလေးပါးမှတပါး တန်ခိုးဖြစ်ပေါ်လာရန်စွမ်းနိုင်သော အခြားအကြောင်းတရား တစုံတရာဟူ၍မရှိ။

ထို့ကြောင့် ဗုဒ္ဓက....

"**စတ္တာရော** ဣဒ္ဓိပါဒါ **ဆန္ဒသမာဓိ** ပဓာန သင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဝီရိယသမာဓိ။ ပ။ စိတ္တသမာဓိ။ ပ။ ဝိမံသာသမာဓိပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ"

ဟူ၍ ဣဒ္ဓိပါဒဝိဘင်းပါဠိတော်၊ ဣဒ္ဓိပါဒသံယုတ်နိကာယ်၊ ပါဠိတော်တို့၌ ညွှန်ပြတော်မူသည်။

တန်ခိုးဖြစ်ရန် ယင်းအခြေခံ အကြောင်းတရားကြီးလေးပါးတို့ ဣဒ္ဓိပါဒ-ဣဒ္ဓိ=တန်ခိုး + ပါဒ=အခြေခံ တန်ခိုးဖြစ်ပေါ်လာရန် အခြေခံအကြောင်းရင်းကို ဣဒ္ဓိပါဒ်ဟုခေါ်သည်။

ထို့ကြောင့်ဗုဒ္ဓက....

ဣဒ္ဓိယာ၊ ဣဒ္ဓိ၏။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိမေပါဒါ၊ ဤအခြေတို့သည်။ ဣဒ္ဓိလာဘာယ၊ တန်ခိုးကိုရခြင်းငှာ (ဝါ)တန်ခိုးရှင်ဖြစ်စေခြင်းငှာ။ ဣဒ္ဓိပဋိလာဘာယ၊ တန်ခိုးကို အဖန်တလဲလဲရစေခြင်းငှာ။ ဣဒ္ဓိဝိကုဗ္ဗနတာယ၊ တန်ခိုးဖြင့်အထူးထူးသောနိမ္မိဘရုပ်ပွားကိုပြုလုပ်ဖန်ဆင်းခြင်းငှာ ဣဒ္ဓိဝိသဝိတာယ၊ တန်ခိုးဖြင့် အထူးထူးသော အာနိသင်ကိုပွားစေခြင်းငှာ။ ဣဒ္ဓိဝသီဘာဝတာယ၊ တန်ခိုး၏အလွန်လျင်မြန်သော အဖြစ်ကိုဆောင်ခြင်းဟူသော ဝသီတော်အလို့ငှာ။ ဣဒ္ဓိဝေသာရဇ္ဇာယ၊ တန်ခိုး၏ ဆန့်ကျင်ဘက်ရန်၌ ရဲရင့်ခြင်းအကျိုးငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဟူ၍ ဣဒ္ဓိပါဒ်သံယုတ်ပါဠိတော်၌ ညွှန်ပြတော်မူသည်။

တန်ခိုးသည် အမှန်စင်စစ် ဝိဇ္ဇာပညာရပ်ပင်ဖြစ်၏။ တန်ခိုးတည်းဟူသော အတတ်၌သာလျှင်မဟုတ်သေး၊ မည်သည့်အတတ်ပညာ၌မဆို ယင်းအခြေခံပါဒကြီး လေးပါးမှုချပါဝင်လျက်ရှိသည်။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသဘည်းဟူသော အခြေခံတရားကြီး လေးပါးနှင့်မညီညွတ်လျှင်(ဝါ) မပါဝင်လျှင် လောကဥ္စ မည်သည့်အတတ်ကိုမျှ တတ်မြောက်နိုင်မည်မဟုတ်။ ထို့ကြောင့် လောကဥ္စ မည်သည့်ပညာရပ်ကိုမဆို တတ်မြောက်လိုလျှင် ဆန္ဒ စိတ္တ၊ ဝီရိယ၊ ဉာဏ်တည်းဟူသော အခြေခံအကြောင်းတရား ကြီးလေးပါးစလုံးကို အသုံးချရ၏။

ယင်းပါဒကြီး လေးပါးစလုံးကို အညီအညွတ်အသုံ့မချနိုင် လျှင် မည်သည့်အတတ်ပညာကိုမျှ မတတ်မြောက်နိုင်။ ယင်းပါဒ ကြီးလေးပါးစလုံးကို အညီအညွတ်အသုံးချတတ်ပါက လောကီ ပညာသာမဟုတ်၊ လောကုတ္တရာပညာ(ဝါ) မဂ်ဖိုလ်နိဗ္ဗာန်တိုင် အောင် ပေါက်ရောက်အောင်မြင်နိုင်ကြောင်းကို ဗောဓိပက္ခိယ ၃၇-ပါး၌သက်သေခံနေသည်။

လောကဥ္စ အလုပ်လုပ်ရာတွင် ကံ၊ ဉာဏ်၊ ဝီရိယဟုစကား အဆိုရှိသော်လည်း အမှန်စင်စစ် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ဉာဏ် ဤလေးချက်သာလိုရင်းဖြစ်သည်။ ဟုတ်မဟုတ် ကိုယ်တိုင်တွေးဆ ကြည့်။

တန်ခိုးဖြစ်ခြင်း အကြောင်းတရား(ဝါ)တန်ခိုးဖြစ်ပေါ်လာ ရခြင်း အရင်းအမြစ်ကို ဗုဒ္ဓ၏ထုတ်ဖော်ညွှန်ပြချက်သည်အလွန် တိကျ သဘာဝကျလွန်းသဖြင့် မည်သည့်သိပ္ပံဆရာမျှစောဒက တက်နိုင်ဘွယ်မရှိ။

တန်ခိုးဖြစ်ပေါ်ရန် ယင်းအခြေခံ ပါဒကြီးလေးရပ်မှလွဲ၍ အခြားနည်းလမ်းမရှိဟု ပြတ်ပြတ်သားသားထုတ်ဖော်မိန့်ကြား ထားပြီးဖြစ်သည်။

တန်ခိုးသည်လည်း လောကီမတတ်ပညာ တရပ်ပင်ဖြစ်၍ မည်သည့်အတတ်မျိုးဖြစ်မဆို ဆန္ဒလည်းရှိရမည်။ စိတ်ကလည်း ထက်သန်ရမည်။ ကြိုးစားအားထုတ်မှုလည်းရှိရမည်။ ထိုးထွင်းနိုင်သော ကိုယ်ပိုင်ဉာဏ်ကလည်းရှိရမည်။ ဤလေးချက်တို့ပိုင်လျှင် လောက၌ မဖြစ်နိုင်သောအရာဟူ၍မရှိ။

ခပ်သိမ်းသော တန်ခိုးဟူသည်မှာ အလိုလိုဖြစ်ပေါ်လာရသော စိတ်ကူးယဉ်အတတ်မျိုး မဟုတ်ကြောင်း ထင်ရှားသွားပြီဖြစ်၏။ မည်သည့်အတတ်မျိုးမဆို ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော အခြေခံပါဒကြီးလေးရပ်ဖြင့်သာ ရရှိတတ်မြောက်နိုင်သလို တန်ခိုဣဒ္ဓိပါဒ်သည်လည်း ယင်းအခြေခံပါဒကြီးလေးရပ်ပေါ်၌ တည်ဆောက်ထားရကြောင်းကို သဘာဝကျကျ တွေ့မြင်ရမည်ဖြစ်၏။

လောက၌ခပ်သိမ်းသော အခြင်းအရာတို့သည်(ဝါ)ခပ်သိမ်းသော အကျိုးတရားတို့သည် ခိုင်လုံပြည့်စုံသော အကြောင်းတရားများ ကင်း၍ဖြစ်ရိုးစဉ်လာမရှိ။ ခပ်သိမ်းသောအကျိုးတရားတို့သည် အလွန်ခိုင်လုံပြည့်စုံသော အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်လာရ၏။

တန်ခိုးဟူသည် အကြောင်းတရားမရှိဘဲ ဖြစ်ပေါ်လာရသော အကျိုးတရားမဟုတ်ကြောင်း ထင်ရှားနေပြီဖြစ်၏။ တန်ခိုးဖြစ်ပေါ်လာရန် အရင်းအမြစ်အခြေခံကြီး(ဣဒ္ဓိပါဒ်) လေးရပ်မှာ အလွန်တိကျခိုင်လုံပြည့်စုံလှသောအကြောင်းတရားကြီးများဖြစ်သည်။

မဟာဝဂ်ဗ္ဗ ပါဠိ သံယုတ်ပါဠိနှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်တို့၌ "ဈာနခိုအင်္ဂပဒါနို"ဟူ၍ တန်ခိုးဖြစ်ခြင်းအကြောင်းတရားရှစ်ပါးကို ဟောတော်မူသည်။

ယင်းတန်ခိုးဖြစ်ခြင်း အကြောင်းတရားရှစ်ပါးတို့မှာ ဣဒ္ဓိပါဒ်ကြီးလေးပါးကိုပင် ခွဲ၍ဆန္ဒနှင့် သမာဓိ၊ ဝီရိယနှင့် သမာဓိ၊ စိတ္တနှင့် သမာဓိ၊ ဝီမံသနှင့် သမာဓိဟုအစုံပြု၍ ညွှန်ပြတော်မူသည်။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက....

"အို....ရဟန်းတို့ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကိုအကယ်၍ရအံ့။ စိတ်၏တခုတည်းသော အာရုံ၌တည်ခြင်းကို အကယ်၍ရအံ့၊ ဆန္ဒသည် သမာဓိမဟုတ်။ သမာဓိသည် ဆန္ဒမဟုတ်။ ဆန္ဒသည်တခြား၊ သမာဓိသည်တခြား၊(လှ)ဝီမံသာသည် သမာဓိမဟုတ်၊ သမာဓိသည် ဝီမံသမဟုတ်၊ ဝီမံသသည်တခြား၊ သမာဓိလည်းတခြားတည်း။ တန်ခိုး၏ ဤလေးစုံရှစ်ပါးအကြောင်းတရားတို့သည် တန်ခိုးအဘိညာဉ်ကိုရခြင်းငှာ၊ တန်ခိုး၌ရှ ရှာခြင်းကင်း၍ ရရင့်ခြင်းအကျိုးငှာဖြစ်ကုန်၏"ဟု ညွှန်ပြတော်မူသည်။

တဖန်တန်ခိုးဖြစ်ခြင်း၏ အရင်းမူလ တဆယ့်ခြောက်ပါးရှိကြောင်းကို....

၁။ ဝီရိယစိတ်ကို ချီးပင့်အားပေးထား၍ ပျင်းရိမှုကြောင့် တုန်လှုပ်ခြင်းမရှိ၊ ထို့ကြောင့် အာနေဥ္ဇမည်၏။

၂။ ပျံ့လွင့်ခြင်းမရှိသောစိတ်သည် ပျံ့လွင့်သော သဘောဖြင့်မတုန်လှုပ်သောကြောင့် အာနေဥ္ဇမည်၏။

၃။ မတပ်မညှာသောစိတ်သည် တပ်မက် ကပ်ညိသော ရာဂဖြင့်တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၄။ အမျက်အားဖြင့် ပြစ်မှားခြင်းမရှိသောစိတ်သည် ဖျက်ဆီးလိုသော ဗျာပါဒဖြင့်တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၅။ ငါ၊ ငါဟုအတ္တမာန်မရှိသောစိတ်သည် အယူမှားသော (မိစ္ဆာဒိဋ္ဌိ) အမြင်ဖြင့် တုန်လှုပ်မှု မရှိသောကြောင့် အာနေဥ္စမည်၏။

၆။ ဆန္ဒရာဂ မဖွဲ့အပ်သောစိတ်သည် ဆန္ဒရာဂဖြင့်တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၇။ အထူးသဖြင့် လွတ်ကင်းသော ဈာန်စိတ်သည် ကာမရာဂဖြင့် တုန်လှုပ်မှုမရှိသောကြောင့် အာနေဥ္စမည်၏။

၈။ ယောဂလေးပါးတို့ မယှဉ်သောစိတ်သည် ကိလေသာဖြင့် တုန်လှုပ်မှုမရှိသောကြောင့် အာနေဥ္စမည်၏။

၉။ ကိလေသာဟူသော အပိုင်းအခြားကင်းအောင် ကျင့်သောစိတ်သည် ကိလေသာတို့ဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၀။ အာရုံဘခုကည်းရှိသည့်အဖြစ်သို့ ရောက်သောစိတ်သည် အထူးထူးအပြားပြား ကိလေသာတို့ဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၁။ သဒ္ဓါတရားဖြင့် ခိုင်မြဲနေသောစိတ်သည် ယုံကြည်မှုကင်းခြင်းဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၂။ ဝီရိယဖြင့် ခိုင်မြဲနေသောစိတ်သည် ပျင်းရိမှုဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၃။ သတိဖြင့် ခိုင်မြဲနေသောစိတ်သည် မေ့လျော့မှုဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၄။ သမာဓိဖြင့် ခိုင်မြဲနေသောစိတ်သည် ပျံ့လွင့်မှုဖြင့် တုန်လှုပ်ခြင်းမရှိသောကြောင့် အာနေဥ္စမည်၏။

၁၅။ ပညာဖြင့် ခိုင်မြဲနေသောစိတ်သည် အာရုံကိုဖုံးလွှမ်းခြင်း အဝိဇ္ဇာဖြင့် တုန်လှုပ်ခြင်း မရှိသောကြောင့် အာနေဥ္စမည်၏။

၁၆။ ပညာအလင်းရောင်နှင့်အတူဖြစ်သောစိတ်သည် အဝိဇ္ဇာဟူသော အမိုက်တိုက်ဖြင့် တုန်လှုပ်ခြင်း မရှိသောကြောင့် အာနေဥ္စမည်၏။

ဤတန်ခိုး၏မူလအရင်းအမြစ် တဆယ့်ခြောက်ပါးတို့သည် တန်ခိုးအကျိုးသဉ်ကိုရခြင်းငှာ တန်ခိုးဌ် ရှရာခြင်းကြောင်း၍ ရရှင်ခြင်းအကျိုးငှာဖြစ်ကုန်၏ဟူ၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ခွဲခြားညွှန်ပြတော်မူသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဘူမိ၊ ပါဒ၊ ပဒ၊ မူလဟူ၍လေးရပ်စလုံးကို ညွှန်ပြတော်မူသည်။

ဘူမိဟူသည်မှာ တန်းခိုးဖြစ်ရာပထမဈာန်မှ စတုတ္ထဈာန်အထိ လေးပါးကိုခေါ်သည်။

ပါဒဟူသည်မှာ တန်ခိုးဖြစ်ခြင်း အခြေလေးပါးကို ဆိုလိုသည်။

ပဒဟူသည်မှာ တန်ခိုးဖြစ်ခြင်းအကြောင်း ရှစ်ပါးကို ဆိုလိုသည်။

မူလဆိုသည်မှာ အထက်၌ ဖော်ပြခဲ့သော တန်ခိုး၏အရင်းမူလတဆယ့်ခြောက်ပါးကိုဆိုလိုခြင်းဖြစ်သည်။

ဘူမိ၊ ပါဒ၊ ပဒ၊ မူလအကြောင်း၊လေးရပ်ပြည့်စုံလျှင် မိမိလိုရာဖန်ဆင်းနိုင်ကြောင်းကို နောက်ပိုင်း၌ ထင်ရှားလတ္တံ့။

**တန်ခိုးဆယ်ပါး**

.ဤတန်ခိုးဟူသော သဘောတရားဖြင့် သတ္တဝါတို့သည် တိုးတက်ကြီးပွားကုန်၏။သတ္တဝါတို့၏ တိုးတက်ကြီးပွားကြောင်းဖြစ်သော ယင်းသဘောတရားသည် တန်ခိုးဣဒ္ဓိမည်၏။

တန်ခိုးဟူသည်ကား သတ္တဝါတို့ လွန်ကဲထူးမြတ်သည့် လောကီအဆင့်သို့ ဆိုက်ရောက်ခြင်းပေတည်း။ ဗုဒ္ဓရှင်မြတ်က "ဣဒ္ဓိယောတိ ဒသဣဒ္ဓိယော" ဟူ၍ တန်ခိုးဆယ်မျိုးရှိကြောင်း ညွှန်ပြတော်မူ၏။

တဖန်ညွှန်ပြတော်မူသည်မှာ....

"ကတမာ ဒသဣဒ္ဓိယော၊ အဓိဋ္ဌာနာဣဒ္ဓိ၊ ဝိကုဗ္ဗနာဣဒ္ဓိ၊ မနောမယာဣဒ္ဓိ၊ ဉာဏဝိပ္ဖာရာဣဒ္ဓိ၊ သမာဓိဝိပ္ဖာရာဣဒ္ဓိ၊ အရိယာဣဒ္ဓိ၊ ကမ္မဝိပါကဇာဣဒ္ဓိ၊ ပုညဝတောဣဒ္ဓိ၊ ဝိဇ္ဇာမယာဣဒ္ဓိ တတ္ထတတ္ထသမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေနဣဒ္ဓိ"

ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ တန်ခိုးဣဒ္ဓိဆယ်မျိုးရှိကြောင်းကို ခွဲခြားပြတော်မူသည်။

ယင်းဣဒ္ဓိဆယ်မျိုးတို့မှာ....

၁။ မျှားသည်၏အဖြစ်ကို (၀၁) ရုပ်အများဖြစ်အောင် အဓိဋ္ဌာန်ရသော အဓိဋ္ဌာနဉာဏ်တန်ခိုး။

၂။ ရုပ်အမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဝိကုဗ္ဗနာဉာဏ်တန်ခိုး။

၃။ ဈာန်စိတ်ဖြင့်တပါးသော ကိုယ်ကို ဖန်ဆင်းနိုင်သော မနောမယဉာဏ်တန်ခိုး။

၄။ အရဟတ္တမဂ်ဉာဏ်၏ ပျံ့ခြင်းအဟုန်ရှိသော ဉာဏဝိပ္ဖာရဉာဏ်တန်ခိုး။

၅။ သမာဓိ၏ ပျံ့ခြင်းအဟုန်ရှိသော သမာဓိဝိပ္ဖာရဉာဏ်တန်ခိုး

၆။ အရိယာ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သောအရိယာဉာဏ်တန်ခိုး။

၇။ အမှတ်မထင်သောကံ၏ အကြောင်းကြောင့်ဖြစ်ရသော ကမ္မဝိပါကဇဉာဏ်တန်ခိုး။

၈။ လွန်ကဲသော ဘုန်း၊ ကံ၊ ပါရမီရှိသူတို့၏ အဖြစ်ကို ရခြင်းဟူသော ပုညဝတောဉာဏ်တန်ခိုး။

၉။ အာတပ္ပနကျမ်းအတတ်တို့ကြောင့် ဖြစ်ရသော ဝိဇ္ဇာမယိဒ္ဓိတန်ခိုး။

၁၀။ အမှုကြီးငယ်တို့၌ သင့်လျော်သော ဥပါယ်တမဉ်ဖြင့် အားထုတ်ခြင်းကြောင့် ပြီးစီးပြည့်စုံသော သမ္မာပယောဂပစ္စယဉာဏ်တန်ခိုး။ ဟူ၍ တန်ခိုးဆယ်ပါးကို ဝေဖန်ပိုင်းခြား၍ပြတော်မူသည်။

## ၁။ အဓိဋ္ဌာန်ဣဒ္ဓိတန်ခိုးဟူသည်မှာ

မိမိကိုယ်ခန္ဓာမှ ရုပ်တူ ကိုယ်ပွားများ တရာ၊ တထောင်၊ တသောင်း၊ တသိန်းဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ နှလုံးသွင်းလိုက်သောအခါ အဓိဋ္ဌာန်အဘိုး(ဝါ) အဓိဋ္ဌာန်၍ ဖန်ဆင်းသည့်အတိုင်း ရုပ်ပွားများဖြစ်ပေါ်လာရသောကြောင့်အဓိဋ္ဌာန်တန်ခိုးဟုခေါ်သည်။

## ၂။ ဝိကုဗ္ဗနာတန်ခိုးဟူသည်မှာ

အဘိညာဉ်ရပြီးသောသူသည် မိမိ၏ပြကတေ ရုပ်အဆင်းသဏ္ဌာန်ကိုစွန့်၍၊ သူငယ်သဏ္ဌာန်၊ ဆင်သဏ္ဌာန်၊ မြင်းသဏ္ဌာန်စစ်သည်ဗိုလ်ပါ အခင်းအကျင်းစသည်ဖြင့် ရုပ်အဆင်းသဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်စွမ်းရှိသောကြောင့် ဝိကုဗ္ဗနတန်ခိုးဟုခေါ်သည်။

## ၃။ မနောမယိဒ္ဓိတန်ခိုးဟူသည်မှာ

မိမိနှင့်အလားတူ တန်ခိုးရှိသည့် အဘိညာဉ် စိတ်ဖြင့် ပြီးသော(နိမ္မိတ) ရုပ်ပွားတခုကိုသော်၎င်း၊ အများကိုသော်၎င်း၊ ဖန်ဆင်းနိုင်စွမ်းရှိသောကြောင့် မနောမယိဒ္ဓိ တန်ခိုးဟုခေါ်သည်။

ယင်းတန်ခိုးသုံးပါးကို ဣဒ္ဓိဝိဓ အဘိညာဉ်ဟုခေါ်ကြောင်း ဝိသုဒ္ဓိမဂ်၌ဖွင့်သည်။

ထို့ကြောင့်....

"ထိုတွင်ကား တစ်၊ အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန်ပင် ကိုယ့်အသွင်ကို၊ စွန့်လျှင်ဝိကုပ်၊ အဟုတ်ခေါ်ဆို၊ ဤကိုယ် အတွင်း၊ ဖန်ဆင်းကာယော၊ မနောမယ၊ ဤသုံးဝ၊ ဝိဓလ္လဒ္ဓိ ချည်း"ဟူ၍ ပရမတ္ထသရူပဘောဒနီ၌ ရေးစပ်တော်မူသည်။

"ထိုတွင်ကား တစ်၊ အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန် ပင်"ဟူ၍ ရေးစပ်တော်မူသည်မှာ ဒီဃနိကာယ်သုတ်သီလက္ခန် ပါဠိတော်လာ "ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ"ဟူသော သုတ် နှင့်အညီ ရေးစပ်တော်မူခြင်းဖြစ်သည်။

မိမိသည် တယောက်တည်းဖြစ်လျက် မိမိနှင့်ရုပ်တူကိုယ်ပွား အရှင်စူဠပန်ထကရ်ကဲ့သို့ အရာ၊ အထောင်၊ အသောင်း၊ အသိန်း မကဖန်ဆင်းနိုင်စွမ်းသော အဓိဋ္ဌာန်တန်ခိုးကို ဗုဒ္ဓရှင်တော်မြတ် ညွှန်ပြတော်မူသည့်အတိုင်း "ထိုတွင်ကား တစ်၊ အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန်ပင်"ဟု ရေးစပ်တော်မူသည်။

## ၄။ ဉာဏဝိပ္ဖာရဣဒ္ဓိတန်ခိုးဟူသည်မှာ

အရဟတ္တမဂ်ဉာဏ်ဖြစ်သည်မှ ရှေ့ဝိပဿနာ ခဏ၌ငင်း၊ အရဟတ္တမဂ်ဖြစ်ဆဲသောခဏ၌ငင်း၊ အရဟတ္တမဂ်ဉာဏ်၏အာနု ဘော်ကြောင့်ဖြစ်ရသော တန်ခိုးကိုခေါ်သည်။

အနိစ္စာနုပဿနာဖြင့်နိစ္စသညာကို ပယ်ခြင်းကြောင့် ပြည့်စုံ၏။ ဤသို့အရဟတ္တမဂ်ဉာဏ်၏ အဟုန်ရှိသော တန်ခိုးဖြစ်ရ၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်

ခြင်းကြောင့် ပြည့်စုံ၏၊ ဤသို့ဥာဏဝိပ္ပယုတ္တ ၀ တန်ခိုးဖြစ်ရ၏။

အရှင်ဗာကုလမထေရ်အား ဥာဏဝိပ္ပာရဣဒ္ဓိ တန်ခိုးဖြစ်၏။ အရှင်သံကိစ္စမထေရ်နှင့် အရှင်ဘူတပါလမထေရ်တို့အား ဥာဏဝိပ္ပာရဣဒ္ဓိတန်ခိုးဖြစ်ဖြစ်၏။

ဥာဏဝိပ္ပာရဣဒ္ဓိတန်ခိုးဖြစ်ပုံမှာ ...

အရှင်ဗာကုလမထေရ်သည် ငယ်စဉ်က မင်္ဂလာနေ့ဝယ်မြစ်ဆိပ်၌ရေချိုးရာ အထိန်းမိန်းမ၏ မေ့လျော့ခြင်းကြောင့် ရေထဲသို့မျောပါသွား၏။ ထိုဗာကုလသူငယ်ကို ငါးမျို၍ ဗာရာဏသီမြစ်ဆိပ်သို့ ရောက်လေ၏။ ထိုအရပ်၌ထိုငါးကို တံငါသည်တို့က ဖမ်းပြီးလျှင် ဗာရာဏသီသူဌေးအား ရောင်း၏။

သူဌေးကတော်က ငါးကိုမြင်လျှင်မြင်ခြင်း ချစ်ခင်သဖြင့် ငါကိုယ်တိုင် ငါးဟင်းချက်မည်ဟု ကြံ၍ငါး၏ ဝမ်းဗိုက်ကိုခွဲသောအခါ ဝမ်းထဲ၌ ရွှေရုပ်ကဲ့သို့ အဆင်းရှိသော သူငယ်ကိုမြင်လျှင် "ငါ့မှာသားရတနာရပေပြီ"ဟု အလွန်အထူးနှစ်သက်ဝမ်းမြောက်ဖြစ်လေ၏။

ဤသို့ငါးဝမ်းထဲ၌ အနာရောဂါတစုံတရာမရှိ ပကတိကျန်းမာ၍ ဘေးကင်းခြင်းသည် ပစ္ဆိမဘဝိကဖြစ်သော အရှင်ဗာကုလ၏ ထိုအတ္တဘောဖြင့်ပင် ရလတံ့သော အရဟတ္တမဂ်ဥာဏ်၏ အာနုဘော်အစွမ်းကြောင့် ဥာဏဝိပ္ပာရဣဒ္ဓိ တန်ခိုးမည်၏။

အရှင်သံကိစ္စမထေရ်သည်ကား ပဋိသန္ဓေနေစဉ်ကိုယ်ဝန်ဖြင့် အမိသေလွန်၏။ အလောင်းမီးသင်္ဂြိုဟ်စဉ် တံရှူးဝါးဖြင့်ထိုးဆွသောအခါ သူငယ်၏ မျက်ထောင့်ကိုထိုးမိ၏။

ထိုစဉ်သူငယ်၏ အောင်သံကိုကြား၍ အမိ၏အလောင်းကို ထင်းပုံထက်မှချ၍ ဝမ်းကိုခွဲလျက် သူငယ်ကိုထုတ်ယူ၏။ သူငယ် အရွယ်ရောက်၍ ရှင်ပြုသောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏။

အမိဝမ်းတွင်း ကိန်းအောင်းနေစဉ် မီးသဂြိုဟ်သောအခါ၌ ၎င်း၊ တံရှူးဝါးနှင့် ထိုးဆွသောအခါ၌၎င်း၊ သူငယ်၏ဘေး အန္တရာယ်ကင်းခြင်းသည် ဉာဏဝိပ္ဖာရဣဒ္ဓိတန်ခိုးမည်၏။

ဘူတပါလမထေရ်၏ဖြစ်စဉ်မှာ ငယ်စဉ်က ဘခင်နှင့်အတူ ထင်းခုတ်ရာသို့ပါသွားရာ ဖခင်ဖြစ်သူက မြို့ထဲသို့ထွက်ပြေးသွား သော နွားများနောက်သို့လိုက်သွားသောအခါ မိုးချုပ်၍ မြို့တံ ခါးပိတ်သွား၏။

ထိုအခါ ဘူတပါလသူငယ်သည် ဘီလူးသရဲတို့ သွားလာ ကျက်စားရာနေရာ မြို့ပြင်၌ တယောက်တည်း တညဥ့်ပတ်လုံး ကျန်ရစ်နေရှာသော်လည်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသော အဖြစ်သည် မကြာမီရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနု ဘော်ဖြစ်သောကြောင့် ဉာဏဝိပ္ဖာရဣဒ္ဓိတန်ခိုးမည်၏။

၅။ သမာဓိဝိပ္ဖါရဣဒ္ဓိတန်ခိုးဟူသည်မှာ

ပဌမစျာန်သည် သမာဓိမဖြစ်မီ ဥပစာရခဏ၌၎င်း၊ နောက် သမာပတ်သော ကျက်သည်၏အဆုံး၌၎င်း၊ သမာပတ်ဝင်စားနေ သခဏ၌၎င်း၊ သမာဓိအစွမ်းကြောင့် ဖြစ်သော ထူးခြားမှုကို ခေါ်၏။

ပဉ္စမစျာန်ဖြင့် နိဗ္ဗာနတရားတို့ကို ပယ်နိုင်စွမ်း ရှိသောကြောင့် သမာဓိဝိပ္ပာရဟုတန်ခိုးမည်၏။ နေဝသညာနာသညာယတနစျာန်သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကိုပယ်နိုင်စွမ်းသောကြောင့် သမာဓိဝိပ္ပာရဣဒ္ဓိတန်ခိုးမည်၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်၊ အရှင်သဉ္ဇီဝမထေရ်၊ အရှင်ခါဏုကောဏ္ဍညမထေရ်၊ ဥတ္တရာဥပါသိကာ၊ သမာဝတီဥပါသိကာတို့သည် သမာဓိဝိပ္ပာရတန်ခိုးကိုရကုန်၏။

အခါတပါးတွင် ကပေါတကန္ဒရ တောကျောင်း၌ အရှင်မဟာမောဂ္ဂလန်နှင့်အတူ သီတင်းသုံးတော်မူသော အရှင်သာရိပုတ္တရာသည် လသာသောညဉ့်တညဉ့်၌ ဆံရိတ်ပြီးစဉီးခေါင်းပြောင်ပြောင်ဖြင့် လွင်တီးခေါင်၌နေတော်မူစဉ်....

ဘီလူးကြမ်းတကောင်သည် အဖော်ဘီလူးက တားမြစ်ပါလျက်မနေ၊ ရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ရိုက်ပုတ်၏။ ရိုက်ပုတ်သောအသံသည် မိုးခြိမ်းသကဲ့သို့မြည်၏။

ထိုအခါအရှင်သာရိပုတ္တရာမထေရ်သည် ထိုဘီလူးရိုက်သောအခိုက်၌ ဘမဇာပတ်ဝင်စားနေ၏။ အရှင်မြတ်အား မိုးကြိုးပစ်သကဲ့သို့ ထန်ပြင်းစွာရိုက်ပုတ်မိငြားသော်လည်း စိုးစဉ်းမျှထိခိုက်နာကျင်ခြင်းမရှိသောအဖြစ်သည် သမာဓိဝိပ္ပာရဣဒ္ဓိ တန်ခိုးမည်၏။

ကကုသန်မြတ်စွာဘုရား၏ လက်ဝဲတော်ရံ အဂ္ဂသာဝကသဉ္ဇီဝမထေရ်မီးရှို့ခံရသော်လည်း မထေရ်၏သင်္ကန်းချည်မျှင်ကိုမျှ မီးမခြင်းသည် သမာဓိဝိပ္ပာရတန်းခိုးကြောင့် ဖြစ်၏။

ခါကာစောဘက္ကာညမထေရ် ညအခါ၌ခိုးသားငါးရာတို့၏ ဥစ္စာထုပ်များဖြင့် ဖိနှိပ်ခြင်းခံရသော်လည်း စိုးစဉ်းမျှဘေးအန္တရာယ်မရှိခြင်းသည် သမာဓိဝိပ္ဖာရတန်ခိုးကြောင့်ဖြစ်သည်။

ပြည့်တန်ဆာမ သိရိမာသည် တကာ့မာန် ငြူစူနေသောကြောင့် ပုဏ္ဏားသူဌေး၏သမီး မယ်ဥတ္တရာ၏ ဦးခေါင်းမှကျိုက်ကျိုက်ဆူသော ဆီပူဖြင့်လောင်းချသော်လည်း မယ်ဥတ္တရာ၌စိုးစဉ်းမျှ အနာတရမဖြစ်ခြင်းသည် သမာဓိဝိပ္ဖာရတန်ခိုးကြောင့်ဖြစ်၏။

ဥတေနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သူ သာမာဝတီအား မင်းကြီးကိုယ်တိုင်ဆိုပ်လူးမြားဖြင့် ပစ်၍ကွပ်မျက် သော်လည်း မင်းကြီး၏ လက်များတဆတ်ဆတ်တုန်လှုပ်၍ မိဖုရားကြီးအားလေးဖြင့် မပစ်ခတ်နိုင်ခြင်းသည် သာမာဝတီ၏ သမာဓိဝိပ္ဖာရဣဒ္ဓိတန်ခိုးကြောင့်ဖြစ်သည်။

၆။ အရိယာဣဒ္ဓိတန်ခိုးဟူသည်မှာ

စက်ဆုပ်ရွံရှာဘွယ် စသည့်အာရုံတို့၌ စက်ဆုပ်ရွံရှာဘွယ်ရာမဟုတ်ဟု အမှတ်ပြု၍နေနိုင်ခြင်းကိုခေါ်သည်။

ထိုကြောင့်ဗုဒ္ဓရှင်မြတ်ကြီးက....

"အရိယာတို့၏ ကိုယ်ပိုင်တန်ခိုးသည် အဘယ်နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် စက်ဆုပ်အပ်သော အာရုံ၌ စက်ဆုပ်စရာမဟုတ်ဟု အမှတ်ပြု၍နေရန် အလိုရှိငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်စရာမဟုတ်ဟု အမှတ်ပြု၍နေ၏။ ထိုဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ တည်းဟူသော အာရုံ၌အင်္ဂါခြောက်ပါး ရှိသော

ဥပေက္ခာစိတ်ဖြင့် လျစ်လျူရှု၍ သတိနှင့်ပြည့်စုံ၍ အဆင်အခြင် ဉာဏ်ပညာရှိသည်ဖြစ်၍နေ၏ ဟုဟောတော်မူသည်။

စိတ်ကိုအစိုးရပိုင်သသော အဖြစ်ကို စိတ်၏ဝသီဘော်သို့ ရောက်ကုန်သော ဘုရားရဟန္တာ အရှင်မြတ်တို့သာလျှင် ရရှိနိုင်သောကြောင့် အရိယာဣဒ္ဓိတန်ခိုးဟုခေါ်သည်။ ခိဏာသဝန္တာ အရိယာအရှင်မြတ်တို့သည် ဣဋ္ဌာရုံကို အနိဋ္ဌာရုံအဖြစ်၊ အနိဋ္ဌာရုံကိုဣဋ္ဌာရုံအဖြစ်နှင့် ရှုမြင်နိုင်စွမ်းရှိ၏။ ထို့ကြောင့် အရိယာဣဒ္ဓိတန်ခိုးဟုခေါ်သည်။

၇။ ကမ္မဝိပါကဇဣဒ္ဓိတန်ခိုးဟူသည်မှာ

ငှက်စသည်တို့ ကောင်းကင်၌ ပျံသွားနိုင်ခြင်းသည် ကံ၏ အကြောင်းကြောင့်ဖြစ်ရခြင်းဖြစ်သည်။

ထို့ကြောင့်ဗုဒ္ဓရှင်မြတ်ကြီးက....

"ခပ်သိမ်းသော ငှက်တို့သည်ရှင်း၊ ခပ်သိမ်းသော နတ်တို့သည်ရှင်း၊ အချို့သောလူသားတို့သည်ရှင်း၊ အချို့သောဝိနိပါတိက အသူရာတို့သည်ရှင်း၊ ကောင်းကင်၌ ပျံသွားနိုင်ခြင်းသည် အကြောင်းတရားဟူသော ကံကြောင့်ဖြစ်ရသော ဣဒ္ဓိတန်ခိုးမည်၏"ဟု ညွှန်ပြတော်မူသည်။

၈။ ပုညဝတဣဒ္ဓိတန်ခိုးဟူသည်မှာ

စကြာဝတေးမင်းသည် လူသားတို့၏ ကောင်းကင်၌ သွားလာနိုင်ခြင်းသည် အလွန်ကြီးမားသော ကောင်းမှုကြောင့်ဖြစ်၍ ပုညဝတဣဒ္ဓိတန်ခိုးဟုခေါ်သည်။ အကျဉ်းအားဖြင့်ကောင်းမှု

ဟူသောအကြောင်းတရား ရင့်ကျက်ခြင်းသို့ ရောက်သောအခါ ပြီးစီးပြည့်စုံသော အကျိုးထူးသည် ပုညဝတက္ကဒ္ဒီမည်၏။

ထို့ကြောင့် ဥဘဏဝိပ္ပဒ္ဒရာတန်ခိုးကိုရည်၍....

"အရဟတ္တာ၊ ဖြစ်သည့်ခါမှ၊ တန်ဏာ၌၊ ဥဘဏစွမ်းမြတ်၊ထူးလတ်ပြီးသား၊ ဝိပဿနာ၊ မဂ်လေးဖြာဖြင့်၊ ကိလေသာပယ်၊ ငါးဝမ်းဝယ်နေ၊ မသေနိုင်ထ၊ ဗာကူလတည်း၊ သံကိစ္စမှာ၊ ဂဗ္ဘတည်နေ၊ အမိသေလည်း၊ မသေနိုင်လို၊ ရာဇဂြိုဟ်မြို့ပ၊ ယက္ခဝန်းရံ၊ ညဥ့်သုံးယမ်လည်း၊ တယောက်တည်းသာ၊ ထင်းလှည်းအောက်နေ၊ မသေနိုင်သူ၊ ဘူတပါလ၊ ဒါရကတို့၊ ဥဘဏဝိပ္ပာ"ဟူ၍ရင်း။

တဖန်သမာဓိဝိပ္ပာတန်ခိုးကိုရည်၍....

"ရှစ်သမာပတ်၊ သုံးခါမှတ်၍၊ ပစ္စတ်ပယ်ခွာ၊ ကပေါတာခြောက်၊ ဘီလူးခေါက်လည်း၊ သေပျောက်ကျင်နာ၊ ဆိတ်စာမရှိ၊ ထေရ်သာရိတည်း"ဟူ၍ရင်း။

တဖန်အရိယာဣဒ္ဒိတန်ခိုးကိုရည်၍....

"အနိဋ္ဌာကို၊ မေတ္တာဓာတု၊ နှလုံးပြု၍၊ ရှုနိုင်ဣဋ္ဌ၊ ယင်းဣဋ္ဌကို၊ အသုဘနှင့်၊ အနိစ္စပြု၊ နိဋ္ဌရှု၏၊ စက္ခုရူပ၊ တွေ့ရာစလည်း၊ နေဝသုမနော၊ နောဒဒုဋ္ဌ၊ ဆဋ္ဌင်္ဂုပေက္ခာ၊ ရဟန္တာ၏၊ အရိယာဣဒ္ဒိတန်ခိုတည်း"ဟူ၍ရင်း။

တဖန်ကမ္မဝိပါကဇဣဒ္ဒိကိုရည်၍....

"ပက္ခီဒေဝ၊ ကပ်စမန်၊ ပိယင်္ဂုမာတာ၊ မာတာဥတ္တရ၊ဖုဿမိတ္တာ၊ ဝိနိပါတို့၊ ဝေဟာသံပျံကြ၊ ကမ္မဇတည်း"ဟူ၍ရင်း။

တဖန်ပုညဝတက္လဒ္ဓိကိုရည်၍....

"စက္ကဝတ္တိ၊ မိုးပျံဘိ၏၊ ဇောတိသူဌေး၊ ခြောက်ဆယ့်လေးထွေ၊ ပဒေသများ၊ ပတ္တမြားပြဿဒ်၊ ပေါက်လတ်မြေမှ၊ ဇဋ္ဌိလဝယ်၊ ရှစ်ဆယ်အတောင်"ဟူ၍ငင်း။ ပရမတ္ထသရုပဘောဒနီကျမ်း၌ ရေးစပ်တော်မူသည်။

## ၉။ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဟူသည်မှာ

ဝိဇ္ဇာဓိုရ်စသူတို့ ကောင်းကင်၌ ပျံသွားနိုင်ခြင်း စသောတန်ခိုးသည် အတတ်ပညာကြောင့်ဖြစ်ရသော တန်ခိုးဖြစ်၏။

ထို့ကြောင့်....

"ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရစသော မန္တာန်မန္တရားမန်းမှုတ်ခြင်း အစွမ်းဖြင့် ကောင်းကင်၌ သွားလာကုန်၏။ ကောင်းကင်၌ ဆင်တပ်ကိုလည်းပြနိုင်၏။ စစ်သည်အခင်းအကျင်းသေနင်္ဗျူဟာ အတတ်ကိုလည်းပြနိုင်၏"ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဝိကျစ္စာညွှန်ပြတော်မူသည်။

ထို့ကြောင့်....

"ဝိဇ္ဇာဓိုရ်တို့၊ ထိုထိုမန္တန်၊ ဆေးစွမ်းအန်ဖြင့်၊ မိုးပျံနိုင်လျှင်၊ ဆင်မြင်ရုပ်ပုံ၊ စစ်တက်ပုံပြ၊ ဝိဇ္ဇာမျှတည်း"ဟူ၍ ရေးသားစပ်ဆိုတော်မူသည်။

## ၁၀။ သမ္မာပယောဂပစ္စယတန်ခိုးဟူသည်မှာ

ထိုထိုသော အခြင်းအရာဖြင့် သင့်လျော်သော အားထုတ်ခြင်းကြောင့် အလိုရှိအပ်၊ ပြီးစီးစေအပ်သော အမှု၏ လိုတိုင်းပြည့်စုံခြင်းကိုခေါ်သည်။

ယင်းတန်ခိုးသည် ပဉ္စမဈာန်ဖြင့် ကာမစ္ဆန္ဒစသည့် နီဝရဏ တို့ကိုပယ်ခြင်း၊ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ ကိုပယ်ခြင်း စသည်တို့ကြောင့် တတ္ထတတ္ထသမ္မာပယောဂပစ္စယ တန်ခိုးမည်၏ဟူ၍ ဟောတော်မူသည်။

ထူးခြားချက်မှာ အဌကထာ၌ စစ်သေနင်္ဗျူဟာအတတ်၊ သင်္ချာအတတ်၊ ဗေဒင်၊ ဆေးဝါး၊ မန္တရား၊ စာပေ၊ ပိဋကတ် ယုတ်စွအဆုံး လယ်ယာထွန်ယက်စိုက်ပျိုးခြင်း အတတ်စသည်တို့ ကိုပြီးစီး ပြည့်စုံရသော အကျိုးအထူးသည် သမ္မာပယောဂပစ္စ ယဣဒ္ဓိတန်ခိုးမည်၏ဟူ၍ဖွင့်သည်။

ထို့ကြောင့် သည်ကိုရည်၍....

"နေက္ခမက်၊ အရဟတ္တတိုင်၊ ပယ်နိုင်သမျှ၊ ထိုမှတပါး၊ များ ပြားစွာလှ၊ ဗျူဟာစသည်၊ သိပ္ပ ဝိဇ္ဇာ၊ ဝေဒါပိဋကတ်၊ ထွန် ထကြဲစိုက်၊ လူ့ဦးပြုကာ၊ ပြီးသမျှပင်၊ တတ္ထတတ္ထာ၊ သမ္မာ ပယောဂ၊ ပစ္စယဣဒ္ဓိ၊ အမည်ရှိသည်၊ မှတ်သိဆောင်ရှက်ရာ သတည်း"ဟု ရေးစပ်တော်မူခြင်းဖြစ်သည်။

ဗုဒ္ဓရှင်မြတ်ကြီးက တန်ခိုးဣဒ္ဓိပါဒ်နှင့် ပတ်သက်၍ ဒီဃနိ ကာယ်၊ သီလက္ခန္ဓ ပါဠိတော်၊ သံယုတ်ပါဠိတော်များနှင့် ပဋိ သမ္ဘိဒါမဂ်ပါဠိတော်တို့တွင် အကျယ်တဝင့်ပိုင်းခြားပြတော် မူသည်။

* * *

## တန်ခိုးကိုဘာကြောင့်ညွှန်ပြသနည်း

ဗုဒ္ဓကတန်ခိုးနှင့်ပတ်သက်၍ ညွှန်ပြတော်မူသည်မှာ အချည်းအနှီးသက်သက်မဟုတ်၊ အလွန်ခိုင်လုံသော အကျိုးတရားများရှိသောကြောင့် ညွှန်ပြတော်မူခြင်းဖြစ်သည်။

ယင်းသို့သောနည်းဖြင့် ရရှိသော သမာဓိဘာဝနာသည် အဘိညာဉ်ဟူသောအကျိုးတရားရှိ၏။ မျက်မှောက်သောကိုယ်၏အဖြစ်၌ချမ်းသာစွာနေရသော အကျိုးရှိ၏၊ ဥပစာရသမာဓိဘာဝနာသည် ဝိပဿနာဟူသော အကျိုးရှိ၏၊ အလွန်မြဲမြံခိုင်ခန့်သော သမာဓိဘာဝနာသည် ပညာဘာဝနာကို လွယ်လင့်တကူဖြင့် ပြည့်စုံစေနိုင်သောအကျိုးရှိ၏ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ဖွင့်ပြတော်မူသည်။

မှန်သည်။

ထို့ကြောင့်ဗုဒ္ဓက....

“အို—စုန္ဒ၊ ထိုတရားတို့ကို ငါဘုရား၏ သာသနာတော်၌ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရကြောင်းဖြစ်သောတရားတို့ဟူ၍သာဆိုအပ်ကုန်၏”ဟုညွှန်ပြတော်မူသည်။

တန်ခိုးဟူသော လောကီအဘိညာဉ်ငါးပါးတို့ကိုစတုတ္ထဈာန်အထိရပြီးသော ရဟန်း၊ ယောဂီတို့အတွက် ရည်ညွှန်း၍ ညွှန်ပြတော်မူခြင်းဖြစ်သည်။ သို့သော် ဤအဘိညာဉ်ဈာန်တရားတို့သည် ကိလေသာ အာသဝေါတရားတို့ကို ခြောက်ခန်းစေတတ်သောတရားမဟုတ်။

ထို့ကြောင့်ဗုဒ္ဓက....

"အို-စုန္ဒ၊ ဤဈာန်တရားတို့ကို ငါ၏ သာသနာတော်၌ ကိလေသာ အာသဝေါတရားတို့ကို ခေါင်းပါးစေတတ်သော ခြောက်ခန်းစေတတ်သော အကျင့်ဟူ၍မဆိုအပ်ကုန်" ဟုပြတ်သားစွာ ညွှန်ပြတော်မူပြန်သည်။

သို့သော် သမာဓိဘာဝနာသည် "မုဒုဘူတေ ကမ္မနိယေ" ဟု ဟောတော်မူသောကြောင့် စိတ်ကိုနူးညံ့စေတတ်၏၊ စိတ်၏နူးညံ့ခြင်းကြောင့် တန်ခိုးဖန်ဆင်းခြင်း၌ခံ့၏၊ ကောင်းစွာလေ့ခံထဲပြီးသော ရွှေကဲ့သို့နူးညံ့ပြီးသောစိတ်သည် တန်ခိုးဖန်ဆင်းမှု၌ခိုင်ခံ့၏။ နူးညံ့ခြင်း၊ ခံ့ခြင်းတို့သည် သမာဓိကို ကောင်းစွာ ပွားစေခြင်းကြောင့်ဖြစ်ရ၏။

ထို့ကြောင့်ဗုဒ္ဓက...

"အို-ရဟန်းတို့ ဤစိတ်ကိုပွားစေအပ်သည်ရှိသော် ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် နူးညံ့သည်၏အမှု၌ ခံ့သည် ဖြစ်ရာကဲ့သို့ ဤအတူ အကျင့်သဘောတရားကို ပွားအပ်သည်ရှိသော် နူးညံ့၏။ အမှု၌ခံ့၏၊ အိုရဟန်းတို့၊ ဤသဘောရှိသော တခုသောတရားကိုမျှလည်း ငါဘုရားသည် မမြင်တော်မမူ" ဟု ဧကင်္ဂုတ္တရ အကမ္မနိယဝဂ် ဒုသုတ်၌ ညွှန်ပြတော်မူသည်။

ထို့ကြောင့် လောက၌ စိတ်ထက်ဆန်းကြယ်သော အရာဟူ၍ မရှိ။ အလွန်နူးညံ့သိမ်မွေ့သောစိတ်သည် တန်ခိုးဖန်ဆင်းခြင်း၌ စွမ်းနိုင်သောအဖြစ်သို့ရောက်၏။ ယင်းသို့ဖြစ်ရခြင်းသည် သမာဓိဘာဝနာ အစွမ်းကြောင့်သာလျှင်ဖြစ်ရ၏။

ဗုဒ္ဓက်စတုတ္ထဈာန် သမာဓိကို ရပြီးကုန်သော ရဟန်းယောဂီတို့အတွက် သမာဓိဘာဝနာ၏ အကျိုးဖြစ်သော အဘိညာဉ်ကို ပြတော်မူရန် "သောဝေံသမာဟိတေ စိတ္တေ" ဟူသောသုတ်ဖြင့် လောကီအဘိညာဉ်ငါးပါးတို့ကို ညွှန်ပြတော်မူသည်။

ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်၊ စေတောပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသနုဿတိအဘိညာဉ်တည်းဟူသော လောကီအဘိညာဉ် ငါးပါးတို့သည် "ဥတ္တရိမနုဿဓမ္မာ" လူတို့ကုသိုလ်ထက်လွန်မြတ်သော တရားဟူ၍ မူလပဏ္ဏာသပါဠိတော် မဟာသီဟနာဒသုတ်၌ ညွှန်ပြတော်မူသည်။

စိတ်ကိုအခြင်းအရာ ၁၄-ပါးဖြင့် နှိမ်နင်းဆုံးမပြီးမှသာ တန်ခိုးဖန်ဆင်းခြင်းကို ပြုနိုင်သည်။ ဤအခြင်းအရာ ၁၄-ပါးဖြင့် စိတ်ကိုဆုံးမနိုင်ရန်လည်း အလွန်ခက်ခဲသည်။

ထို့ကြောင့်...

"ပဏ္ဍိတော၊ ပညာရှိသည်။ ဣဒ္ဓိဝိကုဗ္ဗနံ၊ တန်ခိုးဖန်ဆင်းခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ စတုဒ္ဒသဟိ၊ တဆယ့်လေးပါးသော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ စိတ္တံ၊ စိတ်ကို။ ဒမေယျ၊ ဆုံးမရာ၏" ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌မိန့်သည်။

**စိတ်ကိုဆုံးမနိုင်သောအခြင်းအရာ(၁၄)ပါး**

၁။ ကသိဏာနုလောမပထဝီကသိဏ်းအစ ဩဒါတကသိဏ်းအဆုံးရှိသော ကသိဏ်းရှစ်ပါးတို့၌ အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဝင်စားခြင်း။

၂။ ကသိဏာပဋိလောမ သြဒါတကသိုဏ်းမှစ၍ နောက်ပြန်အစဉ်အတိုင်း ကြိမ်ဖန်များစွာချွန်ဝင်စားခြင်း။

၃။ ကသိဏာနုလောမပဋိလောမပထဝီကသိုဏ်းမှစ၍သြဒါတကသိုဏ်းအထိ၊ သြဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းအထိ အစဉ်အတိုင်းအပြန်အလှန်ကြိမ်ဖန်များစွာ ချွန်ဝင်စားခြင်း။

၄။ ဈာနနုလောမ ပထမဈာန်မှစ၍နေဝသညာနာသညာယတနဈာန်အထိ အစဉ်အတိုင်းကြိမ်ဖန်များစွာ ဈာန်ဝင်စားခြင်း။

၅။ ဈာနပဋိလောမ နေဝသညာ နာသညာယတနဈာန်မှစ၍ ပထမဈာန်တိုင်အောင် နောက်ပြန်အစဉ်အတိုင်း ကြိမ်ဖန်များစွာဈာန်ဝင်စားခြင်း။

၆။ ဈာနာနုလောမ ပဋိလောမ ပထမဈာန်မှစ၍ နေဝသညာ နာသညာယတနဈာန်အထိ၊ နေဝသညာ နာသညာယတန ဈာန်မှစ၍ ပထမဈာန်အထိ၊ အစဉ်အတိုင်းအပြန်အလှန်ကြိမ်ဖန်များစွာဈာန်ဝင်စားခြင်း။

၇။ ဈာနုက္ကန္တိက ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးနောက် ယင်းကသိုဏ်း၌ပင် တတိယဈာန်ကိုဝင်စား၏။ ယင်းတတိယဈာန်မှထပြီးလျှင် ပထဝီကသိုဏ်းကိုခွာ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၏။ ဤသို့ကသိုဏ်းစဉ်မပျက်စေဘဲ ဈာန်အစဉ်ကိုခုန်ကျော်၍ကြိမ်ဖန်များစွာဝင်စားခြင်း (ဈာန×ဥ×ကန္တိက)

(ဥ–အထက်×ကန္တိက–သွားသည်၊ ဥက္ကန္တိက-ခုန်ကျော်သွားခြင်း)

၈။ ကသိဏုက္ကန္တိက ပထဝီကသိုဏ်း၌ ပထမစျာန်ဝင်စားပြီး နောက်တဖန် ယင်းစျာန်ကိုပင် တေဇောကသိုဏ်း၌ဝင်စား၏။ ဤနည်းဖြင့် စျာန်အစဉ်မပျက်စေဘဲ ကသိုဏ်းအစဉ်ကိုခုန်ကျော်၍ ကြိမ်ဖန်များစွာစျာန်ဝင်စားခြင်း။

၉။ စျာနကသိဏုက္ကန္တိက ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးနောက် တေဇောကသိုဏ်း၌ တတိယစျာန်ကိုဝင်စား၏။ ဤနည်းဖြင့် စျာန်အစဉ်ကသိုဏ်းအစဉ်နှစ်မျိုးလုံးကို ခုန်ကျော်၍ ကြိမ်ဖန်များစွာစျာန်ဝင်စားခြင်း။

၁၀။ အင်္ဂသင်္ကန္တိက ပထဝီကသိုဏ်းတခုတည်း၌ပင် ပထမစျာန်ကိုဝင်စားပြီးနောက် အခြားသော စျာန်တို့ကိုလည်းဝင်စား၏။ ဤနည်းဖြင့်ကသိုဏ်းတခု၌ပင် စျာန်အင်္ဂါတို့ကို ပြောင်းရွှေ့၍ ကြိမ်ဖန်များစွာဝင်စားခြင်း(အင်္ဂ×သင်္ကန္တိက) (အင်္ဂ-စျာန်အင်္ဂါ×သင်္ကန္တိက-ပြောင်းရွှေ့ခြင်း)

၁၁။ အာရမ္မဏသင်္ကန္တိက ပထမစျာန် တခုတည်းကိုပင် ပထဝီကသိုဏ်း၌ ဝင်စားပြီးနောက် အခြားသော ကသိုဏ်းများ၌လည်း ဝင်စား၏။ ဤနည်းဖြင့်စျာန်တခုတည်းကိုပင် ကသိုဏ်းအာရုံပြောင်းရွှေ့၍ ကြိမ်ဖန်များစွာစျာန်ဝင်စားခြင်း။

၁၂။ အင်္ဂါရမ္မဏာသက်န္တိက ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးနောက် အာပေါကသိုဏ်း၌ ဒုတိယစျာန်ကိုဝင်စား၏။ ဤနည်းဖြင့် စျာန်အင်္ဂါနှင့် ကသိုဏ်းအာရုံနှစ်မျိုးလုံးကို ပြောင်းရွှေ့၍ ကြိမ်ဖန်များစွာစျာန်ဝင်စားခြင်း။

၁၃။ အင်္ဂဝဝတ္ထာပန ပထမစျာန်သည် အင်္ဂါငါးပါးရှိ၏။ ဒုတိယစျာန်သည် အင်္ဂါသုံးပါးရှိ၏။ ဤနည်းဖြင့် စျာန်အင်္ဂါကိုပိုင်းခြားမှတ်သားခြင်း(အင်္ဂါ-စျာန်အင်္ဂါ ဝဝတ္ထာပန—ပိုင်းခြားမှတ်သားခြင်း)။

၁၄။ အာရမ္မဏဝဝတ္ထာပန ဤအာရုံကား ပထဝီကသိုဏ်းတည်း။ ဤအာရုံကား အာပေါကသိုဏ်းတည်း။ ဤနည်းဖြင့် ကသိုဏ်းအာရုံကို ပိုင်းခြားမှတ်သားခြင်း။

ဤသို့စိတ်ကိုဆုံးမကြောင်းဖြစ်သော အခြင်းအရာ တဆယ့်လေးပါးတို့ကင်း၍(ဝါ)ဤအခြင်းအရာ တဆယ့်လေးပါးတို့ဖြင့် စိတ်ကိုပိုင်နိုင်အောင် ဆုံးမနိုင်ခြင်းမရှိဘဲ အထက်စျာန်အဘိညာဉ်တို့မရနိုင်ပုံကို....

အဋ္ဌသု သမာပတ္တိသု၊ ရှစ်ပါးသောသမာပတ်တို့၌။ စုဒ္ဒသဟိ အာကာရေဟိ။ တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့်။ စိတ္တဝသီကာဝံ၊ သေ့လာသကျပ္ပန်လွန်သော ဝသီဘော်ကို။ ဝိနာ ကြဉ်၍။ ဥပရိ၊ အထက်စျာန်၌။ အဘိညာဝိဂမော၊ အဘိညာစ ကိုရခြင်းမည်သည်။ နဟောတိ၊မဖြစ်ဟူ၍ သုမင်္ဂလာဝိလာသိနီခေါ် သီလက္ခန်အဋ္ဌကထာ၌ဖွင့်သည်။

စိတ်ကိုဆုံးမရန် အလွန်ခက်ခဲပုံကို....

"ဤအခြင်းအရာ ၁၄ ပါးတို့ဖြင့် စိတ်ကိုမဆုံးမရသေးဘဲ ချွန်အတိညာဉ်တို့၌ အားထုတ်ဘူးသည့် ဘာဝနာမိကာရမရှိသော ကမ္မဋ္ဌာန်းအားထုတ်စ ယောဂီ ပုဂ္ဂိုလ်သည် တန်ခိုးဖန်ဆင်းနိုင်ရန်အကြောင်းမရှိ။ ထိုအာဒိကမ္မိက ပုဂ္ဂိုလ်အား ကသိုဏ်းပရိကံပြုရန် ဝန်လေးခဲယဉ်းလှ၏။ လူတရာမှာ တယောက်၊ တထောင်မှာ တယောက်သာဖြစ်နိုင်စွမ်း၏"ဟူ၍ ဝိသုဒ္ဓိမဂ်၌မိန့်သည်။

ဝိသုဒ္ဓိမဂ်လာဆိုမိန့်ချက်သည် အလွန်မှန်ကန်လှ၏။ စတင် အားထုတ်သောယောဂီ(အာဒိကမ္မိက)ပုဂ္ဂိုလ်ရှေးဦးစွာကသိုဏ်း ပရိကံပြုလုပ်နိုင်ရန် ဝန်လေး၏။ခဲယဉ်း၏။ တရာမှာတယောက် တထောင်မှာတယောက်တလေသာ အားထုတ်နိုင်စွမ်းရှိ၏။

ကသိုဏ်းပရိကံပြုနိုင်ပါသော်လည်း ပဋိဘာဂနိမိတ်ထင်ရန် ဝန်လေး၏။ ခဲယဉ်း၏။ ရာထောင်တွင်တယောက် တလေသာ စွမ်းနိုင်၏။ ပဋိဘာဂနိမိတ်ထင်သော်လည်း ဘာဝနာစနိမိတ်ကို ခိုင်မြဲစေ၍ အပ္ပနာချွန်ရရန် ဝန်လေး၏။ ခဲယဉ်း၏။ရာထောင် တွင်တယောက်တလေသာစွမ်းနိုင်၏။

အပ္ပနာချွန်ရပြီးသော်လည်း အခြင်းအရာ ၁၄ ပါးတို့ဖြင့် စိတ်ကိုဆုံးမနိုင်ရန် ဝန်လေး၏။ ခဲယဉ်း၏။ ရာထောင်တွင် တယောက်တလေသာ စွမ်းနိုင်၏။ စိတ်ကိုဆုံးမပြီးသော်လည်း တန်ခိုးဖန်ဆင်းနိုင်ရန်ဝန်လေး၏။ ခဲယဉ်း၏။ ရာထောင်တွင် တယောက်တလေသာ စွမ်းနိုင်၏။

ထိုတန်ခိုးဖန်ဆင်းနိုင်သော်လည်း စျာန်မျက်စိ(စျာနစက္ခု) ဖြင့် ကသိုဏ်းစသော အာရုံကိုလျင်မြန်စွာ စျာန်ဝင်စားနိုင်ရန် ဝန်လေး၏။ ခဲယဉ်း၏။ အရှင်ဗုဒ္ဓရက္ခိတထေရ်ကဲ့သို့ လျင်မြန်စွာ စျာန်ဝင်စားနိုင်ရန် ရာထောင်တွင် တယောက်တလေသာ စွမ်းနိုင်၏။

**သာဓကဝတ္ထုမှာ**

သရက်ကုန်း၌ သီတင်းသုံးနေသော မဟာရောဟဏဂုတ္တ မထေရ်မကျန်းမာ၍ ပြုစုနေသော နဂါးမင်းကို သုတ်ခါဖမ်းယူရန် ကောင်းကင်မှ ပျံ၍လာသောဂဠုန်ကို တန်ခိုးရှင်ရဟန်း သုံးသောင်းအလယ်၌ ရှစ်ဝါရအရှင်မဟာဗုဒ္ဓရက္ခိတထေရ်သည် တောင်ကြီးကို လျင်မြန်စွာဖန်ဆင်း၍ ဂဠုန်ရန်မှ ကာကွယ်လိုက်၏။ မဟာထေရ်က "ငါ့ရှင်တို့ ဗုဒ္ဓရက္ခိတသာ မရှိလျှင် ငါတို့အားလုံး ကဲ့ရဲ့ခံကြရကုန်လတံ့။ ရဟန်းလက်ကိုင်စျာန် အဘိညာဉ်လက်နက်သံချေးမတက်ကြစေနှင့်" ဟု မိန့်တော်မူ၏။

ထိုမိန့်ဆိုချက်ကြောင့် သုံးသောင်းသောရဟန်းအားလုံးပင် လျင်မြန်စွာစျာန်ဝင်စားနိုင်သူ(ခိပ္ပနိသန္တိ)ချည်းဖြစ်ကုန်၏။

လျင်မြန်စွာ အာရုံကိုရှုနိုင်၊ စျာန်ဝင်စား နိုင်သော်လည်း အများ၏အားကိုးအာထားဖြစ်ရန် ဝန်လေး၏။ ခဲယဉ်း၏။ ရာထောင်တွင်တယောက်တလေမျှသာ စွမ်းနိုင်၏။

**သာဓကတခုမှာ**

"စေတိယတောင်ကို အစပြု၍ သီဟိုဠ်ကျွန်းတကျွန်းလုံးတွင် ဆီမီးထွန်းပွဲကြီး ပြုလုပ်သောအခါ မာရ်နတ်က မိုးကြိုးမိုးရွာချ

လိုက်၏။ မထေရ်တပါးက ကောင်းကင်၌ မြေကြီးဖန်ဆင်း၍ မီးကျီးမိုးကို ကာစကွယ်လိုက်သဖြင့် အများ၏ အားကိုးရာဖြစ်သွား၏။

ပါရမီနုသော သာမန်ပုထုဇဉ်တို့သည် အခြင်းအရာလက်နက်ကြီး ၁၄–ပါးဖြင့် စိတ်ကိုဆုံးမခြင်းမရဘဲ တန်ခိုးကိုလွယ်လွယ်နှင့်မရနိုင်ပုံကို....

"ပါရမီအဆောက်အဦအလွန်ကြီးမားစွာ ရှိတော်မူကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကစသော အရှင်မြတ်တို့သာလျှင် စိတ်ကိုဆုံးမမှုဘာဝနာ အစဉ်နှင့်ကင်း၍ အရဟတ္တဖိုလ်ကို ရခြင်းဖြင့်သာလျှင် တန်ခိုးဖန်ဆင်းမှုနှင့် ပဋိသမ္ဘိဒါစသော ဂုဏ်တို့အလိုကို ပြည့်စုံနိုင်ကုန်၏။ သို့သော်ရွှေ မြေကြီးတို့ကိုနှုးညံ့အောင် ထောင်းကြိတ် ပြုလုပ်ကြရသော ရွှေပန်းတိမ်သမား၊ အိုးထိမ်းသမားတို့ကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းကာစ ယောဂီသည် လက်နက်ကြီးတဆယ့်လေးပါးဖြင့် ဆုံးမပြီးမှ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတည်းဟူသော အခြေခံဣဒ္ဓိပါဒ်ကြီးလေးပါးကို အမှူးပြု၍ ဝင်စားခြင်းအစွမ်း၊ လေ့လာမှုဝသီဘော်အစွမ်းတို့ဖြင့် သိမ်မွေ့စွာ တန်ခိုးဖန်ဆင်းနိုင်စေရန် ဣဒ္ဓိဝိဓအဘိညာဉ်ရနိုင်စေရန် ဘာဝနာပွားမှုကို အားထုတ်ပြုလုပ်အပ်၏။ ရှေ့အကြောင်းကံပါရမီ ထက်ခံ့ချင့်ကျက်သောယောဂီသည်ကား ကသိုဏ်တို့၌ စတုတ္ထဈာန်မျှလောက်သာ အားထုတ်ခြင်းဖြင့်ပြည့်စုံနိုင်၏" ဟူ၍ ဝိသုဒ္ဓိမဂ်၌မိန့်သည်။

အထက်ပါသာဓကကို ထောက်ခြင်းအားဖြင့် ဗုဒ္ဓရှင်မြတ်ကြီးပေးတော်မူခဲ့သည့် သာသနာ့ အမွေအနှစ်တည်း ဟူသော

သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်စလုံး၌ ညီညွတ်အားကောင်းမှသာလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လွယ်လင့်တကူရနိုင်သလို တန်ခိုးအရာ၌လည်း စိတ်ကိုအချက်ကြီး ၁၄-ချက်ဖြင့် ဆုံးမပြီးမှသာလျှင် ရနိုင်သည်မှာ ထင်ရှားနေသည်။

ယင်းအချက်တို့ကို ထောက်ရှုခြင်းအားဖြင့် ဈာန်အဘိညာဉ်ကိုလွယ်လွယ်နှင့် မရနိုင်ကြောင်းထင်ရှားနေပြန်သည်။ ဈာန်အဘိညာဉ်ရနိုင်ရန်မှာ ရှေ့ကအကြောင်းကံလည်းရှိရမည်။ ပြုလိုသော ဆန္ဒလည်းရှိရမည်။ အလွန်စင်ကြယ်ပြီးသော စိတ်လည်းရှိရမည်။ ထက်သန်သော အားထုတ်မှုလည်းရှိရမည်။ ထက်မြက်သော ဉာဏ်ပညာလည်းရှိရမည်ဖြစ်၍ သေချာစွာ ဆင်ခြင်ကြည့်ပါက လောကီအလုပ်တွင် အခက်ဆုံးသောအလုပ်ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

လောကီအဘိညာဉ်ငါးပါးတို့ကို ဗုဒ္ဓကအကြောင်းမဲ့ သက်သက် အချည်းနှီးညွှန်ပြခြင်းမဟုတ်။ ခိုင်လုံသော အကြောင်းအကျိုးရှိ၍သာ ညွှန်ပြတော်မူခြင်းဖြစ်သည်။

စတုတ္ထဈာန အထိ ရကုန်ပြီးသော အမျိုးကောင်းသားယောဂီတို့အား မျက်မှောက်ခန္ဓာကိုယ်၏အဖြစ်၌ ချမ်းသာစွာနေနိုင်ရန် မျက်မှောက်ပြုအပ်ပြီးသောတရားတို့ကို [illegible]ဉာဏ်ဖြင့် မျက်မှောက်ပြု၍ သိနိုင်စေရန်၊ စိတ်စေတသိက်တို့ချုပ်[illegible] တော်သော နိရောဓသမာပတ်ကိုဝင်စားနိုင်စေရန်လည်းဟူသော အကျိုးတရားတို့ကို ရရှိစေနိုင်သောကြောင့် ညွှန်ပြတော်မူသည်။

ယင်းသို့လောကီအဘိညာဉ်များတွင် တန်ခိုးတို့ကို ရရှိနိုင်ရန်မှာ ဘူမိ၊ ပါဒ၊ ပဒ၊ မူလဟူသောအကြောင်းခံတရားကြီး လေးရပ်အပေါ်

ဌ်သာတည်ရှိနေကြောင်း ထပ်ဆင့်၍ညွှန်ပြတော်မူသည်။ ရှေ့ကို ခိုင်လုံသော အကြောင်းနှင့် ယခုပစ္စုပ္ပန် အကြောင်းတရား၊ နှစ် ရပ်တို့ပေါင်းစပ်မိလျှင်(ဝါ)ပေါင်းစပ်ခြင်းအားဖြင့် လောကီ အဘိညာဉ်တန်ခိုးကို မုချမသွေရနိုင်သည်သာတည်း။

ဗုဒ္ဓရှင်မြတ်ကြီး ရရှိတော်မူသော အာသဝက္ခယအဘိညာဉ်မှ တပါး ကျန်အဘိညာဉ်ငါးပါးတို့သည် လောကီတန်ခိုးသာဖြစ် သည်။ ယုတ်စွအဆုံးသဗ္ဗညုတ ဉာဏ်တော်သည်ပင် လောကီ ဉာဏ်သာတည်းဟု သာရသင်္ဂဟာအဋ္ဌကထာ၌ဖွင့်ဆိုသည်။

အချို့သောရုပ်ဝါဒီသမားတို့နှင့် ခေတ်လူငယ်တို့က ဗုဒ္ဓ၏ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပတ်သက်၍ယုံမှားနေကြသည်။ တန်ခိုးဟူ သည်မှာ လောကီအတတ်၊ လောကီဉာဏ်မျှသာဖြစ်၍ ယုံမှား ဘွယ်မရှိ။ အချို့ရုပ်ဝါဒီဆရာတို့က ဗုဒ္ဓသည်တန်ခိုးနှင့်ပတ်သက် ၍ တစွန်းတစမျှမမိန့်ဟခဲ့ကြောင်း အယူရှိသည်။ အချို့ကလည်း တန်ခိုးဟူသည် ဟိန္ဒူ၊ ဗြဟ္မဏတို့၏ အယူမျှသာဖြစ်သည်ဟု အဆိုပြုလေ့ရှိကြသည်။

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်အဝင်ဖြစ်သောဒီဃနိကာယ် သုတ်သီလက္ခန်ပါဠိတော်၊ သံယုတ်နိကာယ် မဟာဝဂ်ပါဠိတော် ခုဒ္ဒကနိကာယ်ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့၌ တန်ခိုးဣဒ္ဓိပါဒ် အကျယ်ညွှန်ပြတော်မူသည်။

ဒီဃနိကာယ်သုတ်သီလက္ခန်ပါဠိတော်သာမညဖလသုတ်၌....

"သော ဧဝံသမာဟိတေ စိတ္တေပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေ

တိ၊ သောအနေက ဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ ဧကော ပိ ဟုတွာ ဗဟုဓာ ဟောတိ”

“စတုတ္ထဈာန်ရပြီးသော ပုဂ္ဂိုလ်သည် ဈာန်သမာဓိ၌တည်ပြီးသော် ဥပေက္ခာသတိဖြင့် စင်ကြယ်ပြီးသော် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော်၊ ကိလေသာမရှိပြီးသော် ကိလေသာကင်းပြီးသော် နူးညံ့သောအဖြစ်သို့ ရောက်ပြီးသော် အမှု၌ခံ့ပြီးသော်မြဲစွာ တည်ပြီးသော်တန်ခိုးဖန်ဆင်းခြင်းဣဒ္ဓိဝိဓအဘိညာဉ်အလို့ငှာ စိတ်ကိုရှေ့ရှုဆောင်၏၊ ရှေ့ရှုညွတ်စေ၏။ ထိုပုဂ္ဂိုလ်သည် အထူးထူးအပြားပြားသော တန်ခိုးဖန်ဆင်းခြင်းဣဒ္ဓိဝိဓအဘိညာဉ်ကိုခံစား၏။ တယောက်တည်းသာဖြစ်လျက် အရာအထောင်မကများသောကိုယ်ရှိ၏”ဟူ၍ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် တိကျစွာ ညွှန်ပြထားသည်။

ထို့အပြင်....

“ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒလွန်ကဲသောသမာဓိဖြင့် မြတ်သောလုံ့လနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွားစေ၏။ ဝီရိယလွန်ကဲသော သမာဓိ၊ စိတ်လွန်ကဲသော သမာဓိ၊ ပညာလွန်ကဲသော သမာဓိနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွားများစေ၏။ ဤတန်ခိုးဖြစ်ကြောင်း အခြေလေးပါးတို့သည် တန်ခိုးကိုရခြင်းငှာ၊ တန်ခိုးကို အဖန်တလဲလဲပြုခြင်းငှာ၊ တန်ခိုးဖြင့် အထူးထူးသော နိမ္မိတ(ရုပ်ပွား)ကို ဖန်ဆင်းခြင်းငှာ၊ တန်ခိုးဖြင့် အထူးထူးသော အာနိသင်ကို ပွားစေခြင်းငှာ၊ ရှံရှာခြင်းကင်း၍ ရဲရင့်ခြင်းအကျိုးငှာဖြစ်ကုန်၏”ဟူ၍ သံယုတ္တနိကာယ် မဟာဝဂ်ပါဠိ ဣဒ္ဓိပါဒသံယုတ်၌ ညွှန်ပြတော်မူသည်။

ထို့ကြောင့် တန်ခိုးဟူသည်မှာ စိတ်ကူးယဉ် သက်သက် မဟုတ်။ အချည်းနှီးမဟုတ်။ အကြောင်းမဲ့မဟုတ်။ အလိုလို ဖြစ်ပေါ်လာနိုင်သောအရာမဟုတ်။ အလွန်ယထာဘူတကျ၍ အကြောင်းခိုင်လုံသော အကျိုးများစွာရှိသော ကိုယ်တိုင်ပြု လုပ်ကျင့်ကြံ အားထုတ်မှသာရနိုင်သော အလွန်လက်တွေ့ကျ သော ဝိဇ္ဇာပညာရပ်ဖြစ်ကြောင်း ဗုဒ္ဓကတိကျစွာပင် ညွှန်ပြ ဟောဘ်မူခဲ့သည်။

လောကတွင် မည်သည့်အရာမျှ အကြောင်းတရားနှင့်ကင်း၍ မဖြစ်နိုင်။ ထို့ကြောင့်တန်ခိုးဟူသည်လည်း အကြောင်းတရား နှင့်ကင်း၍ ဖြစ်ခြင်းမရှိ။ "ဧတ္တာ ဧရာဏ္ဍ ပါဒါ"ဟူသော ဗုဒ္ဓ၏ ညွှန်ပြချက်အတိုင်း လောကီ၊ လောကုတ်ဥခပ်သိမ်းသော အကျိုးများဟူကိုပြီးစီးပြည့်စုံစေနိုင်သော အကြောင်းရင်းခံစစ် စစ်ကြီးဖြစ်ပေသည်။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတည်းဟူသော အခြေခံအကြောင်း ရင်းလေးပါးနှင့် ပြည့်စုံလျှင် ခပ်သိမ်းသော အကျိုးတို့ကိုဖြစ် ပေါ်စေနိုင်ရုံမျှမက အလွန်အာနုဘော်ကြီးမားသော တန်ခိုးတို့ ကိုလည်း မုချဖြစ်ပေါ်စေနိုင်သည်။

လောကတွင်ရှိသော အလုပ်အကိုင်အတတ်ပညာဟူသမျှတို့သည် လည်း ယင်း အကြောင်းရင်းခံကြီး လေးပါးနှင့် ကင်း၍ကွာ၍ မဖြစ်နိုင်။ အကြောင်းတရားကြီးလေးပါးနှင့်ကင်းသော အကျိုး တရားဟူ၍ မည် လောကတွင်မရှိ။

ဗုဒ္ဓသည် ယင်းအကြောင်းတရားကြီး လေးပါးပေါ်တွင်အခြေ စိုက်၍ လောကသုံးပါးမှ လွတ်မြောက်ခြင်းဖြစ်သော လောက

ဝိမုတ္တိတရားကိုညွှန်ပြတော်မူသည်။ ယင်းအကြောင်းကြီး လေးပါးသည် လောကီလောကုတ်အကျိုးတရားတို့ကို မုချပြီးမြောက်စေနိုင်၏။ ပြည့်စုံစေနိုင်၏။ ထို့ကြောင့်ပြီးမြောက်ပြည့်စုံစေနိုင်ခြင်း၏ အကြောင်းရင်းကြီး လေးပါးသည် ဣဒ္ဓိပါဒေါ ဣဒ္ဓိပါဒ ဣဒ္ဓိပါဒ်ဟူ၍ ညွှန်ပြတော်မူသည်။

ယင်းအကြောင်းတရားကြီး လေးပါးသည် လောကီလောကုတ်နှစ်ချပ်စလုံးကို ညွှန်ပြထားသဖြင့် နိဗ္ဗာန်တိုင်အောင်ပေါက်ရောက်နိုင်သည်။

ထို့အပြင် ယင်းပါဒကြီးလေးပါးနှင့် ညီညွတ်ပြည့်စုံပါက စိတ်အလိုခပ်သိမ်းကို ပြီးမြောက်စေနိုင်သောကြောင့် တန်ခိုးဖြစ်ခြင်း၏အကြောင်းရင်းခံ(ဝါ) အခြေခံအကြောင်းတရားကြီးဖြစ်သည်။

ယင်းပါဒကြီး လေးပါးနှင့် မညီညွတ်မပြည့်စုံလျှင် တန်ခိုးအရာပင် မဆိုထားဘိ မည်သည့်အလုပ်အကိုင် အောင်မြင်မှုကိုမျှဖြစ်ပေါ်စေနိုင်ခြင်းမရှိ၊ ကြီးစီးစေနိုင်ခြင်းမရှိ။ ထို့ကြောင့် တန်ခိုးဟူသည် စိတ်ကူးယဉ်ဇာတ်သက်သက်မဟုတ်။ အလွန်လက်တွေ့ကျသော ပဓာနလုပ်ငန်းကြီးဖြစ်သည်။

ဘုမ္မိ၊ ပါဒ၊ ပဒ၊ မူလ။ ဤအကြောင်းကြီးလေးချပ်ဖြင့် ပြည့်စုံလျှင် တန်ခိုးဖန်ဆင်းနိုင်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌....

"ဣဒ္ဓိယာစတဿော ဘူမိသော၊ စတ္တာရောပါဒါ အဋ္ဌပဒါနိ သောဠသ မူလာနိ" ဟူ၍ညွှန်ပြတော်မူသည်။

ဘူမိကြီးလေးပါး၊ ပါဒကြီးလေးပါး၊ ပဒကြီးရှစ်ပါးမူလ တဆယ့်ခြောက်ပါးတို့နှင့် ပြည့်စုံလျှင် တန်ခိုးဖန်ဆင်းခြင်းကို ပြုနိုင်၏ဟူသော အဓိပ္ပါယ်တည်း။

ဘူမိကြီးလေးပါးဟူသည်မှာ ပထမစျာန်မှ စတုတ္ထစျာန်အထိ ဖြစ်သော စျာန်လေးပါးကိုပင်ခေါ်သည်။

ပါဒကြီးလေးပါးမှာ တန်ခိုးဖြစ်ရန် အခြေခံအကြောင်း တရားလေးပါးကိုခေါ်သည်။

ပဒကြီးရှစ်ပါးမှာ ဆန္ဒနှင့် သမာဓိ၊ ဝီရိယနှင့်သမာဓိ၊ စိတ္တနှင့်သမာဓိ၊ ဝိမံသနှင့်သမာဓိတို့ကို အစုံအစုံပြု၍ခေါ်ခြင်းဖြစ်သည်။

မူလကဆယ့်ခြောက်ပါးမှာ တန်ခိုး၏ အရင်းအမြစ်မူလကို ခေါ်သည်။ ဤအချက်များကို အထက်၌ အကျယ်ရှင်းပြခဲ့ပြီး ဖြစ်သည်။

"ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ"ဟူသော ဒေသနာနှင့် အညီ ကိုယ်တခုတည်းဖြစ်လျက် နိမ္မိတရုပ်ပွားများ ဖြစ်အောင် တန်ခိုးဖန်ဆင်းဘူးသော သာဓကမှာ အရှင်စူဠပန်ထကရဲ့ဖြစ် သည်။ ဗုဒ္ဓရှင်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ် မဟာပန္ထက၊ စူဠပန္ထကမည်သော ညီနောင်နှစ်ယောက်ရှိသည်။

လမ်းခရီး၌ မွေးဖွားသောကြောင့် ပန္ထကဟူသောအမည်ကို မှည့်ကုန်၏။ ယင်းညီနောင်နှစ်ယောက်တွင် နောင်တော်ဖြစ်သူ မဟာပန္ထကသည်။ ဗုဒ္ဓထံ၌ ရဟန်းပြု၍ ပဋိသမ္ဘိဒါလေးပါး နှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်၏။

နေ့ခင်တော် ရဟန္တာဖြစ်ပြီးနောက် ညီတော်စူဠပန္ထကကို ရဟန်းပြုစေ၍ "ပဒ္မံယထာ ကောကနဒံသုဂန္ဓ" အစရှိသော ဂါထာတပုဒ်ကိုသင်ပေး၏။ စူဠပန္ထကမထေရ်သည် ယင်းဂါထာကို လေးလတိုင်အောင် ကျက်၍မရနိုင်သောကြောင့် နေ့ခင်တော်မဟာပန်ထေရ်က "သင်သည်သာသနာတော်၌မထိုက်တန်" ဟုဆို၍ စူဠပန်အား ကျောင်းမှနှင်ထုတ်လိုက်၏။

ထိုအခါ မဟာဇီဝကသည် မဟာပန်ထေရ်ကို ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်တကွ ဆွမ်းကိစ္စ ကြွရန်မင်ဘိတ်၏။ စူဠပန်မထေရ်တံခါးမုခ်၌ရပ်၍ငိုနေသည်ကို ဗုဒ္ဓရှင်မြတ်ကြီးက ဒိဗ္ဗစက္ခုဖြင့်မြင်၍ စူဠပန်တံသို့ကြွလာပြီးနောက် အကြောင်းရင်းကို မေးမြန်း၏။ ထိုအခါ စူဠပန်မထေရ်က အကြောင်းမှန်ကို လျှောက်ထား၏။

စူဠပန်အကြောင်းမှန်ကို လျှောက်ထားနေစဉ် ဗုဒ္ဓအရှင်မြတ်ကြီးက ပုဗ္ဗေနိဝါသ ဉာဏ်ကွန်ယက်ဖြန့်စက်၍ ကြည့်သောအခါ စူဠပန်၏ မဟာသမ္ဘာရထူးသော အတိတ်ပါရမီကိုမြင်တော်မူ၏။ ထိုအခါ ဆွတ်ဆွတ်ဖြူသော ပုဝါတပိုင်းကို ပေး၍ "အိုရဟန်း...ဤပုဝါပိုင်းကို ဆုပ်နယ်လျက်(ရဇော ဟာရဏံ ရဇောဟရဏံ)ဟူ၍ အဖန်တလဲလဲသရဇ္ဈာယ်ခြင်းကိုပြုလော့" ဟုမိန့်တော်မူ၏။

ဗုဒ္ဓ၏မိန့်တော်မူသည့်အတိုင်း ရှင်စူဠပန်သည် ရဇောဟရဏံ ဟု အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်လျက် ပုဝါပိုင်းကို ဆုပ်နယ်သောအခါ ဆွတ်ဆွတ်ဖြူသောပုဝါပိုင်းသည် မျည်းညစ်

သွား၏။ ယင်းကမ္မဋ္ဌာန်းနိမိတ်ကိုအမှီပြုလျက် စူဠပန်မထေရ်သည် ဗုဒ္ဓ၏ "ရာဂေါ ရဇော နစပန ရေဏုဝုစ္စတိ" ဟူသော ဂါထာ၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်လေ၏။

နောက်တနေ့၌ ဗုဒ္ဓမြတ်စွာသည် နောက်ပါရဟန်းတို့နှင့် တကွ ဇီဝကအိမ်သို့ ဆွမ်းကိစ္စကြွရောက်၏။ ယာဂုကိုကပ်လှူသောအခါ ဗုဒ္ဓမြတ်စွာက သပိတ်အတ်ကို လက်ဝါးဖြင့်ပိတ်ထား၏။ "အရှင်ဘုရား အဘယ့်ကြောင့် ပိတ်တော်မူပါသနည်း" ဟု ဇီဝကကလျှောက်ထားရာ "ကျောင်း၌ရဟန်းတပါး ကျန်သေးသည်" ဟုမိန့်တော်မူ၏။

ထိုအခါ ဇီဝကကလုလင်တယောက်ကိုစေလွှတ်၍ ကျောင်း၌ ကျန်နေသောရဟန်းကို အမြန်ပင့်စေ၏။

ဇီဝက၏လူ ကျောင်းသို့ရောက်သွားသောအခါ ရှင်စူဠပန်နှင့်ရုပ်အဆင်းတပြေးတည်း တူကုန်သော ရဟန်းတို့ရာထောင်အထိရှိနေသည်ကို တွေ့မြင်ရသောကြောင့် ရှင်စူဠပန်ထေရ်ကို ပင့်ဖိတ်ခြင်းငှာ မစွမ်းနိုင်ဘဲ ဗုဒ္ဓမြတ်စွာထံသို့ပြန်လာ၍ "အရှင်ဘုရား ကျောင်းအာရာမ်သည် ရာထောင်မကသော ရဟန်းတို့ဖြင့် ပြည့်၍နေပါ၏၊ အဘယ်ရဟန်းသည် စူဠပန်ဟူ၍ မသိနိုင်ပါ" ဟု လျှောက်ထား၏။

ထိုအခါဗုဒ္ဓမြတ်စွာကလုလင်အား "သွားချေဦး ရှေးဦးစွာမြင်ရသော ရဟန်း၏ သင်္ကန်းစွန်းကိုကိုင်၍ အရှင့်ကိုဗုဒ္ဓမြတ်စွာ ခေါ်တော်မူသည်ဆို၍ပင့်ခဲ့" ဟု မိန့်တော်မူလိုက်၏။

လုင်သည် ကျောင်းတော်သို့ရောက်၍ ရှင်စူဠပန်၏ သင်္ကန်းစွန်းကို ကိုင်မိသည်နှင့်တပြိုင်နက် ဖန်ဆင်းထားသော ရဟန်း (နိမ္မိတရုပ်ပွား)တို့သည် ပျောက်ကွယ်ကုန်၏။

မူလကိုယ်မှ ရုပ်ပွားများဖြစ်အောင် ဖန်ဆင်းနိုင်စွမ်းရှိပုံကို ဗုဒ္ဓရှင်မြတ်ကြီး ညွှန်ပြတော်မူသည့်အတိုင်း အရှင်စူဠပန်မထေရ် အဘိညာဉ်စျာန်သမာပတ်ကိုဝင်စား၍ နိမ္မိတရုပ်ပွားများ ဖန်ဆင်းမွေ့လျော်နေခြင်းဖြစ်သည်။

တန်ခိုးဖန်ဆင်းရာ၌ လိုရင်းအချက်မှာ အခြေခံအကြောင်းတရားလေးပါးပင်ဖြစ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်ရသည်ဟူသော ဗုဒ္ဓ၏ဒေသနာတော်မြတ်နှင့်အညီ တန်ခိုးဟူသော ဣဒ္ဓိသည်အကျိုးတရားပါဒဟူသည်အကြောင်းတရားအကြောင်းနှင့်အကျိုးတရားဆက်စပ်လျက် တန်ခိုးဖန်ဆင်းမှုတည်းဟူသော အကျိုးတရားတို့ကို ပြီးစေရန် အရ ခံအကြောင်းကြီးလေးပါးကို ဣဒ္ဓိပါဒ-ဣဒ္ဓိပါဒ်ဟုခေါ်သည်။

ယင်းဣဒ္ဓိပါဒ်ကြီးလေးပါးနှင့် မညီညွတ်လျှင်(ဝါ) ယင်း ဣဒ္ဓိပါဒ်ကြီးလေးပါးနှင့်ကင်းလျက် တန်ခိုးဖန်ဆင်း၍မရနိုင်။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတည်းဟူသော ဣဒ္ဓိပါဒ်ကြီးလေးပါး နှင့်ပြည့်စုံလျှင် လောက၌အရာခပ်သိမ်းဖြစ်နိုင်သည်မှာ အထင် အရှားသာတည်း။

* * *

# အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့်နဂါးမင်း တန်ခိုးပြိုင်ခဲ့သလော

ယထာဘူတဉာဏ်ဒဿနဉာဏ် မရသော ပုဂ္ဂိုလ်တို့က ယင်းသို့ရဟန္တာနှင့် နဂါးမင်းတို့ တန်ခိုးပြိုင်သည်ကိုမယုံ၊ ဗုဒ္ဓကိုယ်တိုင်မဟော၊ဗုဒ္ဓရှင်မြတ်၏ပိဋကတ်သုံးပုံသို့ ရောက်လာသည်မှာလည်း နောက်ဆရာအရှင်တို့၏ လက်ချက်ဟု အဆိုပြုကြသည်။

ဗုဒ္ဓဟောသည်ဟု လွှက်ခံသောအပိုင်းမှ သုတ္တန်၊ ပုံဝတ္ထုတရပ်အနေဖြင့်သာ လက်ခံထားလေ့ရှိကြသည်။ အမှန်စင်စစ် ယင်းပုဂ္ဂိုလ်တို့၌အပြစ်မရှိ။

အဘယ့်ကြောင့်ဆိုသော် ယင်းပုဂ္ဂိုလ်တို့သည် အကြောင်းကြောင့် အကျိုးဖြစ်ရသည်ဟူသော အရင်းအမြစ်နှင့်တကွ တန်ခိုးဖန်ဆင်းဘော်မှုသည့်အကြောင်းရင်းကြီး လေးပါးတို့ကိုဟုတ်မှန်သည့်အတိုင်း မြင်နိုင်စွမ်းသော ဉာဏ်မရှိ၍ဖြစ်သည်။

**သာဓကဝတ္ထုမှာ**

တနေ့သ၌ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏တရားတော်ကိုနာပြီးနောက် "အရှင်ဘုရား နက်ဖြန်ရဟန်းငါးရာနှင့်တကွ တပည့်တော်၏အိမ်၌ ဆွမ်းအလှူကိုခံတော်မူပါဘုရား"ဟု ပင့်ဘိတ်သွား၏။

ဗုဒ္ဓမြတ်စွာသည် နောက်တနေ့နံနက်၌ တသောင်းသော လောကဓာတ်ကိုကြည့်တော်မူရာ နန္ဒောပနန္ဒ နဂါးမင်းသည် ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ဝ၌ထင်လာ၏၊

ဗုဒ္ဓမြတ်စွာသည် နဂါးမင်းအားဆင်ခြင်လတ်သော်ဤနဂါးသည် အယူမှား၏။ ရတနာသုံးပါး၌ မကြည်ညိုဟုမြင်တော်မူသဖြင့် အဘယ်သူသည် ဤနဂါးကိုမှားသောအယူမှ လွတ်စေနိုင်အံ့နည်းဟု ဆင်ခြင်ပြန်သော်အရှင်မဟာမောဂ္ဂလာန်မထေရ်ကိုမြင်တော်မူ၏။

ထို့နောက်ဗုဒ္ဓက ရှင်အာနန္ဒာမထေရ်ကိုခေါ်၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူရန် ရဟန်းငါးရာကို အကြောင်းကြားစေ၏။ ထိုနေ့၌ နဂါးမင်းသည် ပျော်ပွဲသဘင်ကို ဆင်ယင်နေ၏။

ထိုအခါဗုဒ္ဓမြတ်စွာသည် နဂါးမင်းမြင်နိုင်သောအရပ်မှနေ၍ ရဟန်းငါးရာနှင့်အတူ တာဝတိံသာနတ်ပြည်သို့ ရှေ့ရှုကြွတော်မူ၏။

ထိုအခိုက် နဂါးမင်းသည် "ဤဦးပြည်း ရဟန်းယုတ်တို့သည် ငါ၏အပေါ်မှ ဖြစ်သန်း၍ တာဝတိံသာနတ်ပြည်သို့သွားကုန်၏။ ယနေ့မှစ၍ ဤရဟန်းတို့ကိုငါ၏ထိပ်ပေါ်၌ ဖဝါးမြေမှုန့်တို့ကိုကျစေလျက် မသွားစေအံ့"ဟု အမျက်ထွက်၍ ကြုံးဝါးလိုက်၏။

ထို့နောက်နဂါးမင်းသည် မြင့်မိုရ်တောင်သို့သွား၍ သူ၏ကိုယ်ဖြင့် ခုနစ်ထပ်ရစ်ပတ်လျက် တောင်ထိပ်၌ ပါးပျဉ်းကိုဖြန့်ကာ တာဝတိံသာနတ်ပြည်ကိုဖုံးလွှမ်းထားလိုက်၏။

"ဘုန်းတော်ကြီးမြတ်သော အရှင်ဘုရား၊ ယခုမြင့်မိုရ်တောင်ကိုမမြင်ရ၊ တောင်ခါးပန်းကိုမမြင်ရ၊ အာလိန်ငါးဆင့်ကိုမမြင်

ရ၊ အကြောင်းအဘယ်သို့ ရှိပါသနည်း”ဟု အရှင်ရဋ္ဌပါလ မထေရ်က မေးလျှောက်၏။

“အို-ရဋ္ဌပါလ နန္ဒောပနန္ဒနဂါးမင်းသည် သင်တို့အားအမျက် ထွက်၍ မြင့်မိုရ်တောင်ထိပ်ကို သူ၏ပါးပျဉ်းဖြင့် ဖုံးလွှမ်းထား ပြီး”ဟု ဗုဒ္ဓကမိန့်တော်မူ၏။ ထိုအခါရှင်ရဋ္ဌပါလမထေရ်က....

“အရှင်ဘုရား ထိုနဂါးကိုတပည့်တော်ဆုံးမပါအံ့”ဟု ခွင့် တောင်း၏။ ဗုဒ္ဓကခွင့်ပြုတော်မမူ။

အရှင်ဘဒ္ဒိယထေရ်၊ အရှင်ရာဟုလာထေရ်စသော ရဟန်း ငါးရာတို့ကလည်း အစဉ်အတိုင်းခွင့်ပန်ကြကုန်သော်လည်းခွင့်ပြု တော်မမူ။ နောက်ဆုံး၌ရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးကို ဗုဒ္ဓ ကကြည်ဖြူစွာခွင့်ပြုတော်မူလိုက်၏။

အရှင်မဟာမောဂ္ဂလာန်သည် ပကတိလူ့အတ္တဘောကိုစွန့်၍ ကြီးစွာသောနဂါးမင်းအသွင်ဖန်ဆင်းလျက် နန္ဒောပနန္ဒနဂါး မင်းကို အပြင်မှတဆယ့်လေးပတ်သော အခွေတို့ဖြင့် ရစ်ပတ် ၍ မြင့်မိုရ်တောင်ဖြင့်ဖိညှပ်ထားလိုက်၏။

နဂါးမင်းသည် အမျက်ထွက်၍ အခိုးလွှတ်၏။ နဂါးအခိုး သည် မထေရ်ကိုမနှိပ်စက်နိုင်၊ မထေရ်၏အခိုးသည် နဂါးကို ပင်ပမ်းကာမျှဖြစ်နေ၏။ ထို့နောက်နဂါးသည်အလျှံလွှတ်၏။

မထေရ်လည်း အလျှံလွှတ်ပြန်၏။ နဂါးမင်း၏ အလျှံ သည် မထေရ်ကိုမနှိပ်စက်နိုင်၊ မထေရ်၏အလျှံသည်ကား နဂါး မင်းကို နာကျင်ပင်ပမ်းစေ၏။ နဂါးမင်းက “ဤသူသည်ငါ့ကို မြင့်မိုရ်တောင်နှင့်ဖိညှပ်၍ အခိုးလည်းလွှတ်၏။ အလျှံလည်း လွှတ်၏။ ငါကဲ့သို့တန်ခိုးသတ္တိရှိပေစ”ဟုတွေးဆမိ၏။

ထို့ကြောင့် "အို အရှင်—အသင်ဘယ်သူနည်း" ဟုမိန့်၏။

ထိုနောက်နဂါးမင်းက "အရှင်ဘုရား ရဟန်းအသွင်ဖြင့်သာ တည်တော်မူပါလော့" ဟုလျှောက်ထား၏။

ထိုအခါကရှင်မောဂ္ဂလာန်မထေရ်သည် ဖန်ဆင်းထားသော နဂါးအတ္တဘောကိုစွန့်၍ သိမ်မွေ့သေငယ်သောအတ္တဘောကို ဖန်ဆင်းပြီးလျှင် နဂါးမင်း၏လကျ်ာနားပေါက်မှဝင်၍ လက်ဝဲနားပေါက်မှထွက်၏။ လကျ်ာနှာခေါင်းပေါက်မှဝင်၍ လက်ဝဲနှာခေါင်းပေါက်မှထွက်၏။

အရှင်မောဂ္ဂလာန်မထေရ်သည် နဂါးမင်း၏ နှာခေါင်းပေါက်တို့မှဝင်ချေထွက်ချေပြုလုပ်နေစဉ် နဂါးမင်းက "ဒီတခါ ငါ့ခံတွင်းသို့ဝင်လာသော ရဟန်းကို ဝါး၍စားတော့အံ့" ဟု ခံတွင်းကိုဖွင့်ဟလိုက်၏။

မထေရ်သည် ခံတွင်းအပေါက်မှဝင်၍ ဝမ်းထဲ၌ အရှေ့အနောက်တို့ခေါက်ပြန်ကြာ စင်္ကြံကြွ၍နေတော်မူ၏။

ထိုအခါဗုဒ္ဓမြတ်စွာက "ချစ်သားမောဂ္ဂလာန်၊ဤနဂါးသည် တန်ခိုးကြီးလှ၏။ ဣဒ္ဓိပါဒ်ကို နှလုံးသွင်းလော့" ဟု မိန့်တော်မူ၏။

မထေရ်က "အရှင်ဘုရား တပည့်တော်သည် စင်စစ်ဣဒ္ဓိပါဒ်လေးပါးကို ပွားစေအပ်ကုန်ပြီ၊ အကြိမ်များစွာလေ့လာအပ်ကုန်ပြီ၊ယာဉ်ကဲ့သို့ပြုလုပ်အပ်ကုန်ပြီ၊တည်ရာကဲ့သို့ပြုလုပ်အပ်ကုန်ပြီ၊ လေ့ကျက်အပ်ကုန်ပြီ၊ကောင်းစွာအားထုတ်အပ်ကုန်ပြီ။ အရှင်ဘုရား တပည့်တော်သည် နန္ဒောပနန္ဒနဂါးတကောင်ကို

မဆိုထားဘိ၊ ဤနဂါးနှင့် တန်ခိုးတူကုန်သောနဂါးအပေါင်း ရာထောင်တို့ကိုသော်လည်း ဆုံးမနိုင်စွမ်းရှိပါ၏”ဟုလျှောက်၏။

နဂါးမင်းက ဝင်သွားသော ရဟန်း၊ကို ငါမမြင်ရမှုရှိစေဦး။ ထွက်လာသောအခါမှ ထိုရဟန်းကို အစွယ်ကြား၌ညှပ်၍ မှုန့်မှုန့်ညက်ညက်ဝါးစားအံ့”ဟု ကြံစည်လျက် “အရှင်ရဟန်း၊ ကျွန်ုပ်ဝမ်းထဲ၌ စကြံကြွလျက် မနှိပ်စက်ပါနှင့် အပြင်သို့ထွက်လော့”ဟုဆို၏။

မထေရ်သည်ထွက်၍ အပြင်၌တည်၏။ နဂါးမင်းက နှာခေါင်းလေကိုလွှတ်၏။ မထေရ်သည် စတုတ္ထစျာန်ကိုဝင်စားလိုက်၏။ နဂါးမှုတ်ထုတ်သော နှာခေါင်းလေသည် မထေရ်၏ မွေးညင်းတပင်မျှတုန်လှုပ်အောင်မတတ်နိုင်။

မှတ်ချက်၊ ကြွင်းသော ရဟန်းတို့သည်လည်း အရှင်မောဂ္ဂလာန်ပြုလုပ်သော တန်ခိုးပြာဋိဟာတို့ကို အစအဆုံးတိုင်အောင် ပြုလုပ်နိုင်စွမ်းရှိကုန်၏။ သို့သော်နဂါး၏ နှာခေါင်းလေကို ခံရပ်သောအခါ၌ကား အရှင်မောဂ္ဂလာန် မထေရ်ကဲ့သို့ အလွန်လျင်မြန်စွာစျာန်ကသိုဏ်းကို ဝင်စားနိုင်စွမ်းမရှိကုန်။ ထို့ကြောင့်ဗုဒ္ဓမြတ်စွာက ကြွင်းသော ရဟန်းတို့အား နဂါးမင်းကို နှိမ်နင်းဆုံးမရန် ခွင့်ပြုတော်မမူခြင်းဖြစ်သည်။

နဂါးမင်းက “ငါ၏နှာခေါင်းလေဖြင့် ရဟန်း၏မွေးညှင်းတပင်ကိုလှုပ်ရှားရန်မှတတ်နိုင်လေစွတကား၊ ဤရဟန်းသည်

ငါထက်ကြီး တန်ခိုးကြီးပေ၏။ ဤတန်ခိုးကြီးသော ရဟန်းအား ငါသည်နှိပ်စက်ခြင်းငှာ မတတ်နိုင်ချေပြီတကား”ဟု တွေးဆမိ၍ပြေးလေ၏။

ထိုအခါမထေရ်သည် မိမိအတ္တဘောကိုစွန့်၍ အလွန်ကြီးမားသော ဂဠုန်အသွင်ဖြင့် နဂါးနောက်သို့လိုက်လေ၏။ နဂါးသည်မိမိအတ္တဘောကိုစွန့်၍ လူငယ်အသွင်ဖန်ဆင်းလိုက်ပြီးလျှင် “အရှင်ရဟန်း အရှင်တို့ကိုယနေ့မှစ၍ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါမည်။ ချမ်းသာခွင့်ပေးတော်မူပါ”ဟု ဆိုလျက် အရှင်မောဂ္ဂလာန်မထေရ်၏ခြေတော်အစုံကို ဦးတိုက်၍ ရှိခိုး၏။အရှင်မောဂ္ဂလာန်မထေရ်က “အို–နန္ဒောပနန္ဒနဂါး၊ ငါတို့အရှင်ဆရာသခင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာကြွတော်မူလာပြီ။အသင်လာလှည့်လော့။ ဗုဒ္ဓမြတ်စွာထံသို့သွားကုန်အံ့”ဟုဆို၍ နဂါးမင်း၏ မာန်ကို ချစေပြီးလျှင် ဗုဒ္ဓမြတ်စွာထံသို့ ခေါ်ဆောင်သွား၏။

နဂါးမင်းသည် ဗုဒ္ဓမြတ်စွာ၏ခြေစုံကိုဦးခိုက်လျက် “အရှင်ဘုရား အရှင်တို့ကို ယနေ့မှစ၍ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ကျွန်ုပ်အားချမ်းသာခွင့်ပေးတော်မူပါ”ဟု လျှောက်၏။

ထိုအခါဗုဒ္ဓမြတ်စွာက “အို....နဂါးမင်း ချမ်းသာခြင်းနှင့်ပြည့်စုံစေ”ဟု မိန့်တော်မူလျက် ရဟန်းအပေါင်းခြံရံကာ အနာထပိဏ်သူဌေးကြီးအိမ်သို့ ကြွတော်မူလေ၏။ တန်ခိုးပြိုင်ရာ၌စစ်ရှုံးသော နန္ဒောပနန္ဒနဂါးမင်းသည် လုင်ငယ်အသွင်ဖြင့် ရဟန်းငါးရာ၏နောက်မှ ခပ်ရို့ရို့လိုက်ပါသွားလေ၏။

တန်ခိုးဖန်ဆင်း၍ရာ၌ အဘယ်ရုပ်ကပွားသနည်း

ဤမေးခွန်းကိုဗုဒ္ဓ၏ဒေသနာတော်မှတပါးမည်သည့်ဘာသာမည်သည့်အတတ်ပညာရှင်မှ ခြေခြေမြစ်မြစ် ဖြေနိုင်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် လောကီအတတ်ပညာ အားလုံးတွင် အထွတ်အထိပ်ဖြစ်၍ အလွန်သိမ်မွေ့သောကြောင့်တည်း။

ဥပါဒိန္န အနုပါဒိန္နဟူ၍ ရုပ်နှစ်ပါးရှိသည်။ ဥပါဒိန္နရုပ်ဟူသည်မှာ ကံကြောင့်ဖြစ်ရသော ရုပ် ၁၈-ပါးကိုခေါ်သည်။ အနုပါဒိန္နရုပ်ဟူသည်မှာ တိဇရုပ်ခေါ် စိတ်၊ ဥတု၊ အာဟာရ သုံးပါးတို့ကြောင့် ဖြစ်ရသော ရုပ် ၁၀-ပါးကိုခေါ်သည်။

အမှန်စင်စစ် အနုပါဒိန္နရုပ်သည် ဥပါဒိန္နရုပ်ကိုမှီ၍ဖြစ်ရ၏။ ထို့ကြောင့် တန်ခိုးဖန်ဆင်းရာတွင် ဥပါဒိန္နရုပ်ကိုမှီ၍ အနုပါဒိန္နရုပ်ကပွားများခြင်းဖြစ်သည်။ ထို့အတူကသိုဏ်းပရိကံကိုပြု၍ (အရှင်စူဠပန်ထကဲ့သို့)ရုပ်ပွားများ ဖန်ဆင်းရာတွင် ဥပါဒိန္နရုပ်ကိုမှီ၍ အနုပါဒိန္နရုပ်သာပွားများခြင်းဖြစ်သည်။ တန်ခိုး၏ အစွမ်းဖြင့် ဥပါဒိန္နရုပ်သည်ပွားခြင်းမရှိ ဝါ မပွားများနိုင်။

ထို့ကြောင့်....

"တထာပိ ဥပါဒိန္န နဝဍ္ဎတိ၊ ဣဒ္ဓိနုဘာဝေန စိတ္တဇံ
တဒနုသာရေန ဥတုဇဉ္စ ဝဍ္ဎတိတိ ဒဋ္ဌဗ္ဗ"

ဝိသုဒ္ဓိမဂ်မဟာဋီကာ(ဒု)၃၀။

အဓိပ္ပါယ်မှာ....

ဥပါဒိန္နရုပ်သည် ပွားများခြင်းမရှိ၊ စိတ္တဇနှင့်ဥတုဇရုပ်သည် ဥပါဒိန္နရုပ်ကို အစဉ်မှီ၍ တန်ခိုးဖန်ဆင်းခြင်းအားဖြင့် ပွားများ၏ဟူ၍မှတ်အပ်၏။

တန်ခိုးရှင်သည် ဥပါဒိန္နရုပ်ကိုမှီ၍ အနုပါဒိန္နရုပ်ကိုကြီးစေလိုက (အလိုရှိတိုင်း)ကြီးမားစေနိုင်၏။ ငယ်စေလိုက ငယ်စေနိုင်၏။ ကြီးသောအတ္တဘော၊ ငယ်သောအတ္တဘော တို့ကိုဖန်ဆင်းနိုင်၏။ ဥပမာကား။ နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းဆုံးမတော်မူသော အရှင်မောဂ္ဂလာန်မထေရ်ကဲ့သို့တည်း။

ကံကြောင့်ဖြစ်သော ဥပါဒိန္နရုပ်ကိုမှီ၍သာလျှင် အနုပါဒိန္နရုပ်ပွားများရကြောင်းကို....

"ဥပါဒိန္နကံ နိဿာယ အနုပါဒိန္နကံ ဝဍ္ဎတိ" ဟူ၍ အဋ္ဌကထာ (ဒု-၂၈)၌ဖွင့်ဆိုသည်။

လောကီဝိဇ္ဇာပညာကျမ်း၌ ကျမ်းပြုဆရာ၏ ချဉ်းယွင်းချက်များကို အောက်ပါအတိုင်းတွေ့ရှိရသည်။

စင်စစ်အားဖြင့် ကောသောသူသည် ကိုယ်တွင်ထိတွေ့၍ရသော ဩဠာရိကခေါ် 'ရုပ်ကြမ်း'မှ ကိုင်တွယ်ထိတွေ့၍မရသော သုခုမရုပ်ခေါ် 'ရုပ်နု'ခွဲထွက်သွားသောကြောင့် ရုပ်ကြမ်းသာလျှင် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ ကျခွာထွက်သွားသော ရုပ်နုသည် ဝိညာဉ်၏သဘောလောက်သာ"

တဖန်ယင်းစာအုပ်ခန္ဓာငါးပါးအဖွင့်၌ "ခန္ဓာကိုယ်အတွင်း၌ရှိသော လျှပ်စစ်သံလိုက်ဓာတ်အားသည်ပင် ဇောတိခန္ဓာ(ဝါ) သုခုမရုပ်(ဝါ) ဝေဒနက္ခန္ဓာဟုခေါ်လေသည်" ဟုဖော်ပြထား၏

ဗုဒ္ဓအဘိဓမ္မာအရ သုခုမရုပ် ၁၆ ပါးတို့သည် လျှပ်စစ်သံလိုက်ဓာတ်မဟုတ်၊ သုခုမရုပ်သည် ဝေဒနက္ခန္ဓာမဟုတ်၊ သုခုမရုပ်ကတခြား၊ ဝေဒနက္ခန္ဓာကတခြား၊ ရုပ်၊ သညာ၊ ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏ်ဟူ၍ ခန္ဓာငါးပါးရှိရာတွင် ဩဠာရိကရုပ်၊ သုခုမ

ရုပ်တို့သည် ရူပက္ခန္ဓာ၌ အကျုံးဝင်သည်။ ထို့ကြောင့်သုခုမရုပ်သည် ရုပ်ခန္ဓာသာဖြစ်နိုင်၏။ နာမ်ခန္ဓာမဖြစ်နိုင်။

ဝေဒနက္ခန္ဓာသည် နာမ်ခန္ဓာသာဖြစ်နိုင်၏။ ရုပ်ခန္ဓာမဖြစ်နိုင်။ ခန္ဓာငါးပါးကို ရုပ်နာမ်နှစ်ပါးခွဲလျှင် ရုပ်ခန္ဓာတပါးသာရ၍ သညာ၊ ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏဟူသော နာမ်ခန္ဓာလေးပါးရသည်။

ဗုဒ္ဓရှင်မြတ်ကြီးက အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်၌ သညာ၊ ဝေဒနာအစရှိသော နာမ်ခန္ဓာလေးပါးကို စိတ္တုပ္ပါဒကဏ္ဍကောဌာသဝါရ၌၎င်း၊ ရုပ်ခန္ဓာကို ရူပကဏ္ဍရူပဝိဘတ္တိ၌၎င်း၊ တိတိကျကျ ရှင်းရှင်းလင်းလင်းခွဲခြား၍ ညွှန်ပြတော်မူထားသည်။

ယင်းကျမ်းပြု ဆရာက ရုပ်လည်းခန္ဓာ၊ ခန္ဓာလည်းရုပ်ဟု အထင်ရှိ၍ သုခုမရုပ်ကို ဝေဒနက္ခန္ဓာနှင့်လုံးထွေးချလိုက်ပုံရသည်။ အမှန်စင်စစ် ရုပ်သည်ခန္ဓာမဟုတ်၊ ခန္ဓာသည်လည်းရုပ်မဟုတ်၊ ခန္ဓာဟူသည်မှာ အပေါင်းအစုမျှသာဖြစ်သည်။

ယင်းစာအုပ်၌ပင် ဗုဒ္ဓ၏ဒေသနာတော်နှင့် မည်သို့မျှကိုက်ညီ၍မရနိုင်သော အောက်ပါစာပိုဒ်ကိုဖတ်ရှုရပြန်သည်။

"သာမန်မျက်စိအားဖြင့်လည်းမမြင်ရ၊ ကိုင်တွယ်ထိတွေ့ခြင်းငှာလည်းမစွမ်းနိုင်သော အလွန်တရာနူးညံ့သော ရုပ်ဝတ္ထုကို ဝေဒနက္ခန္ဓာဟုခေါ်သည်"ဟုဖော်ပြထား၏။

ကျမ်းပြုဆရာက ရုပ်ခန္ဓာနှင့် ဝေဒနက္ခန္ဓာကို မကွဲမပြားတသားတည်းယူဆထားသဖြင့် ပညာဉာဏ်နုံသော စာရှုသူပရိသတ်အတွက် ဟုက်ယောင်နိုးထင်မှတ် သွားနိုင်သည့်အပြင် ရုပ်

ခန္ဓာနှင့် ဝေဒနက္ခန္ဓာမကွဲမပြားသောကြောင့် ခန္ဓာလေးပါး သာရှိသည်ဟု ထင်မှတ်သွားနိုင်သည်။

ထိုထက်ယုတ္တိကင်းမဲ့သော စာပိုဒ်မှာ....

"ရုပ်ပြောင်းကိုယ်ခွာအတတ်ကို တတ်မြောက်ကြသောပညာရှင်များသည် မိမိတို့၏ ရူပက္ခန္ဓာမှ ဇောတိခန္ဓာကိုခွာထုတ်၍ ထိုဇောတိခန္ဓာကိုပင် လူသားတို့၏ မံသမျက်စိဖြင့် မြင်တွေ့နိုင်ရန်ဖန်တည်းသောအတတ်ကို တတ်ကြပေသည်။ မိမိအလိုရှိသော ရုပ်ကို ဖန်တည်းတတ်ကြသည်။ ဤဖန်တည်းသောရုပ်သည် ကိုင်တွယ်ထိတွေ့၍မရပေ၊ ရုပ်ရှင်ပြသောအခါ မြင်ရသောအရုပ်ကဲ့သို့ပင်ဖြစ်သည်"ဟုရေးသားဖေါ်ပြထားသည်။

ရူပက္ခန္ဓာမှ ဇောတိခန္ဓာခွာထုတ်သည်ဟူသည်မှာ စိတ်ကူးယဉ်သက်သက်မျှသာဖြစ်၏။ ရူပက္ခန္ဓာမှ ဇောတိခန္ဓာမည်သို့ခွာထုတ်ရသည်ကို သိပ္ပံနည်းကျကျရှင်းပြပါဆိုလျှင် ယင်းဆရာ ရေငုံထားရမည်မှာမလွဲ။ ဇောတိခန္ဓာဟူ၍ ဗုဒ္ဓ၏နိကာယ်ငါးရပ် ကျမ်းသုံးမြွက်၌ အလျှင်းမရှိ။

ဇောတိခန္ဓာဟူသည်မှာ ကျမ်းပြုဆရာ၏ အာဘော်မျှသာ ဖြစ်ဟန်တူသည်၊ ရုပ်ပြောင်းကိုယ်ခွာ အတတ်ကိုတတ်မြောက်ကြသော ပညာရှင်ဟူ၍ ရှိ။ ဗုဒ္ဓ၏အဆုံးအမကြည့်၍ ဗုဒ္ဓ၏ သမထနည်း၊ ဝိပဿနာနည်းတို့ ကျင့်ကြံအားထုတ်ကုန်သောဈာနလာဘီ(ဈာန်ရ)ရှင်မြတ်တို့သာလျှင်ရှိကုန်၏။

ယင်းအရှင်မြတ်တို့ စတုတ္ထဈာန်ကသိုဏ်းပရိကံ၏ အစွမ်းဖြင့် ဖန်ဆင်းသော နိမ္မိတရုပ်တို့သည် ရုပ်ရှင်ပြသကဲ့သို့ ပေါ်လာသည်မဟုတ်၊ ကိုင်တွယ်ထိတွေ့၍ရသော မုချဆတ်ဆတ် ရုပ်

ခေတ်ပင်ဖြစ်၏။ ရှင်မဟာမောဂ္ဂလာန် မထေရ်၏ နဂါးအတ္တ ဘောကြီးကို ရှု။

ဗုဒ္ဓကသြဠာရိကရုပ်၊ သုခုမရုပ်ဟူ၍ ပိုင်းခြားပြတော်မူသည်မှာ ကိုင်တွယ်ထိတွေ့၍ရခြင်း၊ မရခြင်းဟူသောအချက်၌ မူတည်၍ပိုင်းခြားထားခြင်းမဟုတ်ဘဲ၊ ပညာမျက်စိဖြင့်ရှုသော် သိလွယ်ခြင်း၊ အသိခက်ခြင်းတို့ကိုသာ ပိုင်းခြား ပြတော်မူခြင်းဖြစ်ကြောင်းကို....

"အာပေါဓာတ်၊ ဣတ္ထိဘာဝ၊ ပုရိသဘာဝ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ တည်းဟူသော ရုပ် ၁၆-ပါးတို့သည် သြဠာရိကအဖြစ်ဟူသော သဘောမရှိသောကြောင့် သုခုမမည်၏။ ပရမတ္ထသဘာဝမမှုဖြစ်၍ တပါးထက်တပါးကြမ်းတမ်းကောင်း၊ သိမ်မွေ့ကောင်းဟော့သည်မဟုတ်၊ ဉာဏ်ဖြင့်သိလွယ်ခြင်း၊ အသိခက်ခြင်းတို့ကိုစွဲ၍သာ သြဠာရိက၊ သုခုမဆိုရသည်" ဟူ၍ အဘိဓမ္မတ္ထသရူပဒီပကကျမ်း ရုပ်ပိုင်း ၇၁၅-၌ ဖွင့်ဆိုတော်မူသည်။

သြဠာရိကရုပ် ၁၂-ပါးသည် ဉာဏ်ဖြင့်ရှု၍ သိလွယ်သောကြောင့် သန္တိကေရုပ်ဟုခေါ်သည်။ သုခုမရုပ်တဆယ့်ခြောက်ပါးတို့သည် ဉာဏ်ဖြင့်ရှု၍ အသိခက်ခဲသိမ်မွေ့နက်နဲသော သဘောကြောင့် ဒူရေရုပ်ဟုခေါ်သည်။

လောကီဝိဇ္ဇာပညာရပ်၌ ဖော်ပြထားသော ဗုဒ္ဓအဘိဓမ္မာဆိုင်ရာအယူအဆတို့သည် ဗုဒ္ဓ၏အဘိဓမ္မာနှင့် အံဝင်ဂွင်ကျမဖြစ်သည့်အပြင် ပိဋကတ်သုံးရပ်စလုံးနှင့် တိုက်ဆိုင်စစ်ဆေး၍

မရနိုင်သောကြောင့် စာရှုသူတို့အမှန်ဟု မယူဆသင့် မယူဆထိုက်။

သို့သော် လောကီဝိဇ္ဇာကျမ်းပြုဆရာသည် သူ၏စာအုပ်၌ပင် အလွန်နက်ရှိုင်းလှသော ဗုဒ္ဓ၏ အဘိဓမ္မာ၌ ဉာဏ်မမှီကြောင်း ဉာဏ်မှီသမျှကိုသာ တင်ပြခြင်းဖြစ်ကြောင်း ဝန်ခံထား၍ အပြစ်မဆိုသာ။ သို့ရာတွင် မိမိကျမ်းကျင်သော အတတ်ပညာ အသိပညာ၊ လောကီလောကုတ္တရာပညာရပ်တို့ဖြင့် ဥပမာဥပမေယျမထုတ်သင့်။ နှိုင်းယှဉ်၍မပြသင့်။ မိမိကျမ်းသော အသိပညာ၊ အတတ်ပညာတို့ကို အနည်းငယ်သော်ရင်း၊ တစိတ်တဒေသကိုသော်ရင်း၊ ရေးသားခြင်း၊ တင်ပြခြင်း အလျဉ်းမပြုသင့်ကြောင်း ကောင်းမြတ်သောမေတ္တာစိတ်ဖြင့် တိုက်တွန်းလိုက်သည်။

**မိမိကိုယ်ကိုတန်ခိုးဖြင့် ဖန်ဆင်း၍ရနိုင်သလော**

ဤမေးခွန်းကို ရနိုင်သည်ဟု၍ပင် ဖြေရမည်။ ဤသို့ရနိုင်သည်မှာ ဗုဒ္ဓ၏ဒေသနာတော်ကြောင့် ရဲရဲကြီးအဖြေပေးနိုင်ခြင်း ဖြစ်သည်။

ဗုဒ္ဓကအဘိဓမ္မာဝိဘင်းပါဠိတော်၌ "စတ္တာရော ဣဒ္ဓိပါဒါ" ဟုတိကျစွာ ညွှန်ပြတော်မူထားသောကြောင့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝိမံသတည်းဟူသော တန်ခိုးဖြစ်ပေါ်စေနိုင်သော အကြောင်းရင်းခံကြီးလေးပါးနှင့် ပြည့်စုံလျှင် မိမိကိုယ်ကို အထူးထူးသော ရုပ်သဏ္ဌာန်ဖန်ဆင်းနိုင်ရုံမျှမက သက်ရှိသက်မဲ့ အားလုံးကိုလည်း ဖန်ဆင်းနိုင်စွမ်းရှိကြောင်း ဣဒ္ဓိပါဒသံယုတ်ပါဠိတော်၌ညွှန်ပြတော်မူသည်။

## စိတ်တန်ခိုးဖြင့်ဖန်ဆင်းအပ်သောရုပ်သည်ကား အဘယ်နည်း

တန်ခိုးရှင်ဖန်ဆင်းအပ်သောရုပ်တို့မှာ ဥပါဒိန္နရုပ်မဟုတ်။ အနုပါဒိန္နရုပ်သာလျှင်ဖြစ်သည်။ ဤနေရာ၌ ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်တို့ကိုခွဲခြားစိတ်ဖြာပြီးပြမည်။ ဥပါဒိန္နရုပ်ကိုမှီ၍ဖြစ်ရသောရုပ်မှာ လောကီဝိဇ္ဇာပညာကျမ်းပြုဆရာယူဆထားသကဲ့သို့ "ဇောတိရုပ်" မဟုတ်။ ဇောတိရုပ်ဟူသည်မှာ လောက၌အလျှင်းမရှိ။ ဗုဒ္ဓလည်းမဟော။

ဗုဒ္ဓမြတ်စွာကိုယ်တိုင်ညွှန်ပြခဲ့သော သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များအရ အလွန်တိကျပြတ်သားလှသော သဘာဝဓမ္မတို့ကိုသာ ခွဲခြားစိတ်ဖြာ၍ ရှင်းပြမည်။

ဥပါဒိန္နရုပ်ဟူသည်မှာ....

ကံကြောင့်ဖြစ်သောရုပ်မည်၏။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်ဟူသော ရုပ်တဆယ့်ရှစ်ပါးတို့သည် ကံတည်းဟူသော အကြောင်းအရာတို့ကြောင့်ဖြစ်ပေါ်လာရသည်။

ဥပါဒိန္နရုပ်ကို အကျဉ်းချုံးလျှင် ဘူတရုပ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ်လေးပါး၊ ဘာဝနာရုပ်နှစ်ပါး၊ ဟဒယရုပ်၊ ဇီဝိတ၊ အာဟာရရုပ်အားဖြင့် ရုပ်ပေါင်း ၁၈-ခုရှိသည်။

အနုပါဒိန္နရုပ်ဟူသည်မှာ....

မူလမဟာဘုတ်ကိုမှီ၍ (၀ါ)ကံကြောင့်ဖြစ်သော ဥပါဒိန္နရုပ်ကိုမှီ၍ဖြစ်ရသောရုပ်မည်၏။ တနည်းအားဖြင့် စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားကြီး သုံးပါးတို့ကြောင့် ဖြစ်ပေါ်လာရသောရုပ်မည်၏။

အကြောင်းသုံးပါးအရဖြစ်ပေါ်လာရသောကြောင့် တိဇရုပ်ဟုလည်းခေါ်သည်။ သဒ္ဒရုပ်တခု၊ ဝိညတ်ရုပ်နှစ်ခုနှင့် ဝိကာရရုပ်သုံးခု၊ လက္ခဏာရုပ်လေးခုဟူသော ရုပ်ဆယ်ပါးတို့ကို အနုပါဒိန္နရုပ်ဟုခေါ်သည်။

သဒ္ဒရုပ်ဟူသည်မှာ....

စိတ္တဇနှင့် ဥတုဇကြောင့် ဖြစ်ရသောရုပ်ကိုခေါ်သည်။

ဝိညတ်ရုပ်ဟူသည်မှာ....

ကာယဝိညတ်၊ ဝစီဝိညတ်ရုပ်နှစ်ပါးကိုခေါ်သည်။

ဝိကာရရုပ်ဟူသည်မှာ....

လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသောသုံးပါးတို့ကိုခေါ်သည်။ လျင်မြန်ပေါ့ပါးခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ခိုင်ခံ့မြဲမြံခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။

လက္ခဏာရုပ်ဟူသည်မှာ ...

ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာဟူသော ရုပ်လေးပါးကိုခေါ်သည်။

ဥပစယဟူသည်မှာ....

ပဋိသန္ဓေတည်ကာစ ကလလရေကြည်မှစ၍ အကောင်အထည် ဖြစ်သည့်တိုင်အောင် တရွေ့ရွေ့ တိုးပွားလာခြင်း၊

(EVOLUTION OF LIFE)ကိုခေါ်သည်။

သန္တတိဟူသည်မှာ....

ရုပ်တရားနာမ်တရားတို့ ရေအလျဉ်ကဲ့သို့ တသွင်သွင်အဆက်မပြတ်စီးဆင်းနေသော သဘောကိုခေါ်သည်။

ဇရတာဟူသည်မှာ....

အိုမင်းရင့်ကျက်လာသောအဖြစ်(ဝါ) ယိုယွင်းပျက်စီးလာသောအဖြစ်သဘောကိုခေါ်သည်။

အနိစ္စတာဟူသည်မှာ....

ရုပ်တရား၊ နာမ်တရားတို့ ရေအလျဉ်ကဲ့သို့ တသွင်သွင်စီးဆင်းစေကာမူ ဘင်တည်းဟူသောခဏသို့ ရောက်တိုင်း ကွယ်ပျောက်ချုပ်ငြိမ်းသွားရခြင်းသဘောကိုခေါ်သည်။

သဒ္ဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ် တည်းဟူသော ရုပ်ဆယ်ပါးတို့သာလျှင် တန်ခိုးရှင်၏ အလိုအတိုင်းဖြစ်စေနိုင်သည်။ ပွားစေနိုင်သည်။ ဥပါဒိန္နရုပ်ကိုမှီ၍ အနုပါဒိန္နရုပ်သာလျှင် တန်ခိုးရှင်ဖန်ဆင်းနိုင်သောရုပ်ဖြစ်သည်။

တန်ခိုးရှင်ဖန်ဆင်း၍ ဖြစ်ပေါ်လာရသော ရုပ်သည် အနုပါဒိန္နရုပ်သာလျှင်ဖြစ်သည်။ ဥပါဒိန္နရုပ်မဟုတ်။ ဥပါဒိန္နရုပ်သည် ပွားခြင်းအလျဉ်းမရှိ။ အနုပါဒိန္နရုပ်သာလျှင် ပွားများတတ်၏။ ပွားစေတတ်၏။ ပွားစေနိုင်၏။

ထို့ကြောင့်....

"ဥပါဒိန္နံ နုပစ္စတိ၊ လ္လဒ္ဓါနုဘာဝေန စိတ္တဇံ တဒနုသာရေန ဥတုဇဉ္စ ဝစ္စတိတိ ဒဋ္ဌဗ္ဗံ...."ဟူ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာဖွင့်ပြသည်။

တန်ခိုးရှင်ဖန်ဆင်းသော နိမ္မိတရုပ်ပွားသည် ရုပ်ရှင်ပြသကဲ့သို့ ကိုင်တွယ်ထိတွေ့၍ မရနိုင်သော ·အရိပ်မဟုတ်။ ကိုင်တွယ်ထိတွေ့၍ မုချရနိုင်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော မဟာဘုတ်ကြီး လေးပါးနှင့်တကွ မျက်စိ၊ နား၊ နှာခေါင်း စသည့်အင်္ဂါတို့နှင့် အပြည့်အစုံအထင်အရှားဖြစ်ရသော ရုပ်ကလာပ်ပင်ဖြစ်သည်။

အဘယ့်ကြောင့်နည်း။

တန်ခိုးရှင်ဖန်ဆင်းသော နိမ္မိတရုပ်သည် မူလဓာတ်ကြီးလေးပါးကိုမှီ၍ အာစယ၊ ဥပစယ၊ သန္တတိတို့၏ အစွမ်းဖြင့် ပဋိသန္ဓေဆက်၍ ပွားများရသောကြောင့် ကိုင်တွယ်ထိတွေ့နိုင်သော ပကတိရုပ်အတိုင်းပင် အထင်အရှားဖြစ်ရသည်။

သို့သော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌....

"နိမ္မိတ ရူပေပန ပသာဒေါနာမနတ္ထိ" ဟူ၍ဖွင့်သောကြောင့် တန်ခိုးရှင်ဖန်ဆင်းသော ရုပ်ပွား၌ ပသာဒရုပ်ငါးခုမရှိကြောင်းသိရသည်။

ပသာဒရုပ်ဟူသည်မှာ····

အာရုံငါးပါးတို့ကို ခံစားနိုင်သော အကြည်ဓာတ်ပင်ဖြစ်သည်။

ထို့ကြောင့် တန်ခိုးရှင်ဖန်ဆင်းအပ်သော နိမ္မိတရုပ်သည် ပကတိအတိုင်း ကိုင်တွယ်ထိတွေ့၍ရနိုင်သောရုပ် အထင်အရှားဖြစ်ကြောင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ညွှန်ပြတော်မူသည်။

*
* *

# အမိဋ္ဌာနဇာတ်
## အမိဋ္ဌာန် တန်ခိုး အဖွင့်

### တန်ခိုးဖန်ဆင်းပုံ

စတဿော ဘူမိယော ပါဒေ၊ စတ္တာရော ဣဒ္ဓိပါဒနီစ၊
ဒွိ ဌမူလာနိ ဟောတေဝံ၊ သမ္မာဒေဒ္ဓာ အဓိဋ္ဌဟံ။

ပရမတ္ထဿ ရူပဘေဒနီ

ဣဒ္ဓိယာ၊ တန်ခိုး၏။ စတဿော၊ လေးပါးကုန်သော။ ဘူမိယော၊ ဖြစ်ရာအကြောင်းဘုံတို့ကိုရင်း။ စတ္တာရော၊ လေးပါးကုန်သော။ ပါဒေ၊ ဣဒ္ဓိပါဒ်လေးထွေ အခြေတို့ကိုရင်း။ အဋ္ဌ၊ ရှစ်ပါးသော။ ပဒါနီစ၊ အကြောင်းတို့ကိုရင်း။ ဒွိဌမူလာနိ၊ တဆယ့်ခြောက်ပါးသော အရင်းအမြစ်တို့ကိုပုင်း။ သမ္မာဒေဒ္ဓာ၊ ပြည့်စုံစေ၍။ အဓိဋ္ဌဟံအဓိဋ္ဌဟန္တော၊ ဉာဏ်ဖြင့် ဆောက်တည်လျက်။ ဝေဟာတိ၊ ဤသို့အရာအထောင်စသည် ဖြစ်၏။

### ရှင်းလင်းချက်

စတုတ္ထစျာန်သည် အဘိညာဉ်ရရန် အနီးဆုံး အရင်းခံ အကြောင်းဖြစ်၍ ပါဒကတိဘုံဟုခေါ်သည်။ ရှေ့စျာန်သုံးပါးတို့မှာ စတုတ္ထစျာန်ရကြောင်း အခြံအရံ အဆောက်အဦဖြစ်၍ သမ္ဘာရဘုံဟုခေါ်သည်။ ဘုံလေးရပ်ဟူသည်မှာ ပထမစျာန်မှ စတုတ္ထစျာန်အထိခေါ်သည်။

သီလဝန္တ၊ သီလနှင့်ပြည့်စုံသော ယောဂီသည် ချွန်လေး ပါး၊ ကုဒ္ဒိပါဒ်ကြီးလေးပါး၊ တန်ခိုးရရန် အကြောင်းခြောက်ပါး၊ အရင်းအမြစ် တဆယ့်ခြောက်ပါးတို့နှင့် ပြည့်စုံလတ်သော် အဓိဋ္ဌာန်စိတ်ဖြင့်ပြီးသော အဓိဋ္ဌာန်၏အစွမ်းဖြင့်အရာအထောင် မကသော နိမ္မိတရုပ်ပွားများကို မချဖန်ဆင်းနိုင်သည်။

တန်ခိုးဖန်ဆင်းရာ၌ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထ ပါဒကစျာန်အထိ မဝင်စားနိုင်ပါက မည်သည့်တန်ခိုးမျှမဖြစ် နိုင်ကြောင်းကို အထူးနှလုံးသွင်းထားရန်လိုသည်။

အဓိဋ္ဌာန်စိတ်ဖြင့် ဆောက်တည်၍ ဖန်ဆင်းရသောကြောင့် အဓိဋ္ဌာနဣဒ္ဓိ အဓိဋ္ဌာန် တန်ခိုးမည်၏။ တန်ခိုးဟူသည်မှာ အကြောင်းခိုင်လုံမှသာဖြစ်နိုင်သည်။ အကြောင်းမခိုင်လုံက လုံးဝ မဖြစ်နိုင်။ အကြောင်းဆိုသည်မှာ ဘူမိ၊ ပါဒ၊ ပဒ၊ မူလတို့ကိုဆို လိုခြင်းဖြစ်သည်။

မိမိကိုယ်ကို နိမ္မိတရုပ်ပွားများဖြစ်အောင် ဖန်ဆင်းလိုသော ယောဂီသည် ဘူမိ၊ ပါဒ၊ ပဒ၊ မူလတို့ကိုပြည့်စုံစေ၍ အဘိညာ ပါဒကဖြစ်သော စတုတ္ထစျာန်ကိုဝင်စားပြီးနောက် ထ၍ "ရုပ် တရားအထိဖြစ်စေလိုသော် "သတံဟောမိ၊ သတံဟောမိ" ဟု သရဇ္ဈာယ်၍ ပရိကံပြုရသည်။ ယင်းသို့ ပရိကံပြုပြီးနောက် အဘိညာပါဒကစတုတ္ထစျာန်ကို တဖန်ဝင်စားရ၏။

အဓိဋ္ဌာန်စိတ်နှင့်တပြိုင်နက် နိမ္မိတရုပ်တရာအထိ ဖြစ်လာ ၏။ မဖြစ်လာသေးပါက ပါဒကစျာန်ကို တဖန်ဝင်စားရမည်။ စျာနလာဘီယောဂီသည် စျာန်၌လေ့လာပြီးသော ဝသီဘော်

ရှိပြီးဖြစ်၍ ဈာန်ကိုသုံးကြိမ်ထက်ဝင်စားရန်မလို။ အဓိဋ္ဌာန်စိတ်နှင့်တကွ ဖန်ဆင်းလိုတိုင်ဖြစ်တော့သည်သာတည်း။

တန်ခိုးဖန်ဆင်းရာ၌ ပါဒကဈာန်ကို တကြိမ်နှစ်ကြိမ်အထိ ဝင်စားသင့်ကြောင်းကို....

"ကေဝ ါရံ ဒွိ ဝါရံသမာပဇ္ဇိတုံဝဋ္ဋတီတိပုတ္တ" ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌မိန့်သည်။

## ရှင်းလင်းချက်

ဈာန်ဝင်စားသောအမှု၌ (ထ၍)ဟူသည်မှာလူ၏အတ္တဘော ကြီးဖြင့် မတ်ရပ်ထခြင်းကိုဆိုလိုသည်မဟုတ်။ (ဝါ) ထိုင်ရာမှ ထခြင်းကို ဆိုလိုခြင်းမဟုတ်။ ဈာန်အလျဉ်ကိုရပ်ခြင်း (ဝါ) ဝင်စားနေသော သမာပတ်မှ နိုးကြားခြင်း၊ ဘဝင်မှ ထခြင်း တို့ကိုဆိုလိုခြင်းဖြစ်သည်။ ဈာန်ဝင်စားပြီးနောက် လျှန်မြန်စွာ နိုးကြားရန်မှာမလွယ်။ လျင်မြန်စွာနိုးကြားနိုင်သောအကျင့်ကို ဝုဋ္ဌာနဝသီဘော်ဟုခေါ်သည်။

မိမိ၏ရုပ်ပွားဘထောင်အထိ ဖန်ဆင်းလိုသော် "သဟဿံ ဟောမိ၊ သဟဿံ ဟောမိ" ဟု သရဇ္ဈာယ်၍ ပရိကံပြုရမည်။ ပါဒကဈာန်နှစ်ကြိမ်ဝင်စားပြီးနောက် အဓိဋ္ဌာန်ရ၏။ အဓိဋ္ဌာန် စိတ်နှင့်အတူ နိမ္မိတရုပ်တထောင်ဖြစ်ပေါ်လာရ၏။

အရှင်စူဠပန်ထေရ်ကဲ့သို့ဖန်ဆင်းလိုလျှင် "တွေကာဘိက္ခုပထမဝယာဟောန္တု၊ တွေကာဘိက္ခု ဝီရံကမ္မံ ကဲရောန္တု" ဟူ၍ ပရိကံပြု၍ ဆေးစက်တည်ဖန်ဆင်းရ၏။

## အများကိုအနည်းဖြစ်အောင်ဖန်ဆင်းပုံ

အမှန်စင်စစ် ဤနည်းသည် တန်ခိုးကို ရုပ်သိမ်းခြင်းပင်ဖြစ်သည်။ မိမိဖန်ဆင်းထားသော နိမ္မိတရုပ်ပွားများကို ရုပ်သိမ်းလိုလျှင် "ဗဟုဓာပိဟုတွာ ဧကောဟောတိ"ဟူသောဒေသနာတော်နှင့်အညီ "ဧကောဟောမိ၊ ဧကောဟောမိ"ဟုသရဇ္ဈာယ်၍ ပရိကံပြုရမည်။ အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက် နိမ္မိတရုပ်ပွားများကွယ်ပျောက်သွားရ၏။

## မမြင်နိုင်သည်ကိုမြင်အောင်

## မြင်သည်ကိုမမြင်အောင်ဖန်ဆင်းပုံ

အာဝီဘာဝ၊ တိရောဘာဝဟူ၍ ပြာဋိဟာနှစ်မျိုးရှိသည်။ နံရံ၊ တံတိုင်း၊ မြေကြီး၊ တော၊ တောင် စသည်တို့ ကွယ်ကာထားသဖြင့် မမြင်နိုင်သည်ကို ပကတိမံသမျက်စိဖြင့် လူတယောက်သော်၎င်း၊ လူအများသော်၎င်း မြင်နိုင်အောင် အထင်အရှားဖန်ဆင်းပြသောတန်ခိုးကို"အာဝိဘာဝပြာဋိဟာ"ဟုခေါ်သည်။

ယင်းတန်ခိုးဖြင့် ဖန်ဆင်းသော် စကြာဝဠာပင်ခြားစေကာမူ အနီး၌ပင် အထင်အရှားမြင်နိုင်၏။ အနီးအနားအရပ်၊အကွယ်အကာမရှိသောအရပ်၌ပင် ဖြစ်စေကာမူ လူခပ်သိမ်းမြင်ရသောသက်ရှိသက်မဲ့တို့ကို လုံးဝမမြင်နိုင်အောင် ဖန်ဆင်းပြသောတန်ခိုးကို "တိရောဘာဝပြာဋိဟာ"ဟုခေါ်သည်။

အာဝိဘာဝတန်ခိုးဖြင့် ဖန်ဆင်းလိုသော ယောဂီသည်ပါဒကဈာန်ကိုဝင်စားပြီးနောက် ဈာန်မှထ၍ "ဣဒံအန္ဓကာရဌာနံ အာလောကဇာတံဟောတု၊ ဣဒံပဋိစ္ဆန္နံ ဝိဝဋံဟောတု၊ ဣဒံအနပါထံ အာပါထံဟောတု"ဟု သရဇ္ဈာယ်ပရိကံပြု၍ တဖန်ပါဒဈာန်ဝင်စားပြီးနောက် အဓိဋ္ဌာန်၍ ဖန်ဆင်းသော်အဓိဋ္ဌာန်စိတ်နှင့်တကွဖြစ်၏။

ဤအာဝိဘာဝ တန်ခိုးပြာဋိဟာကို ဗုဒ္ဓမြတ်စွာပြဘူး၏။ ဗုဒ္ဓသည် အနာထပိဏ်သူဌေး၏သမီး စူဠသုဘဒ္ဒါ ပင့်ဘိတ်၍ သာဝတ္ထိပြည်မှ ခုနစ်ယူဇနာ ဝေးကွာသော သာကေတမြို့သို့ ကြွတော်မူသောအခါ အဓိဋ္ဌာန်တော်မူခြင်းကြောင့် သာကေတပြည်သူတို့သည် သာဝတ္ထိပြည်သူတို့ကို မြင်ရကုန်၏။ သာဝတ္ထိပြည်သူတို့သည်လည်း သာကေတပြည်သူတို့ကို မြင်ရကုန်၏။

သာကေတမြို့လယ်၌ ဆင်းသက်တော်မူ၍ မြေကိုနှစ်ခြမ်းခွဲပြီးလျှင် အဝီစိတိုင်အောင်ပြတော်မူ၏။ ကောင်းကင်ကိုလည်း နှစ်ခြမ်းခွဲ၍ ဗြဟ္မာ့ပြည်တိုင်အောင် ပြတော်မူ၏။

ဗုဒ္ဓမြတ်စွာသည် အဘိဓမ္မာဒေသနာတော်ကိုပြောပြီး တာဝတိံသာ နတ်ပြည်မှ လူ့ပြည် သင်္ကဿမြို့သို့ ဆင်းသက်တော်မူရာ၌လည်း အာဝိဘာဝပြာဋိဟာကို ပြတော်မူသည်။

ဗုဒ္ဓမြတ်စွာသည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ နေ့ညမပြတ်အဘိဓမ္မာမြတ်တရားတော်ကို ဟောကြားတော်မူသဖြင့် ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာတို့ အကျွတ်တရားရကုန်၏။ ထိုအခါ လူ့ပြည်၌ တကျက်နဲသော ပရိသတ်ကြီးသည်

မြတ်စွာဘုရားကို ဖူးမြင်ပြီးမှသာပြန်မည်ဟု ထက်သန်သော ထဒ္ဓါ စိတ်ဖြင့် စုဝေးနေကြကုန်၏။

တခဲနက်သောပရိသတ်ကြီးသည်ဗုဒ္ဓမြတ်စွာမည်သည့်အရပ်သို့ ကြွတော်မူသည်ကို သိရန်အရှင်အနုရုဒ္ဓါမထေမြတ်ထံသို့ ဆည်း ကပ်၍ လျှောက်ကုန်၏။

အရှင်အနုရုဒ္ဓါသည်အာလောကကသိုဏ်းကိုပွား၍ဒိဗ္ဗစက္ခု ဖြင့် ကြည့်တော်မူရာ တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ နေသော ဗုဒ္ဓမြတ်စွာကိုမြင်၍ ပရိသတ်ကိုမိန့်တော်မူ၏။ ထိုအခါ ပရိသတ်အကြီး အမှူးတို့သည် ဗုဒ္ဓမြတ်စွာကိုဖူးမြင်ရန် အရှင် မောဂ္ဂလာန်မထေရ်ကို တောင်းပန်ကြကုန်၏။

အရှင်မောဂ္ဂလာန်မထေသည် မြင့်မိုရ်တောင်ကိုဖောက်ထွင်း လျက် ပရိသတ်မြင်နိုင်အောင် မိဌာန်ပြု၍ တာဝတိံသာသို့ ကြွတော်မူ၏။ ထို့ကြောင့် တခဲနက်သော ပရိသတ်ကြီးသည် အရှင်မောဂ္ဂလာန်မထေရ်မြတ် မြင့်မိုရ်တောင်ကို အသွားအပြန် ဖောက်ထွင်း၍ ကြွတော်မူသည်ကို အပိတ်အပင် အတားအဆီး မရှိ ပကတိထင်ထင်ကြီး မြင်ကြကုန်၏။

အရှင်မောဂ္ဂလာန်သည် အာဝိဘာဝပြာဋိဟာကို ကျိနည်းဖြင့် ရှေးဦးစွာ ပြတော်မူ၏။ ဗုဒ္ဓမြတ်စွာက "ချစ်သားမောဂ္ဂလာန်၊ ငါဘုရားကို ဖူးမြော်လိုသူတို့ နက်ဖြန်သင်္ကာသမြို့သို့ ရောက်ကြ စေ၊ နက်ဖြန်သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သင်္ကာသ မြို့သို့ ဆင်းတော်မူအံ့"ဟု မိန့်တော်မူ၏။

သာဝတ္ထိပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ နေ့ချင်းသွားရောက် ရန်မှာမလွယ်၊ နီးလှသောခရီးမဟုတ်၊ ဓမ္မပဒ အဋ္ဌကထာ ပါဠိ

ဟာရိယဝတ္ထုအဖွင့်၌ ယူဇနာ သုံးဆယ်ကွာဝေးကြောင်း မိန့်သည်။ ထို့ကြောင့် သာဝတ္ထိမှ သင်္ကဿနဂိုရ်မြို့သို့ အင်္ဂလိပ်မိုင်တိုင်အားဖြင့် မိုင်ပေါင်း ၃၆၀-ကွာဝေး၏။

ထိုမျှကွာဝေးလှသောခရီးကို ဗုဒ္ဓအားဖူးမြင်လိုသောပရိသတ်ကြီးသည် နေ့ချင်းပေါက် လျင်မြန်စွာ ရောက်ရှိသွားနိုင်သည်မှာ ရှင်မောဂ္ဂလာန်မထေရ်၏ အဓိဋ္ဌာန်တန်ခိုးကြောင့် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် နောက်တနေ့နံနက် မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ အရှေ့လောကဓာတ်သို့ မမှိတ်မသုန် ကြည့်ရှုတော်မူလျှက် စကြာဝဠာတသောင်းတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲယာဟင်းလင်းပွင့်လျက် အထင်အရှား မြင်နိုင်ကြကုန်၏။ အထက်ကိုဗြဟ္မာ့ခန္ဓာနှစ်ဆယ်အထိ ဟင်းလင်းပွင့်၏။ အောက်ကိုအဝီစိတိုင်အောင် အထင်အရှား မြင်ကြရကုန်၏။

ထိုနေ့၌ ခပ်သိမ်းသော သတ္တဝါတို့ စကြာဝဠာတိုက်တသောင်း အပိတ်အပင်အတားအဆီးမရှိ ပကတိမျက်စိဖြင့် အထင်အရှား မြင်နိုင်အောင် ဖန်ဆင်းတော်မူသော ဗုဒ္ဓ၏ တန်ခိုးကို "လောကဝိဝရဏပြာဋိဟာ" ဟု ခေါ်သည်။

ထိုအခါ လူတို့သည် နတ်ဗြဟ္မာအပေါင်းကို အထင်အရှားမြင်ကြသလို နတ်ဗြဟ္မာအပေါင်းတို့ကလည်း လူတို့ကို အထင်အရှား မြင်ကြရကုန်၏။ လူနှင့်ဗြဟ္မာတို့သည် အချင်းချင်းငုံ၍ရှင်း၊ မော်၍ရှင်း၊ မကြည့်ရ၊ ရှေ့ရှုတူရှု အရပ်လေးမျက်နှာ၌ အထင်အရှား မြင်ကြရခြင်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် အလယ်ဖြစ်သော ပတ္တမြားစောင်းတန်းမှ သက်ဆင်းတော်မူ၏။ နတ်ပြည်ခြေခက်ထပ်မှ နတ်တို့သည် လက်ဝဲဘက်ငွေစောင်းတန်းမှ ဆင်းသက်ကြကုန်၏။ သုဒ္ဓါဝါသ ဗြဟ္မာ သဟံပတိစသော ဗြဟ္မာတို့သည် လက်ျာဘက်ရွှေစောင်း တန်းဖြင့် ဆင်းသက်ကြကုန်၏။

တာဝတိံသာနတ်မင်းကြီးသည် သပိတ်နှင့် သင်္ကန်းတော်ကို လွယ်၍ ဆင်း၏။ သဟံပတိဗြဟ္မာကြီးသည် ဗုဒ္ဓမြတ်စွာအား ထီးဖြူကိုမိုးလျက် လိုက်ပါ၏။ သုယာမနတ်မင်းသည် စာမရီ သားမြီးယပ်ဖြင့် ဗုဒ္ဓအား ယပ်ခတ်လျက် လိုက်ပါ၏။ ပဉ္စသိခ နတ်သားသည်သည် ဗေလုဝစောင်းသံဖြင့် ပူဇော်လျက် လိုက်ပါ၏။

ထိုနေ့၌ ဗုဒ္ဓမြတ်စွာကို ဖူးမြော်ရကုန်သောသူတို့သည် သမ္မာ သမ္ဗောဓိ ဗုဒ္ဓဆုကို မတောင်းမိသူဟူ၍ မရှိ၊ ခပ်သိမ်းသော သူတို့ ဗုဒ္ဓဆုကို မလွတ်တမ်းတောင်းကြသူချည်း ဖြစ်ကုန်၏။ ဤနေရာ၌ ဗုဒ္ဓသည် အာဝိဘာဝပြာဋိဟာ တန်ခိုးကို ပြတော်မူသည်။

သီဟိုဠ်ကျွန်းဝါလင်္ကရအရပ်၌ သီတင်းသုံးတော်မူသော ဓမ္မ ဒိန္နထေရ်သည် တိဿ ကျောင်းတိုက် စေတီပြင်၌ နေ၍ အပဏ္ဏကသုတ်ကို ဟောတော်မူပြီးနောက် ယပ်တောင်ကို ချထား လိုက်သည်နှင့်တပြိုင်နက် အဝီစိတိုင်အောင် တပြင်တည်း ဟင်း လင်းပွင့်သွား၏။ ယပ်တောင်ကို အထက်သို့မြှောက်လိုက်သော အခါ ဗြဟ္မာပြည်တိုင်အောင် တပြင်တည်း ဟင်းလင်း ပွင့် သွား၏။

တိရောဘာဝပြာဋိဟာကို ဖန်ဆင်းလိုသော ယောဂီတို့သည် "တိရောကုဋ္ဋ-ဟောတု တိရောပါကာရံဟောတု တိရောဘာဝံ ဟောတု" ဟု ပရိကံပြု၍ အဓိဋ္ဌာန်စိတ်ဖြင့် ဖန်ဆင်းရသည်။ ထိုအဓိဋ္ဌာန်စိတ်နှင့်အဟူ အကွယ်အကာ အတားအဆီးတို့သည် ဖြစ်ရကုန်၏။

ဗုဒ္ဓသည် အနီး၌ရှိသော ယသ သတို့သားကို အဖမမြင်ရအောင် ကွယ်ထားခြင်း၊ သောတာပန်အမတ်တထောင်နှင့်တကွ အနာဂါမိတည်ပြီးသော မဟာကပ္ပိနမင်းကြီးထံသို့ အမတ်တထောင်ခြံရံလျက်လိုက်လာသော အနောဇာဒေဝီ မိဖုရားကြီးတို့မမြင်နိုင်အောင် ကွယ်ထားခြင်း၊ ရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ ရောက်ခါစ မိမိနှင့်တကွ နေခက်ပါအားလုံးကို ဒေဝါနံပိယတိဿမင်းကြီး မမြင်နိုင်အောင် ဖန်ဆင်းခြင်းစသည်တို့သည် "တိရောဘာဝကရဏပြာဋိဟာစ" မည်၏။

တန်ခိုးရှင် ထင်ရှားသော ပြာဋိဟာကို အာဝိဘာဝပြာဋိဟာဟု ခေါ်သည်။ တန်ခိုးရှင်ထင်ရှားမရှိသော ပြာဋိဟာကိုတိရောဘာဝပြာဋိဟာဟု ခေါ်သည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ တန်ခိုးပြာဋိဟာသည် အရိယသာဝကတို့နှင့် မဆက်ဆံသော (ဝါ)မတူသော (ဝါ) အလွန်ထူးခြားသော ပါကဋယမိုက်ပြာဋိဟာ ဖြစ်သည်။

ထို့ကြောင့်—

"ဤသာသနာတော်၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့် လုံးဝ ဆက်ဆံခြင်းမရှိသော ယမိုက်ပြာဋိဟာကို ပြတော်

မူ၏။ ကိုယ်တော်အထက်ပိုင်းက မီးအလျှံဖြစ်၍ ကိုယ်တော် အောက်ပိုင်းက ရေအလျဉ်ဖြစ်၏။”ဟု ဝိသုဒ္ဓိမဂ်၌ မိန့်သည်။

ယမိုက်ပြာဋိဟာဆိုသည်မှာ ယမက = အစုံ × ပြာဋိဟာ= တန်ခိုး၊ ရေနှင့်မီးအစုံကို တပြိုင်တည်း ဖန်ဆင်းနိုင်သော တန်ခိုး ကို ခေါ်သည်။ ဤယမိုက် ပြာဋိဟာမျိုးကို မည်သည့်တပည့် သာဝကမျှ မပြုလုပ်နိုင်၊ ဤယမိုက်ပြာဋိဟာ၌ တန်ခိုးရှင်လည်း ရှား၏။ တန်ခိုးလည်းထင်ရှား၏။

မထင်ရှားသော ပြာဋိဟာ၌ တန်ခိုးသာထင်ရှား၏။ တန်ခိုး ရှင် မထင်ရှား၊ ယင်းအပါကဋ္ဌပြာဋိဟာကို သင်္ကဿနဂုဏ်သံယုတ်၊ စိတ္တဂဟပတိသံယုတ်၊ မဟာကထေရ်သုတ်ဖြင့် ရှင်းညွှန်ပြတော် မူသည်။ ယင်းသုတ်၌ မဟာကထေရ်သည်ရှင်း၊ ဗုဒ္ဓရှင်မြတ်သည် ရှင်း၊ တန်ခိုးထင်ရှား၏၊ တန်ခိုးရှင်က မထင်ရှား။

စိတ္တသူကြွယ်က အရှင်မဟာကထေရ်ကို “အရှင်ဘုရား....၊ ကျွန်ုပ်တောင်းပန်ပါ၏။ လူတို့၏ ဥတ္တရိမနုဿဓမ္မဆယ် ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ကျွန်ုပ်အား ပြတော်မူပါလော့”ဟု လျှောက်၏။

“အို....သူကြွယ်၊ ကျောင်းခန်း၌ အပေါ်ရုံဘက်ကိုခင်း၍ မြက်ကိုကြဲဖြန့်ချေလော့”ဟု မိန့်၏။

သူကြွယ်သည်လည်း ဝန်ခံလျက် မထေရ်မိန့်သည့်အတိုင်း ပြုလုပ်၏။ မထေရ်ကျောင်းတိုက် အတွင်းသို့ ဝင်သောအခါ သော့ကာက်ပေါက်တံခါးဘောင်တို့မှ ထွက်သော မီးအလျှံ ထွက်၍ ဖြန့်ခင်းထားသော တဘက်ပေါ်မှ မြက်တို့ကို လောင် ကျွမ်းစေ၏။

တဘက်ကိုလောင်ကျွမ်းစေခြင်းအလျဉ်းမရှိ။ ဤပြာဠိဟာ၌ တန်ခိုးသာထင်ရှားလျက် တန်ခိုးရှင် မထင်ရှားသောကြောင့် "တိရောဘာဝအပါကဋပြာဋိဟာ" ဟု ခေါ်သည်။

ဗုဒ္ဓသည် အပါကဋပြာဋိဟာကို ပြတော်မူသော သာဓကမှာ -

"အို....ရဟန်း၊တို့၊ ဗြဟ္မာဘုံသို့ ရောက်လေသောအခါ၌၊ ငါဘုရားသည် ထိုသို့သဘောရှိသောတန်ခိုးဖန်ဆင်း၊ခြင်းကို၊ပြုပြီး ဤမျှသောတန်ခိုးကိုဖန်ဆင်းခြင်းဖြင့် ဗြဟ္မာသည်ရင်း၊ ဗြဟ္မာ၏ ပရိသတ်သည်ရင်း၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့သည်ရင်း၊ ငါ့အသံကိုသာ ကြားရကုန်လတံ့၊ ငါဘုရားကိုကား မမြင်ကြရကုန်လတံ့" ဟု မိန့်တော်မူ၏။

မူလပဏ္ဏာသပါဠိ စူဠယမကဝဂ်—၄၀၅။

ဗြဟ္မာတို့မမြင်နိုင်အောင်ကွယ်၍ပြသောတန်ခိုးသည် "အပါကဋတိရောဘာဝပြာဋိဟာ" မည်၏။ ဤတန်ခိုး၌ တန်ခိုးသာ ထင်ရှား၏။ တန်ခိုးရှင် မထင်ရှားဟုမှတ်။

**အကွယ်အကာနံရံ၊တံတိုင်း၊တောင်တို့ကိုထွင်းဖေါက်လျက် ဖြတ်သန်းသွားလာနိုင်အောင် ဖန်ဆင်းပုံ**

အိမ်နံရံ၊ အုတ်တံတိုင်း၊ သံတံတိုင်း၊ ကျောက်တောင် စသည် တို့ကို အပိတ်အပင် အတားအဆီးမရှိ၊ ဖြတ်သန်းသွားနိုင်အောင် ဖန်ဆင်းလိုသော ယောဂီကည် "တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ" ဟူသော ဒေသနာတော်နှင့်အညီ အာကာသကသိုဏ်း၌

ပါဒကစျာန်ကို ဝင်စားပြီးနောက် "အာကာသော ဟောတု အာကာသော ဟောတု"ဟု သရဇ္ဈာယ်လျက် ပရိကံပြုရ၏။

ယင်းသို့ ပရိကံပြုပြီးနောက် ဒုတိယအကြိမ် အဘိညာပါဒကံစျာန်ဝင်စားပြီး၊ စျာန်မှထ၍ အဓိဋ္ဌာန်စိတ်နှင့်တကွ အုတ်တံတိုင်း၊ တောင် စသည်တို့ ဟင်းလင်းပွင့်ကုန်၏။

ထိုအခါ တန်ခိုးရှင်သည် မိမိပရိကံပြုရာ အပိုင်းအခြား အတွင်း၌ နံရံ၊ မီးတား၊ အုတ်တံတိုင်း၊ တော၊ တောင်စသည့် အပိတ်အပင် အဆီးအတားဟူသမျှတို့ကို ဖေါက်ထွင်းလျက် လိုရာသို့ သွားရောက်နိုင်၏။

## မြေလျှိုးနိုင်အောင်ဖန်ဆင်းပုံ

ပကတိသောမြေအပြင်၌ ငုတ်ချည် ပေါ်ချည် ပြုလုပ်နိုင်ရန် ဖြစ်စေ၊ သို့မဟုတ် ငုတ်လျှိုးသွားနိုင်ရန်ဖြစ်စေ ဖန်ဆင်းလိုသော ယောဂီသည် "ပထဝီယာစပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ" ဟူသော ပဋိသမ္ဘိဒါမဂ် ဒေသနာတော်နှင့်အညီ အာပေါကသိုဏ်းကို ဝင်စားပြီးနောက် "တွေကဌာနေ ပထဝီ ဥဒကံဟောတု" ဟု သရဇ္ဈာယ်၍ ပရိကံပြုရ၏။

ထို့နောက် အဓိဋ္ဌာန်နှင့်တကွ ဖန်ဆင်းတိုင်း ဖြစ်ရ၏။ ဤကသိုဏ်းပရိကံ၌ ရေမျှသာမဟုတ်သေး။ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ စသည်တို့ကိုလည်း ဖန်ဆင်းနိုင်သည်။ အဓိဋ္ဌာန် စိတ်ဖြင့် ပြီးသော ထောပတ်သည် ထောပတ်အစစ်သာလျှင်

ဖြစ်၏။ ဆီ၊ ပျားရည် စသည်တို့သည်လည်း ဆီ၊ ပျားရည် ဆေးစစ်တို့သာလျှင် ဖြစ်ကုန်၏။

ဖန်ဆင်းဘူးသောသာဓကမှာ—

တနေ့သောအခါ အရှင်မဟာ အနုရုဒ္ဓထေရသည် ဂင်္ဂါမြစ်အနီး၌ ဟင်းလျာမပါ ဆွမ်းချည်းသာ ဘုဉ်းပေးနေကြရကုန်သော ရဟန်းအပေါင်းတို့ကိုမြင်၍ "ဤမြစ်ရေသည် ထောပတ်ကြည် ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်စိတ်နှင့်တကွ ဖန်ဆင်းလိုက်၏။

ပရိက ပိုင်းခြားထားသောအတွင်း၌ မြစ်ရေဟူသမျှ ပကတိသော ထောပတ်ဆီကြည် ဖြစ်ကုန်၏။ ထိုအခါ မထေရ်ကသာမဏေတို့အား ထောပတ်ကိုမြင်အောင် အမှတ်သညာပေးတော်မူ၏။ ထောပတ်ကို မြင်ကြရကုန်သော သာမဏေတို့သည် မြစ်ထဲမှ ထောပတ်ကို သပိတ်ဖြင့်ဆောင်ယူ၍ ဗလာချည်းဆွမ်းဘုဉ်းပေးနေကြရသော ရဟန်းတို့အား ကပ်ကုန်၏။ ရဟန်းသာမဏေအားလုံးတို့သည် အနံ့အရသာနှင့်ပြည့်စုံသော ထောပတ်ကြည်ကို သုံးဆောင်ကြရကုန်၏။

ပကတိသော မြေအပြင်၌ တန်ခိုးရှင် ယောဂီအလိုရှိပါက အာပေါကသိုဏ်း၏ အစွမ်းဖြင့် ငုပ်ခြင်း၊ ပေါ်ခြင်းကို ပြုနိုင်ရုံမျှမက ရေချိုးနိုင်၏။ ရေသောက်နိုင်၏။ အဝတ်သင်္ကန်း၊ စသည်တို့ကို လျှော်ဖွပ်နိုင်၏။ အလိုရှိသမျှ ပြုလုပ်နိုင်သည်သာတည်း။

**ရေပေါ်သွားခြင်း၊ မိုးပျံခြင်းတို့ကို ဖန်ဆင်းပုံ**

ပကတိရေအပြင်၌ လမ်းလျှောက်၍ သွားလိုသော် ယောဂီသည် "ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝီယံ" ဟူသော ဒေသနာနှင့်အညီ "တွေ့ကော ဌာနေ ဥဒကံ ပထဝီ ဟောတု"ဟု သရဇ္ဈာယ်လျက် ပထဝီကသိုဏ်းကို ဝင်စား၍ ပရိကံပြုရ၏။

ထိုအခါ ယောဂီပိုင်းခြားထားသောအတွင်း၌ အဓိဋ္ဌာန်စိတ်နှင့်တကွ ရေသည် မြေအတိ ဖြစ်ရ၏။ တန်ခိုးရှင်သည် မိမိ ဖန်ဆင်းအပ်သော ရေအပြင်၌ လျှောင်း ထိုင် ထသွား ဣရိယာပုထ်လေးပါးလုံးကို ပြုလုပ်နိုင်၏။

ပကတိသောကောင်းကင်ဟာပြင်၌ လျှောင်းထိုင် ထသွား ဣရိယာပုထ်လေးပါးတို့ကို ပြုလိုသော ယောဂီသည် ပထဝီကသိုဏ်းကိုဝင်စား၍ "တွေ့ကောဌာနေ အာကာသ ပထဝီ ဟောတု"ဟု ပရိကံပြုရ၏။ ထို့နောက် အဓိဋ္ဌာန်စိတ်နှင့်တကွ ပကတိသော ကောင်းကင်ပြင်၌ မြေဖြစ်၏။

ပတ္တမြား၊ ရွှေ၊ ငွေ၊ ဟော၊ တောင်၊ သစ်ပင် စသည်တို့ကို ဖန်ဆင်းလိုသော ယောဂီသည် အထက်ပါနည်းအတိုင်း ပထဝီကသိုဏ်းကို ဝင်စားပြီးနောက် ပရိကံပြုရ၏။ အဓိဋ္ဌာန်စိတ်နှင့်တကွ ဖန်ဆင်းလိုတိုင်း ဖြစ်သည်သာတည်း။

အာကာသ၌ သွားလိုသော ယောဂီသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိထားရန်လိုသည်။ အဘယ့်ကြောင့် ဆိုသော် သွားလို

ရောက်လိုသော ပိုင်းခြားသတ်မှတ်ထားသည့် ပိုင်တိုက်အတွင်း၌ သဘာဝတောတောင်သစ်ပင်တို့လည်း ရှိမည်ဆိုက ရှိတတ်၏။

သို့တည်းမဟုတ် တန်ခိုးကြီးသော နဂါး၊ ဂဠုန်၊ ဂုမ္ဘာဏ်တို့ အမျက်ထွက်၍ တောတောင်သစ်ပင်တို့ကိုလည်း ဖန်ဆင်းတတ်ကုန်၏။ ထိုတောတောင် သစ်ပင်တို့ကို ဒိဗ္ဗစက္ခုဖြင့် ကြိုတင်မြင်နိုင်မှသာလျှင် ဘေးအန္တရာယ်မှ လွတ်ငြိမ်းနိုင်သည်။

ဥတုကြောင့်ရှင်း၊ ပယောဂကြောင့်ရှင်း ဖြစ်တတ်သော တောတောင်သစ်ပင်တို့ကိုမြင်လျှင် အဘိညာဉ် ပါဒကဈာန်ကို လျှင်မြန်စွာဝင်စား၍ ဈာန်မှ ထပြီးနောက် "ကောင်းကင်ဖြစ်စေသတည်း" ဟု ပရိကံပြု၍ အဓိဋ္ဌာန်ရ၏။ ထိုအခါ အဘိညာဉ်ဈာန်စိတ်နှင့်တကွ ကာဆီးပိတ်ဆို့နေသော ထိုတောတောင်သစ်ပင်တို့သည် ပကတိကောင်းကင်အဖြစ်သို့ ရောက်ရှိသွားရ၏။

ထို့အပြင် ကောင်းကင်ခရီးမှသွားသော ယောဂီသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို မရရှိထားပါက မသင့်သောအရပ်၌ သက်ဆင်းမိခဲ့သော် လူအများ တွေ့မြင်သွားတတ်၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့်ကြည့်ပြီးမှ ထိုက်သင့်သောအရပ်သို့ ဆင်းသက်ရသည်။

တိပိဋကစူဠာဘယထေရ်က "အို–ငါ့ရှင်တို့၊ တဖန် သမာပတ်ဝင်စားခြင်းသည် အဘယ်အကျိုးရှိအံ့နည်း" ဟု မိန့်ဆို၏။ သို့သော် တဖန်ဈာန်ဝင်စားခြင်းသည် အပြစ်မရှိ။ ဆရာ့ထံ၌ နည်းယူသည်နှင့် အလားတူ၏ ဟူသော အဋ္ဌကထာ၌ မိန့်ဆိုသည့်အတိုင်းသာလျှင် 'တိရောကုဋ္ဋပြာဋိဟာ' ပြုလုပ်သင့်၏။

## နေလတို့ကိုလက်ဖြင့်သုံးသပ်နိုင်အောင်ဖန်ဆင်းပုံ

ဤဗုဒ္ဓသာသနာတော်၌ အဘိညာဉ်ရပြီးသော တန်ခိုးရှင်သည် မိမိလက်ဖြင့် နေလတို့ကို ကိုင်ဖမ်းပြခြင်း၊ ပွတ်သပ်ပြခြင်း၊ ဆုပ်နယ်ပြခြင်း စသည်တို့ကို ဖန်ဆင်းပြလိုပါက အဘိညာဉ်ပါဒကစျာန်ကိုဝင်စားပြီး စျာန်မှထ၍ "စန္ဒိမ်သူရိယာနံ ဟတ္ထပါသေဟောတု" ဟု ကသိုဏ်းတခုခုကို ပရိကံပြု၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်ရ၏။

အဓိဋ္ဌာန်စိတ်နှင့်တကွ လ- သို့မဟုတ် နေ- သည် မိမိ၏ နှစ်တောင့်ထွာအရပ်၌ ဖြစ်ပေါ်လာရ၏။ ထိုအခါ တန်ခိုးရှင်သည် နေ-လ တို့ကို လက်ဖြင့် ကိုင်နိုင်၏။ သုံးသပ်နိုင်၏။ လှက်ဝါးပေါ်တွင် ပတ္တမြားဝန်းကဲ့သို့ တင်ထားနိုင်၏။

အဝေးကိုအနီးပြုလိုမူ "သန္တိကေဟောတု" ဟုပရိကံပြုရသည်။ တန်ခိုးရှင်သည် နေ-လသို့ သွား၍ သုံးသပ်လိုလျှင် သုံးသပ်နိုင်၏။ သို့မဟုတ် မဟာပထဝီမြေကြီးပေါ်၌ပင် ထိုင်လျက်ဖြစ်စေ၊ အိပ်လျက်ဖြစ်စေ နေ-လတို့ကို သုံးသပ်လိုက သုံးသပ်နိုင်သည်သာတည်း။

လက်ပိုပွားစေ၍ သုံးသပ်ရာ၌ (ဝါ) ကိုင်တွယ်ပြုရာ၌ဥပါဒိန္နရုပ်ကိုမှီ၍ အနုပါဒိန္နရုပ်သာလျှင်ပွား၍ သုံးသပ်ခြင်းဖြစ်သည်။ တန်ခိုးရှင်သည် ယင်းသို့ ဖန်ဆင်းသော်လည်း နေ-လ တို့သည် အသွားအလာ အလင်းရောင် စသည်တို့ပျက်ခြင်း မရှိ။ ပကတိအတိုင်းပင် ရှိ၏။

## တန်ခိုးဖြင့်ဗြဟ္မာ့ပြည်တိုင်အောင်သွားနိုင်ပုံ

"ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေသိ" ဟူသော ပဋိသမ္ဘိဒါမဂ်ဒေသနာတော်အရ အဘိညာဉ်စျာန် သမာပတ်နှင့် ပြည့်စုံပြီးသော တန်ခိုးရှင်သည် ဗြဟ္မာ့ပြည်တိုင်အောင် မိမိကိုယ်ဖြင့်ရင်း၊ သို့မဟုတ် နိမ္မိတရုပ်ပွားကိုလွှတ်၍ရင်း သွားရောက်နိုင်ကြောင်း သိရသည်။

ခရီးဝေးကို စျာန်တန်ခိုးဖြင့် သွားရောက်လိုသော ယောဂီသည် ထုံးစံအတိုင်း ပါဒကစျာန်ကိုဝင်စားပြီး စျာန်မှထ၍ "သန္တိကေဟောတု" ဟု ပရိကံပြုလျက် အဝေးကိုအနီးဖြစ်အောင် ဖန်ဆင်းရသည်။

ဤတန်ခိုးကို ဘယ်သူပြုဘူးသနည်းဆိုသော် ဗုဒ္ဓမြတ်စွာသည် ယမိုက်ပြာဋိဟာအဆုံး၌ တာဝတိံသာသို့ ကြွသောအခါ ရှင်မောဂ္ဂလာန်မထေရ်သည် သာဝတ္ထိပြည်မှ တဆယ့်နှစ်ယူဇနာရှိသော ပရိသတ်ကိုခေါ်၍ ယူဇနာသုံးဆယ်ဝေးသော သင်္ကဿနဂိုရ်ပြည်သို့ ကြွသောအခါ သီဟိုဠ်ကျွန်းမှ စူဠသမုဒ္ဒထေရ်သည် ရဟန်းခုနစ်ရာနှင့်အတူ ပါဋလိပုတ်ပြည်သို့ဆွမ်းခံကြွသောအခါ တိဿဒတ္တထေရ် ညနေချမ်းအခါ မဟာဗောဓိသို့ ပူဇော်ရန် ကြွသောအခါ အဝေးကို အနီးဖြစ်အောင် ဖန်ဆင်းဘူးသည်။

စျာန်အဘိညာဉ်နှင့်ပြည့်စုံပြီးသော ယောဂီသည် အနီးကို အဝေးဖြစ်အောင် ဖန်ဆင်းလိုမူ ထုံးစံအတိုင်း ပါဒကစျာန်ကို ဝင်စားပြီး စျာန်မှထ၍ "ဒူရေဟောတု-ဒူရေဟောတု" ဟု ပရိကံပြုရ၏။ အများကို အနီးဖြစ်အောင် ဖန်ဆင်းလိုမူ "ထောက်

ထေကံ ဟောတု ဟောတု” ဟု ပရိကံပြုရ၏။ အနည်းကိုအများဖြစ်အောင်ဖန်ဆင်းလိုမူ “ဗဟုကံ ဟောတု”ဟုပရိကံပြုရ၏။

မချိသည်ကို ချိအောင်ဖန်ဆင်းလိုမူ ‘မဓုရံဟောတု မဓုရံဟောတု’ဟု ပရိကံပြုရ၏။ ပရိကံပြုရာတွင် ပါဠိကိုသိလျှင်ပုဒ်ပြောင်းရလွယ်သည်ချည်းဖြစ်၏။

ဗြဟ္မာ၏ အဆင်းကိုမြင်လိုလျှင် အသံကိုကြားလိုလျှင် စိတ်အကြံကိုသိလိုလျှင် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတော ပရိယဟူသော အဘိညာဉ်သုံးပါးတို့ကို ဝင်စားရသည်။

ဗြဟ္မာပြည်သို့ ကိုယ်တိုင်ထင်ရှား နှေးနှေး သွားလိုသောယောဂီသည် ပါဒကစျာန်ကိုဝင်စားပြီး ဈာန်မှထ၍ ‘ရူပံစိတ္တံကာယောဝိယ ဒဠှဂမံနံဟောတု’ဟု ပရိကံပြုရသည်။

ဗြဟ္မာပြည်သို့တန်ခိုးရှင်၏ပကတိကိုယ်ဖြင့်
နှေးနှေးသွားရာ၌သွားနည်းနှစ်မျိုးရှိသည်

၁။ ကောင်းကင်၌ လမ်းခရီးဖန်ဆင်းလျက် ခြေဖြင့်သွားခြင်း။

၂။ လေကိုဖန်ဆင်း၍ ဂွမ်းကိုလေဖြင့်လွင့်မျှော်သယ်ဆောင်သကဲ့သို့ ရွေ့လျားသွားခြင်း။

အထက်ပါသွားနည်း နှစ်မျိုးတွင် အဓိဋ္ဌာန်စိတ်ဖြင့် လျင်မြန်စွာသွားနည်းကိုထည့်လျှင် သွားနည်းသုံးမျိုးရှိသည်။ သွားလိုသည့်နေရာကို ကောင်းကင်လမ်းခရီးနှင့် လေတို့ကို မဖန်ဆင်း ဘဲ အဟုန်ဖြင့် ပစ်လွှတ်သော မြှားကဲ့သို့ ပကတိကိုယ်ထင်ရှားအဓိဋ္ဌာန်စိတ်ဖြင့်သွားနိုင်သည်။

## လျင်မြန်ပေါ့ပါးစွာ သွားလာနိုင်အောင်ဖန်ဆင်းပုံ

မိမိကိုယ်ကိုကွယ်ဖျောက်လျက် စိတ်ကဲ့သို့အလွန်လျင်မြန်စွာ သွားလိုသော ယောဂီသည် ပါဒကစျာန်ကိုဝင်စားပြီး ဈာန်မှ ထ၍ 'အယံကာယော စိတ္တံ ဝိယ သီဃဂမနောဟောတု'ဟု ပရိကံပြုရသည်။

တန်ခိုးရှင်သည် မိမိကိုယ်ကို ကွယ်ဖျောက်လျက် စိတ်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာ ဗြဟ္မာပြည်သို့သွားရာတွင် နည်းနှစ်မျိုးရှိသည်။

၁။ တန်ခိုးရှင်၏ ပကတိကိုယ်ဖြင့် သွားရောက်ခြင်း။
၂။ နိမ္မိတရုပ်ကို စေလွှတ်၍သွားခြင်း။

## ဈာန်တန်ခိုးဖြင့်သွားခြင်းကိုစိတ္တက္ခဏဖြင့်ခွဲပုံ

တန်ခိုးရှင် အဓိဋ္ဌာန်စိတ်၏ ခဏငယ်သုံးချက် စိတ္တက္ခဏ တချက်တွင် သွားရန်အားထုတ်မှုသာပြီးမြောက်၏။ သွားခြင်း ကိစ္စမပြီးသေး။ အဓိဋ္ဌာန်စိတ်၏ စိတ္တက္ခဏငါးချက် ခဏငယ် ၁၅-ချက်သို့ ရောက်မှသာ သွားခြင်းကိစ္စ လုံးဝပြီးမြောက်၍ လိုရာဌာနသို့ရောက်သည်။ စိတ်သည် အလွန် လျင်မြန်သော ကြောင့် စိတ္တက္ခဏတချက် ခဏငယ်သုံးချက်တွင် သွားခြင်းကိစ္စ မပြီးမြောက်နိုင်။

## နိမ္မိတရုပ်၏သဘောတရားများ

နိမ္မိတရုပ်ဖန်ဆင်းရာ၌ နိမ္မိတရုပ်မှာ မျက်စိ၊ နား၊ နှာခေါင်း စသည်အင်္ဂါရုပ်အားလုံးတို့နှင့်ပြည့်စုံသော်လည်း ပသာဒရုပ်မရှိ။

သာဝကတို့၏ နိမ္မိတရုပ်မှာ တန်ခိုးရှင်နှင့်တူစွာ တန်ခိုးရှင်ပြုသကဲ့သို့သာ လိုက်၍ပြုရသည်။

ဗုဒ္ဓမြတ်စွာ၏ နိမ္မိတရုပ်မှာမူ ဗုဒ္ဓ၏ အလိုတော်အတိုင်းသာဖြစ်ရသည်။ ဥပမာ ဗုဒ္ဓမြတ်စွာက ဒေသစာရီကြွ၍ ဆွမ်းခံသွားသော်လည်း နိမ္မိတရုပ်မှာ နတ်ပြည်၌ တရားဟောနေရသည်။

ဤသို့ တန်ခိုးရှင်ချင်းတူသော်လည်း တန်ခိုးအရာ၌ ခြားနားနေသည်မှာ ဗုဒ္ဓ၏တန်ခိုးသည် အတုမရှိသောကြောင့်တည်း။

တန်ခိုး ၁၄-မျိုး သရုပ်ခွဲပုံ

(၁) အဝေးကိုအနီးဖြစ်အောင် ဖန်ဆင်းခြင်း။
(၂) အနီးကိုအဝေးဖြစ်အောင်ဖန်ဆင်းခြင်း။
(၃) အများကို အနည်းဖြစ်အောင်ဖန်ဆင်းခြင်း။
(၄) အနည်းကိုအများဖြစ်အောင်ဖန်ဆင်းခြင်း။
(၅) မရှိသည့် ဝတ္ထုကို ရှိအောင်ဖန်ဆင်းခြင်း။
(၆) အဝေးမှ အဆင်းကိုမြင်နိုင်အောင်ဖန်ဆင်းခြင်း။
(၇) အဝေးမှ အသံကိုကြားနိုင်အောင်ဖန်ဆင်းခြင်း။
(၈) သူတပါးစိတ်အကြံကို သိနိုင်အောင်ဖန်ဆင်းခြင်း။
(၉) မိမိ၏ပကတိကိုယ်ဖြင့် ဗြဟ္မာ့ပြည်အထိ နွေးနွေးသွားနိုင်အောင်ဖန်ဆင်းခြင်း။
(၁၀) ကိုယ်ကိုမထင်ရှားစေပဲ စိတ်ကဲ့သို့လျင်မြန်စွာ ဗြဟ္မာ့ပြည်သို့ သွားနိုင်အောင် ဖန်ဆင်းခြင်း။

(၁၁) ဗြဟ္မာတို့၏ရှေ့၌ နိမ္မိတရုပ်ကို တန်ခိုးရှင်ပြုလုပ်သကဲ့သို့ ပြုလုပ်နိုင်အောင်ဖန်ဆင်းခြင်း။

(၁၂) ဗြဟ္မာတို့၏ရှေ့၌ နိမ္မိတရုပ်ကို တန်ခိုးရှင်ကဲ့သို့ တေဇောကသိုဏ်းဝင်စားလျက် အခိုးအလျှံလွှတ်နိုင်အောင်ဖန်ဆင်းပြခြင်း။

(၁၃) ဗြဟ္မာတို့၏ရှေ့၌ နိမ္မိတရုပ်ကို တန်ခိုးရှင်ကဲ့သို့ တရားဟောခြင်း၊ ပြဿနာမေးခြင်း၊ ဖြေခြင်း၊ ပြုလုပ်နိုင်အောင်ဖန်ဆင်းခြင်း။

(၁၄) ဗြဟ္မာတို့၏ရှေ့၌ နိမ္မိတရုပ်ကို တန်ခိုးရှင်ကဲ့သို့ ဗြဟ္မာနှင့်တကွ ရပ်စေ၍ စကားပြောခြင်း၊ ဆွေးနွေးခြင်းပြုလုပ်နိုင်အောင်ဖန်ဆင်းခြင်း။

မှတ်ချက်။ ။အမှတ် ၁၁-မှ ၁၄-အထိ ဈာန်တန်ခိုးများသည် ဗြဟ္မာ၏ ရှေ့မှောက်၌ နိမ္မိတရုပ်ကို လေးမျိုးလေးစားခွဲ၍ ဖန်ဆင်းပြသောတန်ခိုးများ ဖြစ်သည်။ (အမှတ်[၅]တွင် မရှိသည့်ဝတ္ထု အစားမှချိသည့်ဝတ္ထုဟုပြင်ဖတ်ပါ။)

ဤတန်ခိုး ၁၄-မျိုးအနက် အမှတ် ၁၁၊ ၁၂၊ ၁၃-များသာလျှင် ကိုယ်ကာယဖြင့် မိမိအလိုကို တိုက်ရိုက်ဖြစ်စေသောကြောင့် 'ကာယေန ဝသဝတ္တန' တန်ခိုးမည်ကြောင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ညွှန်ပြတော်မူသည်။

ဤတန်ခိုး ၁၁-ပါးမှာ စိတ်၏အစွမ်းဖြင့်သာလျှင် ဖြစ်ရသော တန်ခိုးဖြစ်သည်၊ သို့သော် ကိုယ့်အလိုလိုက်စေသော 'ကာယေန ဝသ ဝတ္တန' တန်ခိုး၏ ရှေ့သွား ဦးဆောင်ဖြစ်

သောကြောင့် 'ကာဝေယန ဝသ ဝတ္တန' တန်ခိုးဟူသောအမည်ကို ရသင့်ရထိုက်၏။

မဟာဋီကာဆရာက ပြဟ္မာ၏ရှေ့မှောက်၌ နိမ္မိတရုပ်ကို ဖန်ဆင်းပြခြင်းသည် "ဤသူသည် တန်ခိုးရှင်ပေလော၊ နိမ္မိတ ရုပ်ပေလော"ဟု ပြဟ္မာတို့ကိုပင် ယုံမှား သံသယဖြစ်လောက် အောင် အထွတ်အထိပ်ဖြစ်သော တန်ခိုးမည်၏ဟု မိန့်သည်။

မှတ်ချက်။ ။တန်ခိုးရှင်ချင်းတူသော်လည်း အချို့နှေး၏။ အချို့မြန်၏။ တန်ခိုးဖန်ဆင်းရာ၌ အလွန် လျင်မြန်စွာ ဖန်ဆင်းနိုင်စွမ်းသော ခိပ္ပနိသန္တိ ပုဂ္ဂိုလ်သည်တန်ခိုးရှင်တသောင်းတွင်တယောက် ရှိခဲသည်။ ဤလောကီတန်ခိုးကိုအားထုတ်ရာတွင် အလွန်လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော ခိပ္ပ နိသန္တိပုဂ္ဂိုလ်ဖြစ်အောင် အလွန်ကြိုးစားယူရ၏။

## အလွန်ထူးခြားသောတန်ခိုးနှစ်မျိုး

ထူးခြားသောတန်ခိုးနှစ်မျိုးမှာ ဝိကုဗ္ဗနဣဒ္ဓိနှင့် မနောမယိဒ္ဓိ တို့ဖြစ်သည်။ ယင်းတန်ခိုးနှစ်မျိုးသည် အဓိဋ္ဌာန်စိတ်၏ အစွမ်း ဖြင့် ဖြစ်ရသော်လည်း အဓိဋ္ဌာန်တန်ခိုးနှင့်ရင်း၊ အချင်းချင်း သည်ရင်း၊ ကွဲပြားထူးခြားပုံမှာ....

## ဝိကုဗ္ဗနတန်ခိုးအဖွင့်

ဝိ = အထူးထူး။ ကုဗ္ဗန = ပြုသည်။ ဣဒ္ဓိ = တန်ခိုး။ ဝိကုဗ္ဗနိဒ္ဓိ = အထူးထူး အပြားပြား ပြုလုပ်ဖန်ဆင်းနိုင်သော တန်ခိုးမည်၏။

မိမိ၏ ပကတိသဏ္ဍာန်ကိုပယ်ဖျောက်၍ လူငယ်၏အသွင်သဏ္ဍာန်၊ နဂါးသဏ္ဍာန် စသည်ဖြင့် ဖန်ဆင်းခြင်း၊ မိမိကိုယ်ကို ဖန်ဆင်းခြင်းမပြုပဲ တခြား ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ နဂါး၊ ဘီလူး စသည်ဖြင့် အထူးထူး အပြားပြား ဖန်ဆင်းနိုင်စွမ်းသော တန်ခိုးကို ဝိကုဗ္ဗနိဒ္ဓိ ဝိကုဗ္ဗနဣဒ္ဓိဟု ခေါ်သည်။

ထို့ကြောင့်—

"ဝိကုဗ္ဗနံ တာဝ ကရောန္တေန သော ပကတိ ဝဏ္ဏံ ဝိဇဟိတွာ ကုမာရ နာဂ ဒေဝ ဗြဟ္မာ သမုဒ္ဒ ပဗ္ဗတ။ အသာဒီသုပိ ဧသော ဝ န ယောတိအယံ ဝိကုဗ္ဗနာဣဒ္ဓိ" ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဖွင့်ချက်ကို-

တာဝ၊ ရှေးဦးစွာ။ ဝိကုဗ္ဗနံ၊ အမျိုးမျိုး ဖန်ဆင်းခြင်းကို။ ကရောန္တေန၊ ပြုသောသူသည်။ သော၊ ထိုတန်ခိုးရှင်သည်။ ပကတိဝဏ္ဏံ၊ မိမိ၏ ပကတိသဏ္ဍာန်ကို။ ဝိဇဟိတွာ၊ ပယ်စွန့်၍။ ကုမာရကဝဏ္ဏံ ဝါ၊ သူငယ်သဏ္ဍာန်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ နဂါ၊ ဂဠုန်၊ အသူရာ၊ သိကြား၊ နတ်၊ ဗြဟ္မာ၊ သမုဒ္ဒရာ၊ ကျောက်တော်၊ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ သဏ္ဍာန်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ ဟတ္ထိမ္ပိ၊ ဆင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ အဿမ္ပိ၊ မြင်းကိုလည်း။ ရထမ္ပိ၊ ရထားကိုလည်း။ ပတ္တိမ္ပိ၊ ခြေသည်သူရဲကိုလည်း။ ဒဿေတိ၊ ပြ၏။ ဝိဝိဓံ၊ အထူးထူးသော။ သေနာဗျူဟမ္ပိ၊ စစ်သည် အပေါင်းကိုလည်း။ ဒဿေတိ၊ ပြ၏။

ဣတိ ဧဝံ၊ ဤသို့။ ဝုတ္တာသု၊ ဆိုအပ်ခဲ့သော။ ကုမာရကဝဏ္ဏာဒီသု၊ သူငယ်သဏ္ဍာန်အစရှိသည်တို့တွင်။ ယံယံ၊ အကြင်ကြင်

သဏ္ဌာန်ကို။ အာကင်္ခတိ၊ အလိုရှိ၏။ တံတံ၊ ထိုထိုသဏ္ဌာန်ကို။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်အပ်၏။

အဓိပ္ပါယ်မှာ- အထူးထူး အပြားပြား၊ ဖန်ဆင်းလိုသော တန်ခိုးရှင်သည် မိမိ၏ပကတိသဏ္ဌာန်ကိုစွန့်၍ သူငယ်၊ နဂါး၊ ဂဠုန်၊ နတ်၊ ပြဟ္မာ၊ ခြင်္သေ့၊ ကျား စသည်ဖြင့် ဖန်ဆင်းလိုလျှင် ပါဒကစျာန်ကိုဝင်စားပြီးနောက် ပရိကံပြု၍ အဓိဋ္ဌာန်ရမည်။ ထို့နောက် မိမိလိုသော အသွင်သဏ္ဌာန်သို့ရောက်၏ဟုဆိုလိုခြင်း ဖြစ်သည်။

ယင်းသို့ အဓိဋ္ဌာန်သော ယောဂီသည် ပထဝီကသိုဏ်းစသည် တို့တွင် မိမိအလိုရှိသော ကသိုဏ်းကို ပရိကံပြု၍ အဘိညာဉ် ပါဒကစျာန်ကို ဝင်စားရ၏။ ထိုစျာန်မှထပြီး မိမိ ဖန်ဆင်းလို သော သဏ္ဌာန်ကို နှလုံးသွင်းလျက် ပရိကံအဆုံး၌ တဖန်ပါဒက စျာန်ကို ပြန်ဝင်စားရ၏။ ထိုစျာန်မှထပြီး အဓိဋ္ဌာန်သော် အဓိဋ္ဌာန်စိတ်နှင့်တကွ မိမိအလိုရှိသော သဏ္ဌာန်ဖြစ်ပေါ်လာ ရ၏။

မှတ်ချက်။ ။ဆင်၊ မြင်း၊ ခြေသည်သူရဲ၊ သေနင်္ဂဗျူဟာ အတတ်တို့ကို ဖန်ဆင်းလိုလျှင် မိမိ၏ပကတိ ကိုယ်ကို စွန့်ရန်မလိုပဲ တခြား သက်သက် အလို ရှိသလို ဖန်ဆင်းပြနိုင်သည်။ ဤကား ဝိကုဗ္ဗန ဣဒ္ဓိတန်ခိုး၏ ထူးခြားချက်တည်း။

**မနောမယိဒ္ဓိ တန်ခိုးအဖွင့်**

မနောမယိဒ္ဓိကို (မနောမယ×ဣဒ္ဓိ)ဟု ပုဒ်ဖြတ်။ မနော မယ=စိတ်ဖြင့်ပြီးသော×ဣဒ္ဓိ=တန်ခိုး၊စိတ်ဖြင့်ပြီးသောတန်ခိုး ဟု ခေါ်သည်။

တန်ခိုးရှင်နှင့် အသွင်သဏ္ဌာန်တူသော ခန္ဓာကိုယ်တခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မိမိ၏ခန္ဓာကိုယ်အတွင်းမှ ထွင်း ဖေါက် ပေါ်ထွက်လာပုံကို ဖန်ဆင်းပြသောတန်ခိုးကို မနော မယိဒ္ဓိ တန်ခိုးဟု ခေါ်သည်။

စိတ်ဖြင့် ပြီးသောကိုယ်ကို ဖန်ဆင်းလိုသော တန်ခိုးရှင်သည် ပါဒကစျာန်ဝင်စားပြီး စျာန်မှထ၍ မိမိ၏ ကရဇကာယကို ရှေ့ဦးစွာ ဆင်ခြင်လျက် "အယံကာယေသုသိရေဟောတု" ဟု ပရိကံပြုလျက် အဓိဋ္ဌာန်စိတ်နှင့်တကွ အခေါင်းရှိသောကိုယ် ဖြစ်လာ၏၊

ထိုအခါ တန်ခိုးရှင်သည် မိမိ၏ကိုယ်အတွင်း၌ အခြား ကိုယ်တခုကို ဆင်ခြင်၍ အထက်ပါအတိုင်း ပရိကံပြုရ၏။ ထို့နောက် အဓိဋ္ဌာန်စိတ်နှင့်အတူ မိမိ၏ကိုယ်အတွင်းမှ စိတ် တန်ခိုးဖြင့်ပြီးသောကိုယ်တခုသည် (ဝါ) ရုပ်ခွဲတခုသည် မုချ ထွက်ပေါ်လာရ၏။

ဤသည်ကား လူတိုင်းပါးစပ်ဖျား၌ ငှက်ပျောသီးအခွံနွှာ သကဲ့သို့ လွယ်လွယ်ပြောနေသော "ရုပ်ပြောင်းကိုယ်ခွာ" ဖန်ဆင်းနိုင်သော မနောမယိဒ္ဓိတန်ခိုးပင် ဖြစ်သည်။ ဤမနော

မယိဒ္ဓိ ဟူသော ဝေါဟာရကို အထက်ဂိုဏ်းဆရာတို့ တွင်တွင် အသုံးပြုခဲ့ကြသည်။

ဂိုဏ်းနှင့် ပါဠိပုဒ်၏အဓိပ္ပါယ်တို့မှာ မည်သို့မျှ ဆက်စပ်၍မရ၊ အကယ်၍ မနောမယိဒ္ဓိဂိုဏ်း အစစ်ဖြစ်ခဲ့လျှင် မနောမယိဒ္ဓိ တန်ခိုးကို လက်တွေ့ အကောင်အထည် ဖေါ်ပေးရန်လိုသည်။ အချို့သံယောင်လိုက်၍ မနောမယိဒ္ဓိဂိုဏ်း၊ မနောမယိဒ္ဓိဝေ ဂိုဏ်းဟုပညတ်ကြသည်။

မနောမယိဒ္ဓိဝေါဟာရကို အဓိပ္ပါယ်နှင့်တကွ တိတိကျကျ သိရှိသူအလွန်ရှားသည်။ အချို့ အနိုဂိုဏ်းဆရာတို့ပင် မသိကြ။ ယင်းဝေါဟာရနှင့်ပတ်သက်၍ အများအစားဖြင့် လက်ခံထား ကြသောအဓိပ္ပါယ်မှာ "ဂိုဏ်းဆိုင်ရာအစီရင်များဖြင့် သို့မဟုတ် ဓာတ်စီး၊ ဓါတ်နင်းတို့ဖြင့် မနောပေါက်၍ လူခပ်သိမ်းတို့၏ စိတ်အကြံကိုသိခြင်း၊ အကြားအမြင် ပေါက်ခြင်း" ဟူ၍ သဘော ပေါက် လက်ခံထားကြသည်။

ရေနှင့်ဆီကဲ့သို့ မည်သို့မျှဆက်စပ်၍မရ။ မနောမယိဒ္ဓိ တန်ခိုးမှာ အကြားအမြင် ပေါက်နိုင်သော တန်ခိုးမဟုတ်။ ရုပ် ပြောင်းကိုယ်ခွာခြင်းအတတ်ကို ဖန်ဆင်းပြနိုင်သော တန်ခိုးသာ လျှင်ဖြစ်သည်။ သူတပါး၏ စိတ်အကြံကို အဟုတ်တကယ် သိနိုင် စွမ်းသော တန်ခိုးမှာ "စေတောပရိယ အဘိညာဉ်" သာ ဖြစ်သည်။

အကြားဓာတ်ကို မှချရနိုင်သောတန်ခိုးမှာ "ဒိဗ္ဗသောတ အဘိညာဉ်"သာ ဖြစ်သည်။ အမြင်ဓာတ်ကို မှချရနိုင်သော

တန်ခိုးမှာ "ဒိဗ္ဗစက္ခုအဘိညာဉ်"သာ ဖြစ်သည်။ ဤအဘိညာဉ်တို့ကို ဌက်ပျောသီး အခွံနွှာသကဲ့သို့ လွယ်လွယ်ကူကူ ရနိုင်သောအလုပ်မဟုတ်။ အထူးသတိပြုသင့်၏။

မနောမယိဒ္ဓိ ဟူသော သဒ္ဒါနှင့် အနက်အဓိပ္ပါယ်တို့ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဣဒ္ဓိကထာ (တန်ခိုးဆယ်ပါး) အဖွင့်၌ ညွှန်ပြတော်မူသည့်အတိုင်းသာလျှင် ဒိဋ္ဌမမှတ်ယူသင့်သည်။

မနောမယိဒ္ဓိတန်ခိုးသည် အကြားအမြင် ပေါက်နိုင်သောတန်ခိုးမဟုတ်။ ရုပ်ပြောင်းကိုယ်ခွာ အတတ်ကို ဖန်ဆင်းနိုင်သော တန်ခိုးသာဖြစ်ကြောင်းကို–

"တိုထွင်ကားတစ်၊ အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန်ပင်၊ ကိုယ်ဆအသွင်ကို၊ စုန့်လျှင်ဝိကုပ်၊ အဟုက်ခေါ်ဆို၊ဤကိုယ်အထွင်း၊ ဖန်ဆင်းကာယော၊ မနောမယ၊ ဤသုံးဝ၊ ဝိဓေဣဒ္ဓိချည်း" ဟူ၍ ဝိသုဒ္ဓါရုံဆရာတော်ကြီး ရေးစပ်တော်မူသည်။

"ဤကိုယ်အတွင်း၊ ဖန်ဆင်းကာယော၊ မနောမယ"ဟူသောအပိုဒ်ကို အထူးနှလုံးသွင်းထားလျှင် မနောမယဣဒ္ဓိနှင့် ပတ်သက်သော လွဲချော်မှုများ ပျောက်သွားနိုင်သည်။

"ဣမသ္မိံ ပနေတ္ထ ဝိကုဗ္ဗနာ မနောမယာ ဣဒ္ဓိယောပိ ဣစ္ဆိတဗ္ဗာ ဝေ" ဟူသော အဋ္ဌကထာ မိန့်ဆိုချက်နှင့်အညီ–

ဣဒ္ဓိဝိဓအဘိညာဉ်တည်း ဟူသော အဓိဋ္ဌာန်၊ ဝိကုဗ္ဗနာ၊ မနောမယ တန်ခိုးသုံးမျိုးတို့ကို ကလျာဏ ယောဂီတို့နှင့် အမျိုး

ကောင်းသား သုတေသီတို့ သိရှိစေနိုင်ရန် ဗုဒ္ဓရှင်မြတ်ကြီး၏ အတုမရှိသော လောကီတန်ခိုးတို့၌ ယုံမှားခြင်းမှ ကင်းစေရန် အကျယ်ဖွင့်ပြမှု ပြီးစီးအောင်မြင်ခြင်းသို့ ရောက်သတည်း။

* * *

## ဗုဒ္ဓ၏ သမထတန်ခိုးများ

(နောက်ဆက်တွဲ)

### သူတပါးစိတ်ကိုပိုင်းခြား၍သိနိုင်သောတန်ခိုး

(သူတပါးစိတ်ကို ပိုင်းခြား၍ သိနိုင်စွမ်းသော တန်ခိုးကို စေတော ပရိယဉာဏ်ဟု ခေါ်သည်။ ဤစိတ်သည် ကာမာ ဝစရစိတ်မဟုတ်၊ ဉာဏ်သည်လည်း ကာမာဝစရဉာဏ်မဟုတ်၊ မဟဂ္ဂုတ်စိတ် မဟဂ္ဂုတ်ဉာဏ်သာလျှင်တည်း။)

"စေတသာ စေတောတိ အတ္တနော စိတ္တေန တေသံ စိတ္တံ၊ ပဇာနာတီတိ သရာဂါဒိ ဝသေန နာနပ္ပကာရတော ဇာနာတိ" ဟု အဋ္ဌကထာဆရာဖွင့်သောကြောင့် (ဝါ) ဖွင့်ချက်နှင့်အညီ-

မိမိ၏စိတ်ဖြင့် သူတပါးတို့၏စိတ်ကို ပိုင်းခြား၍ သိတတ်သောကြောင့် (ဝါ) သိနိုင်စွမ်းသောကြောင့် စေတောပရိယ ဉာဏ်မည်၏။ သရာဂ၊ ဝိတရာဂ စသည့် စိတ်တဆယ့်ခြောက်

ပါးတို့ကို ပိုင်းခြား၍ ဟုတ်မှန်သည့်အတိုင်း သိတတ်သော ကြောင့် ပရိယဉာဏ်မည်၏။ ယင်းသို့ သူတပါးတို့၏ စိတ်ကို ပိုင်းခြား၍ သိတတ်သောကြောင့် စေတောပရိယဉာဏ် မည်၏။

တနည်းအားဖြင့် စေတောပရိယဉာဏ်ကိုပင် ပရစိတ္တဝိဇာနန ဉာဏ်ဟုလည်းခေါ်၏။ ပရစိတ္တဝိဇာနနဉာဏ်ဟူသည် သူတပါး တို့၏စိတ်ကို အထူးထူး သိတတ်သောကြောင့် ပရစိတ္တဝိဇာနန ဉာဏ်ဟူ၍အဓိပ္ပါယ်ရ၏။ သဒ္ဒါသာခြားနား၏၊ အနက်တူသည်။

ဤဉာဏ်သည်လည်း ဒိဗ္ဗစက္ခု (အမြင်ဓာတ်) ကို မြင်မှီ၍ ဖြစ်ရ၏။ သူတပါးတို့၏ အထူးထူးသောစိတ်ကို ပိုင်းခြား၍ သိနိုင်စွမ်းသည့် စေတောပရိယအဘိညာဉ်ကို ဖြစ်စေလိုသော ယောဂီသည်-

ဤစေတောပရိယအဘိညာဏ်၏ ပရိကံဖြစ်သော ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရှေ့ဦးစွာဝင်စားပြီး လျှင် အာလောက (အလင်းရောင်) ကသိုဏ်းကို ပွားစေရ၏။ ထိုအာလောက ကသိုဏ်းအတွင်းရှိ သူတပါးတို့၏ နှလုံးသွေးအဆင်းကို အဖန် တလဲလဲရှုလျက် စိတ်ကိုစိတ်ဖြင့် ရှာဖွေရ၏။

အာလောကကသိုဏ်းအတွင်း၌ တွေ့ရသော သူတပါးတို့၏ နှလုံးသွေးအဆင်းသည် ပဒေသာဝင်သီးမှည့်ကဲ့သို့နီမူ- သောမနဿ သဟဂုတ်(ဝမ်းမြောက်ခြင်းနှင့်တကွဖြစ်သော)စိတ်၊ သပြေသီး မှည့်ကဲ့သို့မည်းနက်မူ—ဒေါမနဿသဟဂုတ်(မသာယာမှုနှင့်အတူ ဖြစ်သော)စိတ်၊ နှမ်းဆီကဲ့သို့ ကြည်လင်မူ- ဥပေက္ခာသဟဂုတ် (လျစ်လျူရှုခြင်းနှင့်အတူဖြစ်သော) စိတ်ဟူ၍ သိရ၏။

ဤသို့ သုတပါး၏စိတ်ကို ဆင်ခြင်ရှာဖွေလျက် ပါဒက ဈာန်ကိုဝင်စားပြီးလျှင် "ဣမဿစိတ္တ ဇာနာမိ" ဟု ပရိကံ ပြုရ၏။ ဤသို့ကာလအရာအထောင် ပါဒကဈာန်ကိုဝင်စားပြီး ပရိကံပြုသည်ရှိသော် စေတောပရိယအဘိညာဏ်ဝီထိ ဖြစ်လာ၏။

ယင်းသို့ အခါခါ အထပ်ထပ် ဝင်စား၍ စေတောပရိယ ဉာဏ် မြဲမြံ ခိုင်ခံ့၍ အားကောင်းလာသည်ရှိသော် ကာမစိတ် ငါးဆယ့်လေးပါး၊ ရူပစိတ် တဆယ့်ငါးပါး၊ အရူပစိတ် တဆယ့် နှစ်ပါးတို့ကို အထူးထူး အပြားပြား သိနိုင်၏။

ယင်းသို့ စေတောပရိယဉာဏ် ရင့်ကျက်လာသောအခါ နှလုံးသွေး၏အဆင်းကိုရှုရန် မလိုတော့ဘဲ ခေတ်တခုမှ ခေတ် ဘခုသို့ ဉာဏ်ဖြင့် ပြောင်းကပ်ခြင်းအားဖြင့် သိနိုင်သောအဆင့် သို့ ရောက်၏။

အရှုပဘုံ၌ သုတပါး၏စိတ်ကို သိနိုင်သောသူသည် ကစိုး တယောက်၏ နှလုံးသွေးအဆင်းကို ကြည့်ရသည်မဟုတ်၊ အမှတ် မထားဘဲ ပစ္စုဝေါကာရ၊ စတုဝေါကာရ ဘုံအားလုံးကိုခြုံလျက် စိတ်ကိုဆင်ခြင်သောအခါ စိတ်တဆယ့်ခြောက်မျိုးတို့ကိုသိရ၏။ ဤကား၊ ရင့်ကျက်သော၊ များစွာလေ့လာပြီးသော တန်ခိုးရှင် တို့၏ အရာတည်းဟု အဋ္ဌကထာ၌ ဖွင့်သည်။

သို့သော် အဘိညာဏ်၌ နှလုံးမသွင်းရသေးသော အာဒိ ကမ္မိကပုဂ္ဂိုလ်သည် (ဝါ) မရင့်ကျက်၊ လေ့လာမှုမများသော ပုဂ္ဂိုလ်သည် အာလောက ကသိုဏ်းကို လက်လွှတ်၍ သိနိုင်ခြင်း မရှိ။ ထို့ကြောင့် အဘိညာဏ်၌ စတင်အားထုတ်ခါစပုဂ္ဂိုလ်ကို

ရည်ညွှန်းလျက် အာလောက ကသိုဏ်းကို ညွှန်ပြတော်မူခြင်း ဖြစ်သည်။

စိတ် ၁၆- ပါး

သရာဂစိတ်၊ ဝီတရာဂစိတ်၊ သဒေါသစိတ်၊ ဝီတဒေါသစိတ်၊ သမောဟစိတ်၊ ဝီတမောဟစိတ်၊သံခိတ္တစိတ်၊ ဝိခိတ္တစိတ်၊ မဟာဂ္ဂတ စိတ်၊ အမဟာဂ္ဂတစိတ်၊ သဥတ္တရစိတ်၊ အနုတ္တရစိတ်၊ သမာဟိတ စိတ်၊ အသမာဟိတစိတ်၊ဝိမုတ္တစိတ်၊ အဝိမုတ္တစိတ်ဟူ၍ တဆယ့် ခြောက်ပါးတည်း။

ရာဂနှင့် ယှဥ်သော လောဘမူ စိတ်ရှစ်ခုသည် သရာဂစိတ် မည်၏။ လောကီကုသိုလ် ၁၇-ခု၊ လောကီဝိပါတ် ၃၂-ခု၊ ကြိယာစိတ်နှစ်ဆယ်အားဖြင့် ၆၉-ခုသော လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတရာဂ (ရာဂနှင့်မယှဥ်သော) စိတ် မည်၏။

ဒေါမနဿသဟဂုတ်စိတ်နှစ်ခုသည်သဒေါသစိတ်မည်၏။ဆိုခဲ့ ပြီးသော ဒေါသနှင့်မယှဥ်သည့် လောကီကုသိုလ် အဗျာကတ စိတ် ၆၉-ခုသည် ဝိတ ဒေါသစိတ်မည်၏။ မောဟနှင့် ယှဥ် သော အကုသိုလ်စိတ် ၁၂-ခုသည် သမောဟစိတ် မည်၏။ ဆိုခဲ့ ပြီးသော လောကီကုသိုလ် အဗျာကတစိတ် ၆၉-ခုသည် ဝီတ မောဟစိတ် မည်၏။

အကုသိုလ် သ သင်္ခါရိကစိတ်ငါးခုသည် ငိုက်မျည်းခြင်း၊ တွန့်ခြင်းသဘောရှိသောကြောင့် သံခိတ္တစိတ်မည်၏။ ဥဒ္ဒစ္စသဟ

ဂုတ်စိတ်သည် ပျံ့လွင့်သော သဘောရှိသောကြောင့် ဝိခ္ခိတ္တစိတ် မည်၏။ ရူပစိတ် ၁၅-ခု၊ အရူပစိတ် ၁၂-ခုအားဖြင့် ၂၇-ခု သောစိတ်သည် မဟဂ္ဂတစိတ်မည်၏။

ကာမစိတ် ငါးဆယ့်လေးခုသည် အမဟဂ္ဂတစိတ် မည်၏။ အလုံးစုံသော တေဘူမကစိတ်သည် သဉတ္တရစိတ် မည်၏။ လောကုတ္တရာစိတ်သည် အနုတ္တရစိတ်မည်၏။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှင့်ယှဉ်သောမဟာကုသိုလ်၊မဟာကြိယာမဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ်ကြိယာစိတ်တို့သည် သမာဟိတစိတ်မည်၏။ ဥပစာရနှင့်အပ္ပနာသို့မရောက်သောစိတ်သည် အသမာဟိတစိတ် မည်၏။

တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပ္ပဿဒ္ဓိ ပဟာန်၊ နိဿရဏပဟာန်တို့ဖြင့် ကိလေသာမှ လွတ်မြောက်သော စိတ်သည် ဝိမုတ္တစိတ်မည်၏။ ယင်းဝိမုတ်ငါးပါးသို့ မရောက် သောစိတ်သည် အဝိမုတ္တစိတ် မည်၏။

စေတောပရိယအဘိညာဉ်ကိုရသော ယောဂီသည် အထက်ပါ စိတ်တဆယ့်ခြောက်မျိုးတို့ကို ပိုင်းခြား၍ သိနိုင်စွမ်း၏။ ထို့ကြောင့် စေတောပရိယဉာဏ်ဟူ၍ ညွှန်ပြတော်မူသည်။

* *

# ပုဗ္ဗေနိဝါသအဘိညာဏ်

**အတိတ်ကိုမြင်နိုင်စွမ်းသောတန်ခိုး**

(ပုဗ္ဗေနိဝါသဉာဏ်ဟူသည်မှာအတိတ်ဘဝတို့ကိုအောက်မေ့လျက် အမှန်တကယ် သိမြင်နိုင်စွမ်းသော ဉာဏ်တည်း။)

"ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေ အတီတေ ဇာတိသု နိဝုတ္ထက္ခန္ဓာ နိဝုတ္ထာတိအဇ္ဈာဝုတ္ထာ၊ အနုဘူတာအတ္တနော သန္တာနေဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ" ဟု အဋ္ဌကထာဆရာဖွင့်သောကြောင့်—

ရှေးအတိတ်ကာဘဝတို့၌ သုံးဆောင်ခံစားခဲ့ဘူးသော ခန္ဓာတို့သည် ပုဗ္ဗေနိဝါသမည်၏။ မိမိသန္တာန်၌ ခံစားသုံးဆောင်ခဲ့ဘူးသော (ဝါ) မိမိ၏သန္တာန်၌ဖြစ်ပြီး၍ ချုပ်ကုန်ပြီးသော တရားတို့သည် နိဝုတ္ထ မည်၏။

တနည်းအားဖြင့် လေ့ကျက်မှီဝဲ သုံးဆောင်ခံစားဘူးသော ရှေးအတိတ် မိမိဝိညာဏ်ဖြင့်သိပြီးသော အမျိုးအနွယ် အရပ် အဆင်းသဏ္ဌာန် စသည်တို့အာ ပိုင်းခြား၍ ယူအပ်သော တရားသည် နိဝုတ္ထမည်၏။ မိမိ၏ဝိညာဏ်ဖြင့် သူတပါးတို့၏ ခန္ဓာ အစဉ်ကိုပိုင်းခြား၍ ရှိသောတရားသည်လည်း နိဝုတ္ထာ မည်၏။ သံသရာဝဋ်မှပြတ်ပြီးကုန်သော အရှင်တို့၏ ခန္ဓာအစဉ်ကို မိမိ၏ ဝိဉာဏ်ဖြင့် ပိုင်းခြား၍မှတ်ယူခြင်းသည်လည်း နိဝုတ္ထ မည်၏။

သံသရာဝဋ်မှကင်းပြတ်ပြီးကုန်သော အရှင်တို့ကို အောက်မေ့ခြင်း၌၊ ဘုရားရှင်တို့သာလျှင် တတ်စွမ်းနိုင်သည်။ ရှေးဘဝတို့၌

မှီဝဲသုံးဆောင်ခံစားဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော သတိသည် ပုဗ္ဗေနိဝါသာနုဿတိမည်၏။ ဉာဏ်ဟူသည်မှာ ထိုသတိနှင့်ယှဉ်သောဉာဏ်ကို ဆိုလိုသည်။

## ပုဗ္ဗေနိဝါသဉာဏ်ဖြစ်ပေါ်လာပုံ

ပုဗ္ဗေနိဝါသအဘိဉာဏ်ကိုရရှိလိုသောယောဂီသည်ရှေးနည်းအတိုင်း အင်္ဂါရှစ်ပါး၊ ဘူမိ၊ ပါဒ၊ ပဒ၊ မူလတို့ကို ပြည့်စုံစေပြီးနောက် စျာန်လေးပါးတို့ကို အစဉ်အတိုင်း ဝင်စားလျက် အဘိဉာဏ်ပါဒကစျာန်မှထ၍ ရှေးဦးစွာ ဣရိယာပုတ်ကို ထင်မြင်အပ်သည်။

ထို့နောက်မှ နေရာခင်းခြင်း၊ ကျောင်းသို့ဝင်ခြင်း၊ သပိတ်သင်္ကန်းသိမ်းဆည်းခြင်း၊ ဆွမ်းစားခြင်း၊ ရွာမှပြန်သောကာလ၊ ရွာ၌ ဆွမ်းခံခြင်း၊ သပိတ်ဆေးခြင်း၊ သပိတ်ယူခြင်း၊ မျက်နှာသစ်ခြင်း၊ ရေချိုးခြင်း၊ မိုးသောက်ကာလ ပြုအပ်သောအမှု၊ သန်းကောင်ယံ ညဉ့်ဦးယံ တညဉ့်လုံး တနေ့လုံးပြုသမျှတို့ကိုပဋိလောမအားဖြင့် ဆင်ခြင်ရသည်။

ယင်းသို့နှလုံးသွင်းခြင်းသည် ပကတိစိတ်ဖြင့်ပင် ထင်ရှားမြင်နိုင်သည်၊ ပရိကံဖြစ်သော သမာဓိစိတ်ဖြင့် အားအလွန်ထင်ရှားသည်သာဖြစ်၏။ အကယ်၍ တစုံတခုသော အမှုသည် မထင်ရှားဘဲနေလျှင် ပါဒကစျာန်ကို တဖန်ဝင်စားလျက် စျာန်မှထ၍ ဆင်ခြင်သည်ရှိသော် ဆီမီးထွန်းထားဘိသကဲ့သို့ ထင်ရှားလာ၏။

ဤနည်းအတိုင်း ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနေ့ကစပြီး တလ၊ နှစ်လ၊ သုံးလ၊ လေးလ၊ ငါးလ၊ တနှစ်၊ ဆယ်နှစ်၊ ဤဘဝ ပြုသမျှအမှုကိစ္စ၊ ဤဘဝ ပဋိသန္ဓေ၊ ရှေးဘဝ စုတိနာမ်ရုပ်တိုင် အောင် ပဋိလောမနည်းအားဖြင့် ဆင်ခြင်ရသည်။

ပဋိလောမနည်း ဟူသည်မှာ အဖြစ်အပျက် လုပ်ဆောင်မှု ဟူသမျှကို နောက်ပြန်ဆုတ်၍ ဆင်ခြင်မှုကို ဆိုလိုသည်။ ထို့ကြောင့် ဤပုဗ္ဗေနိဝါသ အဘိဉာဏ်၌ မိမိထိုင်သော ဣရိယာ ပုတ်မှစတင်၍ နှလုံးသွင်းရသည်ဟု အဋ္ဌကထာ၌ မိန့်ခြင်းဖြစ်၏။

ဤသို့နောက်ပြန်ဆုတ်၍ နှလုံးသွင်းမှသာလျှင် အတိတ် ထိုထိုဘဝတို့၌ရှိသော ခန္ဓာအစဉ် အမျိုးဇာတိဂုဏ် စသည်တို့ကို သိရှိနိုင်မည် ဖြစ်သည်။ ဤသို့ အပြန်အားဖြင့် နှလုံးသွင်းသော် ယခုဘဝ ပဋိသန္ဓေခဏအထိဖြစ်သောဉာဏ်သည် ပုဗ္ဗေနိဝါသ ဉာဏ်မဟုတ်၊ ပုဗ္ဗေနိဝါသဉာဏ်၏ ပရိကံဖြစ်သော သမာဓိနှင့် ယှဉ်သောဉာဏ်သာလျှင် ဖြစ်၏။

ယင်းဉာဏ်နှင့်ပတ်သက်၍ အချို့ဆရာတို့က အတိတံသဉာဏ် (အတိတ်ဉာဏ်) ဟု မိန့်ဆိုကြကုန်၏။ ရူပါဝစရ အတိတ်ဉာဏ်ကို ရည်၍ ဆိုမိန့်ချက်မျှသာဖြစ်၍မသင့်။ ဤဘဝ ပဋိသန္ဓေကို လွန်၍ ရှေးဘဝစုတိခဏ၌ဖြစ်သော နာမ်ရုပ်တို့ကို အာရုံပြုသည့် နောက်ဆုံးဇောသာလျှင် အပ္ပနာဇောစိတ် ဖြစ်သောကြောင့် ပုဗ္ဗေနိဝါသနုဿတိဉာဏ် မည်နိုင်သည်။

ယခုဘဝ ပဋိသန္ဓေကလွန်၍ ရှေးဘဝစုတိခဏ၌ ဖြစ်သော နာမ်ရုပ်တို့ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်း စိတ်ဖြစ်ပြီး

နောက်ချုပ်၏။ ယင်းနာမ်ရုပ်ကိုပင် အာရုံပြုလျက် ဇောလေးကြိမ် ငါးကြိမ်ဖြစ်၏။ ရှေ့ဇောသုံးကြိမ်နှင့် လေးကြိမ်တို့သည် ပရိကံတည်းဟူသော ကာမာဝစရဇောတို့မည်၏။ နောက်ဆုံးဇောသာလျှင် ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်သော အပ္ပနာဇော စိတ်မည်၏။

ဆိုလိုသည်မှာ မိမိ၏ဂ္ဗရိယာပုတ်မှစ၍ ယခုဘဝ ပဋိသန္ဓေ ခဏအထိ နှလုံးသွင်းနိုင်သောဉာဏ်ကို ပရိကံဟူ၍သာ ခေါ် နိုင်၏။ ရှေးဘဝစုတိခဏမှစ၍ နှလုံးသွင်းနိုင်သောဉာဏ်ကိုသာ ပုဗ္ဗေနိဝါသဉာဏ်ဟု ခေါ်နိုင်သည်။ ဤသို့ ခွဲခြား၍ မှတ်သားရန် အဋ္ဌကထာဆရာ ဖွင့်ပြထားသည်။

လွန်လေပြီးသော ခုနစ်ရက်မှစ၍ ပုဗ္ဗေနိဝါသဖြစ်သော ခန္ဓာငါးပါး (ဝါ) ရှေ့ခုနစ်ရက်မှစ၍ ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံဖြစ်၏ဟူသော ဝိယိလက်ဦးကျမ်းဆိုမိန့်ချက်ကို အဋ္ဌကထာဋီကာတို့နှင့်မညီဟူ၍ ဝိသုဒ္ဓါရုံဆရာတော်က ပယ်တော်မူသည်။
လွန်ခဲ့သော ခုနစ်ရက်မှစ၍ ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံဟူ၍ မဆိုထိုက်သေးပုံကို--

“အတီတေ ကိသု ဝိဂ္ဂဟမ္မာရမ္မဏာ ဘာဝတော ပုဗ္ဗေနိဝါသနုဿတိဉာဏံ နာမ နတ္ထော၊ တံ ပန ပရိကမ္မဉာဏမေဝ”ဟု အဘိဓမ္မာဝတာရ၌ ကား ဆရာဖွင့်သောကြောင့် ပရိကံ၏ ဉာဏ်သာလျှင်ဖြစ်သင့်၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ညီပင် တည်း။

အထက်ပါနည်းအတိုင်း မိမိထိုင်နေသော ဣရိယာပုထ်မှစတင်၍ နှလုံးသွင်းသည့်တိုင်အောင် ပရိကမ္မနိမိတ်ကို မရနိုင်သော်လည်း အားမလျော့ဘဲ သစ်ပင်ကိုခုတ်လိုက် ပုဆိန်ကိုသွေးလိုက်ပြုလုပ်ရသော သစ်ခုတ်သမားဥပမာကဲ့သို့ ပါဒကစျာန်မှ ထလိုက် ပဋ္ဌိသန္ဓေကိုဆင်ခြင်လိုက် အဖန်တလဲလဲ ပြုလုပ်သည်ရှိသော် မကြာမြင့်မီ ရှေးချုပ်ငြိမ်းခဲ့ပြီးသော စုတိခဏကို အာရုံပြုနိုင်လာ၏။

ဤသို့ရှေးဘဝက စုတိဉာဏ်ရုပ်ကို မြင်သောအခါမှသာလျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (ဝါ) ပုဗ္ဗေနိဝါသာနုဿတိ အဘိဉာဏ်ကို ရသည်မည်၏။ ယခုဘဝ ပဋိသန္ဓေခဏအထိ ရှုမြင်နိုင်သောဉာဏ်သည် ပရိကံဉာဏ် သာဖြစ်သည်ဟူ၍မှတ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မဟုတ်၊ အထက်၌လည်း ရှင်းချက်ထုတ်ခဲ့ပြီ၊ မှတ်လေ။

ပုဗ္ဗေနိဝါသဉာဏ်နှင့်ယှဉ်သောသတိဖြင့် ရှေးဘဝစုတိနာမ်ရုပ်မှစ၍ ရှေး၌ ဖြစ်ဘူးကုန်သော ခန္ဓာအစဉ်အတိုင်း အဖန်တလဲလဲ နှလုံးသွင်းသည်ရှိသော်—

"သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ၊ ပ၊ သော တတော စုတော ဣဓုပပန္နောတိ။"

အစရှိသဖြင့် သုတ်သီလက္ခန်ဗြဟ္မဇာလသုတ်၌ ညွှန်ပြတော်မူသည့်အတိုင်း သံဝဋ္ဋ၊ ဝိဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋဋ္ဌာယီ ကပ်ကြီးလေးကပ် မဟာတကမ္ဘာ၊ ကမ္ဘာတထောင် စသည်တို့၌ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ် အမျိုးအနွယ်ဇာတ်ဂုဏ်အမည် သဏ္ဌာန်

အရောင်အဆင်း အမိအဖ ညီအကို မောင်နှမ ဆွေမျိုးသားချင်း အမှုလုပ်ငန်း စသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်။

**မဟာကမ္ဘာဖြစ်ပုံ**

လူတို့၏ သက်တမ်းဆုတ်ကပ်၌ အသင်္ချေယျမှစ၍ အနှစ်တရာလျှင် တနှစ်ဆုတ်သည်၊ တက်ကပ်၌ ဆယ်နှစ်တမ်းမှစ၍ နှစ်ဆယ်၊ လေးဆယ်၊ ရှစ်ဆယ်စသည်ဖြင့် နှစ်ဆ နှစ်ဆ တက်၍ သွားလေသည်။

မှတ်ချက်။ ။တစ်သင်္ချေ အရေအတွက်မှာ တစ်ဂဏန်းတလုံးနှင့် နောက်၌ သုညရေ ၁၄၀-ရှိ၏။ လူတို့၏သက်တမ်း • ဆုတ်ကပ် တက်ကပ်နှင့် ပတ်သက်၍ သုတ်ပါထေယျ စက္ကဝတ္တိသုတ်၌ အဆုတ်နှင့် အတက် နှစ်ဆစီအညီဖြစ်သည်ဟု ညွှန်ပြတော်မူသည်။ လောကပညတ္တိ ကျမ်း၌ကား၊ နှစ်ပေါင်းတရာကြာလျှင် ဆယ်နှစ်ဆုတ်ပြီးလျှင် နှစ်ဆပြန်တက်သည်ဟုသာ ရှိသည်။

လူတို့၏ သက်တမ်းဆယ်နှစ်ရောက်သော အခါမှစ၍ အသင်္ချေယျတိုင်အောင် နှစ်ဆယေဘုယျအားဖြင့် နှစ်ဆစီ တက်သွား၏။ ထိုအသင်္ချေယျမှတဖန် နှစ်ဆ နှစ်ဆစီ ဆယ်နှစ်သက်တမ်းအထိဆုတ်ခဲ့ပြန်၏။ယင်းသို့အတက်အဆုတ်တစုံကို အန္တရတကပ်ဟု ခေါ်သည်။

ယင်းသို့အန္တရကပ် ၆၄-ကပ်ရှိသောအခါ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်သို့ ရောက်၏။ ယင်းကပ်၌သာလျှင် သတ္တဝါတို့ ဖြစ်ထွန်း ပေါ်ပေါက် တည်နေနိုင်၏။ ကြွင်းကပ် သုံးခုတို့၌ သတ္တဝါဟူ၍ ဖြစ်ပေါ် တည်နေနိုင်ခြင်း မရှိချေ။ ယခုကား ဝိဝဋ္ဋဋ္ဌာယီကပ်တည်းဟု သိရာ၏။

(အသင်္ချေယျံ၊ စတုသဋ္ဌိအန္တရကပ္ပသင်္ဂဟံ၊ ဝီသတိအန္တရကပ္ပသင်္ဂဟန္တိ ကေစိ၊ သေသာ သင်္ချေယျာနိကာလံတော တေန သမပ္ပမာဏနေဝ)ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ ဖွင့်သောကြောင့် တစ်သင်္ချေလျှင် အန္တရကပ် ၆၄- ကပ်ရှိ၏။ ကြွင်းသော အသင်္ချေယျကပ်သုံးကပ်တို့သည်လည်း အညီအမျှရှိသည်ဟု ဖွင့်သောကြောင့် အန္တရကပ် ၆၄- ကပ်စီပင်တည်းဟု မှတ်လေ။ အချို့ဆရာတို့ကား ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ကို အန္တရကပ် နှစ်ဆယ်ရှိသည်ဟုယူကြကုန်၏။ ယင်းအယူကို ဝိသုဒ္ဓိမဂ်ဆရာက ပယ်တော်မူသည်ဟု မှတ်လေ။

ဤကမ္ဘာ၌ အန္တရကပ် တဆင့် ငါးကပ်အလွန်တွင် အစဉ်အတိုင်း ဆုတ်ကပ်၌ ကကုသန်၊ ဂေါဏာဂုဏ်၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ အားဖြင့် ဘုရားငါးဆူ ပွင့်တော်မူသည်။ အန္တရကပ်တဆယ့်ငါးကပ်နှင့် ဗုဒ္ဓငါးဆူ ပွင့်တော်မူရာ အန္တရ ငါးကပ်နှင့်ဆိုသော် အန္တရကပ်ပေါင်း နှစ်ဆယ် ရှိသည်။

ထို့ကြောင့် အရိမေတ္တေယျဗုဒ္ဓပွင့်တော်မူပြီးနောက် အန္တရ လေးဆယ့်လေးကပ်သို့ ရောက်လျှင် ဤကမ္ဘာ မုချပျက်လတ္တံ့။

အရိမေတ္တေယျ ဘုရားပွင့်တော်မူပြီးနောက် အန္တရကပ်လေးဆယ့်လေးကို မမြင်ကုန်သော ဆရာတို့ကား မဟာတကပ်လျှင်၊ အန္တရကပ် နှစ်ဆယ်သာ ရှိကြောင်း အချို့ဆရာတို့ ဆိုကုန်သည်ဟု ဝိသုဒ္ဓါရုံ ဆရာတော် မိန့်လေသည်။

ယခု ဂေါတမဗုဒ္ဓပွင့်တော်မူသည်အထိ အန္တရကပ် တဆယ့်ကိုးကပ်သို့ ရောက်နေပြီဖြစ်ကြောင်းကို သိနိုင်သည်။ ထို့ကြောင့် တမ္ဘာကြီး၏ သက်တမ်းကို ဗုဒ္ဓစာပေအရ သုတေသန ပြုကြည့်သော် နှစ်ပေါင်း သုံးဆယ့်ရှစ်သင်္ချေရှိပြီဖြစ်ကြောင်း သိရသည်။

ယခုရောက်ဆဲကပ်သည် စတုတ္ထအန္တရကပ် ဖြစ်ကြောင်းကို နေယျတ္ထနည်း၊ ဧတ္တောပတ္တိနည်းတို့ဖြင့် သိရသည်ဟု မဟာရာဇဝင်ကြီး၌ ဆိုသည်။ မဟာကပ်တကပ် (တကမ္ဘာ) သည် အန္တရကပ် ၆၄-ကပ်ပြည့်တိုင်း ပျက်စီးရသည်ဟု မှတ်လေ။

ကမ္ဘာ့သိပ္ပံပညာရှင် များစွာတို့က ဤဘဒ္ဒကမ္ဘာကြီး၏ သက်တမ်းကို လွန်ခဲ့သော ရှေးလွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အမျိုးမျိုး ကြိုးစားအားထုတ်၍ သုတေသနပြုခဲ့ကြ၏။ သို့သော် ယနေ့တိုင်အောင် အနီးကပ်ဆုံး ခန့်မှန်းနိုင်ခြင်းပင် မရှိသေးချေ။ ဗုဒ္ဓ၏စာပေ၌ကား ယနေ့ကမ္ဘာကြီး၏သက်တမ်း မည်မျှရှိနေပြီဖြစ်ကြောင်း အတိအကျ ညွှန်ပြနေလေပြီ။

ထို့ကြောင့် ကမ္ဘာဦး တပေါင်းလပြည့် နေ-လ နက္ခတ်တာရာများ စတင်ပေါ်ထွက်လာသည့်အချိန်မှစ၍ ယခုတည်

ရှိဆဲ ဝိဝဋ္ဋဋ္ဌာယီကပ်အထိ နှစ်ပေါင်း သုံးဆယ်ရှစ်သင်္ချေ ရှိနေပြီဖြစ်ကြောင်းကို အတိအကျ သိရလေသည်။

**ကပ်ကြီးလေးကပ်အစဉ်ဖြစ်ပုံ**

ကမ္ဘာဖျက်မိုးရွာသည်မှစ၍ သင်္ခါရမကြွင်း ဟင်းလင်းဖြစ်သည့်တိုင်အောင် (ဝါ) မီးလျှံခဲသည့်တိုင်အောင် ပျက်ဆဲကပ်သည် သံဝဋ္ဋကပ်မည်၏။

ဟင်းလင်းဖြစ်သည်မှစ၍ ကမ္ဘာပြုမိုးရွာစ တိုင်အောင် တည်ဆဲကပ်သည်သံဝဋ္ဋဋ္ဌာယီကပ်မည်၏။ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်လည်းမည်၏။

ကမ္ဘာပြုမိုးရွာသည့်အခါမှစ၍ နေလနက္ခတ် ပေါ်ထွက်လာသည့်တိုင်အောင်ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋကပ်မည်၏။ ဝိဝဋ္ဋအသင်္ချေယျကပ်လည်း မည်၏။

ကမ္ဘာ့ နေ-လ နက္ခတ်ပေါ်သည်မှစ၍ တဖန် နောက်ကမ္ဘာ ဖျက်မိုးရွာသည့်တိုင်အောင် တည်ဆဲဖြစ်သော အန္တရကပ် ၆၄ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ်မည်၏။ ယင်းကပ်၌ သတ္တဝါတို့ တည်နေနိုင်လောက်အောင် မြေ၊ ရေ၊ လေ၊ မီး ဥတုသမယတို့ ညီညွတ်မျှတနေသောအခါကာလတည်း။

"ဣမာနိ စတ္တာရိ အသင်္ချေယျာ ကောဝ မဟာကပ္ပေါ ဟောတိ" ဟူ၍ အဋ္ဌကထာ ဆရာဖွင့်သောကြောင့် အသင်္ချေယျ လေးကပ်လျှင် မဟာကပ်တကပ် (ဝါ) တကမ္ဘာဖြစ်ကြောင်းကို သိနိုင်သည်။ မဟာကပ်လည်း ခြောက်မျိုးသာ ရှိသည်။ ဗုဒ္ဓတဆူသာ ပွင့်တော်မူသော သာရကပ်၊ ဗုဒ္ဓနှစ်ဆူ ပွင့်သော

မဏ္ဍကပ်၊ သုံးဆူပွင့်သော ဝရကပ်၊ လေးဆူပွင့်သော သာရမဏ္ဍကပ်၊ ငါးဆူပွင့်သော ဘဒ္ဒကပ်၊ ဗုဒ္ဓလုံးဝပွင့်တော်မူခြင်း မရှိသော သုညကပ်ဟူ၍ ခြောက်မျိုး ရှိသည်။ (ဗုဒ္ဓဝင် အဋ္ဌကထာ၌ရှု)

သံဝဋ္ဋသည်– တေဇောသံဝဋ္ဋ၊ အာပေါသံဝဋ္ဋ၊ ဝါယောသံဝဋ္ဋ ဟူ၍ သုံးမျိုးရှိသည်။ အဓိပ္ပါယ်မှာ မီးဖြင့်ဖျက်သော ကမ္ဘာ၊ ရေဖြင့်ဖျက်သောကမ္ဘာ၊ လေဖြင့်ဖျက်သော ကမ္ဘာ ဟူ၍ သုံးမျိုးရှိသည်။ ကမ္ဘာဖျက်ရာတွင် အပိုင်းအခြားအားဖြင့် အာဘဿရဘုံ၊ သုဘကိဏှာဘုံ၊ ဝေဟပ္ဖိုလ်ဘုံ အောက် အပြင်အထိ သုံးပိုင်းရှိသည်။

ကမ္ဘာသည် မီးလောင်ပျက်စီး၏။ ထိုအခါ အာဘဿရဘုံမှ အောက်ဘုံတို့ကို မီးလောင်ပျက်စီးစေ၏။ အာဘဿရ ဒုတိယစျာန်ဘုံအောက် အားလုံး မီးလောင်သောကြောင့် ပထမစျာန်ဘုံအထိ ပျက်စီး၏။ ကမ္ဘာသည် ရေဖြင့်ပျက်စီး၏။ ထိုအခါ သုဘကိဏှာဘုံမှ အောက် (ဝါ)ဒုတိယစျာန်ဘုံအထိ ပျက်စီးရ၏။

ကမ္ဘာသည် လေဖြင့်ပျက်၏။ ထိုအခါ ဝေဟပ္ဖိုလ်ဘုံမှ အောက် တတိယဘုံအထိ အားလုံးပျက်စီးရ၏။ တနည်းအားဖြင့် ပထမစျာန်ဘုံအထိ မီးဖျက်သည်။ ဒုတိယစျာန်ဘုံအထိ ရေဖျက်သည်။ တတိယစျာန်ဘုံအထိ လေဖျက်သည်။ စတုတ္ထစျာန်ဘုံနှင့် အရူပလေးဘုံတို့ ပျက်စီးခြင်း မရှိ၊ ပကတိအားဖြင့် တည်၏။ (ဝေဟပ္ဖိုလ်ဘုံမှာ စတုတ္ထစျာန်တည်း)။

ထိုအခါ တခုသော ဗုဒ္ဓခေတ်ပျက်၏။ ဗုဒ္ဓခေတ်ဟူသည်မှာ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် ဟူ၍ သုံးမျိုးရှိသည်။ ဗုဒ္ဓအလောင်းတော် ပဋိသန္ဓေနေသောအခါ တုန်လှုပ်သော စကြာဝဠာတသောင်းသည် ဇာတိခေတ် မည်၏။

စကြာဝဠာ ကုဋေတသိန်းသည် အာဏာခေတ် မည်၏။ ထိုခေတ်၌ ရတနသုတ်၊ ခန္ဓပရိတ်၊ အာဋာနာဋိယပရိတ်၊ မောရပရိတ် စသည့် ပရိတ်တော်တို့၏ အာနုဘော် ပျံ့နှံ့သည်။ ဝိသယခေတ်ဟူသည်မှာ အပိုင်းအခြား မရှိ။ ထို့ကြောင့်—

"ယာဝတာ ပန အာသင်္ခေယျံ" ဟု ဝိသယ ခေတ်ကို ရည်၍ ညွှန်ပြတော်မူသည်။ ထို့ကြောင့် "ဝိသယခေတ္တံ အနန္တပရိမာဏံ" ဟု အဋ္ဌကထာဖွင့်လေသည်။ ထိုဝိသယ ခေတ်၌ သိလိုသမျှသော ဉေယျဓမ် တရားတို့ကို အပိုက်အပင် အဆီးအတား မရှိ ဗုဒ္ဓကိုယ်တိုင် ထင်ရှားစွာ သိမြင်တော် မူလေပြီ။

ဗုဒ္ဓခေတ်သုံးပါးတွင် အာဏာခေတ်တခု ပျက်သည်ရှိသော် ဇာတိခေတ်သည်လည်း ပျက်၏။ ပျက်သောအခါ တပြိုင်နက် ပျက်၍ တည်သောအခါလည်း တပြိုင်နက်တည်၏။

မီးဖျက်သောကမ္ဘာ

ကမ္ဘာကြီးသည် မီးဖြင့်ပျက်စီးရန် ဆိုက်ရောက် လာသော အခါ ကမ္ဘာဖျက်မိုးကြီးသည် စကြာဝဠာ ကုဋေတသိန်း၌ ရွာ၍ ဦးစွာတပြိုင်နက်ရွာ၏။ ယင်းသို့ရွာပြီးနောက် မိုးလုံးဝ

ပြတ်လေ၏၊ မြစ်ချောင်း မြောင်းအိုင် စသည်တို့၌ ရေလုံး၀ ပြတ်လေ၏။

ရေကိုအမှီပြု၍ အသက်ရှင်နေရကုန်သော သတ္တဝါတို့သည် အားလုံးပျက်စီးလျက် ဗြဟ္မာ့ပြည်သို့ ရောက်ကုန်၏။ ကမ္ဘာပျက် ခါနီး၌ နေ့ခင်းအနှစ်တသိန်းလွန်လျှင် ကမ္ဘာပျက်တော့မည်ကို သိကုန်သော လောကဗျူဟာ ကာမာဝစရနတ်တို့သည် သည်းထန်စွာ ငိုကြွေးကုန်လျက်—

"အို....အချင်းတို့၊ နေ့ခင်းအနှစ်တသိန်း လွန်သောအခါ ကမ္ဘာပျက်မည်ကြီးရှိလတ္တံ့၊ ဤလောကသည် ပျက်လတ္တံ့၊ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်လတ္တံ့၊ ဤမြေကြီးနှင့် မြင့်မိုရ်တောင်သည်လည်း မီးလောင်ပျက်စီးလတ္တံ့၊ ဗြဟ္မာ့ပြည်တိုင်အောင် လောကတော်ပျက်လတ္တံ့။ အို—အချင်းတို့၊ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရ တရားကို ပွားကြကုန်လော့၊ အမိအဖတို့ကို ရိုသေစွာ လုပ်ကျွေးကြကုန်လော့၊ သက်ကြီးမျက်နှာတို့ကို ရိုသေကြကုန်လော့" ဟူ၍ လှည့်လည်ကြွေးကြော်ကုန်၏။ ထိုအသံကိုကြား၍ လူတို့သည်၎င်း၊ ဘုမ္မစိုးနတ်တို့သည်၎င်း ထိတ်လန့်သံဝေဂ ရကြကုန်၍ မေတ္တာ တရားနှင့်ကုသိုလ်တရားတို့ကို အတိုင်းထက် အလွန်ပွားသည်ရှိသော် နတ်၌ဖြစ်ကုန်၏၊ နတ်၌ ဖြစ်သောအခါ ဝါယောကသိုဏ်း ကိုပရိကံပြုလျက် ဈာန်ရကုန်၏။

ထိုအခါ လူနှင့် ဘုမ္မစိုးနတ်တို့မှတပါး ကြွင်းသော အပါယ် ဘုံသားတို့သည် အပရာပရိယဝေဒနီယကံ၏ အစွမ်းကြောင့် နတ်၌ဖြစ်ရကုန်၏။ အပရာပရိယဝေဒနီယကံနှင့်စင်း၍ သံသရာ၌

ကျင်လည်သော သတ္တဝါဟူ၍ မရှိချေ။ ထိုအခါ၌ ယင်းတို့သည် မှုချအကျိုးပေးစမြဲတည်း။

နတ်ပြည်၌ရသောစျာန်၏အစွမ်းကြောင့် သတ္တဝါအားလုံး ဗြဟ္မာ့ဘုံ၌ ဖြစ်ကြရကုန်၏။ ကမ္ဘာဖျက်မိုးကြီး ပြတ်စဲပြီး နောက် အဓွန့်ရှည်ကြာသောအခါ၌- "ဟောတိ သော ဘိက္ခဝေ သမယော" အစရှိသည်ဖြင့် အင်္ဂုတ္တရပါဠိတော် သတ္တက နိပါတ် သတ္တသူရိယသုတ်၌ ညွှန်ပြတော်မူထားသည့်အတိုင်း၊ နေခုနစ်စင်းထွက်၍ ကုဋေတသိန်းသော စကြာဝဠာတို့သည် မီးဟုန်းဟုန်းတောက်ကုန်၏။

နေခုနစ်စင်းထွက်သည်ဆိုရာ၌ တပြိုင်နက် ထွက်ခြင်းမဟုတ် တစင်းဝင်မှ တစင်းထွက်သည်။ ပဌမနေဝန်းကွယ်ပြီးနောက် ဒုတိယနေဝန်း ထွက်ပေါ်လာသောအခါ၌ နေ့ညဥ့် အပိုင်း အခြား ဟူ၍မရှိ၊ လောကဓာတ်သို့ အမြဲမပြတ် ပူလောင်နေ၏။ ကောင်းကင်ပြင်၌ တိမ်ခိုး တိမ်ညွန့် ဟူ၍ လုံးဝမရှိဘဲ မှန် အပြင်ကဲ့သို့ ကင်းစင်ကြည်လင်နေ၏။

မြစ်ကြီးငါးသွယ်တို့မှတပါး ကြွင်းသော မြစ်ချောင်းတို့၌ ရေခန်းခြောက်ကုန်၏။ ဒုတိယနေဝန်းပေါ်ပြီး အဓွန့်ရှည်ကြာ သောအခါ၌ တတိယနေဝန်းထွက်ပေါ်လာပြန်၏။ ထိုအခါ မြစ်ကြီးငါးသွယ်တို့ ခန်းခြောက်ကုန်၏။

တတိယနေဝန်းပေါ်ပြီး၊ အဓွန့်ရှည်ကြာလတ်သော် စတုတ္ထ နေဝန်းထွက်ပေါ်လာပြန်သောကြောင့် မြစ်ကြီးငါးသွယ်တို့၏

ရှေ့ဦးအမှန်ဖြစ်သော သီဟပါတန၊ သံဟပါတန၊ မန္ဒာကိနီ၊ ကဏ္ဏမုဏ္ဍ၊ ရထကာ၊ ဆဒ္ဒန္တ၊ ကုဏာလ ဟူသော အိုင်ကြီး ခုနစ်အိုင်တို့၌ ရေခန်းခြောက်ခြင်းသို့ ရောက်၏။

စတုတ္ထနေထွက်ပြီးနောက် အလွန်ရှည်ကြာလတ်သော် ပဉ္စမ နေဝန်းထွက်ပေါ်လာပြန်သောကြောင့် ဂင်္ဂါ၊ ယမုနာ၊ သရဘူ၊ မဟီ အစရှိသော မြစ်ကြီးငါးသွယ် သမုဒ္ဒရာကြီး လေးစင်းတို့၌ ရေခန်းခြောက်ကုန်၏။ ပဉ္စမနေထွက်ပြီးနောက် အလွန်ရှည်ကြာ လတ်သော် ဆဋ္ဌမနေဝန်း ထွက်လာပြန်သောကြောင့် စကြာ ဝဠာတိုက်အပေါင်းသည် တပြိုင်နက် အခိုးအလျှံ ထွက်ကုန်၏။

ယင်းအခိုးအလျှံကြောင့် အာပေါဓာတ်အစေး ခြောက် ကပ်၏။ နေခြောက်စင်းထွက်ပြီးနောက် အလွန်ရှည်ကြာသော အခါ သတ္တမနေ့နောက်ဆုံး နေဝန်းထွက်ပေါ်လာပြန်သောကြောင့် စကြာဝဠာ ကုဋေတသိန်းအားလုံးတပြိုင်နက် အခိုးအလျှံ ထွက်ကုန်၏။ မြင့်မိုရ် တောင်ထွတ် တို့သည် ပြတ်ကျိုးလျက် ကောင်းကင်၌ ကွယ်ပျောက်ရကုန်၏။ မီးတောက်မီးလျှံ တို့သည် စတုမဟာရာဇ်နတ်ဘုံသို့ ရောက်၍ လောင်ကျွမ်းကုန်၏။ ဖြင့် အတိုင်း ပဉ္စမစျာန်သုံးဘုံတိုင်အောင် လောင်ပြီးနောက် အာဘဿရ ဘုံ၌ မီးအလျှံ ပြက်လေ၏။

အထက်နှင့်အောက် ကောင်းကင်တို့သည် တစပ်တည်းဖြစ်၍ အမိုက်တိုက်ကြီး အတိဖြစ်လေ၏။ ယင်းအချက်ဘိုကိုထောက်၍ ပထမစျာန် သုံးဘုံအထိ မီးဖျက်သောကမ္ဘာဟူ၍ သိရ၏။

ထို့ကြောင့်—

“ရှေးဦးစွာဖျက်၊ ကုဋေဖက်သည့်၊ သိန်းစက္ကဝါ၊ မိုဃ်းကြီးရွာသော်၊ ညီညာရှင်ပျ၊ စိုက်ပျိုးကြသား၊ ဂေါဏစားလောက်၊ ပင်ငယ်ရောက်က၊ တပေါက်မကျ၊ တသိန်းမျှက၊ လောကဗျူဟာ၊ နတ်ကာမာတို့၊ မေတ္တာပွားကြ၊ ကြီးမိဘကို၊ တုပ်ကွမြွတ်လေး၊ လုပ်ကျွေးကြပါ၊ ကြွေးကြော်လာ၍၊ သတ္တဝါအများ၊ ဈာန်ကိုပွားလျက်၊ စံလားဗြဟ္မာ၊ ကာလကြာ၍၊ ဒုတိယာနေ၊ ပေါ်လာချေသော်၊ မြစ်ငယ်ရေခြောက်၊ ညွှဲ့လည်းပျောက်၏၊ သုံးမြောက်လေးစင်း၊ ငါးစင်းဆဋ္ဌ၊ သတ္တမနေ၊ ပေါ်ထွက်ချေသော်၊ ခြောက်လေမြစ်ကြီး၊ အိုင်ကြီးသမုဒ္ဒရာ၊ စက္ကဝါခိုးထ၊ မီးလျှံကြ၍၊ သခ်ါရဲပင်း၊ ပြာမကြွင်းခဲ့၊ ဟင်းလင်းထက်အောက်၊ မိုက်မှောင်ရောက်သည့်၊ ကွယ်ပျောက်လုံးစုံ အမြဲတည်း။” ဟူ၍ ဝိသုဒ္ဓါရုံဆရာတော် ရေးစပ်တော်မူသည်။ ဤသို့ ကမ္ဘာဖျက်မိုဃ်းရွာသည့်ကာလမှစ၍ မီးလျှံစဲသည့်တိုင်အောင် ပျက်ဆဲကပ်သည် သံဝဋ္ဋကပ်မည်၏။ ယင်းသို့ ပျက်ပြီးနောက် ဟင်းလင်းတည်သောကပ်သည် သံဝဋ္ဋဋ္ဌာယီကပ်မည်၏။

ယင်းသို့ အမှန့်ရှည်ကြာတည်၍ သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ကုန်လွန်သောအခါ၌ ကမ္ဘာစပြုမိုဃ်းကြီးသည် ရှေ့ဦးအစ၌ အလွန် သိမ်မွေ့စွာ ရွာ၏။ ယင်းသို့ သိမ်မွေ့စွာ ရွာရာမှ တဖြည်းဖြည်း ပြင်းထန်လာပြီးနောက် ထန်းသီးလုံး ပမာဏ ရှိသော မိုဃ်းပေါက်မိုဃ်းသီး ရေအလျဉ်ဖြင့် စကြာဝဠာ ကုဋေ

တသိန်းအတွင်း မီးလောင်ရာအရပ်ကို ပြည့်စေပြီး နောက်စဲလေ၏။

အာဘဿရာဘုံတိုင်အောင် ပြည့်သောရေကို အောက်နှင့်ဖီလာအရပ်တို့မှ လေဟုန်ဖြင့် တပေါင်းတည်း စုဝေးသွား၏။ ထိုရေသည် အစဉ်အတိုင်း ဆုတ်သွားသောအခါ ထမင်းချက်ပြုပြုသော ရေးဦးစွာပေါ်၏။ ထို့နောက် နတ်ပြည်ခြောက်ထပ်ဖြစ်ပေါ်လာ၏။

ရေသည် ကမ္ဘာတည်ရာသို့ ရောက်သည်ရှိသော် လေပြင်းမုန်တိုင်းတိုက်ကုန်၏။ ထိုလေပြင်းဒဏ်ကြောင့် အဝကိုပိတ်ဆို့ထားသော မမ္ဘကရိတ်၌တည်ရသော ရေကဲ့သို့ အောက်သို့ထွက်ကျခြင်းမရှိဘဲ ငြိမ်ဝပ်စွာ တည်နေကုန်၏။

ဤနေရာ၌ မဟာပထဝီမြေတည်ရှိနေရပုံကို အနည်းငယ်ရှင်းပြအံ့။ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကို ယူငနှာလေးသိန်း နှစ်သောင်းရှိသော ရေထုက အောက်ကပင့်မြှောက်ထား၏၊ ယင်းရေထုကို ယူဇနာ ကိုးသိန်း ခြောက်သောင်းရှိသော လေထုက ပင့်ခံထား၏။

ထို့ကြောင့် ကမ္ဘာ၌ တည်ရှိသောရေသည် တပါးသောစကြာဝဠာသို့ လျှောကျသွားခြင်းမရှိချေ၊ အထက်ပါ မမ္ဘကရိုဏ်ဟူသော ကြေးရေစစ်တွင် ရေအပြည့်ထည့်၍ မျက်နှာဝဘက်မှ လက်ဝါးဖြင့်ပိတ်ကြည့်လျှင် အောက်ဘက်အပေါက်မှ လေပင့်ခံထားသောကြောင့် ရေမလျှောကျကြောင်း လက်တွေ့သိနိုင်သည်။

ချိုဆိမ့်သောရေသည် တံရွှေ့ရွှေ့ ကုန်ခန်းသည် ရှိသော် အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော ရသပထဝီ မြေဆီ ဖြစ်လာ၏။ သဘောမှာ နွားနို့ကျိုချက်ပြီး အေးသောအခါ တက်လာသော မလိုင်နှစ်ကဲ့သို့တည်း။

နေ၊ လ၊ နက္ခတ်၊ တာရာ၊ မြင့်မိုရ်စကြာဝဠာ၊ ဟိမဝန္တာ၊ တောင်ကျွန်း၊ သမုဒ္ဒရာတို့သည် ကမ္ဘာဦး တပေါင်းလုံးပြည့်နေ၍ သာလျှင် တပြိုင်နက်ထင်ရှားဖြစ်ပေါ်ရကုန်၏။(အဋ္ဌကထာ၌ရှု)။

ယင်းသို့ ကမ္ဘာပြုမိုးရွာသည့်ကာလမှစ၍ နေ-လ ထွက်ပေါ်လာသည့်တိုင်အောင် ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋကပ် မည်၏။ တဖန် နေ-လ ပေါ်သည့်ကာလမှစ၍ နောင်တဖန် ကမ္ဘာပျက်သည့်တိုင်အောင် တည်ဆဲဖြစ်သော ယခု ဝိဝဋ္ဋဋ္ဌာယီ ကပ် တည်နေပုံကိုရည်လျက်-

"ထို့နောင် ကမ္ဘာပြုမိုးရွာသော်၊ လောင်ရာကလျောက်၊ လေခံထောက်သား၊ ခန်းခြောက်စဉ်သော်၊ ရေးတိုင်းမြင့်လျှင်၊ တည်လင့်ထက်ဘို၊ မြေရောက်တုံသော်၊ ပယိုသို့နေ၊ ရေစစ်ရေသို့၊ တည်နေမယို၊ ခန်းတိုင်မိုလျက်၊ ချော်အထက်၊ မြေချိုတက်သား၊ ထို့ထက်ဗြဟ္မာ၊ ရှုတော့လာ၍၊ ရသပထဝီ၊ သုံးမြေဆီကို၊ လုပ်ဆီသုံးဆောင်၊ တဏှာခေါ်လျက်၊ ကိုယ်ရောင်ကွယ်ပျောက်၊ မိုက်မှောင်ဆောက်၍၊ အကြောက်ရောက်ကာ၊ ရဲကြရာတို့၊ လျော်စွာဆန္ဒ၊ နေနှင့်လတို့ ပေါ်ကြထင်ရှား၊ နက္ခတ်များလည်း၊ လှည့်သွားဖြစ်ကြ၊ တပေါင်းတော့၊ ပုဗ္ဗရှောင်း၊ ဆပ်ထမင်းသို့၊ ကုန်းကျွဉ်းစုံစွာ၊ ဖြစ်ကြလာ၏၊ ရသမြေကို၊ စားလေ့တုံမြို့၊ တဏှာပို၊ တချို့မလှ၊ တချို့လှလည်း၊ ဆင်းလှ

သသူ၊ မလှသူကို၊ မာန်မူသည်တွက်၊ မြေချိုညက်လည်း၊ ကွယ်ဝှက်ပြန်ဘိ၊ ဘူမိပပ္ပဋက၊ မြေလွှာမြနှင့်၊ ပဒါလတာ၊ ဖွံ့တူလာ၏၊ ရသာကိုပေး၊ ထင်းနှင့်ဝေးသည့်၊ သလေးဆန်စင်၊ စားလေလျှင်မူ၊ မစင်ငယ်ကြီး၊ ဖြစ်စေပြီး၍၊ ယိုစီးဘို့ရာ၊ တွက်ဖို့ငှါဟု၊ အမာဝပေါက်၊ ဘောလည်းရောက်၏၊ တယောက်တယောက်၊ မေထုန်မြောက်အောင်၊ သွေဖေါက်ယုတ်မာ၊ ကျင့်သည့်တာကြောင့်၊ ပညာရှိများ၊ မြစ်တားမောင်းမဲ၊ ညှဉ်းဆဲပုတ်ခတ်၊ ပြုလေအပ်၍၊ ခိုကပ်ဘို့ရာ၊ အိမ်ယာထူဆောက်၊ လူပျင်းနောက်သို့၊ နည်းလျှောက်သိမ်းဆည်း၊ ထိုကတည်းက၊ ဖွဲ့လည်းမြေးယှက်၊ ရိတ်ယာကွက်မှု၊ မထွက်သာသ၊ ညည်းတွားကြ၏။ ထားရှရေးထား၊ သူ့ပိုင်းခြားက၊ ခိုးငြားမဆိုင်၊ သုံးကြိမ်တိုင်သော်၊ စွဲကိုင်ခဲတုတ်၊ ခတ်ပုတ်ယှက်ထွေး၊ နှိုင်မဟေးလို့၊ စဝေးတိုင်ပင်၊ များထက်တင်သော်၊ ဗုဒ္ဓကူမြတ်၊ ပေါဓိသတ်ကို၊ ချဉ်းလတ်ပန်ထွာ၊ သမုတ်ပါ၍၊ မဟာသမ္မတ၊ ခတ္တိယနှင့်၊ ရာဇအပြား၊ အမည်သုံးပါးဖြင့်၊ ထင်ရှားလူ့ဘောင်၊ စတည်ထောင်ခဲ့၊ ထို့နောင်ဗြဟ္မဏ၊ အမျိုးစသည်၊ ဝဏ္ဏလေးပါး၍သို့အားဖြင့် တရားသွေကွက်၊ ယွင်းချော်ပျက်၍၊ အာသက်ဘိုလှ၊ ပါ ကသည်၊ ဓမ္မလူ့ဘွင် ထွ းသတည်း" ဟူ၍ သံဝဋ္ဋဋ္ဌာယီကပ် တည်ပုံကို အကျဉ်းချုံးလျက်ဝိသုဒ္ဓါချုံဆရာတော် စပ်တော်မူသည်။

ပီး၊ ရေ လေဖျက်သော ကမ္ဘာဟူ၍ သုံးမျိုးရှိရာတွင် သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ ဝိဝဋ္ဋ ဝိဝဋ္ဋဋ္ဌာယီ ဟူ၍ အသင်္ချေယျ လေးကပ် ၏။ အသင်္ချေယျလေးကပ်ရှိလျှင် မဟာကပ်တ (၀၁) တကမ္ဘာစတည်း။

ရေဖျက်သောကမ္ဘာ

ရေဖျက်သောကမ္ဘာ၌ ဖြစ်စဉ်တို့မှာ မီးဖျက်သောကမ္ဘာနှင့် တူသည်။ သို့သော် ရေဖျက်သောကမ္ဘာတွင် ဒုတိယစျာန် သုံးဘုံအထိ ပျက်၏။ လေဖျက်သောကမ္ဘာတွင် တတိယစျာန် သုံးဘုံအထိပျက်၏။ ဤသို့သာ ခြားနားမှုရှိသည်။ အသင်္ချေယျကပ်လည်း လေးကပ်စီ အညီအမျှသာတည်း။

ကမ္ဘာသည် ရေဖြင့် ပျက်စီးရသောအခါ မီးဖျက်သောကမ္ဘာ၌ ဒုတိယနေဝန်းပေါ်သကဲ့သို့ ကမ္ဘာဖျက်မိုဃ်းရွာ၏။ ကမ္ဘာဖျက်မိုဃ်းကြီးသည် ရှေးဦးအစ၌ သိမ်မွေ့စွာရွာ၏။ ထို့နောက်မှ တဖြည်းဖြည်းကြီးစွာသော ရေအလျဉ်တို့ဖြင့် စကြာဝဠာ ကုဋေတသိန်းကို ပြည့်လျှံစေသည့်တိုင်အောင် ရွာလေ၏။

ကမ္ဘာဖျက်မိုဃ်းရေသည် အလွန်ငန်လှသောကြောင့် ယင်းမိုဃ်းရေဖြင့် တွေ့ထိတိုင်းသော မြေ၊ တောင်အစရှိသည်တို့သည် မြည့်မြည့်ကြေရကုန်၏။ ထိုအခါ မဟာပထဝီမြေကြီးသည်လည်း ကြေမွလျက် သင်္ခါရမကြွင်း၊ ဆိတ်သုဉ်း ချုပ်ငြိမ်းသွားရ၏။ ကမ္ဘာမရှိသောအခါ အသက်နှင့်အောက် ဟင်းလင်းဖြစ်လျက် ပကတိအမိုက်တိုက်ကြီး ဆိုက်၏။

ဤရေဖျက်သောကမ္ဘာ၌ သံဝဋ္ဋဋ္ဌာယီကပ် ကုန်လွန်သောအခါ ဒုတိယစျာန် အာဘဿရပြဟ္မာ့ဘုံမှစ၍ လောကဓာတ်ထင်ရှားဖြစ်၏။ ထို့နောက် ပထမစျာန်၊ ထို့နောက် နတ်ပြည်ခြောက်ထပ် စသည်ဖြင့် အစဉ်အတိုင်း လောကဓာတ်ထင်ရှားဖြစ်ပေါ်လာ၏။

ဤနည်းဖြင့် ဝိဝဋ္ဋကပ် ကုန်လွန်သောအခါ ဝိဝဋ္ဋဋ္ဌာယီ ကပ်သို့ရောက်၏။ ယင်းအသင်္ချေယျလေးကပ်လျှင် မဟာကပ် တကပ်ဖြစ်ပြန်၏။ ဖြစ်ပုံတည်ပုံမှာ မီးဖျက်ကမ္ဘာ အတိုင်းပင် တည်း။

**လေဖျက်သောကမ္ဘာ**

မီးဖျက်သောကမ္ဘာ၌ ဒုတိယနေဝန်းထွက်ပေါ်လာသကဲ့သို့ ဤလေဖျက်သောကမ္ဘာ၌လည်း ကမ္ဘာကိုဖျက်ရန် လေပြင်းမုန် တိုင်းကြီး တိုက်ခတ်လာ၏။ ထိုကမ္ဘာဖျက်လေသည် ရှေးဦးစွာ ရန့်ရင်းသောမြူကို လွင့်တက်စေပြီးနောက်၊ သိမ်မွေ့သောမြူ သဲနု၊ ထိုနောက် ကြမ်းတမ်းသောသဲ ကျောက်ပွတ် ကျောက်ခဲ သစ်ပင် တောင်မြေကြီး အလွန်ကြီးမားသော ကျောက် လွှာ ကျောက်ချပ်တို့ကို ဦးစောက်ပြောင်းပြန် မိုးပေါ်သို့တိုက် လွင့်ပစ်တင်လျက် ကောင်းကင်၌—

မြင့်မိုရ်တောင်၊ သစ်ပင်တို့သည် အချင်းချင်း ထိခိုက်မိကြ သဖြင့် ကောင်းကင်၌ပင် မှုန့်မှုန့်ညက်ညက်ဖြစ်၍ ပျက်စီးဆိတ် သုဉ်းခြင်းသို့ရောက်ကုန်၏။ ကမ္ဘာဖျက်လေသည် ယူဇနာ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကို အာကာသ အတွင်းသို့ မြှောက်ပင့်လျက် မှုန့်မှုန့်ညက်ညက် ကြေပျက်စေ၏။

ကမ္ဘာပျက်တိုင်း စကြာဝဠာ ကုဋေတသိန်းတို့သည်လည်း တပြိုင်နက် ပျက်စီးရကုန်၏။ ကမ္ဘာကို လေဖျက်သောအခါ

တတိယစျာန် သုံးဘုံအထိ ပျက်စီးရ၏။ လေ၏အဟုန်သည် စတုတ္ထစျာန် ဝေဟပ္ဖိုလ်ဘုံအနားရေးကိုထိ၍ချုပ်ငြိမ်းလေ၏၊ ထိုအခါ အထက်အောက် ကောင်းကင်တို့သည် ဟင်းလင်းပြင်၌ ပကတိအမိုက်တိုက်ကြီးအဖြစ်သို့ ရောက်၏။

လေဖျက်သောကမ္ဘာ၌ ကမ္ဘာဖျက်မိုးရွာသည့်ကာလမှ စ၍ ကမ္ဘာဖျက်လေ ပြတ်စဲသည်အထိ သံဝဋ္ဋအသင်္ချေယျကပ်တကပ်၊ ကမ္ဘာဖျက်လေပြတ်စဲသည့်ကာလမှ ကမ္ဘာပြုမိုးကြီးရွာသည့်အထိ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျတကပ်၊ ကမ္ဘာပြုမိုးကြီးရွာသည့်ကာလမှ စ၍ နေလနက္ခတ်တို့ ပေါ်သည့်အထိ ဝိဝဋ္ဋ အသင်္ချေယျတကပ်၊ နေလတို့ပေါ်သည့်ကာလမှစ၍ တဖန် ကမ္ဘာဖျက်မိုးကြီး ရွာသည်အထိ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ တကပ်အားဖြင့် မဟာကပ် တကပ် ဖြစ်ပြန်၏။

## လောကပျက်စီးရခြင်း

လောကသည် အဘယ့်ကြောင့် ဤသို့ ပျက်ရ၍ ပျက်၍နေရ ဘနည်းဆိုသော် မကောင်းမှုဟူသော အကုသိုလ် မူလတရား ကြောင့် ပျက်စီးရခြင်း ဖြစ်၏။ အကုသိုလ်မူလဟူသည်မှာ လောဘ ဒေါသ၊ မောဟ သုံးပါးတို့ပင်တည်း။

သတ္တဝါတို့ ရာဂလွန်ကဲသောကြောင့် လောကသည် မီးဖြင့် ပျက်စီးရ၏။ ဒေါသလွန်ကဲသောကြောင့် ရေဖြင့်ပျက်စီးရ၏။ မောဟလွန်ကဲသောကြောင့် လေဖြင့်ပျက်စီးရ၏။ အချို့ဆရာ တို့ကား- ဒေါသလွန်ကဲသောကြောင့် မီးဖြင့် ရာဂလွန်ကဲသော ကြောင့် ရေဖြင့် လောကပျက်စီးရသည်ဟု ဆိုမိန့်ကြကုန်၏။

လောကသည် မီးဖြင့် ခုနစ်ကြိမ်တိုင်အောင် ဆက်တိုက်ပျက်စီးရ၏။ ရှစ်ကြိမ်မြောက်၌ ရေဖြင့်ပျက်စီးရ၏။ တဖန် မီးဖြင့် ခုနစ်ကြိမ်ပျက်စီးရပြန်၏။ ရှစ်ကြိမ်မြောက်၌ ရေဖြင့်ပျက်စီးရ၏။ ရှစ်ကြိမ်မြောက်တိုင်း၌ ပျက်စီးရသော ကမ္ဘာသည် ရေဖြင့် ခုနစ်ကြိမ်ပျက်၍ တဖန် မီးဖြင့် ခုနစ်ကြိမ် ပျက်စီးရစမြဲဟု မှတ်လေ။

ယင်းနည်းအတိုင်း တွက်ကြည့်သော် မီးဖြင့် (၅၆) ကြိမ်၊ ရေဖြင့် (၇)ကြိမ်ပျက်ပြီးနောက် (၆၃)ကမ္ဘာကုန်လွန်သွား၏။ တဖန်ရေဖြင့် ပျက်သင့်သောကမ္ဘာသို့ရောက်သောအခါ လေ၏ အဟုန်သည် ရေကို တားမြစ်လျက် (၆၄)ကမ္ဘာအသက်ရှည်သော သုဘကိဏှာဘုံတို့ကို ပျက်စီးစေ၏။

ထို့ကြောင့် မီးဖြင့် (၅၆)ကြိမ်၊ ရေဖြင့် (၇)ကြိမ်၊ နောက်ဆုံးလေဖြင့် တကြိမ်အားဖြင့် ပေါင်းသော် (၆၄) ကြိမ်မြောက် ကမ္ဘာပျက်မှသာလျှင် တတိယစျာန်သုံးဘုံလုံး ပျက်စီးရ၏။ တနည်းအားဖြင့် ပထမစျာန်အထိ (၅၆) ကြိမ်ပျက်ပြီးမှ ဒုတိယစျာန်ဘုံ (၇)ကြိမ်ပျက်၍ တတိယစျာန်ဘုံ တကြိမ်သာ ပျက်ရသည်။ ထိုအခါ (၆၄) ကမ္ဘာမြောက်သို့ ရောက်၏။

ဤသို့ကမ္ဘာပျက်ပုံတည်ပုံ အစဉ်အတိုင်း တွေ့ထိခံစားခဲ့ဘူးသော ယောနိ ဇာမျိုးအနွယ်၊ ဇာတိဂုဏ်၊ အမည် စသည်တို့ကို သိလိုသော် ပါဒကစျာန်မှထ၍ ခပ်သိမ်းသော ဇာတိစုတိနာမ်ရုပ်တို့ကို နှလုံးသွင်းရ၏။ ဤပုဗ္ဗေနိဝါသ အဘိညာဏ်၌- "ပုဗ္ဗေနိဝါသ ခန္ဓ ဇာနာမိ" ဟု အဓိဋ္ဌာန်ရသည်။ ထို့နောက် အဓိဋ္ဌာန်စိတ်နှင့်ဘကွ သိခြင်းသည် ဖြစ်၏။

အစဉ်အဆက်သောကမ္ဘာတို့၌ဖြစ်ခဲ့ဘူးသော မိမိနှင့်သူတပါး တို့၏ ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးနှင့်စပ်သမျှ ပညတ်နိဗ္ဗာန် အလုံးစုံသော တရားတို့သည် ပုဗ္ဗေနိဝါသမည်၏။

## ပုဗ္ဗေနိဝါသဉာဏ်ရသူခြောက်ဦး

ဤပုဗ္ဗေနိဝါသဉာဏ်ကို ရသူတို့မှာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ တိတ္ထိယ္ယ၌ ခြောက်ဦးရှိသည်။ တိတ္ထိယဟူရာ၌ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ကုန်သော ပုရာဏကဿပ၊ မက္ခလိဂေါသာလ စသော မိစ္ဆာဒိဋ္ဌိ တို့ကို ဆိုလိုသည်မဟုတ်၊ ဥပမာ သုမေ္ဓါဒနမင်းကြီး၏ ဆရာရသေ့ဖြစ် သော ကာလဒေဝိဠရသေ့၊ ဗေါဓိသတ်၏ လောကီဆရာဖြစ်ကုန် သော အာဠာရရသေ့၊ ဥဒကရသေ့စသည့် တိတ္ထိရသေ့တို့ကို ဆိုလိုသည်။

ထိုဈာနလာဘီတိတ္ထိရသေ့တို့သည် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ကမ္ဘာလေးဆယ်အထိသာ မြင်နိုင်သည်။ အဘယ့်ကြောင့် ဆိုသော် နာမ်ရုပ်ကို ပိုင်းခြားနိုင်သော ဝိပဿနာဉာဏ် ကင်း သောကြောင့်တည်း။ ပကတိသာဝကတို့သည်ကား ဝိပဿနာ ဉာဏ်ရှိသောကြောင့် ကမ္ဘာအားထောင်တိုင်အောင် မြင်နိုင်သည်။

မှတ်ချက်။ ။ပကတိသာဝကဟူသည်မှာ အဘိဉာဏ်ရ ပုထု ဇဉ်ရဟန်းမှန်သမျှကို ဆိုလိုသည်။ မဟာသာဝက ဟူသည် ဘုရားရှင်၏ အရိယာသာဝကမှန်သမျှ၊ အဂ္ဂသာဝကနှစ်ဆူကား ထင်ရှားလေပြီ။

အရိယာမဟာသာဝကတို့သည် မိမိတို့ပါရမီဖြည့်ဆည်းရာ ကမ္ဘာတသိန်းအထိ မြင်နိုင်သည်။ အဂ္ဂသာဝကနှစ်ပါးတို့သည် မိမိတို့ပါရမီဖြည့်ဆည်းရာ ဟသင်္ချေနှင့် ကမ္ဘာတသိန်းအထိ မြင်နိုင်သည်။ ပစ္စေကဗုဒ္ဓါတို့သည် နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း အထိ သိမြင်နိုင်စွမ်းရှိသည်။ သဗ္ဗညုဗုဒ္ဓရှင်မြတ်တို့သည်ကား ကမ္ဘာအပိုင်းအခြားမရှိ သိမြင်နိုင်တော်မူကုန်သည်။

တိတ္ထိတို့အနေဖြင့် ခန္ဓာအစဉ်ကိုလျှောက်၍သာလျှင် သိမြင်နိုင်သည်။ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိပဋိသန္ဓေကို အာရုံပြုခြင်းဖြင့် မသိနိုင်ချေ။ သူကန်းတို့သည် လိုရာအရပ်သို့ တောင်ဝှေးကို လွှတ်၍မရောက်နိုင်သကဲ့သို့ ထို့အတူ ခန္ဓာအစဉ်ကိုလျှောက်၍ သာလျှင် အတိတ်ဘဝတို့ကို သိမြင်နိုင်ကုန်သည်။

ပကတိသာဝကတို့သည် ခန္ဓာအစဉ်ကို လျှောက်၍လည်း သိမြင်နိုင်သည်။ စုတိပဋိသန္ဓေအစွမ်းဖြင့် အာရုံရွှေ့ပြောင်းကာ ပြောင်းကာ နှလုံးသွင်းခြင်းဖြင့်လည်း သိမြင်နိုင်ကုန်သည်။ မဟာသာဝကတို့သည်လည်း ခန္ဓာအစဉ်ဖြင့်ပင်း၊ စုတိပဋိသန္ဓေ ဖြင့်ငင်း သိမြင်နိုင်ကုန်၏။

အဂ္ဂသာဝကကြီးနှစ်ဦးတို့မှာကား ခန္ဓာအစဉ်ကို နှလုံးသွင်း ခြင်းမရှိ အတ္တဘောတခု၏ စုတိကိုမြင်ခြင်းဖြင့် ပဋိသန္ဓေကို သိမြင်နိုင်စွမ်းရှိကုန်၏။ ထိုနည်းအတိုင်း မိမိ၏အတ္တဘောသူတပါး ၏အတ္တဘောတို့ကို စုတိနှင့် ပဋိသန္ဓေ အာရုံပြောင်းရွှေ့ခြင်း အားဖြင့် သိမြင် နိုင် စွမ် ရှိကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည်ကား အဂ္ဂသာဝကတို့ကဲ့သို့ သိမြင်နိုင်စွမ်း ရှိကုန်သည်။ သဗ္ဗညုရှင်မြတ်တို့သည်ကား ခန္ဓာအစဉ်အားဖြင့်

ရင်း၊ စုတိပဋိသန္ဓေအားဖြင့်ရင်း အတ္တဘောတခုမှတခုသို့ အာရုံပြောင်းရွှေ့ခြင်း အလျဉ်းမရှိဘဲ မိမိသိလိုသောဘဝကို လက်ဝါးပေါ် ပတ္တမြားတင်ထားဘိသကဲ့သို့ ထင်ရှားစွာ သိမြင်နိုင်စွမ်းရှိတော်မူကုန်သည်။

သဗ္ဗညုဘုရားရှင်တို့သည် အသင်္ချေအနန္တကမ္ဘာတို့၌ သိလိုသမျှသောဘဝတို့ကို ဉာဏ်ဖြင့်သက်၍သာလျှင် စိတ်နှင့်အတူလျင်မြန်စွာ သိနိုင်တော်မူကုန်၏။ ဤကား အတုမရှိသောသဗ္ဗညုဘုရားရှင်မြတ်တို့၏ ဉာဏ်စွမ်းတည်း။

တိတ္ထိတို့၏ ပုဗ္ဗေနိဝါသဉာဏ်သည် ပိုးစုန်းကြူးအရောင်နှင့်တူသည်။ ပကတိသာဝကတို့၏ ဉာဏ်အမြင်သည် ပကတိဆီမီးရောင်၊ လျှပ်စစ်မီးရောင် စသည်တို့နှင့် တူသည်။ မဟာသာဝကတို့၏ ဉာဏ်အမြင်သည် တခဲနက်သော မီးအလင်းရောင်မီးမောင်းဆလိုက်တို့၏ အလင်းရောင်နှင့်တူကုန်၏။

အဂ္ဂသာဝကတို့၏ ဉာဏ်အမြင်သည် သောက်ရှူးကြယ်(ဝါ) အလွန်အားကောင်းသော မီးမောင်းတနိုင်ငံလုံးကို တပြိုင်နက် လင်းနေနိုင်သော အလင်းရောင်နှင့် တူကုန်၏။ ပစ္စေကဗုဒ္ဓါတို့၏ ဉာဏ်အမြင်သည် ပြည့်ဝန်းသော လရောင်နှင့်တူကုန်သည်။ သဗ္ဗညုဘုရားရှင်တို့၏ ဉာဏ်အမြင်သည်ကား ရောင်ခြည်တထောင် ဆောင်သော ဘာနုရာဇာနေမင်းနှင့် တူကုန်သည်။

"ဗုဒ္ဓသာသနာတော် နေဝန်းကဲ့သို့ ထွန်းလင်းစေသတည်း"

ဓဂုဏ်ထွန်း

# သမ္ဗုဒ္ဓေဘုရားရှိခိုး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ အနန္တံ နိဗ္ဗု တံ ဇိနံ။
တေသံဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန၊ ဟိတွာ သဗ္ဗေဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ၊ သီလသတင်းရနံ့ အဆင်းတို့ ပျံ့သင်းမွှေးထုံ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ လေးစိတ်သစ္စာအရစ်လှ တို့ကို ဆစ်ကာပိုင်းမြင် ဘုရားရှင်တို့ကိုရင်း။ ဒွါဒသဉ္စ သဟဿကေ၊ နိဗ္ဗာန်ကိန်းအောင်းစက်မွှေ့လျှောင်းသည့် တသောင်း နှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ လရောင်ပမာဥာဏ်တေဇာ ဖြင့်လွှန့်စွာထွန်းလင်း တရားမင်းတို့ကိုရင်း။ ပဉ္စသတ သဟဿာနိ၊ သောင်းထိုက်စကြာဝဠာဘုံ ဖြာဖြာ၌ ပါရမီဆင့်ဆင့် ဖြည့်ကျင့်စောင့်ထိန်း ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင် ပမာဥာဏ်တေဇာဖြင့် လွန်စွာကျော်ကြား မြတ်ဘုရားတို့ကိုရင်း။ အဟံ၊ ပါရမီဖြည့်ပုံအလုံစုံကို အာရုံရှုမြော် တပည့်တော်သည်၊ သိရသာ၊ ဦးခေါင်းခေါင်အပ် အမြတ်ရတနာ ကိုယ်အင်္ဂါဖြင့်။ နမာမိ၊ ဂုဏ်ကို ရှယ်ကိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ ဂင်္ဂါမြစ်ထဲ ရေ့သောင် သဲကိုနဲ(နည်းပါးစေ ထသော။ အနန္တံ၊ သချင်္ချာဂဏန်း ရေတွက်မှုန်းလည်း ဆုံးခန်း

တိုင်မြောက် မရောက်နိုင်ထသော၊ နိဗ္ဗုတံ၊ ဘဝဇာတ်ကိန်း ဝဋ္ဋပြတ်သိမ်း၍ အေးငြိမ်းတော်မူပြီးထသော။ ဇိနဥ္စ၊ နှောင့်ယှက်ဆီးတား မာရ်ငါးပါးကို ဥဒါဏ်ဓါးလက်နက် အရဟတ္တမဂ်ဖြင့် ခုတ်ဖျက်ပယ်သတ် ဘုရားမြတ်ကိုရင်း။ တေသံ၊ ထိုငါးသိန်းတသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်ဘန်ထင်ရှား မြတ်တရားကိုရင်း၊ သံဃဥ္စ၊ တရားမွေ့လျော် ရှစ်ဖော် အရိယာမြတ်သံဃာကိုရင်း။ အာဒရေန၊ ဂုဏ်ရည်မြော်ဆ ရှိသေလှသည်ဖြစ်၍။ အဟံ၊ ရတနာသုံးရပ်၊ လေးမြတ်ကော်ရော် တပည့်တော်သည်။ နမာမိ၊ ထို ဤဂုဏ်ပန်းစိတ်ဖြင့်မှန်း၍ ရှင်လန်းသဒ္ဓါရှိခိုးပါ၏၊ နမက္ကာရာနုဘာဝေန၊ ဤသို့ရှိခိုးရသောသတ္တိရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေဥပဒ္ဒဝေ၊ ကြောက်ဖွယ်ရေးမှန် အလုံးစုံသော ဘေးရန်တို့ကို၊ ဟိတွာ၊ ကိုယ်ဝယ်မရောက်ပယ်ကာဖျောက်၍။ အနေကအန္တရာယာပိ၊ များလှသောင်းသောင်း အန္တရာယ် အပေါင်းတို့သည်လည်း။ အသေသတော၊ ဆံချည်မျှင်မျှမကျန်ရအောင် ဝိနဿန္တု၊ နေရှိန်ထိရောက် ဆီးနှင်းပေါက်သို့ လွင့်ပျောက်ပျက်စီးနိုင်ကြပါစေသတည်း။

## 'ဘုရားဂုဏ်တော် (၉) ပါး ပုတီးစိပ်'

ဂုဏ်တော် ၉-ပါး။

ဣတိပိသောဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

ပုတီးစိပ်ရန် (ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း)

၁။ သောဘဂဝါ ဣတိပိ အရဟံ။
၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
၃။ ။ ။ ဝိဇ္ဇာစရဏသမ္ပန္နော။
၄။ ။ ။ သုဂတော။
၅။ ။ ။ လောကဝိဒူ။
၆။ ။ ။ အနုတ္တရော ပုရိသဒမ္မသာရထိ။
၇။ ။ ။ သတ္ထာဒေဝမနုဿာနံ။
၈။ ။ ။ ဗုဒ္ဓေါ။
၉။ ။ ။ ဘဂဝါ။

တိုက်တွန်းချက်။ ။ပုတီးစိပ်ရာတွင် ဂုဏ်တော်များကို အခါ တည်း ၉-ပါးလုံးကိုပေါင်း၍ဖြစ်စေ၊ မိမိတို့တပါးစီ ခွဲခြား၍ ဖြစ်စေ၊ ကြည်ညိုရာ တပါးတည်းကိုဖြစ်စေ၊ စိပ်နိုင်ပွားများနိုင် ပါသည်။

ပုတီးစိပ်သောအခါစိတ်မှဆင်ခြင်ကြရန်။

ထိုအကျွန်ုပ်တို့ဆရာမြတ်စွာဘုရားသည် ဤသို့လျှင်....။

၁။ အရဟံ၊ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏။ (သံသရာစက်၏အကန့်ကို ဖျက်ဆီးတော်မူပါပေ၏။)

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားအပေါင်းကို ကောင်းစွာ သိမြင်တော်မူပါပေ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်ပါပေ၏။ (နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်ပါပေ၏။)

၅။ လောကဝိဒူ၊ လောကသုံးပါး၌ ကြွင်းမဲ့ဥဿုံ အလုံးစုံကို သိမြင်တော်မူပါပေ၏။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အတုမရှိသော ယောကျ်ားမြတ်ဖြစ်၍ မယဉ်ကျေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပေ၏။

၇။ သတ္ထာဒေဝမနုဿာနံ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်အားထားရာ ဆရာတဆူ ဖြစ်တော်မူပါပေ၏။

၈။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိမြင်တော်မူပါပေ၏။

၉။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်ခြင်းပွားများခြင်းဖြင့်ရနိုင်သော အကျိုးကျေးဇူးများ။

၁။ လာဘ်များခြင်း၊ စီးပွားတိုးတက်ခြင်း။

၂။ အကြံဉာဏ်တိုးတက်ခြင်း။

၃။ အတတ်ပညာတိုးပွားခြင်း။

၄။ စကားပြောတတ်သည့်သူများနှင့်ယှဉ်ပြိုင်၍ စကားပြောက မိမိကသာ အနိုင်ရတတ်ခြင်း။

၅။ လောက၌ထင်ပေါ်ကျော်စောသောပညာရှိကြီး ဖြစ်ရခြင်း။

၆။ အတုမရှိသော လူထူးလူချွန်ဖြစ်ခြင်း၊ သူတပါးနှင့် ပြိုင်ဆိုင်သမျှ မိမိကသာ အနိုင်ရတတ်ခြင်း။

၇။ သူတပါးအပေါ်မှာ မိမိပြောဆိုသောစကား ဆောင်ခြင်း၊ အာဏာတည်သည်။

၈။ ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်းစသော ထူးမြတ်သော အကျိုးကျေးဇူးများကို ခံစားနိုင်ကြပါသည်။

ထိုဂုဏ်တော်တို့ကို ပွားများအားထုတ်၍ နေ့စဉ်နေ့တိုင်း မိမိတို့အတတ်နိုင်ဆုံး ပုတီးပတ်ရအောင် ကြိုးစားပါက ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်းခြင်း၊ အန္တရာယ်ကင်းခြင်း ကပ်သုံးပါးမှလွတ်ကင်းခြင်း၊ ရန်သူမျိုးငါးပါးတို့မှလွတ်ကင်းခြင်းကို လောက၌ ဒိဋ္ဌဓမ္မပင် ရရှိခံစားနိုင်ပါသည်။ နောက် သံသရာဘဝအဆက်ဆက်၌လည်း အပါယ်လေးပါးမှ လွတ်ကင်း၍ လူနတ်

ပြဟွဲ့ ချမ်းသာရခြင်း၊ပကတိအေးမြသည့် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ခြင်း ကျေးဇူးတရားတို့ကို ခံစားကြရပါလိမ့်မည်။

## "တရားဂုဏ်တော် ၆-ပါး ပုတီးစိပ်"
## ( တရားဂုဏ်တော် )

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ပုတီးစိပ်ရန် (ဓမ္မာနုဿတိဘာဝနာပွား ပုံ)

၁။ ဘဂဝတော ဓမ္မော သွာက္ခာတော။
၂။ ဘဂဝတော ဓမ္မော သန္ဒိဋ္ဌိကော။
၃။ ဘဂဝတော ဓမ္မော အကာလိကော။
၄။ ဘဂဝတော ဓမ္မော ဧဟိပဿိကော။
၅။ ဘဂဝတော ဓမ္မော ဩပနေယျိကော။
၆။ ဘဂဝတော ဓမ္မော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ပုတီးစိပ်သည့်အခါ စိတ်မှဆင်ခြင်ကြရန်

မြတ်စွာဘုရား၏ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ္တိ တည်းဟူသော တရားတော်မြတ်သည်။

၁။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူအပ်သော တရားတော်ဖြစ်ပါပေ၏။

၂။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်သိမြင်ထိုက်တော်မူသောတရား
တော်ဖြစ်ပါပေ၏။

၃။ အကာလိကော၊ ကာလမခြားအကျိုးများတော်မူသော
တရားတော်ဖြစ်ပါပေ၏။

၄။ ဧဟိပဿိကော၊ လာပါရှုပါဟု ဖိတ်ခေါ်တိုက်တွန်း
ထိုက်တော်မူသော တရားတော်ဖြစ်ပါပေ၏။

၅။ ဩပနေယျိကော၊ မိမိကိုယ်တွေ့ဖြစ်အောင် ကပ်၍
ဆောင်ယူတော်မူထိုက်သော တရားတော်ဖြစ်ပါပေ၏။

၆။ ဝိညူဟိ၊ သူတော်စင်တို့သည်။ ပစ္စတ္တံ၊ ကိုယ်စီကိုယ်ငှ။
ဝေဒိတဗ္ဗော၊ သိအပ်ခံစားအပ်တော်မူသော တရား
တော်ဖြစ်ပါပေ၏။

## တရားဂုဏ်တော် ၆-ပါးကို ပုတီးစိပ်ခြင်း ပွားများခြင်းဖြင့် ရနိုင်သောအကျိုး ကျေးဇူးများ

၁။ လူအများနှစ်သက်သောစကားကိုသာ ပြောဆိုမိစေ
နိုင်သည်။

၂။ အကြံဉာဏ်ပွင့်လင်းတိုးတက်စေနိုင်သည်။

၃။ လိုချင်သောလာဘ်လာဘများကို လျင်မြန်စွာရစေ
နိုင်သည်။

၄။ အခက်အခဲဟူသမျှတို့၌ ကူညီသူ မိတ်ဆွေကောင်းကို
ရစေနိုင်သည်။

၃။ တပါးသူတို့ မလှုပ်မချောက်ချားနိုင်သော အကြံဉာဏ်ပေါ်ပေါက်စေနိုင်သည်။

၄။ ရာထူး ဂုဏ်ထူး တိုးတက်စေနိုင်သည်။

အထက်ပါ အကျိုးများအပြင် ဂုဏ်တော်တပါးတည်းစီပင်လျှင် အနန္တသော ကောင်းကျိုးများကို ရစေနိုင်သည်။ ကြိုးစားအားထုတ်ကြပါလေ။

## သံဃဂုဏ်တော် ၉-ပါး ပုတီးစိပ်

## သံဃဂုဏ်တော် ၆-ပါး။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ပုတီးစိပ်ရန်။ (သံဃာနုဿတိဘာဝနာပွားပုံ)

၁။ ဘဂဝတော သာဝကသံဃော သုပ္ပဋိပန္နော၊

၂။ ။ ။ ဥဇုပ္ပဋိပန္နော၊

၃။ ။ ။ ဉာယပ္ပဋိပန္နော၊

၄။ ။ ။ သာမီစိပ္ပဋိပန္နော၊

၅။ ။ ။ အာဟုနေယျော၊
၆။ ။ ။ ပါဟုနေယျော၊
၇။ ။ ။ ဒက္ခိဏေယျော၊
၈။ ။ ။ အဉ္ဇလိကရဏီယော၊
၉။ ။ ။ အနုတ္တရံပုညက္ခေတ္တံ လောကဿ။

**ပုတီးစိပ်သည့်အခါ စိတ်မှဆင်ခြင်ရန်။**

မြတ်စွာဘုရား၏တပည့်သား သံဃာတော်တို့သည်—

၁။ သုပ္ပဋိပန္နော၊ ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဉာယပ္ပဋိပန္နော၊ သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်ပြည့်စုံတော်မူပါပေ၏။

၄။ သာမီစိပ္ပဋိပန္နော၊ ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ အာဟုနေယျော၊ အဝေးမှလာသည့်ပစ္စည်းကို ကြည်ဖြူစွာပူဇော်တော်မူထိုက်ပါပေ၏။

၆။ ပါဟုနေယျော၊ ဧည့်သည်တော်များအတွက် ရည်မှန်းချက်ရှိပြီး ပစ္စည်းများကို ခံယူတော် မူထိုက်ပါပေ၏။

၇။ ဒက္ခိဏေယျော၊ တမလွန်ကြီးပွားလမ်းကို မျှော်မှန်း၍ လှူဒါန်းသော အလှူကိုပင် ခံယူတော်မူထိုက်ပါပေ၏။

၈။ အဥ္စလီကရဏီယော၊ တလောကလုံး လက်အုပ်ချီမှုကို ပြုတော်မူထိုက်ပါပေ၏။

၉။ လောကဿ၊ သတ္တဝါအပေါင်းတို့၏ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းဘွယ် ဖြစ်တော်မူပါပေ၏။

**သံဃဂုဏ်တော် ၉ -ပါးကို ပုတီးစိပ်ခြင်း ပွားများခြင်းဖြင့် ရနိုင်သောအကျိုးကျေးဇူးများ။**

၁။ ကွဲရှဘွယ်မရှိအပ်သောအလုပ်အကိုင်ကို ရစေနိုင်သည်။

၂။ ထင်ရှားလမ်းဖြောင့်စေနိုင်သည်။

၃။ စီးပွားလမ်းဖြောင့်စေနိုင်သည်။

၄။ လူနက်တို့ကို ချစ်ခင်မြတ်နိုးစေနိုင်သည်။

၅။ လာဘ်ရွှင်စေနိုင်သည်။

၆။ ထူးမြတ်သော လာဘ်ကိုရစေနိုင်သည်။

၇။ ပြဟ္မာကြီး များကပင်ချစ်မြတ်နိုးစေနိုင်သည်။

၈။ နတ်လူအပေါင်းတို့၏ ရိုသေလေးစားခြင်းကို ခံယူရသည်။

၉။ ရပြီးသောစည်းစိမ်ဥစ္စာများ မဆုတ်ယုတ်နိုင်။

အထက်ပါအကျိုးများအပြင် ဂုဏ်တော်တပါးပါးသည်ပင် လျှင် ကြိုးစားအားထုတ်က အနန္တသော ကောင်းကျိုးများကို ရစေနိုင်ပါသည်။ ကြိုးစားအားထုတ်ကြပါလေ။

ရှင်အရဟံပုတီးစိပ်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။ အနန္တံ ဗလဝံဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ အနန္တံ အရိယံသံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

ရှင်အရဟံပုတီးစိပ်နည်းအနက်။

(၁) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရပါတကား။

(၂) ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရပါတကား။

(၃) သံဃံ၊ သံဃာတော်မြတ်ကို သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရပါတကား။

(၄) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ဆည်းကပ်ပါ၏။နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကာင်းပ အစိုးမရပါတကား။

(၅) ဗလဝံ၊ အားတော်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ ဂေါစရံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော။ ဓမ္မံ၊ တရားတော်မြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ အရိယံ၊ အရိယာဖြစ်သော။ သံဃံ၊ သံဃာတော်သည်၊ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ ။ (အနက်ပြီး၏။)

## စကြာအေးစာပေ

### ၂၂၄- ၃၈-လမ်း ရန်ကုန်မြို့တွင် ရနိုင်သောစာအုပ်များ

၁။ မိထွေးတော်ဂေါတမီ။
၂။ ဆရာဖြစ်သင်မျက်လှဲ့ပညာကျမ်း၊ချာ်ပီယံတင်ညွန့်။
၃။ သိပ္ပံနည်းကျ ရူပလက္ခဏာ၊ဦးစံဝင်း။
၄။ ဦးကောင်းထွန်း၊မိလိန္ဒပဉှာ အမေးအဖြေ။
၅။ ဆရာမကြီး ဒေါ်သန်းသန်းရီ၊ ချက်နည်းပြုတ်နည်း မုန့်လုပ်နည်း။
၆။ မင်းစန္ဒ၊ ဗုဒ္ဓဝါဒအမေးအဖြေတထောင်။
၇။ ဦးဝိသုဒ္ဓ၊ ဗုဒ္ဓ၏ အနုသယစက် ချေဖျက်ပုံနှင့် ဝိပဿနာ ဘာဝနာဆိုင်ရာ။
၈။ စလေဆရာကြီး ဦးကံမင်း၊ သုတပညာပဒေသာ။
၉။ ကိုင်ရိုးလက္ခဏာဗေဒင်ပေါင်းချုပ် ဒြဂုံဆရာကြီးဦးဖေ။
၁၀။ ပါရဂူသုံးဦး၏ လက်တွေ့ကြက်-ဘဲ-ဝက် မွေးမြူနည်းနှင့် ကုသနည်းများ။
၁၁။ သိပ္ပံစိုးရင် လူငယ်သိပ္ပံစွယ်စုံကျမ်း။
၁၂။ လှသမိန်၊ လူမွန်လူချွန်။
၁၃။ ကိုမြင့်များ ဒုစရိုက်သွေးသောက်မာဖီးယားဂိုဏ်း။
၁၄။ ဦးဝင်းထွန်းအိမ်ရှင်မလက်စွဲချက်နည်းပြုတ်နည်းပဒေသာ
၁၅။ လက်တွေ့အသုံးပြု လက္ခဏာပညာ၊ တောက်ထွန်း။
၁၆။ ခင်သန်းဝေ၊ ချက်နည်းပြုတ်နည်းမုန့်မျိုးစုံလုပ်နည်း။

၁၇။ စလေဆရာကြီး ဦးကံမှင်း၊ ဗေဒင်ပညာနှင့်လောကီ
ပဒေသာကျမ်း။

၁၈။ မြို့ရန်ကုန် ဘုရားစုံ ၊ မိုင်း၊ မင်းမဟော်။

၁၉။ မင်းမိဖုရားအပါးခြောက်ဆယ်နှင့်ကုန်းဘောင်မင်းဆက်။

၂၀။ မဟာဒေဝီစာငြိမ်းဦး၏သား အလောင်းဘုရား။

၂၁။ ဦးသာဖြူ၏ လူ့သဘာဝ။

၂၂။ တော်လှန်စာပေ။ မောင်နေဝင်း၊မင်းကျော်၊ နတ်နွယ်။

၂၃။ ဒဂုန်ဦးစန်းငွေ စာဗူးတောင်း။

၂၄။ မြန်မာ့ ဆယ့်နှစ်လ၏အဓိပ္ပါယ် သတိုးသောင်း။

၂၅။ ကမ္ဘာကျော်သိပ္ပံနည်းကျ တရုပ်ဓာတ်စိုက်ပညာ။

၂၆။ ဂေါတမဗုဒ္ဓ၏ဘဝဖြစ်စဉ်အကျဉ်း
ဝဏ္ဏကျော်ထင်ဦးဘဘွန်း။

၂၇။ မောင်ခင်ညို၊ ကမ္ဘာလှည့်ခရီးသည်တို့အတွင်းရေး။

၂၈။ ဘုရားရှိခိုးအမျိုးမျိုး။

၂၉။ တက်တိုး၏ အညတြဘဝရှုခင်းများ

၃၀။ ရစ်ချတ်ကောဆဒင်၏ ရန္တပိုမှသည်မြေထဲသို့။

၃၁။ အလင်္ကာကျော်စွာရွှေပြည်အေး၏အတိတ်က
တနာရီဝတ္ထု။